
မာယာမြေမှသစ္စာကျိန်စာ

## ဒို့တာဝန်အရေး (၃) ပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်ရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများ အား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံ များအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက် သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသား လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# တြိစက္က

# မာယာမြေမှသစ္စာကျိန်စာ

(ဂမ္ဘီရဆန်းကြယ်ဝတ္ထုများ)

သုခုမစာပေတိုက်
အမှတ်(၇)ဖြေ့လျှာဗိုလ်မင်းခေါင်လမ်း။
ဗိုလ်စိန်မှန်ရပ်ကွက်၊ပဟန်းမြို့နယ်၊ရန်ကုန်မြို့။

# တြိစက္က ❖ မာယာမြေမှသစ္စာကျိန်စာ

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၄၈၁၀၅၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၃၉၅၀၅၁၁

ပုံနှိပ်ခြင်း

ပထမအကြိမ်

(ဒီဇင်ဘာလ - ၂၀၀၅)

အုပ်ရေ (၅၀၀)

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ

ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်) (၀၂၉၀၉)

အမှတ် (၁၇၃)၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ

ဦးဝင်းကျော်မိုး (သုခုမစာပေတိုက်)၊ ယာယီ (၃၅၅)

အမှတ် (၇) ၆-လွှာ၊ ဗိုလ်မင်းခေါင်လမ်း၊

ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပလင်

ကိုမြင့်သူ

မျက်နှာဖုံး+ရေခံပန်းချီ

ကိုစိုးအောင်

ဖြန့်ချိရေး

ကွန်ပျူတာစာစီ

"မြိတ်" ၁၄၅၊ ၃၃-လမ်း(အထက်).

တန်ဖိုး–၁၅၀ကျပ်


## မာတိကာ


| | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | စာရေးသူ၏အမှာစာ | ၇ |
| ၁။ | ပုလဲနက်နှင့်ရေအောက်ရန်စွယ် | ၉ |
| ၂။ | စိတ်လှိုင်းဂယက် | ၇၃ |
| ၃။ | မာယာမြေမှအပြန် | ၈၇ |
| ၄။ | ငါးမန်းဝဲမှအန္တရာယ် | ၁၁၁ |
| ၅။ | ရှေးဟောင်းအမွေနှင့်ဝနေစောင့်ရန်စွယ် | ၁၃၇ |
| ၆။ | သစ္စာကျိန်စာ | ၁၆၅ |
| ၇။ | ဒမင်းနွယ် | ၁၇၉ |
| ၈။ | ခါကာဘိုရာဇီတောင်ပေါ်မှအသက်လုပွဲ | ၂၁၁ |
| ၉။ | ရိုးမမြေမှ မိစ္ဆာရန်စွယ် | ၂၂၉ |
| ၁၀။ | တောတောင်မာယာလျှို့ဝှက်ချက်များ | ၂၅၁ |
| ၁၁။ | ဂုမ္ဘီလရန်စွယ်နှင့်ပင်လယ်ပြင်လျှို့ဝှက်ချက်များ | ၂၆၇ |
| ၁၂။ | ဆင်မာန်တစ်ဟာစ် ညံ့တစ်ရစ် | ၂၈၉ |
| ၁၃။ | ပင်လယ်စုန်းရန်စွယ် | ၃၀၃ |
| ၁၄။ | တောင်တန်းမာယာနဲ့လျှို့ဝှက်ချက်များ | ၃၁၃ |


◆◆◆

သူခုိးစာအုပ် ( ၂၈ )

# စာရေးသူ၏အမှာစာ

ယခုထုတ်ဝေသော 'မာယာမြေမှသစ္စာကျိန်စာ' အမည်ရှိ ဝတ္ထုတိုစုစည်းမှုမှာ သုံးအုပ်မြောက်ဖြစ်ပါသည်။ အမှတ်(၁) မျဉ်းဒရယ်ရွှေသိုက်နှင့် ဝတ္ထုတိုများ၊ အမှတ် (၂) ပါးကွက်ရန်စွယ်နှင့် ဝတ္ထုတိုများ၊ ယခု အမှတ်(၃) မာယာမြေမှ သစ္စာကျိန်စာနှင့် ဝတ္ထုတိုစုစည်းမှု သုံးကြိမ်မြောက်ဖြစ်ပါသည်။

၁၉၈၀ ခုနှစ်နောက်ပိုင်း ကလောင်အမည် အမျိုးမျိုးဖြင့် (အောင်ခိုင်လင်း၊ တြိစက္က၊ သူရဇ္ဇ) ရေးသားခဲ့သော ဝတ္ထုတို၊ ဝတ္ထုရှည်များ ဖြစ်ပါသည်။


ကျွန်တော်သည် တြိစက္က၊ အောင်မင်းအောင် အမည်ဖြင့် ဂမ္ဘီရဆန်းကြယ်၊ လျှို့ဝှက်စွန့်စား ဝတ္ထုရှည်များ ရေးသားနေရင်းမှပင် မဂ္ဂဇင်းများမှာလည်း အခါအားလျော်စွာ ဝတ္ထုတို၊ ဝတ္ထုရှည်နှင့် ဆောင်းပါးများ ရေးသားခဲ့ပါသည်။

ထိုအထဲမှ ကောင်းနိုးရာရာ ဝတ္ထုများကို အမှတ်တရ စုစည်းထုတ်ဝေခြင်း ဖြစ်ပါသည်။

ဆက်လက် ထုတ်ဝေရန်လည်း အစီအစဉ်များရှိပါကြောင်း ပန်ကြားရင်း ကျွန်တော်ရဲ့ စာဖတ်ပရိသတ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြစေရန် ဆုတောင်းမေတ္တာ ပို့သလိုက်ပါသည်။

စာဖတ်သူများ မေတ္တာရိပ်မှ . . .

တြိစက္က




# ပုလဲနက်နှင့် ရေအောက်ရန်စွယ်

[ ၁ ]

လေသည် သာမန်လေကြမ်းအဆင့်မှ ကျော်လွန်ကာ မုန်တိုင်းမှ ဖြစ်ပေါ်သော လေနီကြမ်းအသွင်ဖြင့် မုန်ယိုနေသော ဆင်တစ်ကောင်ပမာအလား ဦးတည်ရာမဲ့ တရကြမ်း ဝှေ့ယမ်းတိုက်ခတ်လျက်ရှိသည်။

လေပြင်းဒဏ်ကြောင့် ပင်လယ်ရေမျက်နှာပြင်မှာ လှိုင်းတံပိုးကြီးများဖြင့် အကျည်းတန်စွာ ပြည့်နေတော့သည်။ လေပြင်း၏ တဝှီးဝှီးအော်မြည်သံ၊ လှိုင်းလုံးကြီးများ၏ ဒေါသတကြီး အော်မြည်ရိုက်ပုတ်သံတို့မှာ နားမခံသာအောင် အော်ဟစ်ဆူညံနေတော့သည်။

"တို့စက်လှေ ဘယ်ဘက်ကို ဦးတည်နေသလဲဟေ့"

"မသိနိုင်တော့ဘူး အဘရေ့. . လှိုင်းပုတ်တာနဲ့ လမ်းပြ အိမ်မြှောင်လဲ ဘယ်ကိုလွင့်ကျသွားမှန်း မသိတော့ဘူး"

"ဇရှ့ကို ဘာဆိုဘာမှ မမြင်ရတာက ခက်တယ်"

"ဟုတ်တယ်၊ မုန်တိုင်းအရှိန်ကြောင့် ပတ်ဝန်းကျင်ကို ဘာမှမမြင်နိုင်တော့ဘူး"

"စက်အခြေအနေ ဘယ်လိုရှိသလဲဟေ့"

"အခုအာချိန်ထိတော့ စက်က ကောင်းနေသေးတယ်၊ ဒါပေမယ့် စက်ဆီက သိပ်မကျန်တော့ဘူး"

"အေးကွာ. . အခုနေ ဆီကုန်သွားရင်တော့ အခက်ပဲ၊ လက်ကျန်ဆီမကုန်ခင် ကျွန်းတစ်ကျွန်းလောက် ရောက်သွားရင် သိပ်ကောင်းမှာပဲ"

"အင်း. . ကံတရားပေါ့ အဘရာ"

ပတ်ဝန်းကျင်တစ်ဝိုက် မုန်တိုင်းတိုက်ခတ်သံ၊ လေပြင်း တိုးသံများကြားမှ အားနည်းလှစွာ အံတုနေသော စက်သံနှင့် အတူ စကားသံအချို့ ပေါ်ထွက်နေသည်။

အချိန်ကား ရာသီဥတုဖောက်ပြန်လှသော ၁၉၈၀ ခုနှစ် ဇွန်လ။

နေရာကား ကပ္ပလီပင်လယ်ပြင်တစ်နေရာ။

ငါးဖမ်းစက်လှေတစ်စင်းပေါ်တွင် မုန်တိုင်းဒဏ်တို့





လူးအလဲခံနေရသော ဦးဘမှင်၊ နီမောင်၊ ကိုပန်းစိန်တို့ ဆောင်သော ရေလုပ်သားများ ပါရှိနေကြပြီး တစ်ဦးနှင့် စ်ဦး စိုးရိမ်ကြီးစွာ အော်ဟစ်ပြောဆိုနေကြခြင်း ဖြစ်သည်။

သူတို့အားလုံး စက်လှေထွက်မလာမီ တစ်ရက်အလိုက ဒီယိုမှ ရက်ဆက်အသံလွှင့်ပေးခဲ့သော မုန်တိုင်းသတင်း ကြေငြာချက်ကို ပြန်လည်အမှတ်ရနေကြသည်။

သို့သော် ယခုအခြေအနေ၌မူ နေရပ်သို့ ပြန်နိုင်ရန် မ်းစပျောက်သွားကြပြီး မုန်တိုင်း၏ အစွယ်နီရိုင်းများကြား င် မလူးသာမလွန့်သာ ရောက်နေခဲ့ကြပေပြီ။

သူတို့ စီးနင်းလိုက်ပါလာသော စက်လှေမှာ မြင်းကောင် ရေ '၆၀' အားရှိ ဂါဂလာစက်၏ တွန်းအားကြောင့် လှိုင်းကြား လကြား၌ ကြဲ့ကြဲ့ခံ လူးလွန့်လူးပ်ရှားလျက် ရှိနေသည်။

ပင်လယ်ပြင်၌ ဖြစ်လေ့ရှိသော လှိုင်းအမျိုးအစားများ၌ သည့်အနက်မှ ယခု သူတို့ရင်ဆိုင်နေရသော လှိုင်းကြီးများ အရေးဆီမှ ဒေါသတကြီး ပြေးလိုက်လာပြီး အနီးရောက် မှ မြွေဟောက်ကြီးများ ပေါက်သလို ပေါက်ချသော ခါး တ်လှိုင်းကြီးများဖြစ်သောကြောင့် မိမိတို့စက်လှေကလေး ရေအောက်သို့ ရောက်မသွားစေရန် သတိကြီးစွာထား၍ ထိန်း ကျောင်း မောင်းနှင်ပေးနေရသည်။

အဆင်မသင့်ပါက စက်လှေတစ်စင်းလုံး ရေအောက်သို့

စုံးစုံးမြုပ်ရောက်ရှိသွားနိုင်သောကြောင့် တက်မ,ကိုင်သူမှာ အထူးဂရုစိုက် မောင်းနှင်နေရသည်။

ယခု အခြေအနေမျိုးမှာ တက်မ,ကိုင်သူမှာ အရေး အကြီးဆုံး ဖြစ်သည်။

၄င်း၏ သတ္တိရှိမှု၊ သတိရှိမှု၊ ဆုံးဖြတ်မှု၊ အတွေ့အကြုံ ရင့်ကျက်မှု၊ ရေကြောင်း, လေကြောင်း နားလည်မှု၊ လှိုင်းဦး လှိုင်းဖျား ခွဲခြားတတ်မှု၊ မည်သို့ပင် အခက်အခဲကြုံစေ သွေး အေးအေး၊ စိတ်အေးအေး ဆုံးဖြတ်မှုများပေါ်၌သာ စက်လှေ နှင့် စက်လှေပေါ်၌ပါလာသူအားလုံးတို့၏ ကံကြမ္မာက မူတည် လျက်ရှိသည်။

သူ့ဆုံးဖြတ်ချက်တစ်ခု မှားလိုက်ရုံမျှနှင့် အားလုံး၏ ကံ ကြမ္မာက မတွေးဝံ့အောင် ဆိုးဝါးသွားနိုင်သည်။ ယခု လှိုင်း ပေါ်မှာရှိသော်လည်း ခဏချင်း လှိုင်းအောက်သို့ ပြောင်းလဲ ရောက်သွားနိုင်သည်။ ယခုစက်လှေ၏ ပဲ့နင်းတာဝန်ကို ကိုပန်း စိန်က ယူထားသည်။

အားလုံးသည် မုန်တိုင်းအတွင်းမှ ခရီးမိုင် မည်ရွေ့မည်မျှ ရောက်လာကြမည်ကို ခန့်မှန်းမသိနိုင်ရုံမျှမက မည်သည့်အရပ် ကိုပင် ဦးတည်နေသည်ကို သိနိုင်ရန် မလွယ်ကူကြပေ။

သို့သော် လေပြင်း စမိစဉ်ကပင် လေသည် အနောက် မြောက်အရပ်ဆီသို့ ဦးတည် တိုက်ခတ်နေသည်ကို ချင့်ချိန်၍





ကံကောင်းထောက်မလျှင် 'ကိုကိုးကျွန်း' ဘက်မှ ကျွန်း တစ် ကျွန်းဆီသို့ ရောက်သွားနိုင်ကြလိမ့်မည်ဟု မဝံ့မရဲ တွေးထား ကြသည်။

ပတ်ဝန်းကျင်တစ်ဝိုက် မှုန်မှိုင်းသော လေထုနှင့် ကြီးမား သော လှိုင်းလုံးကြီးများက ပတ်လည်ဝိုင်းထားကြသည်။ စက် လှေတွင်း၌ သောက်ရေနှင့် စားနပ်ရိက္ခာ အလုံအလောက် ပါလာသောကြောင့် သည့်ထက်ပိုပြီး အခြေအနေ ဆိုးဆိုးဝါး ဝါးဖြစ်မလာပါက ရက်အတန်ကြာသည်အထိ ဆက်လက်၍ အသက်ရှင်နေကြမည်ဟု ခန့်မှန်းထားကြလေသည်။

ထိုအခိုက်မှာပင်. .

"အဘရေ. . စက်လှေပဲ့ပိုင်းက ရေတွေ ဝင်လာတယ် ဗျို့"

"ဟေ. . တော်တော်များလားဟ"

"တစ်ချက်တစ်ချက် စီးဝင်လာတာပဲ၊ စက်လှေ များ ပွင့်သွားသလား မသိဘူး"

"မတတ်နိုင်ဘူး၊ နောက်ဆုံးအချိန်အထိတော့ ညီညီ ညွတ်ညွတ်နဲ့ တွန်းလှန်ကျော်ဖြတ်ကြမယ်၊ ဝင်လာတဲ့ရေကို ပက်ထုတ်ကြပေ့"

စက်လှေကို ဦးစီးဖြစ်သူ ဦးဘမှင်၏စကားသည် မုန်တိုင်း တွင်း၌ အားဆေးသဖွယ် ကြားရသည်။ လှိုင်းဒဏ်၊ လေဒဏ်

သုခမစာပေတိုက်

နှင့် စက်လှေလူးနေသည်ကို ဂရုမပြုနိုင်ကြဘဲ စက်လှေဝမ်းထဲ
သို့ ခက်ခက်ခဲခဲဆင်းသွားကြပြီး အပေါက်ကိုရှာကာ ဖာထေး
ပိတ်ဆို့ကြသည်။ အချို့က ရေများ ခပ်ထုတ်ပစ်ကြသည်။

သူတို့အားလုံးမှာ သတ္တိကောင်းသူများ ဖြစ်ကြပြီး ပင်
လယ်ပြင်အတွေ့အကြုံ ရင့်ကျက်သူများမို့ မည်သို့ပင် ဒုက္ခ
အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ကြစေကာမူ တစ်ယောက်
နှင့်တစ်ယောက် ညည်းညူတွေဝေခြင်း မရှိကြဘဲ ဆိုးဝါးသော
အခြေအနေကို နောက်ဆုံး အခြေအနေအထိ အကောင်းဆုံး
အခြေအနေအဖြစ် ကြိုးစားထိန်းသိမ်းကြရန် ဆုံးဖြတ်ထားကြ
သည်။

သဘာဝမုန်တိုင်း အရှိန်က လျော့ပါးမသွားဘဲ ပိုမို ပြင်း
လာသည်။ လေတိုက်နှုန်းကလည်း ပြင်းထန်လာသည်။
ပေ.. ှင်လျက်ရှိသော လေသည် အလုံးအရင်းဖြင့် ဆောင့်
ရော ာင့်ကာ တိုးဝင်နေသည်။ လေနှင့်အတူ ပါလာသော
မုးစက်မိုးပေါက်ကြီးများက သူတို့၏ အဝတ်မဲ့ ကိုယ်ခန္ဓာအနှံ့
အပြားသို့ လာရောက် ထိမှန်လေရာ တစ်ကိုယ်လုံး မခံမရပ်
နိုင်အောင် စပ်ဖျဉ်းဖျဉ်းဖြစ်နေတော့သည်။

လှိုင်းကြားလေကြား၌ လူးနေသော စက်လှေကို တက်မ
ထိန်းရသည့်အလုပ်မှာ လွယ်ကူသောအရာ မဟုတ်ပေ။ .

ခဏချင်းမှာပင် လက်မောင်းများ ပြုတ်ထွက်လုမတတ်





ဖြစ်လာသဖြင့် ကိုပန်းစိန်၏နေရာတွင် နီမောင်က အစားဝင်၍
တက်မ,ထိန်းရသည်။

ဦးဘမှင်ကတော့ ခေါင်းဆောင်ကောင်းပီသစွာ စက်
လှေဦးတွင် ခါး၌ကြိုးချည် ကားရပ်နေပြီး သိမ်းငှက်တစ်ကောင်
လို စူးရှတောက်ပြောင်သောမျက်လုံးများဖြင့် ပင်လယ်ပြင်အ ကစီး
လှည့်ကြည့်နေသည်။
စသည်။

ထိုအခိုက်မှာပင် သူ့မျက်ဝန်းထဲတွင် အမည်းစက် င်း သူတို့
အရာဝတ္ထုတစ်ခုကို မြင်ရသည်။ ပထမတွင် မိမိမျက်စိ
မှားသလား၊ စိတ်စွဲ၍များ ဖြစ်မလားဟု သံသယဝင်မိ တ်ကျော်
သည်။ အသေအချာ စိုက်ကြည့်လိုက်တော့မှ ထူးခြားေ ားစရာ
အရာဝတ္ထုတစ်ခုကို အသေအချာဖြစ်မှန်း သိရသောအ
ဝမ်းသာအားရ ဖြစ်မိလေသည်။

"ဟေး . . ဒီမှာ လာကြည့်ကြစမ်းဟေ့"

"ဘာလဲ အဘ၊ ဘာတွေ့လို့လဲဗျ"

"ငါ့မျက်စိထဲမှာ ကမ်းခြေတစ်ခုခုကို မြင်နေရသလိုပဲ"

"ဟုတ်လား"

အချို့ စက်လှေဝမ်းတွင်းမှ ကုန်းပတ်ပေါ်သို့ ပြေးတက်
လာကြသည်။

တက်မ,ကိုင်နေသော နီမောင်ကလည်း သူ့ရှေ့တည့်
တည့်မှ မြင်နေသော ကျွန်းတစ်ကျွန်းဟု ထင်ရသော ပုံရိပ်ရှိရာ

သို့ မျက်တောင်မခတ် စိုက်ကြည့်နေသည်။

ကြည့်နေရင်း မိုးမှုန်ကြားမှာ ကျွန်းတစ်ကျွန်း၏ ပုံရိပ်တစ်ခုကို ပီပြင်စွာ မြင်ရသောအခါ ဝမ်းသာသွားသည်။

"ဟုတ်တယ်ဟေ့. . ကျွန်းတစ်ကျွန်းကို မြင်နေရပြီ"

လယ ယခုအတိုင်းဆိုလျှင် မိုင်နှစ်ဆယ်ကျော်မျှ ဝေးသောအခက်ရာမှ ကျွန်းရှိရာသို့ မကြာခင်ရောက်သွားလိမ့်မည်ဟု ခန့်နှင့်တစ်ရဲသည်။ ဝမ်းသာလို့မှ မဆုံးခင် စိတ်ပူစရာတစ်ခုက ပေါ်အခြေအနည်။

အခြေဒ "အဘရေ. . စက်ဆီကုန်တော့မယ်ဗျို့"

သည်။ "ဟေ. . ကမ်းခြေရောက်တဲ့အထိမှ ခံပါ့မလားဟ"

". . . ."

စက်ခန်းတွင်းမှ စကားပြန်မရတော့။

သို့သော် သူတို့အားလုံး ကံကောင်းသည်ဟု ဆိုရပါမည်။ အဘယ်ကြောင့်ဆိုသော် ယခုအခါ တိုက်ခတ်နေသော လေကြောင်းသည် ရုတ်တရက် ပြောင်းလဲသွားပြီး စက်လှေ၏နောက်ဘက်မှ တိုက်ခတ်လာသောကြောင့် နောက်ဘက်မှ တွန်းပို့ပေးနေသကဲ့သို့ရှိပြီး လှိုင်းစုန်၊ လေစုန်အတိုင်း နောက်ဘက်မှ မှေးလိုက်သွားရုံမျှဖြင့် ကမ်းခြေသို့ ရောက်သွားနိုင်သည်။

စက်အား၊ လေအားကြောင့် လှိုင်းလုံးများပေါ်တွင်





အမြန် သယ်ချကြသည်။

ပင်လယ်ရေမှာ ကြည့်နေရင်းဖြင့် တိုးလာရာ မကြာမီ ဝမ်းဗိုက်ပေါက်နေသော စက်လှေတစ်ဝက် နစ်မြုပ်သွားသည်။

အသုံးဝင်သော ပစ္စည်းအတော်များများ သယ်ချနိုင်လိုက်သည်။ သို့သော်ငြားလည်း သောက်ရေစည်များ ပျက်စီးသွားခြင်းကတော့ သူတို့အတွက် ဝမ်းနည်းဖွယ်ရာဖြစ်သည်။ တစ်စတစ်စ နစ်မြုပ်သွားသော စက်လှေကိုကြည့်ရင်း သူတို့အားလုံး စိတ်မကောင်းဖြစ်ကြရသည်။

ကျယ်ပြန့်နက်ရှိုင်းသော ပင်လယ်ပြင်ကို ဖြတ်ကျော်ရန်မှာ ဤစက်လှေသည် တစ်ခုတည်းသော အားထားစရာပစ္စည်းဆိုကလည်း မမှားပေ။

"ငမဲလုံးရေ. . မင်း စက်လှေကြိုးတွေကို ခိုင်ခိုင်ချ ထားဟေ့နော်၊ စက်လှေ ပင်လယ်ထဲ လှိုင်းဆွဲချမသွ အရေးကြီးတယ်"

"စိတ်ချပါ အဘရဲ့၊ ကျွန်တော်ချည်တဲ့ ကြိုးက ငါးတိုးရင်တောင် ပြုတ်ထွက်မသွားပါဘူး" မြီး

"တယ်. . . ဒီကောင်၊ မုန်တိုင်းက ဝေလင် ကြောက်စရာကောင်းတယ်ဟ၊ ကဲ. . တို့တစ်တွေ မှ ရွဲရွဲစိုနေပြီ၊ မိုးလေလုံတဲ့ တစ်နေရာရှာပြီး နားမှဖြစ်မယ

ထိုအခါမှ သူတို့ရောက်လာသော ကျွန်းအခြေအနေ

အကဲခတ်ကြည့်ကြသည်။ ကျွန်းမှာ ကပ္ပလီပင်လယ်အတွင်းမှ ကျွန်းတစ်ကျွန်းဖြစ်သည်ဟုသာ ခန့်မှန်းနိုင်ကြပြီး မည်သည့်နေရာ၊ မည်သည့်ကျွန်းဖြစ်သည်ကိုတော့ မသိနိုင်ကြပေ။

ကမ်းခြေတစ်လျှောက် ပိတ်ဆီးနေသော ချုံနွယ်ပိတ်ပေါင်းများကိုကြည့်ပြီး လူသူအရောက်အပေါက် နည်းကြောင်းလောက်သာ ရိပ်မိကြသည်။ မလှမ်းမကမ်းဆီ၌ တောင်ပို့သဏ္ဌာန်ကြီးများရှိကြပြီး ၄င်းနေရာထက်တွင် ရာနှင့်ချီသော ငှက်မျိုးစုံကို လှမ်းမြင်ရသည်။ ထိုငှက်များရှိရာသို့ မျှော်ကြည့်ရင်း ငမဲလုံးက. .

"ငှက်ဥ တက်နှိုက်စားရရင် သိပ်အားရှိမှာပဲ" ဟု ညည်းညည်းညူညူ ပြောနေသေးသည်။

"ကဲ. . ငှက်ဥနှိုက်တာက နောက်မှနှိုက်၊ အခု အရေးဒီးတာက သောက်ရေက ပိုပြီးအရေးကြီးတယ်၊ နောက်ပြီး ျွန်းအခြေအနေ ကြည့်ရတာ လူသူအရောက်အပေါက် ေးမယ့်ပုံ ပေါ်တယ်၊ အထူးသဖြင့်ကတော့ အချိန်မရွေးနေ ာ်လာနိုင်မယ့် မမျှော်လင့်တဲ့ အန္တရာယ်တွေကိုပဲ၊ တွ ကြောင်းရှိရင် စည်းစည်းလုံးလုံး ရှိကြပါစေ"

ဘ၊ "ဟုတ်ကဲ့ အဘ"

"တို့သုံးယောက်က ရေနဲ့ နေစရာကို လိုက်ရှာကြည့်မယ်၊ ကျန်တဲ့သုံးယောက်က ဒီမှာ ပစ္စည်းတွေစောင့်ရင်း ကျန်





မပူရဟု တွေးမိကြသည်။

"ဟော. . ဟိုမှာ ကြည့်စမ်း"

ဦးဘမှင် ပြသောနေရာသို့ လှမ်းကြည့်လိုက်သောအခါ ကုန်းမြင့်တစ်ခုပေါ်တွင် ရှင်းလင်းပြန့်ပြူးသော မြေကွက်ပေါ်၌ သစ်ပင်ကြီးလေးပင်က စတုရန်းသဖွယ် ပေါက်နေသည်ကို မြင်ရသည်။

"ဟန်ကျတာပဲ အဘရေ မြေကလဲ ညီတယ်၊ သစ်ပင်ကြီးတွေကို တိုင်အဖြစ် အသုံးပြုပြီး အပေါ်က မိုး၊ ဘေးက ကာနေလိုက်ရင် အကောင်းဆုံးအိမ်တစ်လုံး ဖြစ်လာနိုင်တယ် ဗျို့"

"ဟန်တာပေါ့ကွာ၊ ဒီနေရာက ကမ်းနဲ့လဲ မဝေးလှဘူး၊ ဒီနေရာမှာပဲ စခန်းချကြတာပေါ့"

"ကဲ. . ဒါဖြင့် ကျန်တဲ့သူတွေ ပြန်ပြီး အကြောင်းကြားရအောင်"

သုံးယောက်သား ထိုနေရာကို ကောင်းစွာမှတ်သားပြီးနောက် စက်လှေဆိပ်သို့ ပြန်ဆင်းခဲ့ကြသည်။

× × × × ×

## [ ၃ ]

ထို့နောက် သူတို့အဖွဲ့သည် ကျန်သူများအား ပြန်ခေါ်ကာ ထိုနေရာသို့ ရွှေ့ပြောင်းကြသည်။ စခန်းချရန် ရွေးချယ်သောနေရာသို့ရောက်သောအခါ သင်ပေါင်းကိုင်းရွက်များဖြင့် အမိုးကာခြင်း၊ သစ်ရွက်သစ်ခက်များဖြင့် အကာ ကာရံခြင်းများ ပြုလုပ်ပြီးသောအခါ မိုးလေလုံစွာ နားခိုရန် နေရာ တစ်နေရာ ရသွားတော့သည်။

သူတို့တစ်တွေ မီးဖိုခြင်း၊ ပါလာသော စားသောက်စရာများကို ခွဲဝေစားသောက်ခြင်း၊ သစ်ခွဆုံများပေါ်တွင် တင်နေသော မိုးရေများကို စစ်ယူခြင်းများ ပြုလုပ်ပြီးသောအခါ ခေတ္တနားခွင့်ရသွားကြသည်။ ထိုအခါ ဦးဘမှင်က. .

"တို့တစ်တွေအားလုံး ကံတူအကျိုးပေးတွေလို့ဆိုရမယ် ဒီတော့ အခုလို ဒုက္ခရောက်နေတဲ့အချိန်မှာ အရေးအကြောင်းရှိလာရင် စည်းလုံးညီညွတ်ဖို့သိပ်အရေးကြီးတယ်၊ အခုရောက်နေတဲ့နေရာက ကျွန်းတစ်ကျွန်းဆိုပေမယ့် ဘယ်နေရာ၊ ဘယ်ကျွန်းဆိုတာ ခန့်မှန်းရတာ မလွယ်ဘူး၊ စက်လှေကလဲ ပျက် စက်ဆီကလဲ မရှိတော့ ဒီလောက်မုန်တိုင်းထန်နေတဲ့ ပင်လယ်ပြင်ကို အရဲစွန့်ပြီး ဖြတ်ဖို့ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး"

"ဒါကတော့ အသေအချာပေါ့ အဘရာ"





"ဘယ်လိုပဲဖြစ်ဖြစ်၊ ကိုယ့်ဒေသ၊ ကိုယ့်အရပ်ကိုတော့ ရောက်အောင်ပြန်ကြရမှာပဲ၊ စက်မကောင်းတော့လဲ ရွက်၊ ရွက်မရှိတော့လဲ တက်ကို အားကိုးပြီး ဖြစ်တဲ့နည်းနဲ့ ပြန်ကြရမှာပဲ၊ ဒါပေမယ့် အချိန်အခါကိုတော့ သည်းခံပြီး စောင့်ကြရမယ်၊ ဒါကြောင့် နေတဲ့အခိုက်မှာ တစ်ယောက်နဲ့တစ်ယောက် ညီညီညွတ်ညွတ် စည်းစည်းလုံးလုံးတော့ ရှိကြပါစေ"

"စိတ်ချစမ်းပါ အဘရာ"

"ကိုင်း. . ဒီလိုဆိုရင် ဒီညတော့ တို့ပါလာတဲ့ စားစရာတွေကို မျှတစားကြတာပေါ့၊ မနက်လင်းတာနဲ့ သောက်ရေရဖို့နဲ့ စားစရာရဖို့ ထွက်ရှာကြရမယ်"

ထိုညတွင် ပါလာသော ဆန်နှင့်ပဲများကို ဖြစ်သလို ချက်ပြုတ်စားသောက်ကြရသည်။ ထိုညတွင် မုန်တိုင်းအရှိန် လျော့သည်ထက် လျော့သွားပြီး လေတိုက်နှုန်းများ နည်းသွားရာ ပတ်ဝန်းကျင်တစ်ဝိုက် အလင်းရောင်အချို့ပင် ပေါ်လာသည်။

တဝေါဝေါမြည်သံများ လျော့ကျသွားပြီး ရာသီကြမ်းများ အတန်အသင့် သက်သာသွားပြီး သူတို့တစ်တွေ ကောင်းစွာ အိပ်ကြရသည်။

နံနက်လင်းသောအခါ နီမောင်က. .

"အဘ ညတုန်းက တရှူးရှူးနဲ့ အော်သံကြီးတစ်သံ ကြားမိသလား"

ဟု ဦးဘမှင်အား မေးလိုက်သည်။

"ဟင့်အင်း. . ငါ မောမောနဲ့ အိပ်ပျော်သွားလိုက်တာ ဘာသံမှ မကြားလိုက်မိပါဘူး"

"ကိုပန်းစိန်တို့ရော ကြားမိကြသလား"

"ဟင့်အင်း. . ခေါင်းချတာနဲ့ အိပ်ပျော်သွားတာ၊ အိမ်က မိန်းမကိုတောင် လွမ်းချိန်မရလိုက်ပါဘူးကွာ"

"ခင်ဗျားကလဲ အရေးထဲမှာ. ."

"ဒါထက် ငနဂါဦး၊ မင်းကရော ဘာသံကြားမိလို့လဲ"

"တရှူးရှူးနဲ့ နှာမှုတ်သံကြီးလိုလို ကြားရတယ်၊ ဘယ်နေရာကလဲတော့ မသိဘူး"

"လေတိုက်တဲ့ အသံများလားကွာ"

"မဟုတ်ဘူး၊ သတ္တဝါတစ်ကောင်ကောင် နှာမှုတ်တဲ့ အသံမျိုး ကြားရတာ"

"ဒါဆိုတော့ ကျွန်းပေါ်က မြွေကြီးတွေရဲ့ နှာမှုတ်သံ ဖြစ်ချင်ဖြစ်မှာပေါ့"

"မြွေက အဲဒီလောက် ကြီးနိုင်ပါ့မလား အဘ"

"မြွေ တကယ်ကြီးလာပြီဟေ့ဆိုရင် လူမပြောနဲ့ ဆင်လို အကောင်မျိုးတောင် သတ်ပစ်နိုင်တယ်၊ ပင်လယ်ထဲမှာရှိတဲ့ ညံ့ဆိုတဲ့ သတ္တဝါမျိုးဟာ မြွေအကြီးစားတွေပေါ့၊ ဒီကောင်တွေ ဘယ်လောက်ကြောက်စရာ ကောင်းသလဲဆိုရင် ဝေလငါးတွေ





...တောင် ရစ်ပြီး သတ်ပစ်နိုင်တယ်"

"အားပါး. . ကြားရတာနဲ့တင် ကြောက်စရာကောင်းလှ...ယ်"

"ကိုင်း. . ကြောက်တော့လဲ ကြောက်၊ သတိဝီရိယလဲ ...ကြပါစေ၊ အခုလောလောဆယ် အရေးကြီးတာက စားစရာ ...ာက်စရာ ထွက်ရှာကြရမယ်၊ ငါတို့က ရေ ရအောင် ရှာ...ယ် နီမောင်တို့က စားစရာတစ်ခုခုရအောင် ရှာကြပေတော့"

ဦးဘမှင်က မဒမသားတစ်ချောင်းကို အဖျားချွန်လိုက် ...ာအခါ တူရွင်းသဖွယ် ဖြစ်သွားသည်။ ထို့နောက် မြေနိမ့် ... သဲမြေရှိရာသို့ ထွက်ရှာကြသည်။ ဦးဘမှင်မှာ အသက်ကြီး ...ာ်လည်း လုပ်ငန်းအတွေ့အကြုံအရ မြေကြီးကို ခြေဖြင့် ...းရှုံဖြင့် ရေချို ရေငန်ရှိရာကို သိနိုင်သူဖြစ်သည်။

"သဲပြင်ကို ခြေထောက်နဲ့ စမ်းကြည့်ရုံနဲ့ မြေကြီးထဲက ... ချိုတယ်၊ ငန်တယ်ဆိုတာကို အဘ ဘယ်လိုသိတာလဲ၊ ...နှ်တော်တို့ကို ဗဟုသုတရအောင် ပြောပြပေးပါ အဘ"

"ရေရဲ့သဘာဝက အပေါ်ကို အငွေ့ပျံတဲ့ သဘောရှိ ...ော့ ရေရှိတဲ့နေရာမှာ မြေကြီးထဲမှာ ဘယ်လောက် အနက် ...ဲ ရှိနေပါစေ၊ မြေမျက်နှာပြင်ပေါ်မှာ အငွေ့ပျံနေတာကို ...ဘိထားကြည့်ရင် သိနိုင်တယ်"

"အင်း. . ဒါကတော့ ဟုတ်ပါပြီ၊ မြေကြီးထဲမှာရှိတဲ့ ရေ

ချိုတယ်၊ ငန်တယ်ဆိုတာ ခြေထောက်နဲ့ စမ်းကြည့်ရုံနဲ့ ဘယ်
လို သိသလဲဆိုတာ တဆိတ်လောက် ရှင်းပေးပါဦး အဘ”

“လူရဲ့ခြေဖဝါးအလယ်မှာ အာရုံကြောတွေ စုနေတယ်
ရေရှိတဲ့နေရာကိုနင်းမိရင် အာရုံကြောကတစ်ဆင့် သိနိုင်တယ်
ရေချိုရဲ့သဘောက သီတဓာတ်ရှိတယ်၊ ရေချိုရှိတဲ့ နေရာကို
နင်းမိလိုက်ရင် ခြေဖဝါးကတစ်ဆင့် တစ်ကိုယ်လုံး စိမ့်သွ
တယ်၊ ရေငန်ဓာတ်က တေဇောဓာတ်၊ မီးဓာတ် ရှိတယ်၊ နင်း
လိုက်ရင် ခြေစုံတစ်ဝိုက် ပူလာတယ်၊ ပင်လယ်ရေ ဘယ်
လောက် အေးအေး၊ ရေထဲဆင်းပြီး ပြန်တက်လာရင် ပူလာ
တာကို မင်းတို့ သတိပြုမိမှာပေါ့”

“ဟုတ်တယ် အဘ၊ ပူရုံမကဘူး၊ ဆားတောင်ပွင့်လာ
သေးတယ်”

တစ်နေရာရောက်သောအခါ သစ်ပင်ကြီးများကို နွယ်
တက်နေသော ငရုတ်ကောင်းပင်ကြီးများကို တွေ့ရသဖြင့်. .

“ဒီနေရာတစ်ဝိုက်မှာ တို့အတွက် ရေချိုရနိုင်မယ့်နေရာ
ရှိတယ်၊ လိုက်ကြည့်ရအောင်”

ဟုဆိုကာ မြင်းကသားတောစပ်သို့ ဝင်ကြည့်သောအခါ
မြင်းကပင်များအောက်တွင် မြင်းခွာရွက်နှင့်တူသော အပင်
ငယ်များစွာ ပေါက်နေသည်ကို တွေ့ရသည်။

“ဒါ ဘာပင်တွေလဲ သိလား”





“မြင်းခွာရွက်နဲ့တော့ တူတယ်၊ ဘာပင်တွေလဲ အဘ”

“တောသခွားပင်လို့ ခေါ်တယ်၊ ဒီအရွက်ကို ဝါးစား
လိုက်ရင် သခွားသီးဝါးရသလို ရေငတ်ရေဆာပြေတယ်၊ တော
တက်သူတွေရဲ့ အသက်ကယ်အပင်လို့လဲ ခေါ်ကြတယ်၊ ဝါး
ကြည့်ပါလား”

ဦးဘမှင်ကတော့ သခွားပင်များကို နုတ်ပြီး သဲများ စင်
အောင်ခါ၍ ဝါးစားလိုက်သဖြင့် ကျန်နှစ်ယောက်ကပါ နုတ်ယူ
ဝါးစားကြသည်။ ပါးစပ်ထဲတွင် သခွားသီးဝါးရသကဲ့သို့ အရ
သာရှိပြီး အမောပြေသွားသည်။

“ဒီအပင်တွေရှိတဲ့ နေရာကို တူးရင် ကျိန်းသေ ရေရမှာ
သေချာပြီ၊ ကိုင်း. . ဒီအပင်တွေကို နုတ်ယူပြီး စခန်းပြန်ကြ
မယ်”

သူတို့တစ်တွေ တောသခွားပင်များကို နုတ်ယူပြီး စခန်း
သို့ ပြန်ခဲ့ကြသည်။

× × × × ×

[ ၄ ]

အမဲပစ်ထွက်လာသော နီမောင်နှင့် ငမဲလုံးတို့မှာ သား
ကောင်တစ်ကောင်တလေမှ မရသေးသောကြောင့် တောနက်

ထဲရောက်အောင် သဲကြီးမဲကြီး လိုက်နေကြသည်။ နီမောင်တွင် ကပ်ပါးတစ်လက်၊ ဓါးတစ်လက်ပါပြီး ငမဲလုံးတွင် ဗျူးခြေထောက်ကိုင်းနှင့် ပြုလုပ်ထားသော လေးနှင့်မြား ပါသည်။ ဗျူးခြေထောက်ကိုင်းမှာ သံကဲ့သို့ မာကျောလှသဖြင့် သစ်သားချင်းပင် ပေါက်ထွက်နိုင်စွမ်းရှိသည်။

ကျွန်းမှာ လူသူအရောက်အပေါက် မရှိသောကြောင့် အဖိုးတန်သစ်ဖြစ်သော ကနစို၊ မဒမ၊ ပြူး၊ ကမွလာ၊ လဗ၊ ကျွန်၊ မြင်းကှာ၊ သပြေ၊ သစ်ကနက်၊ သရက်၊ သစ်ဆင်နွယ်၊ ထိန်၊ တောရှောက်၊ ဒမင်းနွယ်၊ သမန်းဖျိုက်၊ သင်ပေါင်း၊ သစ်ရာ၊ ငရှတ်ကောင်း စသော အပင်များကို တွေ့မြင်ရသည်။

ထို့ပြင် သားရဲမျိုးစုံတို့၏ ခြေရာများအပြင် မျောက်များ၊ မြွေ၊ ရှဉ့်၊ ကြောင်၊ တောဝက်၊ ဖွတ် စသော အကောင်ငယ်များအပြင် နွားခြေရာတမျှ ကြီးမားသော ဆတ်ခြေရာကြီးများကို တွေ့ရသည်။ ထို့ပြင် ကြောင်ခြေရာနှင့်တူသော တောကောင်ကြီးများကိုတွေ့ရသဖြင့် နှစ်ယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပခုံးတွန့်လိုက်ကြသည်။

"ငမဲလုံးရေ. . တို့အဖွဲ့ဆိုရင် ဖွတ်တစ်ကောင်၊ ကြောင်တစ်ကောင်လောက်နဲ့တော့ အလုပ်မဖြစ်ဘူး၊ အနည်းဆုံးဒရယ်တစ်ကောင်၊ တောဝက်တစ်ကောင်လောက် ရမှ ဖြစ်မှာပော့၊ ဒီတော့ မင်းနဲ့ငါ လူစုခွဲပြီး လိုက်ကြရင် မကောင်းဘူး





သား"

"အင်း. . ကောင်းသားပဲ"

ဤသို့တိုင်ပင်ပြီး ငမဲလုံးက လေးနှင့်မြားကိုဆွဲပြီးဘစ်ဘက်တောစပ်သို့ ဝင်သွားတော့သည်။ နီမောင်က သူ့သက်စွဲတော် ကပ်ပါးနှင့် သည်ဘက်တောထဲ တိုးဝင်ခဲ့သည်။

တောနက်ထဲရောက်လာတော့ ချုံနွယ်များ ရှင်းလာပြီးသွားရလာရ လွယ်ကူလာသည်။ အတန်ငယ် လျှောက်လာသောအခါ မလှမ်းမကမ်းဆီမှ တောကြက်များ ကတော်သံ၊ အလန့်တကြား ထပျံသံများကို ကြားရသည်။

နီမောင် သတိထားပြီး ရှေ့သို့ တိုးလာစဉ် မိမိ၏ရှေ့မလှမ်းမကမ်းဆီမှ လှုပ်သွားသော သစ်ပင်များကို မြင်လိုက်ရသည်။ မိမိမျက်စိထဲတွင် အဝါနှင့် အနက်စင်းတစ်ခုကို ရိပ်ခနဲဖြတ်သွားသည်ဟု ထင်လိုက်မိသည်။

မကြာခင် မိမိနောက်ဘက်မှ ခြေရာနင်းလိုက်လာသောခြေသံတစ်သံကို သတိပြုမိသည်။

မသင်္ကာ၍ ရပ်ပြီး နားစွင့်လျှင် နောက်က ခြေသံကရပ်သွားသည်။

သူ ရှေ့ဆက်သွားလျှင် နောက်က ခြေသံကို ကြားနေရသည်။

"ဟင်း. . ငါ့နောက်က ခြေရာကောက် လိုက်လာတဲ့

အန္တရာယ်ကတော့ ရှိနေပြီ၊ သတိတော့ထားမှ"

ထိုသို့တွေးပြီး လက်ထဲမှ ကပ်ပါးနှင့် ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီး ရှေ့သို့ ဆက်လျှောက်လာစဉ် မလှမ်းမကမ်း ကွက်လပ်တစ်နေရာသို့ ရောက်သောအခါ သစ်ရွက်နုလေးများကို စားနေသော ဒရယ်က သူရှိသောနေရာနှင့် အတော်ဝေးနေသေးသည်။

သူ့တွင်လည်း အဝေးပစ်လက်နက်က မပါပေ။

နီမောင် အစဉ်းစားရခက်နေစဉ် ဒရယ်က တစ်စုံတစ်ခုကို လန့်ပြီး နီမောင် ရှိရာဘက်သို့ ပြေးချလာသည်။ နီမောင်က ရုတ်ခြည်းဖြစ်ပေါ်လာသော အခြေအနေကြောင့် သစ်ပင်တစ်ပင်ဘေးသို့ ပြေးကပ်လိုက်သည်။

ဒရယ်က နောက်မှအန္တရာယ်ကြောင့် ရှေ့မှအန္တရာယ်ကို မမြင်နိုင်တော့ဘဲ နီမောင်ရှိရာဘက်သို့ တည့်တည့်ကြီး ပြေးချလာရာ အနီးသို့ရောက်သည့်အခါ သစ်ပင်ဘေးမှ ရုတ်တရက် ခုန်ထွက်လိုက်ပြီး ကပ်ပါးဖြင့် ခုတ်ချလိုက်ရာ ချက်ကောင်းကို ထိသွားသောကြောင့် မလှမ်းမကမ်းတွင် ဘုန်းခနဲ ပစ်ကျသွားလေတော့သည်။

သူ ဝမ်းသာအားရဖြင့် ဒရယ်ရှိရာသို့ ပြေးသွားသောအခါ နောက်ဘက်မှ ခြေရာကောက် ရန်သူက မြင်ကွင်းသို့ ထွက်လာတော့သည်။





"ဟိုက်. . တောကောင်ကြီးပါလား"

နီမောင် ချက်ချင်းပင် သစ်ပင်ကြီးတစ်ပင်၏ ဘေးသို့ ကျောမှီရပ်လိုက်ပြီး ကပ်ပါးနှင့် ဓားကို အသင့်မြှင်ထားလိုက်သည်။

ချက်ချင်းဆိုသလို တောကောင်ကြီးက အနားရောက်လာပြီး ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။ သစ်ပင်မှီထားသောကြောင့် ရုတ်တရက် ခုန်ဝင်မလာပေ။

နီမောင်ကို အလစ်ချောင်းနေသည်။ နီမောင်ကလည်း တစ်ချက်ကလေးမှ အလစ်မပေးရဲပေ။

ထိုသို့ရှိနေစဉ် တစ်ဘက်တောစပ်မှ ငမဲလုံး ထွက်လာသည်။ နီမောင်နှင့် တောကောင်ကြီး၏ အခြေအနေကို မြင်သောအခါ လက်ထဲမှ အဆိပ်လူးမြားဖြင့် လှမ်းပစ်လိုက်သည်။

ဖျူးခြေထောက် မြားတံက တောကောင်ကြီးကို တိုက်ခိုက်ဝင်မှန်ရာ ဝေါခနဲ ခုန်ထွက်သွားသည်။

ထိုအခါမှ နီမောင် သက်ပြင်းချနိုင်တော့သည်။

ငမဲလုံးက အနားသို့ ကပျာကယာ ပြေးလာသည်။

"ဘယ်လိုလဲ နီမောင်၊ တောကောင်ကြီးနဲ့ အညောင်းပြေ ထုပ်စည်းတိုးနေတာလား"

"မလွယ်ဘူးဟေ့. . မင်းသာ အချိန်မီရောက်မလာရင် ဒါတော့ အခက်ပဲ ငမဲလုံးရေ"

"ငါလဲ ဒီဘက်က တောကြက်တွေ ကတော်သံကြားလို့ ဆင်းလာတာ"

"မင်း ဘာရခဲ့လဲ၊ ငါတော့ ဒရယ်တစ်ကောင် ရထားတယ်"

သွေးစို့ရုံနှင့် သေတတ်သော ဒရယ်က မလှမ်းမကမ်းတွင် အသက်ပျောက်နေပြီ။

"ဒရယ်က ခဏထားဦး၊ ဟိုး တောင်ကုန်းပေါ်မှာ ငါ ထူးဆန်းတာ တွေ့ထားခဲ့တယ်၊ မင်းနဲ့ငါ ခဏသွားကြည့်ကြရအောင်"

"သွားလေ၊ နေရာကောင်းတော့လဲ တို့တစ်တွေ နေလို့ရတာပေါ့"

နှစ်ယောက်သား ဒရယ်ကို အသေအချာ ဝှက်ထားခဲ့ကြပြီး တောင်ကုန်းပေါ်သို့ တက်ခဲ့ကြသည်။

တောင်ကုန်းဘက်သို့ရောက်သောအခါ ပင်လယ်ဘက်မှ လှိုင်းခတ်သံများကို ကြားရသည်။

"တို့ ပင်လယ်ကမ်းခြေနဲ့နီးတဲ့ တောင်ကုန်းတစ်ခုပေါ်ကို ရောက်လာတာ ထင်တယ်၊ လှိုင်းသံတွေ ကြားရတယ်"

ကြိမ်ဖျိုက်တောတစ်ခုကို လွန်သည်နှင့် တောင်ကုန်းပေါ်တွင် စေတီတစ်ဆူနှင့် အဆောက်အဦးတစ်ခုကိုပါ မြင်ရသည်။

"အတော်ထူးဆန်းပါလား"





"အေး ဟုတ်တယ်၊ ဟို့ အနားသွားကြည့်ရအောင်"

နှစ်ယောက်သား တောင်ကုန်းပေါ်သို့ တက်လာခဲ့ကြသည်။

တောင်ကုန်းပေါ်တွင် လေဒဏ် မိုးဒဏ်များကြောင့် ထုံးသင်္ကန်းပင်မရှိဘဲ ရေညှိများတက်နေသော ကိုးတောင်ခန့်ရှိသော စေတီမှာ ထီးတော်ပင် ယိုင်နေပေပြီ။

အဆောက်အဦကလည်း အုတ်များဖြင့် ဆောက်ထားပြီး အမိုးအုတ်ချပ်အချို့ပင် ပျက်စီးနေပြီ။

အတွင်း၌ လင်းဆွဲ၊ လင်းနို့များ၊ ငှက်များ ခိုအောင်းရာ နေရာကြီးတစ်ခု ဖြစ်နေတော့သည်။ ကြမ်းပြင်ပေါ်တွင် ငှက်ချေးများ အထပ်ထပ်ကြမ်းနေသည်။

စေတီတော်မှာ ချောက်ကမ်းပါး နဖူးစပ်တွင် တည်ထားသဖြင့် ရင်ပြင်ပေါ်မှ အောက်သို့ ငုံ့ကြည့်လိုက်သည်။ လှိုင်းတဖွေးဖွေးနှင့် ပင်လယ်ရေပြင်ကို မြင်ရသည်။ ပင်လယ်တွင်းမှ ပြေးလာသော လှိုင်းများက ဘုရားရှိရာ ကျောက်ဆောင်သို့ တဝုန်းဝုန်း လာရောက်ရိုက်ခတ်နေကြသည်။

"ဒီကျွန်းပေါ်မှာ အရင်က လူတွေ ရောက်ခဲ့၊ နေခဲ့တယ်ဆိုတာ ဒါတွေက သက်သေပဲ၊ ဒါဆိုရင်တော့ တို့အတွက် ပြန်ဖို့ မခဲယဉ်းတော့ဘူး"

"အေး ဟုတ်တယ် နီမောင်၊ တို့တစ်တွေ ဒီအုတ်တိုက်

ထဲမှာ ပြောင်းပြီး စခန်းချရင်ကော မကောင်းဘူးလား"

"အဘမှင်နဲ့တိုင်ပင်ပြီး လုပ်သင့်ရင်လဲ လုပ်ကြတာပေါ့၊ အခုတော့ အချိန်မရှိဘူး၊ ပြန်ကြရအောင်"

"နေဦး၊ တို့စခန်းနဲ့ ဘယ်လောက်ဝေးတယ်ဆိုတာ အချက်ပေးကြည့်လိုက်ဦးမယ်"

မေလုံးက အသံရှည်ဆွဲ၍ အူလိုက်ရာ တောင်၏ပဲ့တင်သံများ ပေါ်ထွက်လာပြီး ငှက်များ အလန့်တကြား ထပျံကုန်ကြသည်။

နောက်တစ်ကြိမ် အူလိုက်သောအခါ တောထဲမှ ပြန်အူသံ ကြားရသဖြင့် မိမိတို့ စခန်းချသောနေရာနှင့် မကွာလှကြောင်း သိရပြီး စခန်းရှိရာသို့ ပြန်ခဲ့ကြသည်။

× × × × ×

[ ၅ ]

နောက်တစ်ရက်မှာပင် ဦးဘမှင်နှင့် တိုင်ပင်ပြီးနောက် တောင်ကုန်းပေါ်မှ စခန်းသစ်သို့ ရွှေ့ပြောင်းကြသည်။ ကြမ်းပြင်ပေါ်မှ ငှက်ချေးများကို အတော်ဖယ်ရှားပစ်မှ နေလို့ထိုင်လို့ ရသွားသည်။





သို့စေကာမူ အနံ့များက ပျောက်မသွားပေ။

ဦးဘမှင်ကတော့ လှူကြီးပိပိ စေတီတော်ပေါ်သွားပြီး သန့်ရှင်းရေးများ ပြုလုပ်နေသည်။ စေတီတော်ပေါ်မှသော် သည်းကောင်း၊ အုတ်တိုက်အတွင်းမှသော် လည်းကောင်း ကြည့်လျှင် ပင်လယ်ပြင်ဘက်သို့ ကောင်းစွာ မြင်နိုင်သည်။

အားလုံး တက်ညီလက်ညီ ဝိုင်းဝန်းလုပ်ကိုင်ကြရာ အုတ်ဘိုက်ကလေးမှာ အတော်အသင့် သန့်ရှင်းသွားသည်။ ပေါက်ဒွဲနေသော အမိုးများကိုလည်း ပြန်လည်ပြုပြင်ကြသည်။

"လက်ရာအနေအထားကြည့်ရတာကတော့ နှစ်ပေါင်းအတော်ကြာတဲ့ လက္ခဏာတွေ တွေ့ရတယ်၊ ဘာပဲဖြစ်ဖြစ်ခပြန်ခင်တော့ တို့အတွက် မိုးလုံလေလုံ တည်းခိုဖို့ နေရာဘစ်ခုတော့ ရတာပေါ့"

ထိုသို့ သန့်ရှင်းရေးလုပ်နေစဉ် အခန်းထောင့် တစ်နေရာတွင် ငှက်ချေးများဖြင့် ရောနေသော ဆေးပေါ့လိပ်တိုတစ်ခု၊ နှစ်ခုကို တွေ့ရသဖြင့် အားလုံး အံ့ဩသွားကြသည်။

"ဒီဆေးလိပ်တိုကို ကြည့်ရတာ မကြာသေးခင်က ဒီအပေါ်ကို လူတွေရောက်သွားသလိုပဲ၊ နောက်တစ်ကြိမ်ရောက်လာရင်တော့ တို့အတွက် ကံကောင်းချင်လဲ ကောင်းနိုင်တယ်၊ ဝိတ်မပျက်ကြနဲ့၊ ကံကြမ္မာဆိုတာ ကောင်းချင်လာရင် မမျှော်လင့်ဘဲ ရောက်ချင် ရောက်လာတတ်တာမျိုးကွ"

ထိုစကားကြားရသောအခါ ဘာပဲဖြစ်ဖြစ် အားတက်
သွားကြသည်။

စခန်းချပြီးသောအခါ နီမောင်က ဘုရားရင်ပြင်တော်
ပေါ် တက်ကြည့်သည်။ ပင်လယ်ဘက်သို့ ထိုးထွက်နေသော
ကျောက်စွန်းအငူပေါ်တွင် တည်ထားသောကြောင့် အောက်
သို့ငုံ့ကြည့်လျှင် ပင်လယ်ရေပြင်ကို အပေါ်စီးမှ မြင်ရသည်။

လေတဖြူးဖြူးနှင့် အဆုံးအစမရှိသော ပင်လယ်ဘက်သို့
မျှော်ကြည့်ရသည်မှာ ရင်ထဲတွင် တစ်မျိုးခံစားရသည်။

လူငယ်ပီပီ အခုနေ ပင်လယ်ဘက်မှ စက်လှေတစ်စီး
စီး သည်ဘက်မောင်းလာလျှင် ကောင်းမှာပဲဟု တွေးမိသည်။

တစ်ယောက်ထဲထိုင်နေရင်း ရောက်တတ်ရာရာ တွေး
တောနေစဉ် ရွာ၌ကျန်ခဲ့သော အမေ့ကိုလည်း သတိရလိုက်
သေးသည်။ မိမိတို့၏ မုန်တိုင်းသတင်းကို ကြားရသော အမေ့
ခံများမှာ ယခုလောက်ဆိုလျှင် ရင်ထဲ၌ သောကမုန်တိုင်း ထန်
နေလောက်ပြီ။

ထို့အတူ သူနှင့် ဘဝတူများ၏ မိသားစုများသည်လည်း
ရင်ထဲမှာ သောကလှိုင်းများဖြင့် ပူဆွေးနေကြလောက်ပြီ။

နီမောင်တစ်ယောက်တည်း အတွေးနယ်ချဲ့ရင်း ရင်ပြင်
တော်ပေါ်မှ ကျောက်ခဲလုံးများကို ပင်လယ်တွင်းသို့ တစ်လုံး
ချင်း ပစ်ချနေသည်။





ကြည်လင်သော ရေမျက်နှာပြင်ပေါ်သို့ ကျောက်ခဲလုံး
း ကျသွားတိုင်း စက်ဝိုင်းများ သေးရာမှ တဖြည်းဖြည်း ကြီး
လျက် ပျောက်သွားပုံမှာ စိတ်ကူးယဉ်ချင်စရာ ကောင်းလှ
တော့သည်။

ထိုသို့ရှိနေစဉ် ရေမျက်နှာပြင်ပေါ်သို့ ရွှက်တောင်များ
ယ် တရွေ့ရွေ့ ချဉ်းကပ်လာသော အရာများကို သတိပြု
က်လေသည်။

"အားပါး. . ရေလှိုင်းလှုပ်သံကြောင့် ငါးမန်းတွေ ချက်
း ရောက်လာပါရောလား"

ငါးမန်းဆိုသော သတ္တဝါမျိုးမှာ ရေထဲတွင် ကြောက်စရာ
ကောင်းဆုံး သတ္တဝါမျိုး ဖြစ်သည်။ အမြင်အာရုံ မကောင်း
လောက် အကြားအာရုံ အလွန်ကောင်းသည်။

မည်လောက်ပင်ဝေးဝေး ရေလှိုင်းခတ်သံကြားရုံနှင့် ထို
ရာသို့ ချက်ချင်းရောက်လာလေ့ရှိသည်။

ယခုလည်း နီမောင် ခဲပစ်သံကြောင့် ငါးမန်းများ ရောက်
ခြင်းဖြစ်သည်။

ငါးမန်းတောင်များမှာ ရေပြင်ပေါ်ဝယ် ရွက်လှေများ
ယ် တရွေ့ရွေ့ လှုပ်ရှားနေပုံမှာ ကြည့်၍ပင် ကောင်းသေး
တော့သည်။

နီမောင်က အပေါ်မှ ခဲတစ်လုံးပစ်ချလိုက်တိုင်း ထို

နေရာသို့ အလုအယက်ရောက်လာကြသည်။

ထိုငါးမန်းအုပ်ထဲသို့ ရောက်သွားလို့ကတော့ လူမ
ထားနှင့် နွားတစ်ကောင်ပင် တခဏချင်း အရိုးစုဘဝ ရောက်
သွားနိုင်သည်။

ထိုသို့ကြည့်နေစဉ် ငါးမန်းတောင်များမှာ ရေအောက်
သို့ အထိတ်တလန့်နှင့် ငုပ်လျှိုး ပျောက်ကွယ်သွားကြတေ
သည်။

ခဏချင်းပင်ရေပြင်ပေါ်တွင် ငါးမန်းတစ်ကောင်တစေ
မျှ မရှိတော့ပေ။

နီမောင် ဒေါ့ဒြဲဗွာဖြင့် ကြည့်နေစဉ် ပင်လယ်ရေအော
မှ မို့မောက်သော ရေလှိုင်းများ ကြွတက်လာပြီး မည်းမည်
သဏ္ဍာန်ကြီးတစ်ခု ဘုရားအောက်ရှိ ကျောက်ဆောင်သ
တရွေ့ရွေ့ တိုးဝင်သွားသည်ကို ဒေါ့ဒြဲဗွာဖြင့် မြင်လိုက်ရသည်

'ဘာကောင်ကြီးပါလိမ့်၊ ဒီလောက်ရှည်တာ မြွေတော
မဖြစ်နိုင်ဘူး'

ကြည့်နေရင်းမှာပင် ပင်လယ်ရေပြင်သည် ပကတ
အတိုင်း ပြန်လည်၍ ငြိမ်သက်သွားလေတော့သည်။

× × × × ×





[ ၆ ]

ပင်လယ်ရေသည် မုန်တိုင်းကင်း၍ လှိုင်းလေငြိမ်သက်
နေသော အချိန်များတွင် သန့်စင်သော မှန်တစ်ချပ်သဖွယ်ပင်
ကြည်လင်နေတတ်၏။ ဝေါ

နက်ရှိုင်းသော ပင်လယ်ရေအောက် မြင်ကွင်းများကို
နေရောင်ခြည်ဖြင့် မြင်နိုင်သည်။ သို့။

ငယ်စဉ်ကတည်းက ဖျံတစ်ကောင်ပမာ ရေအောက်တွင် ား
ကိရိယာတစ်စုံတရာမပါဘဲ အချိန်ကြာမြင့်စွာ နေနိုင်အောင်
လေ့ကျင့်ထားသော နီမောင်သည် ရေအောက်၌ စိတ်ကြိုက်
ငုပ်ရှားသွားလာနေသည်။

ခါးတွင် ဓားမြှောင်တစ်လက်နှင့် အိတ်ရှုံ့တစ်လုံး ချိတ်
ဆွဲထားသည်။ အပေါ်အင်္ကျီမပါဘဲ ဘောင်းဘီတိုကလေးဖြင့်
ပြည်ကုပ်အထိ ဝဲကျနေသော ဆံပင်ရှည်များကို သားရေပင်
ဖြင့် နဖူးမှ သိုင်းစည်းထားသောကြောင့် ဖျံတစ်ကောင်ပမာ
ငုပ်ရှားသွားလာနေသည်။

ရေအောက်တွင် ကျောက်တောင်များ၊ပင်လယ်ရေမှော်၊
ရေအောက်ကျောက်ခက်ပင်များ၊ ကျောက်တုံးများကြားတွင်
ကူးခတ်သွားလာနေသော ငါးများကို မြင်နေရသည်။

နီမောင် ဘုရားအောက်ဘက်ရှိ ကျောက်ဆောင်ဘက်

သို့ ကူးလာခဲ့သည်။

ထိုနေရာတွင် ကြီးမားသော လိုဏ်ခေါင်းကြီးကို တွေ့ရပြီး အတွင်းဘက်၌ မှောင်မည်းနေသည်။

အတွင်းသို့ ဝင်ရကောင်းနိုးနိုး၊ မဝင်ရကောင်းနိုးနိုး ချီတုံချတုံ စိတ်ကူးနေစဉ် သူ့အပေါ်ဘက်မှ ဖြတ်ကူးသွားသော ဝမ်းဗိုက်ဖြူဖြူ သတ္တဝါတစ်ခုကို သတိပြုမိလိုက်သည်။

ငါးမန်းဖြူ။

နီမောင် အပေါ်သို့ ပြန်တက်ရန် ပြင်လိုက်စဉ်မှာ ... နှင့် မလှမ်းမကမ်းရှိ ပင်လယ်ကြမ်းပြင်ရှိ သဲပေါ်တွင် တစ္စ... တစပေါ်နေသော ကမာကောင်များကို လှမ်းမြင်လိုက်သဖြင့် ထိုနေရာသို့ ကူးသွားပြီး ကမာကောင်များကို ရသမျှကောက်ပြီး အိတ်ထဲ ထည့်လိုက်သည်။

သူ့အိတ် ပြည့်သည့်တိုင် သဲပြင်အောက်၌ ကမာကောင်များစွာ ကျန်သေးသည်ကို တွေ့ရသည်။

သူ ဝမ်းသာသွားသည်။

သူတို့တစ်တွေ ကမာသား ဝဝလင်လင် စားရတော့မည် ဟု တွေးကာ ရေပြင်ပေါ်သို့ တက်လာရာ ရေပြင်ပေါ် ခေါင်းဖော်လိုက်သည်နှင့်. .

"နီမောင်. . မင်းနောက်မှာ ငါးမန်းဖြူ"

ဟု ကမ်းပေါ်မှ အော်သံကြားလိုက်သည်။





နီမောင်ကိုယ်ကို ဖော့ထားပြီးနောက် လှည့်ကြည့်လိုက်တော့ မိမိရှိရာသို့ ကူးခတ်လာသော ငါးမန်းတောင်တစ်ခုကို လှမ်းမြင်လိုက်ရသည်။

သူ့ခါးကြားမှ ဓားကို ဖျတ်ခနဲ ဆွဲထုတ်လိုက်ပြီး အသင့်စောင့်နေလိုက်သည်။ အနားရောက်သည်နှင့် ငါးမန်းက ဝေါခနဲ ပြေးဟပ်သည်။

နီမောင်က ဘေးသို့ တိမ်းပြီး ဓားဖြင့် တွက်သည်။

ငါးမန်းကိုယ်မှာ ဟက်ခနဲ ကွဲထွက်သွားပြီး သွေးများထွက်လာသည်။ ငါးမန်းလွန်သွားသည်နှင့် နီမောင် ကမ်းဘက်သို့ ကူးသည်။

ပင်လယ်ရေထဲတွင် သွေးနံ့သည် အကြီးမားဆုံး အန္တရာယ်တစ်ခုပင်။ သည်သွေးနံ့ကြောင့် မကြာခင် သားစားငါးမန်းတွေ ရောက်လာကြတော့မည်။

နီမောင် ကမ်းစပ်ရောက်ခါနီးတွင် ဒဏ်ရာရထားသော ငါးမန်းက နီမောင်ရှိရာ တစ်ကျော့ပြန်လာသည်။

နီမောင်က ခါးတွင် သိုင်းချည်ထားသော ကမာကောင်အိတ်ကို ရေတိမ်ဘက်သို့ ပစ်ချလိုက်ပြီး နောက်မှ ပြေးဟပ်သော ငါးမန်းဖြူရန်ကို လွတ်အောင် ရှောင်ရသည်။

ထိုအခိုက် ပင်လယ်ဘက်မှ ငါးမန်းများကလည်း အုပ်စုလိုက် ဝင်လာပြီ။

သွေးနံ့ရှိရာသို့ လာကြပြီ။

အချိန်မရှိတော့သဖြင့် နောက်တစ်ကြိမ် ဝင်လာသော ငါးမန်းဖြူကိုဖက်၍ ဓားဖြင့် အချက်ပေါင်းများစွာ ထိုးပြီး လွှတ်လိုက်ရာ သွေးရူးသွေးတန်းဖြင့် ပင်လယ်ဘက်လှည့်အထွက်တွင် ပင်လယ်ဘက်မှ ငါးမန်းအုပ်နှင့်တိုးကာ ဝိုင်းကိုက်ခြင်းကို ခံရလေတော့သည်။

ငါးမန်းဆိုသော သတ္တဝါမျိုးမှာ အမြင်မကောင်းသလောက် အနံ့ခံကောင်းသော သတ္တဝါများဖြစ်ကြရာ သွေးနံ့ရလို့ကတော့ မည်သည်ကိုမှ အလွတ်မပေးတတ်ကြပေ။

ငါးမန်းများ လှုပ်ရှားမှုကြောင့် ရေပြင်ပေါ်တွင် တဝုန်းဝုန်းဖြင့် ရေလှိုင်းများ ထနေစဉ် နီမောင် ကမ်းပေါ် ကူးတက်ခဲ့လေသည်။

ကမ်းစပ်မှ ငမဲအောင်က စိုးရိမ်စွာဖြင့် ကမ်းပေါ်သို့ ဆွဲတင်လိုက်သည်။

"မင်း အတော်အရဲစွန့်တယ်၊ ဒီလောက် အန္တရာယ်များတဲ့နေရာ ရေအောက်မှာ အကြာကြီးနေရသလားကွ"

"ကမာကောင်တွေ တွေ့လို့ ဆင်းယူနေရင်း ကြာသွားတာပါ။ ငါ ရေအောက်မှာ ထူးဆန်းတာတစ်ခု တွေ့ခဲ့ရတယ် ငမဲအောင်"

"ဘယ်လို ထူးခြားမှုလဲ"





"ဘုရားအောက်ဘက်မှာ လိုဏ်ခေါင်းကြီး တွေ့ခဲ့ရတယ်၊ တစ်နေ့လောက် မင်းနဲ့ငါ ဝင်ကြည့်ရအောင်"

"အန္တရာယ်များလှတယ်ကွာ"

"ထူးခြားတာတွေ တွေ့ချင်တွေ့နိုင်တယ်"

"အဘမှင် မသိမှ ဖြစ်မယ်၊ သူ သိရင်တော့ ခွင့်ပြုမှာမဟုတ်ဘူး"

"ဒါဖြင့်လဲ မင်းနဲ့ငါသာ သိပါစေ"

"ကောင်းပြီလေ၊ ရာသီဥတုသာယာတဲ့အခါ ကြည့်ကြတာပေါ့"

နှစ်ယောက်သား တိုင်ပင်ပြီး ကမာကောင်အထုပ်ကို သိမ်း၍ စခန်းသို့ ပြန်တက်ခဲ့ကြသည်။

× × × × ×

[ ၇ ]

စခန်းသို့ ပြန်ရောက်ပြီး နီမောင် ရလာသော ကမာကောင်များကို ခွဲသောအခါ အချို့ကမာကောင်များအတွင်း၌ အရည်အသွေးကောင်းသော ပုလဲအချို့ကိုပါ ရရှိကြသည်။

အလွန်ကြီးသော ကမာကောင်ကြီးအတွင်းမှ ကွမ်းသီး

လုံးနီးပါး ကြီးသော ပုလဲကြီးကို ရရှိလေသည်။

"အင်း. . ဒီနေရာမှာ ကမာကောင်တွေ အစုလိုက်အပြုံလိုက် ရှိနေတယ်ထင်တယ်၊ တို့တော့ မမျှော်လင့်ဘဲ ပုလဲအိုင်ပေါ် ရောက်နေပြီထင်တယ်၊ ဒီလိုဆိုရင်တော့ ကောင်းတာပေါ့ကွာ၊ ဟင်းစားလဲရ ပုလဲ,လဲ ရတာပေါ့"

ကမာကောင်သားမှာ မီးဖုတ်၍သော်လည်းကောင်း ပြုတ်၍သော်လည်းကောင်း စားလျှင် ပုစွန်ထုပ်သားကဲ့သို့ ချို၍ အလွန်အရသာရှိလှသည်။

သူတို့တစ်တွေမှာ မိုးလေလုံခြုံ၍ စိတ်ချရသောနေရာသို့ ရောက်ခဲ့ကြပြီမို့ အချိန်ရသည်နှင့် မိမိတို့စက်လှေကို ကောင်းသည်ထက် ကောင်းအောင် ပြုပြင်ကြပြီး တစ်ဘက်ကလည်း ပိုက်နှင့်တစ်မျိုး၊ ရေအောက်ဆင်း၍ တစ်ဖုံ၊ ရိက္ခာအတွက် သားငါးများ၊ ကမာကောင်များကို ရှာဖွေ စုဆောင်းကြသည်။

ပုလဲရရန် ကမာကောင်ငုပ်ရသော အလုပ်မှာ မလွယ်ကူလှပေ။ ကမာကောင် ဆိုသည်မှာ ခရုအကြီးစားဖြစ်သောကြောင့် ပင်လယ်ကြမ်းပြင်အောက်၌သာ နေလေ့ရှိသည်။

ကမာကောင်ရရှိရန် ရေကြောင်း နားလည်ခြင်း၊ ရေငုပ်သန်မှ ရနိုင်သည်။

ရေငုပ်ရာတွင် အလေ့အကျင့်မရှိက အသက်ရှူမှားခြင်း





"ဟုတ်ကဲ့"

"ပုလဲလုံးဆိုတာ အစကတည်းက ကမာကောင်ထဲမှာ ပါလာတာမဟုတ်ဘူး၊ အတော်တိုက်ဆိုင်မှ ဖြစ်တာမျိုး၊ ကမာကောင်ဆိုတာ ဘောင်းခရုတစ်မျိုးပဲလေ၊ ခရုဆိုတာမျိုးက ရေထဲမှာ ကူးခတ်သွားလာစရာ မပါတော့ ရေအောက်မှာ ရေစီးနဲ့ ဒီလိုပဲ ဟိုလိမ့်ဒီလိမ့်နဲ့ သွားနေကြတာ၊ ဒါကြောင့် ကျင်းထဲချိုင့်ထဲကျသွားရင် အပေါ်ကို တော်တော်နဲ့ ပြန်မရောက်တော့ဘဲ တစ်နေရာထဲမှာ အစုလိုက်အပြုံလိုက် ရှိနေတတ်တာမျိုးပေါ့"

"ဟုတ်ကဲ့"

"ကမာကောင်တွေဟာ အပြင်အခွံက ကျောက်သားလိုကြမ်းတမ်းမာကျောပေမယ့် အခွံရဲ့အတွင်းဘက်သားကျတော့ ပုလဲလုံးအရောင်မျိုးပဲ နူးညံ့ချောမွေ့လွန်းလှတယ်၊ အစာအတွက်ကြောင့်ပဲဖြစ်ဖြစ်၊အသက်ရှူဖို့အတွက်ပဲဖြစ်ဖြစ်၊ ကမာကောင်ရဲ့ အခွံနှစ်ချပ် ဟ,လိုက်ချိန်မှာ အပေါ်က ကျောက်ခဲလုံးလို အရာမျိုးတစ်ခုခုဟာ အဲဒီပါးစပ်ထဲ ဝင်သွားရင် အခွံနှစ်ချပ်ကို ချက်ချင်း ပြန်ပိတ်ပစ်လိုက်တယ်၊ အတွင်းသားက နူးညံ့တော့ ခဲလုံးလို မာကျောတဲ့အရာဝင်လာရင် ခံနိုင်အောင် ချွဲလို နူးညံ့တဲ့ ကမာသားတွေနဲ့ လုံးထားလိုက်တယ်၊ ဒါမှ ချောသွားပြီး သက်သာမှာကိုး"

"ဟုတ်တာပေါ့"

"ဒါကြောင့် လူတွေကတောင် ပုလဲဆိုတာ ကမာကောင်လေးတွေရဲ့ မျက်ရည်လို့ တင်စားပြောကြတာပေါ့။ ကြာလာတော့ ကမာကောင်အတွင်းမှာရှိတဲ့ ကမာလုံးထဲက ခဲလုံးလေးဟာ ပျောက်သွားပြီး ပုလဲလုံးဆိုတာ တဖြည်းဖြည်း ဖြစ်လာရတာ၊ သက်နုပုလဲထဲမှာဆိုရင် မူလခဲလုံးရဲ့အရောင်ကိုတောင် တွေ့နိုင်သေးတယ်"

"ဒါကြောင့် ပုလဲလုံးချင်းတူပြီး အရောင်အသွေးချင်း မတူတာကိုး၊ ပုလဲမွေးယူတယ်ဆိုတာ ဒီလိုပဲလား အဘ"

"ဒါပါပဲကွာ၊ ကမာကောင်ထဲကို ပစ္စည်းတစ်ခုထည့်ပြီး တခြားရောက်မသွားအောင် ပင်လယ်ရေအောက်မှာ သံခြင်းတွေနဲ့ ချထားတာပါပဲ"

"လူတွေ ဖန်တီးယူတဲ့ ပုလဲနဲ့ သဘာဝပုလဲနဲ့ကျတော့ ကွာမလား အဘ"

"ဘယ်အရာမဆို အတုနဲ့ အစစ်ဆိုတာကတော့ ရှိတာပေါ့၊ သဘာဝကဖြစ်တာကတော့ ပိုကောင်းတာပေါ့"

ထိုအခါ ငမဲအောင်က. .

"အင်း. . ဒီကျွန်းပေါ်ရောက်ခိုက် ပုလဲတွေ တစ်နေ့တစ်လုံးရအောင် ဆင်းငုပ်ထားလိုက်မယ်"

"ဘာလုပ်ဖို့လဲ"





"ဒါမှ ရွာပြန်ရောက်တဲ့အခါ 'မိန်းမရေ. . မင်းကို လွမ်းသမျှ ငါ၊ ပုလဲတွေ စုထားသဟ' ဆိုပြီး ပေးရအောင်လို့ပါ"

"တယ်. . ခွေးကောင်၊ အမေတော့ သတိမရဘူး၊ မိန်းမကိုချည်း သတိရနေတယ်"

ထိုစကားကြောင့် အားလုံး သဘောကျစွာ ရယ်လိုက်ကြလေသည်။

အားလုံး မောဟောပန်းပန်းနှင့် အိပ်ရာဝင်ကြသောအခါသဘက်တွင် ပင်လယ်ဘက်မှ တရှူးရှူးနှင့် နှာမှုတ်သံကြီးကိုကြားလိုက်ရသဖြင့် အပြင်ဘက်သို့ ထွက်ကြည့်ကြသည်။

ထိုအခါ မိုးလေကင်းစင်ပြီး လရောင်မှုန်ပျပျအောက်တွင် ပင်လယ်ရေများ အနက်ရောင်သန်းနေသည်ကို အံ့ဩစွာတွေ့မြင်ကြရသည်။

"အဘမှင် ပင်လယ်ရေပြင်က အနက်ရောင်တွေ သန်းနေပါလား၊ ဘာဖြစ်လို့လဲဟင်"

"ဘာကြောင့်လဲတော့ ငါလဲ မသိဘူး၊ တို့ နေ့ခင်းဘက်တွေ ကြည့်တာကတော့ ဘာမှမထူးခြားပါဘူး"

"ရေအောက်က ထူးခြားတဲ့ ပစ္စည်းတစ်ခုခုကြောင့်များအခုလိုဖြစ်နေသလား မသိဘူး"

"တို့စောစောက ဒီဘက်က နှာမှုတ်သံလိုလို ကြားလိုက်ရတယ် မဟုတ်လား"

"အေး. . ဟုတ်တယ်လေ"

ထိုသို့ပြောနေစဉ် နီမောင်၏စိတ်ထဲတွင် တစ်လော သူ ရေအောက်၌ရှိနေစဉ် ရေထဲမှ ဖြတ်သွားသော မည်းမည်း သဏ္ဍာန်ကြီးကို သတိရမိသည်။ ထိုအကြောင်းကိုတော့ အသ မှင်တို့အား မပြောဘဲ ဘုရားအောက်ရှိ ကျောက်ဆောင်တွင် လိုဏ်ခေါင်းကြီးတစ်ခု တွေ့ခဲ့ကြောင်းကိုသာ ပြောပြလိုက် သည်။

ဘာပဲဖြစ်ဖြစ်၊ ထိုညက ထူးဆန်းသော အကြောင်းအရာ ကြောင့် သူတို့အားလုံး ကောင်းစွာ အိပ်မပျော်ကြပေ။

× × × × ×

[ ၈ ]

နီမောင် ရေအောက်ရောက်သည်နှင့် ပတ်ဝန်းကျင်သို့ တစ်ချက်ဝေ့ကြည့်လိုက်သည်။

ကြည်လင်သော ရေဖြင့် သူ မျက်စိတဆုံး မြင်နေရ တစ်ဝိုက် မည်သည့်ထူးထူးခြားခြား လှုပ်ရှားမှု မတွေ့ရသဖြင့် စိတ်ချလက်ချ ကူးခတ်လာသည်။

ရေပြင်ပေါ်သို့ နေရောင်ခြည် အသင့်အတင့် ကျနေ





သောကြောင့် ယင်းနေရာ ဂူပေါက်ဝသို့ရောက်အောင် ကူးလာ နိုင်လေသည်။ အတွင်းပိုင်းတွင် မှောင်နေသည်ဆိုသော်လည်း ကျင့်သားရနေသော မျက်စိက ရှေ့လေးငါးလံလောက်အထိ မြင်နိုင်သည်။

ဂူအတွင်းပိုင်းမှာ ထင်သလောက် မကျဉ်းလှပေ။ ထို အခိုက် မိမိရှေ့မှ ထူးထူးခြားခြား လှုပ်ရှားလာသော အရာ တစ်ခုကို လှမ်းမြင်လိုက်ရသဖြင့် နီမောင် ကျောက်ဆောင် တစ်ခုနောက်ကွယ်သို့ ဝင်ရောက်ပုန်းကွယ်နေလိုက်သည်။

ဂူအတွင်းမှ ထွက်လာသော မည်းမည်းသဏ္ဍာန်ကြီးမှာ အလွန်ကြီးသော ကိုယ်လုံးရှိပြီး အလျားကလည်း ရှည်လှသည်။

နီမောင်၏ရှေ့မှ ဖြတ်ကူးသွားသည်မှာ ရေငုပ်သင်္ဘော ကြီးတစ်စင်း ဖြတ်သွားသည်နှင့် တူတော့သည်။

'ဘာကောင်ကြီးပါလိမ့်၊ အလုံးကလဲ ကြီး၊ အလျားကလဲ ရှည်နဲ့ ပင်လယ်မြွေကြီးဖြစ်မယ် ထင်တယ်'

နီမောင် စဉ်းစားနေရင်း မည်းမည်းသဏ္ဍာန်ကြီးက ဂူ အပြင်ဘက်သို့ ထွက်သွားလေတော့သည်။

ထိုအခါမှ နီမောင် ဂူထဲသို့ ဝင်လာသည်။

ဂူအတွင်းပိုင်းတွင် ရေတိမ်သွားပြီး အတော် ကျယ်ဝန်း လှသည်။

နီမောင် ရေပြင်ပေါ် တက်လိုက်သည်။ ထိုနေရာသည်

လိုဏ်ခေါင်းတစ်ခုဖြစ်ပြီး အလင်းရောင် အသင့်အတင့်ရသော
နေရာဖြစ်သည်။

'ဟိုမည်းမည်းသတ္တဝါကြီးဟာ ဒီနေရာမှာ နေတာထင်တယ်၊ ညဘက်တွေမှာ ကြားကြားနေရတဲ့ နှာမှုတ်သံကလဲ ဒီက ကြားရတာဖြစ်မယ်၊ ရောက်တုန်း အထဲဝင်ကြည့်ဦးမှ'

နီမောင်၏လက်ထဲမှ ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီး အတွင်းဘက် ဝင်ခဲ့သည်။ ဂူအတွင်းပိုင်းတွင် ကုန်းမြင့်တစ်ခုရှိပြီး ကျောက်ကလပ်သဏ္ဌာန်ဖြစ်နေသည်။

အနီးသို့သွားကြည့်သောအခါ ကျောက်ကလပ်အတွင်း၌ ပုလဲလုံးများစွာကို တွေ့ရရုံမက အလွန်ကြီးသော ပုလဲနက်ကြီးတစ်လုံးကိုပါ တွေ့ရသည်။

'ဟား. . ကြီးလိုက်တဲ့ ပုလဲနက်ကြီး၊ ငါ့တစ်သက် ဒီလောက်ကြီးတာ တစ်ခါမှ မမြင်ဖူးသေးဘူး'

နီမောင်က ပုလဲနက်ကြီးကို ကောက်ယူကြည့်လိုက်သောအခါ. .

'ဒီပုလဲနက်ကြီးက အရောင်တွေ၊ အရိပ်တွေ ထွက်ပြီး လှုပ်ရှားနေပါလား'

ထိုအချိန်တွင် ဂူအဝပိုင်းဘက်မှ လှုပ်ရှားမှုတစ်ခု၏ အသံကို ကြားလိုက်ရသဖြင့် နီမောင်က ပုလဲနက်ကြီးကို သူ့နေရာသို့ ပြန်ထားလိုက်ပြီး ရေထဲပြန်ဆင်းခဲ့သည်။





သူ ရေထဲပြန်ရောက်ပြီး မကြာမီအပြင်ဘက်မှ ကူးခတ်သာသော မည်းမည်းသဏ္ဌာန်တစ်ခုကို တွေ့လိုက်ရသဖြင့် ကျောက်ဆောင်ကွယ်တစ်ခုဘေးသို့ ဝင်ကပ်နေလိုက်သည်။

မည်းမည်းသတ္တဝါကြီး အတွင်းဝင်သွားတော့မှ ဂူအပြင်ဘက်သို့ ကူးထွက်ခဲ့သည်။

စခန်းသို့ ပြန်ရောက်သောအခါ ထိုအကြောင်းများကို အဘမှင်တို့အား အလုံးစုံ ပြန်ပြောပြလိုက်သည်။

အကြောင်းစုံ နားထောင်ပြီးသောအခါ အဘမှင်က. .

"မင်းမြင်ခဲ့တဲ့ ပုလဲနက်ကြီးဟာ သာမန်တော့ မဟုတ်ဘန်ဘူး၊ ဘုရားဌာပနာပစ္စည်းဖြစ်မယ် ထင်တယ်၊ ဒီဘုရားကိုဘည်ခဲ့တဲ့ ကုသိုလ်ရှင်တွေဟာ ပုလဲနက်ကြီးကို ဌာပနာပြီးဘည်ခဲ့တာ ဖြစ်နိုင်တယ်"

"ဒါဖြင့် ကျွန်တော်တွေ့ခဲ့တဲ့ သတ္တဝါကြီးကရော ဘယ်သို့ကောင်မျိုး ဖြစ်မလဲဟင်"

"ငါထင်တာတော့ ပင်လယ်မြွေကြီး ဖြစ်ချင်ဖြစ်၊ မဟုတ်ချင်တော့ ညံ့သတ္တဝါကြီး ဖြစ်မှာပဲ"

"ညံ့သတ္တဝါဆိုတာ ကြားပဲ ကြားဖူးတယ်၊ တစ်ခါမှမြင်ဖူးဘူး၊ မြွေလို အကောင်မျိုးလားဟင် အဘ"

"ဴအေး. . ဟုတ်တယ်၊ အမျိုးအစားကတော့ မြွေလိုဘကောင်ရှည်မျိုးပဲ၊ ဒါပေမယ့် ခေါင်းကျတော့ နဂါးလိုပုံစံမျိုး

နဲ့၊ ပင်လယ်မှာနေတဲ့ ရေသတ္တဝါတွေထဲမှာတော့ အကြီးဆုံးနဲ့ အရှည်ဆုံး သတ္တဝါမျိုးပေါ့"

"ပင်လယ်မှာ ဝေလငါး အကြီးဆုံး မဟုတ်ဘူးလား အဘ"

"အေး. . အဲဒီဝေလငါးကို သုံးလေးပတ် ရစ်ပတ်ပြီး သတ်ပစ်နိုင်တာ ညဲသတ္တဝါမျိုးပဲ၊ ဘယ်လောက်ကြီးကြီး ရှည် မလဲဆိုတာ စဉ်းစားသာ ကြည့်ပေရော့"

"အင်း. . ဆင်ထက် အဆပေါင်းများစွာ ကြီးတဲ့ ဝေလ ငါးကို သုံးလေးပတ်ရစ်ပတ် သတ်နိုင်လောက်အောင် ရှည် တယ်ဆိုတော့ ပင်လယ်ကွားနေတဲ့ သင်္ဘောကြီးတွေထက် ရှည် မလားပဲ"

"ရှေးက လူကြီးပြောတဲ့ မှတ်တမ်းတွေထဲမှာ ရွက် သင်္ဘောကြီးတွေ နောက်က လိုက်လာပြီး ခေါင်းထောင်ကြည့် လိုက်တော့ သင်္ဘောရဲ့ရွက်တိုင်တွေ ကျော်သွားတယ်ဆိုတော့ ကြောက်စရာအကောင်းဆုံး ဖြစ်မှာပေါ့"

"အင်း. . အဘပြောတာ ဖြစ်နိုင်တယ်၊ ကျွန်တော် ငူထဲ ဝင်တုန်းက ကျွန်တော့်ဘေးက ဖြတ်သွားတော့ ရေငုပ်သင်္ဘော ကြီးတစ်စင်းလိုပဲ တော်တော်နဲ့ မဆုံးနိုင်ဘူး"

"အေး. . လူစုံတုန်း မင်းတို့ကို တစ်ခါတည်း မှာထား မယ်၊ တို့တစ်တွေ အားလုံး ဘဝတူတွေပဲ၊ ရှေးက အတိတ်ထဲ





ကောင်းခဲ့လို့ အခုလို ဆင်းရဲဒုက္ခတွေနဲ့ ကြုံရတာ၊ ဒီတော့ ခုဘဝမှာ လူဆင်းရဲပေမယ့် စိတ်ထားမဆင်းရဲကြစေနဲ့၊ ဘဝကောင်းမှ နောက်ဘဝ ကောင်းနိုင်မယ်၊ ဘုရားအတွက် ည်စူးလှူထားတဲ့ ပစ္စည်းတွေကို စိတ်နဲ့တောင် မပစ်မှားကြနဲ့၊ မှာတာကို နားထောင်ကြ"

"စိတ်ချပါ အဘ၊ ကျွန်တော်တို့တစ်တွေ ကောင်းတာ လုပ်နိုင်တဲ့တိုင်အောင် မကောင်းတာတော့ မလုပ်ကြပါဘူး"

"အေးကွယ် . . သာဓု သာဓု သာဓု"

ဦးဘမှင်က လူငယ်များကိုကြည့်ပြီး သဘောကျစွာ ပြုံး ံုက်လေသည်။

× × × × ×

[ ၉ ]

နောက်တစ်နေ့ ကမ်းပါးစွန်းတစ်နေရာတွင် သူတို့ တစ် တွေ ကမာကောင် ငုပ်နေကြသည်။

ရာသီဥတု သာယာနေသဖြင့် ပင်လယ်ပြင်တစ်ခုလုံး ငြိမ်းလေ ကင်းစင်နေသည်။ ကောင်းကင်တစ်ပြင်လုံး တိမ် ည်းများကင်းကာ အပြာရောင်ကောင်းကင်အချို့ပင် ပေါ်နေ

၏။

နေရောင်ခြည် ဆမ်းထားသော ပင်လယ်ရေမျက်နှာပြင်ပေါ်တွင် ရေလှိုင်းအေးကလေးများ တဖြူးဖြူး တိုက်ခတ်နေသောကြောင့် လှိုင်းကြက်ခွပ်ကလေးများ တဖျပ်ဖျပ် လှုပ်ရှားနေလေကော့သည်။

ရာသီဥတုကောင်းသဖြင့် နီမောင်တို့ အဖွဲ့သားအားလုံး ဦးဘမှင်ပါမကျန် ပင်လယ်တွင်း ဆင်း၍ ကမာကောင် ငုပ်ကြသည်။ ရသမျှ ကမာကောင်များကို ကမ်းပေါ်တွင် စုပုံထားကြသည်။

ထိုအခိုက် ပင်လယ်ပြင် အဝေးတစ်နေရာဆီမှ ခုတ်မောင်းလာသော သင်္ဘောစက်သံတစ်သံကို စတင် ကြားလိုက်ရသည်။ ထိုစက်သံကြောင့် သူတို့အားလုံး ရေထဲမှ ကမ်းပေါ်တက်ပြီး ပင်လယ်ဘက် မျှော်ကြည့်ကြသည်။

အောက်မှကြည့်ရတာ မမြင်ရသောကြောင့် ဘုရားရှိရာ တောင်ကုန်းပေါ် ပြေးတက်ပြီး မျှော်ကြည့်ကြသည်။

အတန်ကြာသည်အထိ သင်္ဘောစက်သံ တဒီးဒီးကိုသာ ကြားနေရပြီး အခြားဘာမှမမြင်ရသေး။ ပင်လယ်ရေမျက်နှာပြင်ပေါ်မှာတော့ နေရောင်ကြောင့် တံလျှပ်များ ထနေသည်။

အတော်ကြာသောအခါ ပင်လယ်မျက်နှာပြင်ပေါ်တွင် အမည်းစက်ကလေးကို စတင်မြင်ရသည်။





"သင်္ဘောတစ်စင်းဟေ့၊ ဒီဘက်လာနေတာများလား"

"ဟုတ်တယ်ဟေ့. . ဒီဘက်ကို လာနေတာ၊ ဒါပေမယ့် သချာအောင် အလံပြလိုက်မယ်"

နီမောင်က ရှက်ဖျင်စတစ်ခုကို မျှောတိုင်မှာ ချည်ပြီး ့ယမ်းပြလိုက်သည်။

မကြာမီ ပင်လယ်ပြင်မှ ခုတ်မောင်းလာသော သင်္ဘော ်စင်း၏ပုံသဏ္ဍာန်ကို သဲသဲကွဲကွဲ မြင်လာရသည်။ သင်္ဘော သူတို့ရှိရာ ကျွန်းဘက်သို့ ဦးတည်မောင်းလာသည်။

"ဟေ့. . တို့ကျွန်းဘက် လာနေတာကွ"

"ဟန်ကျတာပဲဟေ့၊ တို့တစ်တွေတော့ ကျွန်းစံဘဝက ်တော့မယ် ထင်တယ်"

နီမောင်ကတော့ အားရဝမ်းသာစွာဖြင့် ဖျင်စ,အလံကို ့ယမ်းပြနေဆဲပင်။

ခုတ်မောင်းလာသည်မှာ စက်လှေတစ်စင်းဖြစ်ပြီး သူတို့ ာသို့ ဦးတည်မောင်းလာသည်။ တစ်စတစ်စ ကမ်းနှင့် နီး ်သမျှ နီးလာသည်။ စက်လှေဦးပိုင်းတွင် လက်နက်ကိုင်ထား ာ လူသုံးလေးယောက် ရပ်နေကြသည်။

"အဘ သောင်းကျန်းသူတွေများလား"

"ဘာပဲဖြစ်ဖြစ်၊ သတိတော့ ထားကြ၊ အခွင့်အရေး ရ ာနဲ့ တို့အတွက် လွတ်မြောက်ဖို့ အခွင့်အရေးရအောင်

ကြိုးစားရမယ်၊ ကြားလား"

"စိတ်ချ အဘ"

မကြာမီ ကျောက်ဆောင်ရှင်းသောနေရာတွင် စက်လှေ ဆိုက်ကပ်ပြီး လူခြောက်ယောက်က ကမ်းပေါ်သို့ ခုန်တက် လာကြသည်။ သူတို့တွင် လက်နက်များ အသီးသီးပါကြသည်

နီမောင်တို့အနီးသို့ ရောက်သောအခါ သေနတ်များဖြင့် ချိန်ထားလိုက်သည်။

"မင်းတို့ ဘယ်သူတွေလဲ၊ ဘယ်က ရောက်လာတာလဲ"

ဦးဘမှင်က. .

"ကျုပ်တို့ ရေလုပ်သားတွေပါ၊ ကဒ့်ကနီဘက်က လာ ကြတာပါ"

"ဘယ်လိုဖြစ်ပြီး ဒီကျွန်းရောက်နေတာလဲ"

"တလောက မုန်တိုင်းမိပြီး ဒီရောက်လာကြတာပါ"

"စက်လှေကရော"

"ဟိုး သောင်စပ်မှာ တင်ထားပါတယ်"

သည်တော့မှ ခေါင်းဆောင်ဖြစ်သူက ယုံကြည်သွားဟန် ဖြင့် သေနတ်များကို လွယ်လိုက်ကြသည်။

"ဒီနေရာက တို့အမြဲလာပြီး စခန်းချတဲ့နေရာပဲ၊ မင်း တို့ ဒီရောက်တာ ကြာပြီလား"

"တစ်လကျော်လောက် ရှိပါပြီ"





"ဟုတ်လား၊ ဒီမှာ ဘာတွေ ထူးခြားတာတွေ တွေ့ကြ သလဲ"

"ကျုပ်တို့တော့ စားစရာလိုရင် ပင်လယ်ထဲ ဆင်းရှာ လိုက် စားလိုက်ပါပဲ၊ တခြားတော့ ထူးခြားတာ မတွေ့ပါဘူး၊ ဒီကျောက်ဆောင်အောက်က ပုလဲတွေတော့ ရထားတာ ရှိပါ တယ်"

"ဟင်. . ပုလဲတွေ ဟုတ်လား"

"ဟုတ်ပါတယ်၊ စုထားတာ အတော်များနေပါပြီ"

"အဲဒီပုလဲတွေကို ကျုပ်တို့ကိုပေးမလား၊ ပြန်ရင် ခင်ဗျား တို့ကို တင်ခေါ်သွားမယ်၊ ဘယ့်နှယ်လဲ"

"ပေးပါ့မယ်၊ ဒီပုလဲတွေက ကျုပ်တို့အတွက် အဖိုးမတန် လှပါဘူး၊ ရွာပြန်ရောက်မယ်ဆိုရင် ဝမ်းသာလှပါပြီ၊ ရှာရထား သမျှ ပုလဲတွေကို အားလုံးပေးပါ့မယ်"

"ကောင်းပြီ၊ ဒါ့ထက် ခင်ဗျားတို့က ဒီမှာ ပုလဲငုပ်ကြတာ ကြာပြီဆိုတော့ ပုလဲနက်ကြီးတစ်လုံးများ မတွေ့မိကြဘူးလား"

ထိုစကားကြောင့် နီမောင်တို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။

သူတို့ချင်း ကြည့်သောအကြည့်တွင် အချင်းချင်းသာ နားလည်နိုင်သော အဓိပ္ပါယ်များ ပါဝင်လေသည်။

"ပုလဲနက်ကြီးကို ကျွန်တော် တွေ့ထားတယ်'

"ဟင် ဟုတ်လား၊ အခု ဘယ်မှာလဲ"

လောဘသားများ၏ မျက်လုံးများတွင် အရောင်လက်လာသည်။

"မယူရသေးပါဘူး၊ ရေအောက်မှာပဲ ရှိပါသေးတယ်"

"မင်း နေရာမှတ်မိလား"

"မှတ်မိပါတယ်"

"ဒီလိုဆို မင်း ဆင်းယူပေးမလား"

"ကျွန်တော် ယူလို့မရဘူး၊ အဲဒီမှာ ပုလဲနက်ကြီးအပြင် တခြားရတနာပစ္စည်းတွေကလဲ အများကြီး ရှိသေးတယ်"

"ဟေ"

နောက်မှ ရောက်လာသူများက တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။

"ဒီလိုဆိုရင် မင်း နေရာပြပေးမလား၊ တို့တစ်တွေ ဆင်းယူကြမယ်"

"လူများမှ ဖြစ်မယ်"

"အို. . ရတယ်၊ စက်လှေပေါ်မှာ အစောင့်တစ်ယောက်ပဲ ထားခဲ့ပြီး အကုန်ဆင်းကြမယ်၊ တို့အားလုံး ရေငုပ်ကျွမ်းကျင်သူတွေချည်းပဲ"

"ဒီလိုဆို လိုက်ပြပေးမယ်၊ အဆင်သင့် ပြင်ထားကြပါ၊ ကျွန်တော် အခြေအနေကြည့်လိုက်ဦးမယ်"





ထိုသို့ဆိုကာ နီမောင်နှင့် ငမဲအောင်တို့သည် အသား ုံးများယူ၍ ကျောက်ဆောင်ပေါ် တက်ခဲ့ကြသည်။

"ဒီအသားခြောက်တွေ ဘာလုပ်ဖို့လဲ နီမောင်"

"အသာနေ၊ ငါ့မှာ အကြံရှိတယ်၊ ရေအောက်ရောက်ရင် ါအခြေအနေကိုကြည့်ပြီး လှုပ်ရှားနော် ကြားလား"

"အေးပါ"

ကမ်းပါးရောက်သောအခါ သွေးညှိနံ့ပါသော အသား ုံးများကို ရေထဲပစ်ချသည်။

ခဏကြာသောအခါ သွေးနံ့ကြောင့် ငါးမန်းများ တစ် ကောင်စ နှစ်ကောင်စ ရောက်လာပြီး မကြာမီ အများအပြား ရောက်လာကာ အသားတုံးများကို အလုအယက် စားသောက် ကြတော့သည်။

ထိုသို့ရှိနေစဉ် ရေအောက်မှ မည်းမည်းသဏ္ဍာန်ကြီး ာစ်ခု ရောက်လာပြီး ငါးမန်းများကို လိုက်လံကိုက်သတ်ရာ ါးမန်းများမှာ ကူးခတ်ပြေးကြရတော့သည်။

မည်းမည်းအကောင်ကြီးကလည်း တစ်ကောင်မှ အလွတ်မပေးဘဲ နောက်မှ လိုက်ကာ ကိုက်သတ်ဝါးမျိုလေ တော့သည်။

"နီမောင်. . အဲဒါ မင်းပြောတဲ့ အကောင်ကြီးလား၊ ကြောက်စရာကောင်းလိုက်တာ၊ ဘာကောင်ကြီးလဲ"

"အဘမှင်ပြောတဲ့ ညံ့ဆိုတဲ့ သတ္တဝါကြီးဖြစ်မှာပေါ့"

"ကဲ အချိန်မရှိဘူး၊ သတ္တဝါကြီး အပြင်ထွက်သွားတုန်း တို့ ဂူထဲဝင်ကြရအောင်"

"ဖြစ်ပါ့မလား"

"လာပါ၊ ငါပြောတဲ့အတိုင်းသာ လုပ်၊ အချိန်မရှိဘူး"

ထို့နောက် နီမောင်နှင့် ငမဲအောင်တို့သည် လူစိမ်းငါး ယောက်ကို ခေါ်ပြီး ရေထဲဆင်းခဲ့ကြသည်။

နီမောင်က ရေထဲမဆင်းခင် ကျန်ခဲ့သော ဦးဘမှင်တို့ အဖွဲ့အား အချက်ပြခဲ့သည်။

လူစိမ်းများက သေနတ်များကို ထားခဲ့ပြီး ခါးတွင် ဓား တစ်လက်စီ ယူဆောင်ခဲ့ကြသည်။

ရေအောက်သို့ရောက်သောအခါ နီမောင်က ရှေ့မှ ဦး ဆောင်ပြီး ဂူအတွင်းသို့ ဝင်ခဲ့သည်။ ငမဲအောင်နှင့် လူစိမ်းများ က နောက်မှ လိုက်ကြသည်။

အတန်ငယ် ကူးလာသော် ပုလဲနက်ကြီးရှိရာ ဂူအမြင့် ပိုင်းသို့ ရောက်ကြသည်။

ပုလဲများရှိရာ ကျောက်ကလပ်ဆီသို့ ရောက်သောအခါ မမျှော်လင့်ဘဲ အဘိုးအိုတစ်ဦးကို လှမ်းမြင်ရသည်။

"ဒီအဘိုးကြီးက ဘယ်သူလဲ"

"ကျွန်တော်လဲ မသိဘူး"





လူစိမ်းငါးယောက်က မယုံသင်္ကာဖြင့် ကမ်းစပ်ပေါ် တက်သွားသည်။

ထိုအခါ အဘိုးအိုက. .

"မောင်ရင်တို့က ဘာလာလုပ်ကြတာလဲ"

"ဒီက ပုလဲနက်ကြီးကို ယူမလို့လာတာ ခင်ဗျားက ဘယ် သူလဲ"

"ကျုပ်လဲ ပင်လယ်ထဲက လူတစ်ယောက်ပါပဲ၊ မောင်ရင် ပြောတဲ့ ပုလဲနက်ကြီးဆိုတာ ယူလို့မရဘူးကွယ့်"

"ဘာဖြစ်လို့လဲ"

"ဒါ ဘုရားပစ္စည်းလေ၊ ဘုရားကို လှူထားပြီးသား ဆို တော့ ယူလို့မရဘူး"

"ယူလို့မရလဲ ကျုပ်တို့ကတော့ ယူမှာပဲ၊ ဒီပုလဲနက်ကြီး ကို သတင်းကြားပြီး လာလာရှာနေတာ အတော်ကြာပြီ၊ ခင်ဗျား ခဲ့ မဆိုင်ရင် ဖယ်နေ"

"ကောင်းပါပြီ၊ ဒါပေမယ့် မကောင်းတာ ပြုတဲ့သူဟာ ကိုယ်ပြုတဲ့ဒဏ် ကိုယ်ခံရတတ်တယ်နော်၊ မှတ်ထား"

ထိုသို့ပြောကာ ရေထဲဆင်း၍ ငုပ်သွားလေတော့သည်။

လောဘသားများကတော့ အဘိုးကြီး ဆင်းသွားသည် နှင့် ပုလဲနက်ကြီးရှိရာ ကျောက်ကလပ်ဆီသို့ အလုအယက် တက်သွားကြသည်။

ထိုအချိန်တွင် ဂူဝပိုင်းတွင် ရေလှိုင်းခတ်သံကြီး တစ်ချက် ကြားလိုက်ရသည်နှင့် နီမောင်က ငမဲအောင်ကို အချက်ပြပြီး ရေထဲပြန်ဆင်းကြသည်။

သူတို့နှစ်ယောက် ရေထဲရောက်ပြီး မကြာမီ ဂူဝမှ မည်း မည်းသဏ္ဍာန်ကြီး ပြန်ဝင်လာသည်။

ထိုအခါ နှစ်ယောက်သား ကျောက်ဆောင်တစ်ခုအော တွင် ကပ်နေပြီး သတ္တဝါကြီးလွန်သွားတော့မှ ဂူအပြင်သို့ ခပ် သွက်သွက် ကူးထွက်ခဲ့ကြသည်။

ဂူအတွင်း၌ ပုလဲနက်ကြီးကို လောဘတက်နေသူ ငါးဦး ကတော့ ထိုမျှကြီးမားရှည်လျားသော သတ္တဝါကြီးရန်က ဘယ် နည်းနှင့်မျှ လွတ်နိုင်စရာ မမြင်တော့ပေ။

နီမောင်တို့ ကမ်းပေါ်ရောက်သောအခါ စက်လှေပေါ် မှာ အစောင့်ကို ဖမ်းဆီးထားပြီး ဦးဘမှင်တို့အဖွဲ့က စက်လှေ ကို အပိုင်စီးထားကြလေပြီ။ သေနတ်များကလည်း သူတို့ဆီ ရောက်နေပြီမို့ ပူစရာမလိုတော့။

၎င်းတို့၏ ပစ္စည်းများကိုလည်း စက်လှေအသစ်ပေါ် သယ်၍ တင်ထားပြီး စက်လှေထွက်ရန် အဆင်သင့် ပြင်ထား ကြပြီ။

"နီမောင် အမြန်လာဟေ့၊ ရာသီဥတုသာယာတုန်း စက် လှေထွက်ကြရအောင်"





နီမောင်နှင့် ငမဲအောင်တို့ စက်လှေပေါ်တက်ရန် ပြင် နေသောအခါ ရေစပ်မှ အဘိုးအိုတစ်ဦး တက်လာသည်။

ထိုအဘိုးအိုမှာ ဂူအတွင်းမှ နီမောင်တို့ တွေ့ခဲ့သော အဘိုးအိုပင် ဖြစ်သည်။

"အဘက ဘယ်သွားမှာလဲ၊ ကျွန်တော့်တို့နဲ့ တစ်ခါ တည်း လိုက်ခဲ့ပါလား"

"မလိုက်တော့ပါဘူးကွယ်"

"အဘက ဘယ်မှာနေတာလဲ"

"ဒီမှာပဲ နေတာပါပဲ"

"ကျွန်တော်တို့ ဒီကျွန်းပေါ်ကို ရောက်တာ အတော် ကြာပြီ၊ တစ်ခါမှ မမြင်မိပါလား"

အဘိုးအိုက ပြုံးနေသည်။

"ဟို . . လောဘသားတွေတော့ ဂူထဲမှာ အကုန် သေ န်ကြပြီ၊ သူတို့ရဲ့လောဘစိတ်က သူတို့ကိုသတ်ပစ်တာပဲ၊ ယ်ပြုတဲ့ မကောင်းမှုဒဏ်ကို ကိုယ်ပြန်ခံရတာ မမှတာပဲ၊ ာင်ရင်လေးတို့ အခုလို ကိုယ့်ရပ်ကိုယ့်ရွာကို ချောချော ာမော ပြန်နိုင်ကြတာ စေတနာမှန်ကြလို့ပဲ၊ လောကမှာ ်းရဲ့လို့ ဘယ်လိုအလုပ်မျိုးနဲ့ အသက်မွေးဝမ်းကျောင်းပြု အရေးမကြီးဘူး၊ ကိုယ့်အကျိုးစီးပွားရဖို့ တစ်ခုထဲကြည့်ပြီး ာ့ ဘုရားပစ္စည်း၊ ကျောင်းပစ္စည်းတွေကို ဘယ်တော့မှ

မပစ်မှားကြနဲ့၊ ကိုင်း. . အချိန်ရှိတုန်း သွားကြပေဦးတော့

"ဟုတ်ကဲ့. . အခုလို ဆုံးမတာ ကျေးဇူးတင်ပါတယ် အဘ၊ ကျွန်တော်တို့တစ်တွေ အမြဲမှတ်ထားပါ့မယ်၊ အဘ ကျွန်တော်တို့ ကန်တော့ခဲ့ပါတယ်"

အားလုံး စက်လှေပေါ်မှာ အဘိုးကြီးကို ကန်တော့ သည်။ အဘိုးအိုက ဆုများပေးပြီးနောက် ရေအောက်သို့ ဆင်းသွားလေတော့သည်။

နီမောင်တို့တစ်တွေလည်း အခြေအနေကို စောင့်ကြ နေကြပြီး မထူးခြားတော့မှ စက်လှေထွက်ရန် ကြိုးများဖြု နေကြစဉ် ဘုရားအောက်ခြေတစ်ဝိုက် ရေပြင်ပေါ်တွင် လှိ များထလာသည်။

တရှုးရှူးဖြင့် နှာမှုတ်သံကြီး ပေါ်လာသည်။

ထို့နောက် မို့မို့မောက်မောက် ရေများမောက်ကြွ ပြီး သတ္တဝါကြီးတစ်ကောင်၏ ဦးခေါင်းပိုင်းကြီး ရေပေါ် လာသည်။

"ဟာ. . ညံ့သတ္တဝါကြီးပါလား"

သတ္တဝါကြီးမှာ ဦးခေါင်းပိုင်းတစ်ဝိုက် နဂါးကဲ့သို့ အ အတက် အမောက်များပါပြီး မြွေတစ်ကောင်၏ သွင်ပြင် ဖြစ်သည်။

တစ်ကိုယ်လုံး မည်းနက်ပြောင်ချောလျက်ရှိပြီး လုံး





ားလှသည်။ အလျား မည်ရွေ့မည်မျှ ရှိမည်ကိုတော့ မခန့် နိုင်ကြပေ။

သတ္တဝါကြီးက တရွေ့ရွေ့ဖြင့် သူတို့၏စက်လှေနားသို့ ကပ်လာသည်။

စိန်ပန်းက အလန့်တကြားဖြင့် သေနတ်တစ်လက် ကောက်ယူကာ ပစ်ရန်ချိန်လိုက်သည်။

"မလုပ်နဲ့"

ဦးဘမှင်က တားလိုက်သည်။

ထိုသို့ရှိနေစဉ် သတ္တဝါကြီးမှာ စက်လှေအနီးရောက်ရှိ ပြီး အပေါ်မှမိုးကြည့်လိုက်ရာ အမြင့်မှာ စက်လှေ၏ရွက် င်အပေါ် ကျော်တက်သွားလေသည်။

စက်လှေပေါ်မှ လူများမှာ အသက်ရှူရန်ပင် မေ့နေကြ ည့်အလား တစ်ယောက်မှ မလှုပ်ဝံ့ကြအောင် ရှိနေကြစဉ် ဘမှင်တို့ဖမ်းထားသော သောင်းကျန်းသူမှာ ဆောက်တည် မရ ဖြစ်လာပြီး. .

"အောင်မယ့်လေး. . လုပ်ကြပါဦး၊ သတ္တဝါကြီး သတ် တော့မယ်၊ သတ္တဝါကြီး ကျုပ်ကို သတ်တော့မယ်၊ ကျုပ်ကို သ်တော့မယ်ဗျ"

ထိုသို့ ကြောက်လန့်တကြား အော်ဟစ်ကာ စက်လှေ နောက်ပိုင်းသို့ ပြေးသွားကာ ရေထဲသို့ ခုန်ချသွားရာ မြန်

ပေါ်မလာတော့ပေ။

သတ္တဝါကြီးလည်း နီမောင်တို့အပေါ် အတန်ကြာအောင် မိုးကြည့်နေပြီးမှ တဖြည်းဖြည်း ရေအောက်သို့ ပြန်ငုပ်သွားလေတော့သည်။

ခဏကြာတော့မှ ရေပြင်မှာ ပကတိအတိုင်း ပြန်လည်၍ ငြိမ်သက်သွားသည်။ ထိုအခါ အားလုံး သက်ပြင်းချနိုင်လေတော့သည်။

"ဟူး. . . တော်ပါသေးရဲ့ကွာ၊ ဘာမှ အန္တရာယ်မပေးမသွားလို့သာ"

"စိန်ပန်းက သေနတ်နဲ့ပစ်ဖို့ လုပ်နေသေးတယ်၊ မင်းသေနတ်လောက်တော့ အယားဖျောက်ရုံတောင် မရဘူး"

"ဘယ်သိမလဲ၊ ငါလဲ ကြောက်ကြောက်လန့်လန့်နဲ့ဆိုတော့ လုပ်မိလုပ်ရာ လုပ်တာပါကွာ၊ ဘာသတ္တဝါကြီးလဲ မသိဘူးနော်"

ဦးဘမှင်က. .

"ဒါ ညံ့သတ္တဝါကြီးလို့ ခေါ်တယ်၊ ဒီဘုရားနဲ့ ပုလဲနက်ကြီးကို စောင့်ရှောက်နေတဲ့ သတ္တဝါကြီးဖြစ်မှာပါ၊ သူက တို့တစ်တွေကို အန္တရာယ်မပြုလို့သာပေါ့၊ သူသာ ရန်ရှာချင်ရင် အခုလောက်ဆိုရင် တို့စက်လှေ ရေအောက်မှာ အမှုန့်ဖြစ်လောက်နေပြီ"





"ဟုတ်တယ် အဘရေ. . ဟို အဘိုး ပြောသွားသလို ...စေတနာ ကိုယ်အကျိုးပေးတာ လက်ငင်း ...ပဲ"

"ကဲ. . စက်လှေထွက်ကြမယ်ဟေ့"

ဦးဘမှင်၏ စကားဆုံးသောအခါ စက်လှေအား စက်နှိုး...မောင်းထွက်လိုက်သည်။

အားလုံး၏ အသက်သခင်ဖြစ်သော ကျွန်းကလေးကို ...သတိရစွာ လှည့်ကြည့်လိုက်ကြစဉ် ဘုရားရင်ပြင်...ပေါ်မှ သူတို့အား လက်ပြနှုတ်ဆက်နေသော အဘိုးအို... လှမ်းမြင်ကြသဖြင့် ပြန်၍ လက်ပြနှုတ်ဆက်လိုက်ကြ...သည်။

စက်လှေက တစ်စတစ်စ အရှိန်ရလာသည်နှင့် ကျွန်း...လေးမှာ တဖြည်းဖြည်း ဝေး၍ ဝေး၍ ကျန်ခဲ့လေတော့...သည်။

ဂမ္ဘီရမဂ္ဂဇင်း
စက်တင်ဘာ၊ အောက်တိုဘာလ ၂၀၀၂






# စိတ်လှိုင်းဂယက်

[ ၁ ]

ရေစီးအားအရှိန်ပြင်းပြင်းနှင့် မျောပါသွားသော သူ၏ ှကလေးမှာ တစ်စတစ်စနှင့် ပင်လယ်ဝဖြစ်သော ပိတ်စွယ် ဆိုင်ဘက်သို့ ရောက်လာသည်။

ထိုနေရာသည် ကမ်းခြေနှင့်အလွန်ဝေးလှပြီး ပင်လယ် စီးကြောင်းနှင့်နီးသောကြောင့် အန္တရာယ်များလှသည်။

တော်ရုံ ရေလုပ်သားတို့ စွန့်စွန့်စားစား မလာဝံ့သော ရာဖြစ်သည်။ ရေစီးကကြမ်း၊ လှိုင်းကလည်း ထန်သည်။

မုန်တိုင်းအရိပ်အငွေ့ရှိနေသောကြောင့် မိုးမှုန်မိုးဖွဲများ ဆင်းနေရာ ပတ်ဝန်းကျင်ကို လှမ်းမမြင်ရပေ။

သုခုမစာပေတိုက်

လှေပေါ်တွင် လူတစ်ယောက် ပါလာသည်။

သူ့နာမည်က နီမောင်။

ကြက်ပြေးကျွန်းရွာတွင် နေသော ရေလုပ်သားတ
ဖြစ်သည်။ နီမောင်သည် အ ် ၃၀ အရွယ်ဝန်း င်ရှိ
ရွယ်တစ်ယောက်ဖြစ်ပြီး ကြံ့ခိုင် သန်စွမ်းမှုလည်းရှိ ည်။

ရေကြောင်း လေကြောင်း ကျွမ်းကျင်ရုံမက လုပ်
လုပ်သက်ရင့်သဖြင့် သူထွ လျှင် ငါးမရဘဲ ပြန်ရသ
မရှိပေ။

နီမောင် လှေပေါ်မှာ ကျက်လက်လှန်နေရင်း မှန်
လျက်ရှိသော မိုးကောင်းကင်ကို မော့ကြည့်နေသည်။
မျက်နှာပေါ်သို့ မိုးမှုန်မိုးစက်များ တဖွဲဖွဲကျဆင်းလျက်ရှိ
စပ်ဖျဉ်းဖျဉ်းဖြစ်နေတော့သည်၊ မျက်စိထဲသို့ မိုးစက်များ
နေသောကြောင့် ပါးပေါ်သို့ မျက်ရည်စီးကြောင်းများသ
စီးဆင်းသွားသည်။

ကောင်းကင်၌ ငှနှင့်အတူ တိမ်မည်းများက ရွေ့လျ
နေကြသည်။ ထိုကဲ့သို့ပင် နီမောင်၏ စိတ်အလျင်မှာလည်း
ပျံ့လွင့်နေတော့သည်။ လှေထွက်မလာခင်က ရွာ၌ ကြုံ
သော အဖြစ်အပျက်တစ်ခုကို မမေ့နိုင်အောင် တဝဲဝဲ တလ
လည် သတိရနေမိသည်။

ထိုအကြောင်း၏ အဓိကမှာ 'ကျော့မေ' ပင် ဖြစ်တေ





သည်။ ကျော့မေသည် ကြက်ပြေးကျွန်းရွာတွင် ကွမ်းတောင်ကိုင်တစ်ဦးဖြစ်ရုံမက မိဘများကလည်း လယ်ပိုင်၊ ချောင်းပိုင်၊ ခနိုမြဲ၊ အုန်းခြံများပိုင်ဆိုင်ကာ ချောင်လည်ကြသည်။

ကျော့မေက ရုပ်ရည်ကလည်း ချောမောလှပသူ ဖြစ်သဖြင့် ကြက်ပြေးကျွန်းရွာမှ ကာလသားများသာမက အခြားရွာများက ကာလသားများကပင် လာရောက်ပိုးပန်းခံရသူ ဖြစ်သည်။ ကြက်ပြေးကျွန်းရွာမှ ကျော့မေကို စိတ်ဝင်စားကြသော ကာလသားများအနက် နီမောင်နှင့်ထွန်းအောင်တို့မှာ ထိပ်ဆုံးမှ ပါဝင်ကြသည်။ ၎င်းတို့နှစ်ယောက်မှာ ငွေကြေးဥစ္စာ မပြည့်စုံကြသောလည်း ကျော့မေနှင့် ကျောင်းနေဖက်သူငယ်ချင်းများ ဖြစ်သောကြောင့် ကျော့မေ၏ မျက်နှာသာပေးမှုကို ခံကြရသူများလည်း ဖြစ်ကြသည်။

နှစ်ယောက်စလုံး ရေလုပ်ငန်းကျွမ်းကျင်ကြသဖြင့် ရှာရသမျှ သားငါးများကို ကျော့မေတို့၏ ငါးဒိုင်တွင် သွင်းကြသည်။ သခုတစ်လော ထွန်းအောင် ကံကောင်းသည်ဟု ဆိုရမည်။ ထွက်ရှာသမျှ ငါးကြီးများ အထိအမိများပြီး နီမောင်ကတော့ ထွက်ရှာတိုင်း ငါးမရပေ။

နှစ်ယောက်စလုံး ကျော့မေကို အပြိုင်ပိုးပန်းနေသဖြင့် ထွန်းအောင်မှာ ကျော့မေ၏ မျက်နှာသာပေးခြင်းကို ခံနေရသည်။

"နီမောင်. . နင် လှေတစ်စင်းနဲ့ မြစ်ထဲမှာ ဘာ
လျှောက်လုပ်နေတာလဲ၊ ငါးလဲမရပါလား"

"ရေထဲကငါးကို မြင်ရတာမှမဟုတ်တာ၊ သူလာဟ
ရမှာပေါ့ဟ"

"ပြောလိုက်ရင် ဆင်ခြေချည်းပဲ၊ ကြိုးစားချင်စိတ်ကို
ဘူး"

"ငါက ဘာကို ကြိုးစားရမှာလဲ"

"အကုန်လုံးပေါ့၊ နင်ကြိုးစားရင် ရနိုင်တာပဲ"

ကျော့မေစကားက ကိုယ်လိုရာဆွဲတွေးလျှင် အဓိပ္ပါ
အများကြီးပါသော စကားမျိုး ဖြစ်သည်။

"အခြေအနေမပေးတာတွေ၊ မရနိုင် မဖြစ်နိုင်တာ
ကြိုးစားနေတော့ရော ကိုယ်လိုချင်တိုင်း ရမှာမှမဟုတ်တာ"

"နင် ယောကျ်ားမဟုတ်ဘူးလား၊ မလုပ်ခင်က မဖြစ်
ဘူးလို့ ညည်းနေတာ ယောကျ်ားကောင်းမဟုတ်ဘူး၊ လိုချ
တာကို ရအောင် လုပ်ယူနိုင်မှ ယောကျ်ားကောင်းလို့ ခေါ်တ
မှတ်ထား"

နီမောင် ကျော့မေကို ဖျတ်ခနဲ တစ်ချက် လှမ်းကြည့်
လိုက်သည်။ အကြည့်ချင်း ခဏဆုံခိုက် ကျော့မေ၏မျက်
ထဲတွင် အဓိပ္ပါယ်ပါသော လျှို့ဝှက်ချက်တစ်ခုကို သူ သတိပြု
သွားသည်။





'ဘာပဲဖြစ်ဖြစ် နင်ကျေနပ်အောင် ငါကြိုးစားရမှာပေါ့ ကျော့မေရာ'

နီမောင် စိတ်ထဲမှ ကျိတ်၍ကြုံးဝါးလိုက်ပြီးနောက် လှေပေါ်သို့ လက်နက်ကိရိယာများ တင်ဆောင်ကာ ပင်လယ်ဝဘက်သို့ ထွက်လာခဲ့သည်။

နီမောင် အတွေးစရပ်ပြီး မြစ်ရေပြင်ပေါ်သို့ တစ်ချက် လှမ်းကြည့်လိုက်သည်။ သူချထားသော ဖော့ကလေးများမှာ လှိုင်းများကြားဝယ် မြုပ်တစ်ခါပေါ်တစ်လှည့်ဖြင့် ရေစီးအတိုင်း မျောပါနေကြသည်။

လှိုင်းနှင့်အတူ လှုပ်ရှားနေပုံမှာ အမူးလွန်နေသူများပမာ ယိမ်းထိုးလျက်ရှိနေတော့သည်။

သူ ဖော့ချထားတာ ကြာပြီ။

ယခုအထိ ငါးတစ်ကောင်မှ မဟပ်သေးပေ။

အမှန်တော့ သည်ရာသီဥတုအခြေအနေနှင့် သူရောက်နေသော နေရာလောက်ဆိုလျှင် ဖော့သိမ်းပြီး ပြန်ရန်သင့်နေပြီ၊ ဒါပေမယ့် သူ မပြန်ချင်သေး။

ငါးမရမချင်း ရွာသို့မပြန်ဟု ဆုံးဖြတ်ထားသည်။

အခုလို မုန်တိုင်းအရိပ်အငွေ့ သန်းကာ ရေပြင် မငြိမ်မသက်ဖြစ်နေသောအချိန်မျိုးတွင် ငါးရနိုင်ရန် ခဲယဉ်းလှပေသည်။

ယိုးအချိန်တွင် လေပြင်းများ တစ်စတစ်စ တိုက်ခတ်လာပြီး ဖြစ်ပြင်ပေါ်တွင် လှိုင်းများထလာသည်။

ဆက်နေလို့ မရနိုင်တော့။

နိမောင် ကပျာကယာထပြီး ဖော့လုံးကြီးများကို ပြန်သိမ်းစဉ် ရေပြင်ပေါ်တွင် ဖော့လုံးတစ်လုံးပျောက်ဆုံးနေသဖြင့် လှိုင်းကြားဟွင် အလောတကြီး လိုက်ရှာသည်။ ထိုအချိန်တွင် သူနှင့်မလှမ်းမကမ်း လှိုင်းကြားထဲ၌ မြုပ်နေသော ဖော့လုံး ပြန်ပေါ်လာ၏။ နိမောင် ထိုနေရာသို့ လှေကိုလှော်သွားစဉ် အနီးရောက်သောအခါ ဖော့လုံးက ပြန်မြုပ်သွားပြန်၏။

ပျံ့ဂိုဖြင့် မြုပ်လိုက်ပေါ်လိုက်နှင့် လှိုင်းကြားထဲတွင် လိုက်မဆုံးမအောင် ရှိနေပြီး တစ်စတစ်စနှင့် ကမ်းခြေနှင့် ဝေးသထက်ဝေးလာကာ ကမ်းမမြင်လမ်းမမြင် ပင်လယ်တွင်းသို့ ရောက်မှန်းမသိ ရောက်ခဲ့ပြီ။

'ငါးကြီးကြီးတစ်ကောင်ကတော့ မိနေတာသေချာပြီ၊ ငါ့အတွက် ကံကောင်းတာလား၊ ကံဆိုးချင်တာလား မသိတော့ဘူး၊ ဒါ ငါ့ရဲ့ ဖွဲ့သတ္တိကိုစမ်းတာလဲ ဖြစ်ချင်ဖြစ်မယ်၊ ဘာပဲဖြစ်ဖြစ် ဒီငါးကို ရအောင်ဖမ်းပြီးမှ ငါပြန်တော့မယ်'

ထိုသို့ဆုံးဖြတ်ပြီး နိမောင် ဖော့လုံးရှိရာသို့ တရကြမ်းလှော်သွားသည်။ မကြာမီ ရေပြင်ပေါ်တွင် မြုပ်လိုက်ပေါ်လိုက်ဖြစ်နေသော ဖော့လုံးကို သူ ဆယ်မိသွားသည်။





ဖော့လုံးကို ဆွဲကိုင်လိုက်မိသည်နှင့် လက်တွင်း၌ တင်းနေသော အတွေ့အထိကြောင့် ရေအောက်မှာမိနေသော ငါးမှာ အတော်ကြီးကြောင်း အတွေ့အကြုံအရ သိလိုက်ပြီး လက်ရှိ ရင်ဆိုင်နေရသော သဘာဝအန္တရာယ်များကို မေ့လျော့ကာ နိမောင် ဝမ်းသာသွားသည်။

ဖော့ကြိုးကို ဆွဲလိုက်သည်နှင့် နိုင်လွန်ကြိုးစကို လှေဦးတွင် တင်းတင်းဆွဲချည်လိုက်ရာ လှေမှာ ရေအောက်မှ ငါးဆွဲရာနောက်သို့ ပါလေ သည်။

ငါး၏ဆွဲအားအရှိန်မှာ အတော်ပင်ပြင်းရာ လှေမှာ လှိုင်းလုံးများကြားတွင် စက်ဝါယာဉ်ပမာ လျင်မြန်စွာပါသွားလေတော့သည်။

လှေဦးမှ ဖြာတက်လာသော ရေပန်းများမှာ လှေထဲရောက်အောင်ပင် လာရောက်ဝင်လေသည်။

'ဆွဲစမ်း၊ မင်းကြိုက်သလောက် ဆွဲစမ်း၊ မောပြီး အရှိန်ကုန်ရင် ရပ်သွားလိမ့်မယ်၊ ငါ့ရဲ့နိုင်လွန်ကြိုးတွေကတော့ ဝေလငါးတိုးရင်တောင် ပြတ်မထွက်နိုင်ဘူးဟေ့'

ဤသို့ဖြင့် ဆွဲပြေးလိုက်၊ ရပ်သွားလိုက်ဖြင့် ရေအောက်မှ ငါးလည်း အတော်မောကာ နိမောင်လည်း ပင်လယ်တွင်း ရောက်ခဲ့ပေတော့သည်။

ငါးမော၍ ဆွဲပြေးတာ ရပ်သွားသောအခါ နိမောင် ကြိုး

မှ တဖြည်းဖြည်း ဆွဲတင်လိုက်သည်။

ရေအောက်မှ အလွန်လေးသောအရာကြီးတစ်ခု ပါလာမှန်း သိရလျှင် လှေဝမ်းအတွင်းမှ စလွတ်ကို ဘေးနားတွင် အသင့်ယူထားပြီးမှ ဆက်၍ဆွဲတင်သည်။

မကြာမီ ရေအောက်မှ ငါးကြီး လှိုင်းမျက်နှာပြင်ပေါ် ပေါ်လာတော့သည်။

'ဟိုက်. . နည်းတဲ့ငါးကြီး မဟုတ်ဘူး'

ရေထဲမှပေါ်လာသော ငါးကြီးမှာ ငါးရွှေငါးဖြစ်ပြီး လှေနှင့်ယှဉ်ပြီး ပေါ်လာခြင်းဖြစ်ရာ ၁၂ တောင်ခန့် အလျားရှည်သော သူ့လှေထက်ပင် အလျားပို၍ ရှည်နေ၏။

'ဟင်. . ငါးကြီးရဲ့ကိုယ်ပေါ်မှာ စာတွေပါလား'

ငါးကြီးကျောပေါ်မှ စာများကို သဲသဲကွဲကွဲ မမြင်ရသော်လည်း ခေါင်းပေါ်တွင် (စ) ဘေးနှစ်ဘက်တွင် (ခ) (ဗ) နှင့် အမြီးတွင် (ဝ) အက္ခရာကြီးများကို သဲသဲကွဲကွဲ မြင်လိုက်ရသည်။

'စ-ခ-ဗ-ဝဆိုတာ ဘုရားစာတွေပဲ၊ ဒီလိုဆိုရင် ဘုရားငါးများ ဖြစ်နေမလား'

နီမောင့်နားထဲတွင် အဘိုးမသေခင်က ဆုံးမသွားသော စကားများကို ပြန်လည် ကြားယောင်လာသည်။

'ကိုယ့်မရှိလို့ ရေပိုးရေမွှား ရှာစားရတယ် ဆိုပေမယ့်





မလုပ်သင့်တာ ဘယ်တော့မှ မလုပ်နဲ့ ငါ့မြေး၊ အသက်မွေးဝမ်းကျောင်းအလုပ်နဲ့ စိတ်ထားနဲ့က တခြားစီပဲ၊ တံငါဆိုပေမယ့် စိတ်ကောင်းကောင်းမွေးရင် ဘယ်တော့မှ ဒုက္ခမရောက်ဘူး၊ ဒုက္ခရောက်ရင်တောင် ကယ်မယ့်သူပေါ်တယ် မှတ်ထား။

ငါ့မြေးတစ်သက်မှာ ကိုယ့်ဘဝတူချင်းတွေအပေါ်မှာ သစ္စာမမဲ့နဲ့၊ သတ္တဝါတွေပေါ်မှာ စည်းကမ်းမမဲ့နဲ့၊ ရေထဲကငါးဆိုတာ လူနဲ့မနီးစပ်လှပါဘူး၊ ဒါပေမယ့် မိတ်လိုက်တဲ့အချိန်၊ သားပေါက်တဲ့အချိန်၊ ဘုရားကျောင်း လာတဲ့အချိန်၊ ဘုရားငါးကျေ႒ာ်းငါးတွေ ဖမ်းမိရင်တောင် ပြန်လွှတ်ပေးရတယ်။

ဒါ သစ္စာလို့ခေါ်တယ်၊ အဲဒါကို ချိုးဖောက်မိရင် ဘေးဒုက္ခတွေ့တတ်တယ်၊ အဘိုးပြောတာ မြဲမြဲမှတ်ထား ကြားလား'

နီမောင် စလွတ်ကို ကိုင်ပြီး ချီတုံချတုံ ဖြစ်နေသည်။ ငါးကြီးကလည်း လှေဘေးမှာ မလှုပ်မယှက် ငြိမ်လျက်သား ပေါ်နေသည်။

'ယောကျ်ားဆိုတာ ကိုယ်လိုချင်တာ႒ကို ရအောင်ယူနိုင်မှ ယောကျ်ားကောင်းလို့ ခေါ်တယ်'

ကျော့မေစကားများကို သတိရတော့ စလွတ်ကို တင်းနေအောင် ဆုပ်ကိုင်လိုက်သည်။

'ဒီလောက်ကြီးတဲ့ ငါးကြီးသာ ရသွားရင် ကျော့မေတို့ရှေ့မှာ ငါ အတော်မျက်နှာပန်းလှမှာ၊ ဘာပဲဖြစ်ဖြစ် ရအောင်

ဖမ်းသွားရင် ကောင်းမလား'

'ဘုရားငါ၊ ကျောင်းငါးမှန်း ... ရက်နဲ့ ဖမ်းဆီးသတ်ဖြတ်မိရင် ဘေးဒုက္ခရောက်ရတတ်...'

အဘိုးရဲ့ စကားသံ။

နီမောင် ဆုံးဖြတ်ချက်တစ်ခုကို ခိုင်မာစွာ ချလိုက်သည်။

'ဟယ်. . ...မေရဲ့အချစ်ကို မရလဲရှိစေတော့၊ နောင်ဘဝအထိတော့ ပင့်ကြွေးအပါမခံနိုင်ဘူး၊ ကဲ. . ပင်းသွားပေတော့ ငါးကြီး...ရဲ'

နီမောင် ငါးမျှားကြိုးကို ဓားဖြင့် ခုတ်ဖြတ်ပစ်လိုက်သည်။ ငါးမျှားကြိုး လွတ်သွားသော်လည်း ငါးရှူးကြီးမှာ ရေအောက်သို့က ပြန်ဝ... အတန်ကြာအောင်ရှိနေပြီးမှ တဖြည်းဖြည်း ပြန်ငုပ်သွားတော့သည်။

ငါးကြီးကို ပြန်လွှတ်လိုက်ပြီးနောက် နီမောင်ခမျာ ခြေကုန်လက်ပန်းကျသွားကာ ဖြစ်လိုရာဖြစ်စေတော့ သဘောထားကာ လှေဝမ်းထဲ ပစ်လှဲချလိုက်သည်။

လှိုင်းလူးလူး၊ လေ့ကမူးမူးနှင့် သူ အိပ်ပျော်သွားတော့သည်။

× × × × ×





[ ၂ ]

အချိန်မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ သူ...ပ်ရာကနိုးလာတော့ ရာသီဥတု ကြည်လင်လျက်ရှိပြီး ပင်...ယ်ပြင်ပေါ်တွင် လှိုင်းလေကင်း...မနေပြီ။

နီမောင် ထကြည့်တော့ ကမ်းမမြင်လမ်းမမြင် ပင်လယ်...င်းသို့ ရောက်ရှိနေမှန်းလောက်သာ သိရပြီး ဘယ်...ရာ...ောက်ပြီကို မသိနိုင်တော့။ အခုအချိန်ရောက်မှ မိမိစွမ်းအား...် လှော်ခတ်ပြန်လို့ကတော့ ဘယ်နည်းနှင့်မျှ မဖြစ်နိုင်ကြ...ာ့မှန်းသိကာ စိတ်လျှော့ထားလိုက်သည်။

ထိုအချိန်တွင် ပင်လယ်ရေပြင်ပေါ်တွင် ...မျှောလာသော...ရာဝတ္ထုတစ်ခုကို လှမ်းမြင်နေရသဖြင့် လှော်တက်ဖြင့် ရေ...န်ခတ်တက်လိုက်စဉ် မျောပါလာသောအရာမှာ မကြာခင်...နှင့်နီးရာသို့ ရောက်လာတော့သည်။

မလှမ်းမကမ်းသို့ ရောက်သောအခါ. .

'ဟာ. . ရှင်ဥပဂုတ္တဖောင်တော်ပါလား၊ ဖူးထိုက်လို့ ဖူး...ာပဲ'

နီမောင် လှော်တက်ကိုချကာ ရှင်ဥပဂုတ္တမထေရ်မြတ်...ီး ရုပ်တုတော်ကို ဦးချကန်တော့လိုက်သည်။

ထိုအခိုက် အတန်ငယ် သူ့စိတ်ထဲတွင် ဘေးဥပါဒ်

အန္တရာယ်များကို မေ့ပျောက်သွားပြီး တဒင်္ဂမျှ ကြည်နူးချမ်းမြေ့မှု ရလိုက်သည်။

ခဏအကြာ စက်လှေသုံးစင်း မောင်းလာသည်ကို လှမ်းမြင်ရသည်။ စက်လှေများပေါ်တွင် သံပာတော်အချို့နှင့် လူများကို လှမ်းမြင်ရသည်။ သူ့လှေကိုမြင်သောအခါ စက်လှေများက စက်ရှိန်လျှော့ပြီး ကြိုးပစ်ပေးကြသည်။

နီမောင်က ထိုကြိုးဖြင့် လှေကိုခိုင်အောင်ချည်ပြီး စက်လှေပေါ် တက်လိုက်သည်။ စက်လှေပေါ်တွင် သူ့ရွာမှ လူများရော အခြားရွာများမှ လူများကိုပါ တွေ့ရတော့မှ နှစ်စဉ်မြုလုပ်ပြုမြဲဖြစ်သော ပင်လယ်တွင်းသို့ ရှင်ဥပဂုတ္တဖောင်တော်မျှောချ ပူဇော်ကြခြင်းဖြစ်ကြောင်း သိရတော့သည်။

ရွာမှလူများကြားတွင် ကျော့မေကိုလည်း တွေ့ရသည်။ ကျော့မေက ပင်လယ်ထဲမှာ လှေတစ်စင်းဖြင့် သူ့ကိုတွေ့ရသဖြင့် အလွန်အံ့သြနေတော့သည်။

အားလုံးကဝိုင်းမေးသောအခါ နီမောင်က အကြောင်းစုံ ပြန်ပြောပြလိုက်သည်။

ထိုအခါ သူ၏စွန့်စွန့်စားစားလုပ်ကိုင်မှုအတွက် ချီးကျူးကြသည်။

"မင်း အဲဒီလို စိတ်ထားကောင်းလို့ တို့အဖွဲ့တွေနဲ့ တိုက်တိုက်ဆိုင်ဆိုင် ကြုံရတာပဲ၊ ဒါင်း. . စေတနာအကျိုးပေး ပုံများ ချက်ချင်းပါလား"





စက်လှေပွဲပိုင်းတွင် နီမောင်ထိုင်နေစဉ် ကျော့မေအနားရောက်လာသည်။

နီမောင်က အားနည်းစွာပြုံးရင်း. .

"နင် ဖောင်တော်မျှောပွဲ လိုက်လာတာလား"

"အေးလေ၊ ငါကနှစ်တိုင်းလိုက်တယ်လေ၊ ဒါထက် နင်ကြွန့်စားလှချည်လား နီမောင်၊ ရွာမှာ ပင်လယ်ရေစီးကြောင်းပဲကြိုက်တော့တာ၊ ပင်လယ်ရေစီးကြောင်းထဲဝင်သွားရင် နင် ဘယ်လိုပြန်လို့ ရတော့မလဲ"

"မရတော့လဲ ရွာမှာ မျက်စိနောက်သက်သာသွားတာပေါ့ ကျော့မေရယ်၊ ငါ ဒီလောက် လာစွန့်စားပြီး လုပ်တာတောင် ဘာမှမရပါဘူးဟာ"

"နင်လုပ်ခဲ့တဲ့ ကုသိုလ်ရဲ့အကျိုးက နည်းသလား"

"လိုချင်တာကို ရအောင်မလုပ်နိုင်တော့ နင်ပြောသလိုဆို ငါယောကျ်ားကောင်း မဟုတ်တော့ဘူး"

"မိုးပေါ်တက်ပြတဲ့သူကို ယောကျ်ားကောင်းလို့ မသတ်မှတ်နိုင်ပါဘူး၊ စိတ်ထားကောင်းခြင်းဟာလဲ မြင့်မြတ်ခြင်း တစ်မျိုး မဟုတ်ဘူးလား"

"ငါ့အတွက် သာသာထိုးထိုး စဉ်းစားပေးတဲ့ နင့်ကို ကျေးဇူးတင်ပါတယ် ကျော့မေ"

"အခုမှ သိရသလား"

ကျော့မေက အပြုံးဖြင့် မျက်စောင်းတစ်ချက်ထိုး
အဖော်များရှိရာ စက်လှေဦးပိုင်းသို့ ပြန်သွားတော့သည်။
ကျော့မေ၏ကျောပြင်ကို ကြည့်ရင်း နီမောင် ရင်ထဲ
'အင်း. . ငါ့အဖြစ်ကလဲ ငါးမရလို့ ရေချိုးပြန်ရသလိုပါပဲလ
ဟု တွေးမိရင်း တစ်ယောက်တည်း ပြုံးလိုက်မိသည်။ ရေ
ပေါ်၌ မျှောချလိုက်သော ရှင်ဥပဂုတ္တဖောင်တော် ဒေ
ပျောက်ကွယ်သွားသောအခါ စက်လှေများမှာ ကမ်းခြေအ
သို့ ဦးတည်မောင်းနှင်ကြတော့သည်။

*[ ၁၉၉၆-၁၉၉၇ ခုနှစ်များတွင် ဆရာတော် ဦးဝါသေ
ဆောင်သော ပင်လယ်တွင်းသို့ ရှင်ဥပဂုတ္တ ဖောင်တော်
ပူဇော်ကြသောအဖွဲ့များသို့ ကျေးဇူးတင်စွာဖြင့် ဤဝတ္ထု
ရေးသားခြင်း ဖြစ်ပါတယ်။ ]*

လပြည့်ဝန်းမဂ္ဂဇ
မတ်လ၊ ၂၀





# မ,ယာမြေမှအပြန်

[ ၁ ]

နီမောင်၏ရင်ထဲမှာ ဆို့နင့်နေသည်။

မိမိတို့ ငွေကြေးမပြည့်စုံသဖြင့် ဆေးဝါးကုသခွင့်မ
သောကြောင့် ခင်မေဆုံးရသည်ဟု တွေးမိတိုင်း စိတ်မကောင်း
ဖြစ်မိသည်။

တကယ်တော့ ခင်မေနှင့် လက်ထပ်ကြတာ မကြာသေး
နှစ်ပိုင်း၊ လပိုင်းမျှသာ ကြာသေး၏။ မိဘများက ဆင်းရဲသော
ကြောင့် လင်မယားနှစ်ယောက် ရေကျော်ကြီး ထင်းပွဲစခန်းသို့
လာ၍ ထင်းဖြတ်ကြသည်။





ခင်မေကလည်း ယောကျ်ားတစ်ယောက်လို အလုပ်
ကြမ်း လုပ်နိုင်သည်။

နှစ်ယောက်သား မနက် မိုးမလင်းမီက ထမင်းဟင်း ချက်
ပြုတ်ထည့်ပြီး လှေတစ်စင်းနှင့် တောတက်ကြသည်။ ရသမျှ
င်းပေါက်ခြမ်းများကို ပွဲစားထံသွင်းကြသည်။ ပွဲရုံမှပင် လို
ပ်သော စားနပ်ရိက္ခာနှင့် ဆေးဝါးများ ဝယ်ယူသည်။ ထင်း
ဖြတ်ရောင်းလိုက်၊ ငွေရလိုက်၊ စားစရိတ်ယူလိုက်၊ ကြွေးမြှန်
င်လိုက်၊ ထင်းဖြတ်ရောင်းလိုက်နှင့် သစ်ဖြတ်သမားတို့ဘဝ
လံမထူနိုင်အောင် ရှိနေတော့သည်။

တစ်ခါမှ ပွဲစားကြွေးနှင့် ကင်းသည်မရှိဘဲ တောထဲမှ
မိ လှဲထားခဲ့သော သစ်ပင်မှ သစ်ရွက်မခြောက်ခင် ထင်းဖိုး
ငွေက ကုန်နှင့်ပြီ။

လူတစ်ကိုယ်လုံး သမန်းဆီတက်လာပြီး ခြေနှင့်လက်တို့
ဆူးစူးရာ ဒဏ်ရာဒဏ်ချက်များသာ တိုးလာခဲ့သည်။ ခါင်းရဲ
င်းကတော့ နက်မြဲနက်နေကြသည်။

ထင်းပွဲစခန်းဆိုသည်မှာ တောထဲ၌ ပွဲစားများ၊ အလုပ်
မားများ စုဝေးပြီး တဲများထိုးနေကြသည် ဖြစ်သောကြောင့်
ရောဂါတစ်ခုဖြစ်လာလျှင် ကုသပေးမည့် ဆေးဆရာမရှိဘဲ
ဘူးထုတ်ဆေး၊ ငန်းဆေး၊ အဖျားကျဆေး၊ ဝမ်းပိတ်ဆေးများ
သာက် သောက်ပြီး ရောဂါပျောက်ကြရသည်။ ရောဂါ သိပ်

ဖြင်းပြီး မတတ်နိုင်တော့မှ မြို့သို့ပို့ကြသည်။

ခင်မေ့ခမျာ တောထဲမှာ အလုပ်လုပ်ရင်း ငရဲငုတ်စူးမိ သည့်ဒဏ်ရာကို ဆေးနည်းတိုများနှင့် ကုသရာ ရက်ရှည်လာ သည့်တိုင် မပျောက်ကင်းဘဲ နောက်ဆုံး ညှော်ဝင် ငန်းဝင်ပြီး အသက်ဆုံးရရှာတော့သည်။

နီမောင်ခမျာ မိမိတို့ ဆင်းရဲတွင်းနက်သဖြင့် ဆေးဝါး ကောင်းကောင်းဖြင့် မကုလိုက်ရသဖြင့် မဆုံးသင့်ဘဲ ခင်မေ အသက်ဆုံးရသည်ဟု တွေးမိတိုင်း စိတ်မကောင်း ဖြစ်နေမိ သည်။

သို့သော် တောထဲမှာဆိုတော့ အသုဘကိစ္စကို ခမ်းခမ်း နားနား မလုပ်နိုင်ဘဲ ဖျာလိပ်ဖြင့်ပတ်ကာ တောထဲမှာ သဂြိုလ် လိုက်ရသည်။

ဒါပေမယ့် ထူးဆန်းသည်မှာ နောက်တစ်ရက်၌ မြေမြှုပ် သဂြိုလ်မည်ဟု အလောင်းစင် ဖြင့်ထားခဲ့သော ခင်မေ့ အလောင်းမှာ နောက်တစ်နေ့ သွားကြည့်သောအခါ ပျောက် ဆုံးသွားလေတော့သည်။

သဂြိုလ်ရန် ပြင်ဆင်ထားသော ပစ္စည်းများသာ ကျန်ရစ် ခဲ့ပြီး ခင်မေ့အလောင်းကိုမူ မတွေ့ရတော့ပေ။

အနီးဝန်းကျင်တစ်ဝိုက်တွင် လိုက်ရှာကြည့်ကြပြန်တော့ လည်း အစအနပင် မတွေ့ရတော့ပေ။





အားလုံးကတော့ တောကောင်တစ်ကောင်ကောင် ဝင် သွားသည်ဟု ထင်ကြသည်။

မည်သို့ပင်ရှိစေ . .

တောထဲတွင် ခင်မေ့အလောင်း ထူးထူးဆန်းဆန်း ာက်ဆုံးသွားသောကြောင့် ထင်းပွဲစခန်းရှိ အလုပ်သမား း ကြောက်ရွံ့တုန်လှုပ်သွားကြလေသည်။

× × × × ×

[ ၂ ]

ဤသို့ဖြင့် ရက်,လ အတန်ကြာသည်အထိ တောထဲ၌ င်မေ့အလောင်း အစအနမျှ ရှာမတွေ့ကြသောအခါ တော ာင်တစ်ကောင်ကောင်ချီယူသွားပြီဟုသာ အတည်ပြုလိုက် ပြီး အားလုံး မေ့မေ့ပျောက်ပျောက် ဖြစ်သွားကြတော့သည်။

နီမောင်မှာလည်း ကြာကြာလွမ်းဆွေးမနေအားဘဲ ဝမ်း ရေးအတွက် တောပြန်တက်ရသည်။ အရင်က ခင်မေနှင့် ူတွဲ၍ အလုပ်လုပ်ကြပြီး ယခု ခင်မေ မရှိတော့သောအခါ ခြားအဖော်တစ်ယောက်နှင့်တွဲ၍ လုပ်ရတော့သည်။

ထင်းပွဲစခန်းမှ အလုပ်သမားများတို့ နေ့စဉ်နှင့်အမျှ

သုခုမစာပေတိုက်

သစ်ပင်များကို ခုတ်လှဲဖြတ်ယူကြသောကြောင့် တဖြည်းဖြည်း
နှင့် အနီးပတ်ဝန်းကျင်တစ်ဝိုက်တွင် အသုံးဝင်သော ကနစိုပင်
များ ရှားပါးလာသောကြောင့် တောနက်ထဲဝင်၍ သစ်ခုတ်ကြ
ရသည်။ ယခင်က ကမ်းဆိပ်မှ တစ်ခေါ် နှစ်ခေါ် လောက်တွင်
သစ်ခုတ်ယူ၍ရသော်လည်း ယခုအခါ တစ်အူ တစ်ပြလောက်
အထိ တိုးဝင်ရသည်။ တစ်အူ တစ်ပြဆိုသည်မှာ တောထဲတွင်
လူတစ်ယောက် သံရှည်ဆွဲ၍ အူလိုက်သောအသံ ဆုံးသွား
သော တောနက်နေရာများဖြစ်တော့သည်။

ငှင်းနေရာများ တက်သောအခါ လွန်စွာ သတိထားကြ
ရသည်။ တောကောင်ကြီးများအပြင် လူကို အန္တရာယ်ပေးနိုင်
သော သစ်၊ ဆင်၊ မြွေကြီးများ အလွန်ပေါသဖြင့် တောတက်
လျှင် တစ်ယောက်ချင်း၊ နှစ်ယောက်ချင်း မသွားဝံ့ကြပေ။ ဖွဲ
ဆိုင်းတစ်ဆိုင်းလျှင် နှစ်ယောက်ရှိသောကြောင့် တောနက်ထဲ
ဝင်လျှင် နှစ်ဆိုင်း၊ သုံးဆိုင်း စုသွားကြသည်။

တောထဲရောက်လျှင် တစ်နေရာစီခွဲ၍ အလုပ်လုပ်ကြ
တစ်ယောက်အကြောင်းရှိ အားလုံးက ဝိုင်းကူပေ့။ ထမင်းစား
တော့လည်း အတူတူ စားကြသည်။

အပြင်မှာ ဘယ်လိုပဲနေနေ၊ တောနက်ထဲ ရောက်ရင်
တော့ သွေးရင်းတွေလို နေကြရသည်။ တစ်ယောက်မရှိရင်
မျှတစား၊ တစ်ယောက်အကြောင်းရှိ တစ်ယောက်က အသင်





ပေး ကူညီပေးကြသည်။

ယခုအခါ သစ်ခုတ်သမားများအဖို့ တောနက်ထဲ ဝင်နိုင်
သမျှဝင်မှ သစ်ကောင်းဝါးကောင်း ရနိုင်သဖြင့် စွန့်၍ ဝင်ကြ
ရတော့သည်။ အချို့ဆိုရင် ရိက္ခာများပါ ဆောင်ယူသွားကြပြီး
တစ်ညအိပ်၊ နှစ်ညအိပ် နေကြသည်။

နီမောင်နှင့် ထွန်းမောင်တို့လည်း အခြားသူများကဲ့သို့
ရိက္ခာများဆောင်ယူ၍တောနက်ထဲဝင်ကြသည်။ ညအိပ်နေ
ပြီး သစ်ဖြတ်ကြသည်။ ညဘက်ရောက်သောအခါ သစ်ပင်မြင့်
မြင့်တွေအပေါ်တက်ပြီး နေရာယူပေ့။ သစ်ပင်ပေါ်မှ လိမ့်
မကျအောင်တော့ ပုဆိုးနှင့် သိုင်းချည်ထားရသည်။

တစ်ညတော့ တောနက်ထဲမှ လူသံတွေ ကြားရပြီး
မကြာခင် မီးတုတ်များကိုင်ထားသည့် လူတစ်စု ထွက်လာ
သည်။ သစ်ပင်အောက်ရောက်တော့ အပေါ်မော့ကြည့်ပြီး. .

"ခင်ဗျားတို့ ဒီသစ်ပင်ပေါ် ဘာတက်လုပ်နေကြတာလဲ"
ဟု လှမ်းမေးသည်။

နီမောင်နှင့် ထွန်းမောင်တို့က အံ့ဩလွန်းသောကြောင့်
ဘာတစ်ခွန်းမှ ပြန်မပြောပေ။

"ကျုပ်တို့လူတစ်ယောက် အမဲလိုက်ရင်း ပျောက်သွား
လို့ လိုက်ရှာနေကြတာ၊ ခင်ဗျားတို့ဘက်လာတာ မတွေ့မိဘူး
လား" ဟု လှမ်းမေးပြန်သည်။

နီမောင်က ခေါင်းခါပြသည်။

ထိုအခါ လူတစ်ယောက်က. .

“ဟေ့လူ. . ခင်ဗျား ရေကျော်ကြီးစခန်းက ကိုနီမောင် မဟုတ်လား”

နီမောင် အံ့ဩစွာ ငုံ့ကြည့်လိုက်တော့ လှမ်းပြောနေသူကို တစ်ကြိမ်တစ်ခါမှ မမြင်ဖူးပေ။

“တလောက ခင်ဗျားမိန်းမ ခင်မေ ဆုံးသွားတယ်လို့ သတင်းကြားလိုက်တယ် ဟုတ်လား”

“ဟုတ်. . ဟုတ်တယ်”

“ခင်ဗျားမိန်းမ ခင်မေကို ကျုပ် မြစ်ကမ်းဘေးက ရွာတစ်ရွာမှာ တွေ့ခဲ့တယ်”

“ဘယ်တုန်းက တွေ့ခဲ့တာလဲ”

“မနေ့က တွေ့ခဲ့တာ”

“ဟင်. . ”

နီမောင် ရင်အခုန်မြန်သွားသည်။

“ခင်. . ခင်ဗျား တကယ်ပြောတာလား၊ ဘယ်နားက ရွာမှာတွေ့ခဲ့တာလဲ၊ အသေအချာ ပြောပြစမ်းပါ”

“ဒီကနေ တောင်ဘက်စူးစူးကိုတက်သွားရင် တောလိုက်သမားတွေ စုနေတဲ့ တဲစုတစ်စုရှိတယ်၊ အဲဒီမှာ တွေ့ခဲ့တာဗျ”

“မသိဘဲ နေပါ့မလား၊ ခင်မေနဲ့ ကျုပ်နဲ့က တစ်ရွာထဲ





တူနေပြီး အိမ်နီးချင်းတွေဗျ၊ ကျုပ်နာမည်က စံလှ၊ ကျုပ်မိဘတွေက ကပွနန်းရွာမှာ ကျုပ်ကို မသိတဲ့လူ မရှိဘူး၊ ခင်ဗျားန်းမ အဲဒီမှာ အတော်ဒုက္ခရောက်နေတယ်၊ ကြာကြာထားရင်သလိမ့်မယ်၊ ရွာမှာတုန်းက ခင်မေက ကျုပ်အပေါ် ကျေးဇူးပြုခဲ့တာတွေ ရှိတယ်၊ အဲဒါကြောင့် လာပြောတာ”

ထိုသို့ပြောပြီး မီးတုတ်များ ကိုင်ထားသော လူတစ်စုမှာတာတွင်းသို့ ပြန်ဝင်သွားကြသည်။

ထိုလူစု ပျောက်သွားသောအခါမှ ဇဝေဇဝါဖြစ်နေသောမောင့်ကို ထွန်းမောင်က “မင်းက အဲဒါတွေကို တကယ်ယုံနေသလား၊ ငါ့အထင်တော့ စောစောက လာတဲ့လူတွေဟာယ်နည်းနဲ့မှ လူအစစ်တွေ မဖြစ်နိုင်ဘူး၊ ဒီတောထဲမှာ ဘယ်သူမှ မရှိဘူး၊ လူတွေနေတယ်လို့လဲ တစ်ခါမှ မကြားမိဘူး၊ ကန္တတော့ စောစောက လာတာတွေဟာ ကျတ်တွေပဲ ဖြစ်မယ်” ဟု ခပ်တိုးတိုး မှတ်ချက်ပေးသည်။

“ငါတော့ ဟုတ်သော်ရှိ မဟုတ်သော်ရှိ သူပြောသွားတဲ့ဘက်ကို ခဏသွားကြည့်ချင်တယ် ထွန်းမောင်ရယ်”

ထွန်းမောင်က သက်ပြင်းချသည်။

“ခက်တာပဲ နီမောင်ရယ်၊ မင်း ခင်မေ့ကို ဘယ်လောက်ချစ်တယ်ဆိုတာ ငါသိပါတယ်၊ ဒါပေမယ့် တောထဲတောင်ထဲဆိုတာ ဘယ်သူ့ကိုမှ၊ ဘယ်အရာကိုမှ မယုံရဘူးကွ၊ တစ်

ချက်မှားသွားတာနဲ့ အသက်ပေးရတာကွ၊ စိတ်လျှော့လိုက်ပါ တော့ နီမောင်ရယ်၊ ခင်မေ တကယ်ဆုံးသွားတာ၊ ဘာဖြစ်လို့ မဖြစ်နိုင်တာတွေ တွေးနေရတာလဲ"

"ဟာ. . မင်းမလိုက်ရင် ထင်းပွဲကို ပြန်နှင့်ကွာ၊ ငါတော့ အဲဒီဘက် ခဏသွားကြည့်ပြီးမှ ပြန်တော့မယ်'

ထွန်းမောင်က သက်ပြင်း တစ်ချက်ချသည်။

နီမောင်နှင့်က ထင်းပွဲစခန်း ထူထောင်ကတည်းက ပေါင်းသင်းလာတာဆိုတော့ ပြောမရမှန်းလည်း သိသည်။

နီမောင်တစ်ယောက်တည်း သွားမည်ဆိုပြန်တော့လည်း သူ စိတ်မချပြန်ပေ။

"ကဲပါကွာ. . မင်း ဒီလောက်ဆန္ဒရှိနေရင်လဲ ဒနက် မိုးလင်းတော့ အဲဒီဘက် သွားကြည့်ကြတာပေါ့၊ မဟုတ်ရင် တော့ မင်း ထင်းပွဲကို ပြန်ရမယ်နော်"

နီမောင် ခေါင်းညိတ်ပြသည်။

"ကဲ. . ဒါဖြင့်လဲ တစ်ရေးလောက် အိပ်လိုက်ရအောင်"

နှစ်ယောက်သား သစ်ခွကြားတွင် ထိုင်လျက် အနေ အထားဖြင့် ခေတ္တမှေးကြသည်။ ထွန်းမောင်ကသာ အိပ်ပျော် သွားသည်။ အတွေးစရှည်နေသော နီမောင်အဖို့တော့ တစ် ချက်မှ အိပ်မပျော်နိုင်ခဲ့ပေ။

× × × × ×





[ ၇ ]

မနက်မိုးလင်းသောအခါ နှစ်ယောက်သား လွှနှင့် ခြားပစ္စည်းများကို သစ်ပုံများအနီးတွင် စုပုံဝှက်ထားခဲ့ပြီး းတစ်လက်စီကိုင်ကာ တောင်ဘက်စူးစူးဘက်သို့ ထွက်ခဲ့ ကြလေတော့သည်။

အတန်ငယ်သွားမိသော် သဲကုန်းတန်းဘက်ရောက်လာ း တောက ပိုနက်လာသည်။ ထိုနေရာသို့ ရောက်လာသော ခါ တောကောင်၊ သားကောင်တို့၏ အရိပ်အယောင်နှင့် သံများကို ပိုမြင်၊ ပိုကြားရသည်။

နှစ်ယောက်သား သတိဝီရိယကြီးစွာ ထား၍ တောင် ဘက်စူးစူးသို့ ခရီးဆက်ခဲ့ကြရာ မကြာမီ ကုန်းတန်းလွင်ပြင် ဘက်သို့ ရောက်ခဲ့ပြီး တစ်နေရာဆီမှာ ခွေးဟောင်သံနှင့် လူ သံသူသံများကို ကြားရသည်။

"ဟော. . လူသံတွေ ကြားရပြီ ထွန်းမောင်၊ ဒီအတိုင်း ဆိုရင်တော့ ညက ဟိုလူပြောသွားတာ မှန်နိုင်တယ်"

ထွန်းမောင်ကတော့ သတိကြီးသော မျက်နှာဖြင့်. .

"ဒါပေမယ့် တို့ သတိတော့ထားရမယ် နီမောင်၊ ငါ ဒီ

သစ်တောတွေထဲကို နေရာအတော်များများ ရောက်ဖူးတယ် ဒီနေရာတွေမှာ လူတွေရှိတယ်လို့ မကြားမိဘူး"

"မင်းရောက်တုန်းက မရှိပေမယ့် နောက်မှ ရောက်လာ ပြီး စခန်းချနေတာလဲ ဖြစ်နိုင်တာပေါ့"

ထွန်းမောင်က ဘာတစ်ခွန်းမှ ဆက်၍မပြောတော့ပေ နီမောင်က စိတ်အားထက်သန်လွန်းလှသောကြောင့် ပြောမှ မှန်းလည်း သိနေသည်။

နှစ်ယောက်သား အသံကြားရာဘက်သို့ တောတိုးလာ ကြရာ မကြာမီ ကုန်းမြင့်တစ်နေရာတွင် တဲအိမ်ကန်းတစ်တန် ကို လှမ်းမြင်ရသည်။ လူများ လှုပ်ရှားသွားလာနေသည်ကို လည်း တွေ့ရသဖြင့် အားရှိသွားကာ ခပ်သုတ်သုတ် လျှောက် သွားကြသည်။

"မောင်ရင်တို့ ဘယ်က လာကြတာလဲကွယ့်"

အသက်ငါးဆယ်ကျော် လူကြီးတစ်ယောက်က လှမ်း မေးလိုက်သည်။

"ကျွန်တော်တို့ ရေကျော်ကြီး ထင်းပွဲကပါ အဘ"

"ဟာ. . ဝေးလှချည်လား၊ ဒီကို ဘယ်လိုရောက်လာတာ လဲ၊ မျက်စိလည်ပြီး ရောက်လာတာလား၊ ကိုင်း. . ထိုင်ကြဦး မနက်စာရော စားပြီးကြပြီလား"

နှစ်ယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်





ကြည့်ပြီး ခေါင်းခါပြလိုက်သည်။

"ကိုင်း. . ဒါဖြင့် အတော်ပဲ၊ မနက်က ဆတ်တစ်ကောင် ကိုင်းကျလို့ ပေါင်ချက်ထားတယ်၊ မင်းတို့ စားထိုက်ကြတာပဲ၊ ငါ ထမင်းပြင်လိုက်ဦးမယ်"

အဘိုးကြီးက အရွယ်နှင့်မလိုက်အောင် ပေါ့ပါးဖျတ် လတ်စွာဖြင့် ထမင်းပြင်ပေးသဖြင့် မောပန်းလာသောကြောင့် နှစ်ယောက်သား ခေါင်းမဖော်တမ်း စားကြသည်။

လတ်လတ်ဆတ်ဆတ် ချက်ထားသောကြောင့် ထင် သည်။ ဆတ်သားဟင်းမှာ ချိုနေအောင် ကောင်းလှသဖြင့် နှစ်ယောက်သား ခေါင်းမဖော်တမ်း စားကြသည်။ ထမင်းစား နေရင်း အဘိုးကြီးက. .

'သူတို့အဖွဲ့မှာ အမဲလိုက်အဖွဲ့ဖြစ်ကြောင်း၊ သည်ကုန်း တန်းတွင် စခန်းချတာ မကြာသေးကြောင်း၊ ရသည့် အမဲများ ကို ကဒုံ၊ ဧရာ၊ အမာရွာများသို့ ဆင်းရောင်းကြကြောင်း' ပြော ပြသည်။

ထမင်းစားပြီးသောအခါ နီမောင်က. .

"ကျွန်တော်တို့အဖွဲ့ထဲက လူတစ်ယောက် ပျောက်နေ လို့ လိုက်ရှာရင်း ဒီဘက်ကို ရောက်လာတာပါ အဘ၊ အဘတို့ စခန်းမှာများ ရှိမလားလို့ လာတာပါ" ဟု ပြောပြသည်။

"မင်းတို့ဆီကလား ဘာလားတော့ မသိဘူး၊ တလောက

တော့ အဘိုး မိန်းကလေးတစ်ယောက်ကို ခေါ်လာတာ သိ လိုက်တယ်"

"ဟင်. . ဟုတ်လား၊ အဘိုးဆိုတာ ဘယ်သူလဲ အဘ အဲဒီ မိန်းကလေး အခုဘယ်မှာလဲဟင်"

နီမောင်က အလောတကြီး မေးလိုက်သည်။

"အဘိုးဆိုတာကတော့ အဘတို့နယ်ပယ်ကို အုပ်ချုပ်တဲ့ ပုဂ္ဂိုလ်ပေါ့ကွယ်၊ အဲဒီမိန်းကလေးကတော့ အခု ဘယ်မှာလဲ ဆိုတာ အဘ မသိဘူးကွယ်"

ထိုသို့ပြောလိုက်သောအခါ နီမောင်ခမျာ စိတ်ပျက်အား လျော့သွားဟန်ဖြင့် ဟင်းခနဲ သက်ပြင်းချလိုက်သည်။

"ကဲ. . မောင်ရင်တို့နှစ်ယောက်လဲ တစ်ရေးတမော အိပ်လိုက်ကြဦး၊ အဘလဲ ရွာထဲ သွားလိုက်ဦးမယ်"

ဟု ဆိုကာ အပြင်သို့ ထွက်သွားလေသည်။

နီမောင်တို့နှစ်ယောက်လည်း အဘိုးကြီး ထွက်သွား သောအခါ မောမောပန်းပန်းဖြင့် ကြမ်းပြင်ပေါ်သို့ လှဲချလိုက် သည်။ ထိုသို့ လှဲချလိုက်သည်နှင့် ခရီးပန်းလာသောအရှိန် ကြောင့် ချက်ချင်း အိပ်ပျော်သွားကြတော့သည်။

အချိန်မည်မျှကြာအောင် အိပ်ပျော်သွားကြသည်မသိ၊ သူတို့နှစ်ယောက် နိုးလာသောအခါ အမှောင်ထုကြီးက ကြီးစိုး နေပြီ။ ပတ်ဝန်းကျင်မှာလည်း တိတ်ဆိတ်ငြိမ်သက်လျက်၊ ခွေး





သံ၊ လူသံဟူ၍ ဘာသံမျှ မကြားရဘဲ ပုရစ်သံ၊ ညဥ့်ငှက်အော် သံ၊ မျောက်အော်သံ၊ သစ်တောက်သံများသာ တစ်ခါတရံ ကြားနေရသည်။

"နီမောင်. . နီမောင်"

ထွန်းမောင်က တိုးတိုးလေး ခေါ်လိုက်သည်။

"ဘာလဲ ထွန်းမောင်"

"မင်း နိုးနေပြီလား"

"အေး. . နိုးနေပြီ"

"တစ်ရွာလုံးလဲ တိတ်ဆိတ်နေတာပဲ၊ လူတွေမှ ရှိရဲ့ လား"

"ရှိမှာပေါ့၊ အိပ်နေကြလို့ ဖြစ်မှာပေါ့"

"မဟုတ်ဘူးကွ၊ ခွေးသံရော၊ လူသံတွေရော ဒီလောက် တိတ်ဆိတ်နေပုံထောက်ရင် တစ်ယောက်မှ မရှိကြဘူး ထင် တယ်၊ ဘယ်များ သွားနေကြပါလိမ့်"

"ဩော်. . သူတို့က ညဘက်မှ အမဲထွက်လိုက်ကြတာ ထင်တယ်ကွ"

"မဖြစ်နိုင်ဘူး၊ တစ်ရွာလုံး အမဲထွက်လိုက်တာတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ ယောကျ်ားတွေသွားရင် မိန်းမနဲ့ ကလေးတွေတော့ ကျန်ခဲ့မှာပေါ့၊ ခုတော့. . "

"မင်းကလဲ အတွေးခေါင်မနေစမ်းပါနဲ့ကွာ၊ ငါတော့

နေ့ခင်းက စားတာတွေများလို့နဲ့ တူတယ်၊ ဗိုက်တွေ နာလိုက်တာ၊ မင်းရော မနာဘူးလား"

"အေး. . ငါလဲ ဗိုက်အရမ်းနာတယ်၊ မီးတိုင်ထွန်းကွာ အပေါ့သွားရအောင်"

နှစ်ယောက်သား အသင့်ဆောင်ယူလာသော မီးတိုင် ထွန်းပြီး တောစပ်ဝင်၍ အပေါ့သွားကြသည်။ ခဏကြာသော အခါ နှစ်ယောက်စလုံး အထိတ်တလန့် ပြန်ထွက်လာကြ သည်။

"နီမောင်. . နီမောင်၊ ငါ ဝမ်းသွားတာ အစာဝမ်းမသွား ဘဲ သစ်ရွက်သစ်ခေါက်တွေချည်းပဲ ပါတယ်၊ မင်းရော ဘယ် လိုလဲ"

"အေး. . ငါလဲ သစ်ရွက်သစ်ခေါက်တွေပဲ သွားတယ် ကွ၊ ဗိုက်ကလဲ နာလိုက်တာကွာ"

"မဟုတ်မှလွဲရော. . တို့နှစ်ယောက်တော့ ကျတ်ကုန်း ရောက်နေပြီနဲ့တူတယ်၊ ငါကြားဖူးတာက ကျတ်ကုန်းရောက် သွားတဲ့ လူတိုင်း အဲဒီလိုအဖြစ်မျိုးတွေနဲ့ ကြုံကြရတယ်၊ ဒီမှာ ကြာကြာဆက်နေလို့ မဖြစ်ဘူးထင်တယ်၊ ရက်ကြာသွား ရင် ဒုက္ခရောက်ဖို့ပဲ ရှိတယ်၊ ငါထင်တာတော့ ဒီမှာရှိတာတွေ ဟာ နေ့စံညခံတဲ့ ကျတ်တွေဖြစ်မယ်၊ ငါထင်တဲ့အတိုင်း မှန်ရင် မိုးလင်းရင် သူတို့အားလုံး ပြန်လာကြလိမ့်မယ်၊ မင်း ကြည့်နေ





"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ ထွန်းမောင်"

"အခု ညဘက်ကြီးတော့ ဘယ်မှသွားလို့မရဘူး၊ မှောင် ...းထဲ လျှောက်သွားရင် တောကောင်နဲ့တွေ့ပြီး ဒုက္ခရောက် ...မ့်မယ်၊ ဒီတော့ မီးဖိုထားပြီး မိုးလင်းအောင် စောင့်ကြတာ ...ပါ၊ မိုးလင်းမှ သူတို့ပြန်မလာခင် လစ်ကြတာပေါ့"

နှစ်ယောက်သား ထင်းခြောက်များစု၍ မီးဖိုထားကာ ...နားတွင် ထိုင်စောင့်ကြသည်။ ထိုသို့စောင့်ရင်းမှ မိမိရ...ား ...သာ ဂုဏ်တော်များကို ရွတ်ဖတ်ရင်း တောပိုင်၊ တောင်... ...းကို အမျှအတန်းပေးဝေ၍ မိမိတို့အား ဤဒုက္ခမှ လွှတ် ...ောက်အောင် ကူညီစောင့်ရှောက်ပါရန် တိုင်တည်ကြသည်။

နံနက်လင်းခါနီးသောအခါ နှစ်ယောက်သား မှေးခနဲ ...သွားစဉ် တစ်စုံတစ်ယောက်ကလာနှိုးမှ နိုးသွားတော့သည်။

"ဟော့. . ထကြ၊ ထကြ"

ဤသို့နှိုးလိုက်သဖြင့် နိုးလာကြပြီး အလန့်တကြား မော့ ...ကြည့်လိုက်တော့ သူတို့၏အနီးတွင် နှုတ်ခမ်းမွေးကားကား ...ချောင်တစောင်းထုံးထားသော အဘိုးအိုတစ်ဦးကို တွေ့ကြ ...သည်။

"မင်းတို့ ဘာဖြစ်လို့ ဒီတောထဲမှာ လာအိပ်နေကာလဲ"

နီမောင်က ဖြစ်သမျှ အကြောင်းများကို ပြန်ပြောပြလိုက် ...သည်။

"အဟင်း. . ဟင်း. . တယ်ခက်ကြတာပဲ၊ ဒီလော
နက်တဲ့တောထဲမှာ ဘယ်က လူရှိရမှာလဲ၊ အခု မင်းတို့ရော
နေတဲ့ နေရာက ကျတ်တွေနေတဲ့ ကျတ်ကုန်း၊ မိုးလင်း
ကျတ်တွေ ပြန်လာတော့မယ်၊ ကိုင်း. . ငါ့နောက်လိုက်ခဲ့ကြ
ရော့၊ ဟိုဘက်ကုန်းမှာ မင်းတွေ့ချင်တဲ့သူ ရှိတယ်၊ သူ့ကို
တန်ခါထဲ ဝင်ခေါ်သွား၊ ကဲ. . လာကြ"

ထိုအဘိုးအို လမ်းပြခေါ်ဆောင်ရာနောက်သို့ လိုက်
ရာ မကြာမီ တိတ်ဆိတ်ငြိမ်သက်နေသော တဲစုတစ်စုကို မြင်
ပြီး တဲတစ်လုံးအတွင်း၌ လူတစ်ယောက် ခွေအိပ်နေသည်
မြင်ရသည်။

"သူ့ကိုပါ နှိုးခေါ်ခဲ့"

အဘိုးအိုပြောတဲ့အတိုင်း အတွင်းဝင်ကြည့်တော့ အမျိုး
သမီးတစ်ဦး ဖြစ်နေသည်ကို တွေ့ရသည်။ အမှောင်ရိပ်ကြော
မည်သူမည်ဝါမှန်း မသဲကွဲသော်လည်း အချိန်မရှိတော့သဖြ
ထိုအမျိုးသမီးကို ပွေ့ယူကာ အပြင်ထွက်ခဲ့ကြသည်။

"ငါလမ်းပြတဲ့အတိုင်း ခပ်သုတ်သုတ်သွားကြ၊ လှေဆိပ်
ကို ပြန်ရောက်လိမ့်မယ်၊ နောက်က ဘယ်သူခေါ်လို့မှ မထူး
လှည့်မကြည့်ကြနဲ့၊ ကဲ. . အချိန်မရှိဘူး၊ မိုးလင်းတော့မယ်
အမြန်သွားကြ"

သူတို့က အဘိုးအိုကို နှုတ်ဆက်ပြီး လမ်းပြလိုက်သည်





တိုင်း ခပ်သုတ်သုတ် ပြန်ခဲ့ကြသည်။ ချည့်နဲ့အားနည်း၍
မ်းမလျှောက်နိုင်သော အမျိုးသမီးကို တစ်ယောက်တစ်လှည့်
ထမ်းကြသည်။

မကြာမီ အရုဏ်တက်လာပြီးတော့ ကြက်တွန်သံ၊ ကျေး
ငှက်အော်သံများ ကြားလာရကာ အလင်းရောင်ရလာသောကြော
ကြောင့် လမ်းလျှောက်ရသည်မှာ ခရီးတွင်လာသည်။

ထိုအခိုက်မှာပင် တောနက်တွင်းမှ မိမိတို့နာမည်များကိုလို
အော်ခေါ်သံများကြားရပြီး နောက်မှလိုက်လာသော လူသံသူ
များ ကြားရသောအခါ အဘိုးအို မှာလိုက်သော စကားကို
တိရကာ ခြေလှမ်းသွက်နိုင်သမျှ သွက်သွက်လှမ်းကြသည်။
နောက်မှလိုက်လာသော ခြေသံများကလည်း နီးသည်ထက်
လာသဖြင့် မောသော်လည်း မနားဝံ့ကြဘဲ ခပ်သုတ်သုတ်
မ်းလာကြရာ မကြာမီ လှေဆိပ်ပြန်ရောက်ကြသည်နှင့် လှေ
ပေါ်တက်ကာ ခပ်သွက်သွက် လှော်ထွက်ကြတော့သည်။

သူတို့လှေထွက်ပြီး မကြာမီမှာပင် ကမ်းဆိပ်သို့ လူတစ်
ရောက်လာကာ သူတို့အမည်များကို အော်ခေါ်နေကြသည်။
မောင်တို့လည်း လုံးဝလှည့်မကြည့်ကြတော့ဘဲ လှေကို ခပ်
သွက်သွက် လှော်ထွက်ခဲ့ရာ ကမ်းနှင့် ဝေးသည်ထက် ဝေးလာ
တော့မှ သက်ပြင်းချနိုင်လေတော့သည်။

ထိုအခါ အလင်းရောင်ကလည်း ကောင်းစွာရလာသဖြင့်

လှေပေါ်မှာ ပါလာသော မိန်းကလေးကို အသေအချာ ကြည့်
မိတော့သည်။

ထိုအခါမှ. .

"ဟင်. . မင်း ခင်မေ. . ခင်မေ မဟုတ်လား၊ ခင်မေ
သဘူး၊ ခင်မေ မသေဘူးနော်"

နီမောင် ဝမ်းသာအားရဖြင့် ခင်မေကို ပွေ့ထူလိုက်
သည်။ ခင်မေမှာ အားနည်းလွန်းနေသောကြောင့် ယဲ့ယဲ့မျှသာ
မော့ကြည့်နိုင်ရှာသည်။

"ဟုတ်ပါတယ်၊ ကျုပ် ခင်မေပါ၊ ကိုနီမောင်တို့က ကျုပ်
ကို သေပြီဆိုပြီး တောထဲမှာ ပစ်ထားကြတဲ့အချိန်မှာ လူတစ်
က ကျုပ်ကိုလာခေါ်ပြီး အဲဒီမှာ ခေါ်ထားကြတာ၊ အဲဒီလူ
က နေ့ဘက်ဆို တွေ့ရပြီး ညဘက်ဆို ဘယ်သွားကြတာ
မသိဘူး၊ တစ်ယောက်မှ မရှိကြဘူး၊ ကျုပ်ဖြင့် ညဘက်တွေ
တစ်ယောက်ထဲ နေရတာ ကြောက်လိုက်တာတော်၊ မပြော
တော့"

"ခင်မေ. . ငါကတော့ မင်းသေပြီ ဆိုပြီးတော့ စိတ်
မကောင်းဖြစ်လိုက်ရတာကွာ၊ မင်း တော်တော် ကံကောင်း
တယ်၊ သေရွာက ပြန်လာတာပဲ၊ ဝမ်းသာလိုက်တာ ခင်မေ
ရယ်၊ ဝမ်းသာလိုက်တာ"

နီမောင်သည် ခင်မေကို ကြင်နာစွာ ထွေးဖက်ထားရင်း





မ်းသာလွန်းသဖြင့် မျက်ရည်များ ကျဆင်းလာတော့သည်။
င်မေကတော့ အန္တရာယ်ဆိုးမှ လွတ်မြောက်လာရသော
ကြောင့် စိတ်ချလက်ချဖြစ်ပြီး ပျော်သွားတော့သည်။

သစ်တောရိပ်ကို ကျော်တက်လာသော နေရောင်ခြည်
ကြောင့် မြစ်ပြင်တစ်ခုလုံး ငွေရောင်တလက်လက် တောက်ပ
နေသည်။

"ဒါထက် ခင်မေရှိတဲ့နေရာကို ကိုနီမောင်တို့ ဘယ်လို
သိကြတာလဲဟင်"

"အစတုန်းကတော့ ငါတို့က နင်သေပြီလို့ ထင်နေကြ
တာ ခင်မေရဲ့ အဲဒီမှာရှိတယ်လို့ သတင်းကြားတာက ငါတို့
တာတက်ရင်း သစ်ပင်ပေါ် တက်အိပ်နေကြတုန်း သစ်ပင်
အောက်မှာ လူတစ်ယောက်က လာပြောသွားတာ၊ နေဦး. .
သူ့နာမည်က စံလှ၊ ဟုတ်တယ် ကိုစံလှလို့ ပြောသွားတယ်"

"ဟင်. . ကိုစံလှ ဟုတ်လား"

"ဟုတ်တယ်၊ ကိုစံလှတဲ့၊ သူက ကပ္ပနန်းရွာက ခင်မေတို့
အိမ်နားမှာနေတာတဲ့၊ သူ့မိဘတွေက. . "

နီမောင်က မိဘနာမည်များ ပြောပြလိုက်တော့ ခင်မေ
ကျက်လုံးပြူးသွားသည်။

"ဟင်. . အဲဒီ ကိုစံလှက ခင်မေတို့အိမ်နားမှာ နေတာ
နတယ်၊ ဒါပေမယ့် သူသေတာ ကြာပြီ"

"သူကတော့ သေသေချာချာကို ပြောပြသွားတာပဲ နောက်ပြီး ပြောသွားတာ ရှိသေးတယ်၊ ခင်မေက သူ့အပေါ်မှာ ကျေးဇူးပြုဖူးတာရှိလို့ အခုလို လာပြောတာလို့ ဆိုတယ်"

"ကျုပ်က သူ့အပေါ်မှာ ကျေးဇူးပြုဖူးတယ် ဟုတ်လား နေဦး.. သူမသေခင်တုန်းကတော့ သူ့အတွက် ဆေးဝါးစာတ်စာတွေ ဝယ်ပေးဖူးတယ်၊ သူသေသွားပြီးတဲ့နောက်မှာ ဘုန်းကြီးတွေကို ဆွမ်းကပ်ပေးဖူးတာတော့ ရှိတယ်"

"အေး.. ဒါကြောင့် ဖြစ်မှာပေါ့"

"အင်း.. ဘဝဆိုတာ အတော်ဆန်းကြယ်တာပဲနော် ဒီဘဝက ပြောင်း၊ ဟိုဘဝ ကူး၊ ဟိုဘဝက ပြောင်း၊ ဒီဘဝကူးနဲ့ သံသရာလည်နေကြတာ ကြောက်စရာကြီး၊ ခင်မေတော့ ကျတ်ကုန်းကပြန်လာပြီးကတည်းက အကုသိုလ်မှန်သမျှ တတ်နိုင်သမျှ ရှောင်ကြဉ်တော့မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်ပြုတဲ့ အကုသိုလ်ကံက နည်းပေမယ့် ခံရတာ များလှတယ် အကုသိုလ်တစ်ချက် လုပ်မိရင် သံသရာမှာ ခံရတာ မဆုံးတော့ဘူး၊ ဒါကြောင့် ခင်မေတော့ မချမ်းသာချင် နေပါစေတော့ အသက်ရှင်သမျှ ကာလပတ်လုံး ကုသိုလ်မရရင်တောင် အကုသိုလ်မဖြစ်အောင် နေတော့မယ်"

ခင်မေ၏ တိုးညှင်းသော သံဝေဂစကားသံများက ဖောင်ဝင်မြစ်တစ်ကြော စီးမျော ပြန့်လွင့်သွားသည်။





ထွန်းမောင်တစ်ယောက်တည်း လှော်လာသော လှေလေးသည် မကြာမီ ရေကျော်ကြီး ထင်းပွဲစခန်းသို့ ပြန်လည်ရောက်ရှိလာတော့သည်။

*၁၉၆၀ ခုနှစ်ဝန်းကျင်တစ်ဝိုက် ဖြစ်ပျက်ခဲ့သော မျဉ်ဒရယ်သစ်တောအတွင်းမှ ဖြစ်ရပ်ဆန်းကြယ် အတွေ့အကြုံများအား တတ်လမ်းဖွဲ့ ရေးသားခြင်း ဖြစ်ပါသည်။ /*

လပြည့်ဝန်းမဂ္ဂဇင်း
ဩဂုတ်လ၊ ၂၀၀၁




# ငါးမန်းဝဲမှအန္တရာယ်

[ ၁ ]

ခတ်တက်ကို အားဖြင့်တွန်းလိုက်တိုင်း 'ကျွိ . . ကျွိ' ဟူသော ခတ်ကွင်းမြည်သံများက ချောင်းတွင်းမှာ ပဲ့တင်ထပ်သွားသည်။ ရေဆန်ပင်ဖြစ်လင့်ကစား စပါး ၁၅ တင်းပါ ဘောက်တူလေးမှာ ခတ်တက်တစ်ချက်တွန်းတိုင်း ရှေ့သို့ ဟဲခနဲ ဟဲခနဲ ထိုးတက်သွားသည်။

ဆောင်း၏နံနက်ခင်းဖြစ်သောကြောင့် ကွမ်းသီးချောင်းထဲမှာ မြူနှင်းများ ဝေ့ဆိုင်းနေဆဲ။ လေနှင့်အတူပါလာသော နှင်းမှုန်နှင်းစက်များက မျက်နှာ၊ လက်မောင်း စသော နေရာများသို့ လာရောက်ထိတွေ့နေသည်။ အေးမြသော ဆောင်းရာသီဖြစ်လင့်ကစား လှေကို ရေဆန်ခတ်လာရသဖြင့် ချွေးများပြန်နေရာ ချွေးစက်နှင့် နှင်းစက်များ ရောကာ တစ်ကိုယ်လုံး ရွှဲစို၍နေတော့သည်။

---

ထိုအချိန်တွင် မိမိလှေနောက်မှ ခတ်တက်သံပြင်းပြင်း ခတ်လိုက်လာသော လှေသံကြားရသဖြင့် နီမောင် လှည့်ကြည့်လိုက်သည်။ မကြာမီ နောက်မှလှေသည် သူ့လှေနှင့် ဘေးချင်းယှဉ်လျက်သား အနေအထားသို့ ရောက်လာသည်။

လှေခတ်လာသူက နှင်းမေ။

"နင် ခုမှပြန်လာတာလား နီမောင်"

"အေး. . ဟုတ်တယ်၊ နင် ဘယ်ကပြန်လာတာလဲ"

"ဒိုင်ကို ငါးသွားပို့ပြီး ပြန်လာတာ"

"ညက အထိအမိကောင်းရဲ့လား"

"အင်း. . မဆိုးပါဘူး၊ ခါတိုင်းထက်တော့ ပိုရတယ်၊ နင်ရော. . "

"ငါလဲ မဆိုးပါဘူး၊ ခင်မွန်တန်းဘက်မှာ ငါးချက်ကောင်းကောင်းတွေ ရှိတယ်၊ နင်တို့ လိုက်ခဲ့ပါလား"

"ဟာ အဲဒီဘက် ငါးမန်းဝဲနဲ့နီးတော့ ဘယ်သူမှ မသွားဝံ့တဲ့ဥစ္စာ၊ နင် အဲဒီမှာ သွားငုပ်တာလား"

"ဟုတ်တယ်"

"သိပ်လဲ အတင့်ရဲမနေနဲ့၊ တော်ကြာ ငါးမန်းစာ ဖြစ်နေဦးမယ်"

ထိုစကားကြောင့် နီမောင့်မျက်နှာပေါ်ဝယ် အပြုံးရိပ်ကလေးများ ယှက်သန်းသွားသည်။ ရင်ထဲမှာလည်း 'နှင်းမေက ငါ့အတွက် စိုးရိမ်ရှာသားပဲ' ဟု လိုရာဆွဲ၍ တွေးရင်း ကျေနပ်နေမိသည်။ နှင်းမေက သူ့ကိုနှုတ်ဆက်ပြီး ကျော်တက်သွားသည်။ နှင်းမေသည် ယောကျ်ားကလေးတစ်ဦးပမာ ခတ်တက်ကို ခပ်ပြင်းပြင်း ခပ်သွက်သွက် ခတ်၍တက်သွားရာ ရေယက်ကလေးများသာ ကျန်ရစ်ခဲ့တော့သည်။





နီမောင်နှင့် နှင်းမေတို့သည် ကွမ်းသီးချောင်း ရွာသူရွာသားများဖြစ်ကြပြီး ရေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ ဖြစ်ကြသည်။

တစ်ရွာထဲသားချင်းလည်း ဖြစ်၊ ဘဝတူချင်းလည်း ဖြစ် အသယ်နှစ်ဆယ်ကျော်ဝန်းကျင်ပေမို့ နီမောင်က နှင်းမေကို စိတ်ဝင်စားသည်။ နှင်းမေကတော့ သာမန် ခင်မင်သူအဆင့်ဖြင့်သာ ဆက်ဆံသည်။ ရွာထဲတွင် နှင်းမေကို စိတ်ဝင်စားသူအများအပြား ရှိသော်လည်း ထိုအထဲမှာ ငါးအဝယ်ဒိုင်မှ ဒိုင်မှူးသန်းဇော်နှင့် နီမောင်တို့နှင့် လုပ်ဖော်ကိုင်ဖက်တစ်ဦးဖြစ်သူ ထွန်းခတို့နှစ်ဦးမှာ အသည်းဆုံးဟု ဆိုရပေမည်။

ထွန်းခဆိုလျှင် နီမောင်အပေါ် လုပ်ငန်းတူ ပြိုင်ဘက်တစ်ဦးအနေဖြင့် သတ်မှတ်ထားသလို နှင်းမေ၏အချစ်ကို ရရှိရန် ကြိုးပမ်းသူ ပြိုင်ဘက်တစ်ဦးအနေဖြင့်လည်း သတ်မှတ်ထားသည်။

ဌင်းတို့က နီမောင်တို့ထက် အစစအရာရာ သာလွန်

သဖြင့် ငါး အထိအမိအရချင်း ပြိုင်သလို နှင်းမေ၏ မျက်နှာ သာပိုပေးခြင်းကိုပါ ကြိတ်၍ ပြိုင်နေကြသည်။ ထွန်းခဆိုလျှင် ရုပ်ရည်ကြမ်းတမ်းရုံမက စရိုက်ကြမ်းသူအဖြစ် တစ်ရွာလုံးက ခပ်စွာစွာ ဆက်ဆံကြသည်။

နီမောင် ငါးဒိုင်တွင် ငါးသွားပို့သောအခါ သန်းဇော်က-

"နှင်းမေတောင် ခုနကမှ ပြန်သွားတယ်ကွ၊ ငါ့အတွက်တောင် ပုစွန်ထုပ် ဟင်းစားပေးသွားသေးတယ်၊ ဒါ့ထက် မင်းငါးလာပို့တာလား"

"ဟုတ်တယ်"

"ဒါဖြင့် တင်ကွာ"

နီမောင်က လှေဝမ်းထဲမှ ရသမျှငါးများကို တောင်းထဲထည့်၍ ဒိုင်ပေါ် တင်ပေးလိုက်သည်။ ငါးများကို ကတ္တားဖြင့် ချိန်ပြီးသောအခါ သန်းဇော်က ရယ်ကျဲကျဲမျက်နှာဖြင့်. .

"မင်း အခုတလော ငါးအထိအမိတွေ အရမ်းကောင်းနေပါလား၊ ငါးချက်ကောင်းကောင်း တွေ့ထားပြီနဲ့ တူတယ်"

"ဒီလိုပါပဲ"

"မင်းတို့မှာ ပြေးကြည့်မှ မြေးအဖိုးနှစ်ယောက်ပဲရှိတာ၊ ဒီလောက် ငါးဖိုးတွေစုပြီး ဘာလုပ်ကြသလဲ၊ ဧကန္တ မင်းမိန်းမယူတော့မယ်နဲ့ တူတယ်"

"အဲဒါထက် အရေးကြီးတာတွေလုပ်ဖို့ အများကြီး ရှိပါ





သေးတယ်"

ထိုသို့ပြောပြီး နီမောင်က ငါးဖိုးငွေများကိုရှင်းကာ ပြန်ထွက်လာသောအခါ နောက်ဘက်မှ သန်းဇော်က ပုခုံးတွန့်၍ ခပ်ပြုံးပြုံးရင်း ကျန်ခဲ့လေသည်။

× × × × ×

[ ၂ ]

"အဖေ အခုတလော နီမောင်တို့မြေးအဖိုး ငါးတွေ အရမ်းရတာပဲ၊ ဒီကောင်တွေ ငါးချက်တစ်နေရာ တွေ့ထားပြီနဲ့တူတယ်"

ထွန်းခက အဖေဖြစ်သူ ဦးတင်ဖေကို အားရပါးရ ပြောပြနေသည်။ ဦးတင်ဖေက ငါးမျှားတစ်ချောင်းကို အစီခံကြိုးကျစ်နေရင်း ခေါင်းညိတ်လိုက်သည်။

"ဖြစ်နိုင်တာပေါ့၊ ပင်လယ်ငါးခူဆိုတဲ့ ငါးမျိုးဆိုတာ တစ်နေရာထဲမှာ အစုလိုက်အပြုံလိုက် အုံနဲ့ကျင်းနဲ့ နေတာမျိုးဆိုတော့ သူတို့ရဲ့ချက်ကို တွေ့ပြီဆိုရင် တံငါလှေဦးစိုတဲ့ ကိန်းဆိုက်တာပေါ့ကွာ"

"အဖေ ကျွန်တော်တို့ အခုတလော ငါးရတာ သိပ်

မကောင်းဘူး၊ ဒီကောင်တွေ ဘယ်နေရာကို သွားတယ်ဆိုတာ သိအောင်လုပ်မှ ဖြစ်မယ်ထင်တယ်"

"ဒါက လွယ်ပါတယ်ကွာ၊ သူတို့နောက်က ခြေရာခံ လိုက်သွားရင် ရတာပဲဟာ၊ တံငါဆိုတာ ဟင်းစားသာ ပေးမယ် ကွန်ချက်တော့ ဘယ်ပြပါ့မလဲ၊ ဒီလိုပဲ ကိုယ့်ဘာသာ သိအောင် လုပ်ယူရမှာပေါ့"

"ကောင်းတယ်အဖေ၊ ဒီတစ်ခါ သူတို့မြေးအဖိုး ငါးဖမ်း သွားရင် ကျွန်တော်တို့ နောက်က လိုက်သွားကြမယ်"

ထွန်းခတို့သားအဖ ထိုသို့တိုင်ပင်နေကြစဉ် ဦးဘိုးမျှင် နှင့် နီမောင်တို့ မြေးအဖိုး ရှိရာသို့ ကိုပန်းစိန်တို့သားအဖ ရောက်လာကြသည်။

"လာဟေ့ ပန်းစိန်၊ ဒီမှာ ရေနွေးကြမ်းပူပူလေး ခုတင် ကမှ ခွင်ပေါ်ကချထားတာ၊ အတော်ပဲ"

ကိုပန်းစိန်နှင့် နှင်းမေတို့ ကွပ်ပျစ်ပေါ် တက်လာကြ သည်။ နီမောင်က ငါးမျှားကြိုးကျစ်ရင်း နှင်းမေကို တစ်ချက် လှမ်းကြည့်လိုက်သည်။

"ကိုင်း. . ရေနွေးကြမ်းလဲ သောက်၊ လာရင်းကိစ္စလဲ ပြောပါဦး ပန်းစိန်"

"အဘရေ. . လာပြီးအပူကပ်တယ်လို့လဲ မထင်ပါနဲ့ ကျုပ်တို့ အခုတလော အထိအမိ မကောင်းဘူး ဖြစ်နေတော့





င်ကြွေးတွေတောင် တက်နေပြီဗျ၊ အဲဒါ ကြွေးလေးမြေလေး ကျအောင် အထိအမိကောင်းတဲ့နေရာလေး ဘာလေး ညွှန် ပေးပါဦး၊ ကျုပ်တို့မှာလဲ အကြောင်းရှိရင် အဘဆီကိုပဲ ပြေး ာရတော့တာပဲ"

ဦးဘိုးမျှင်ကို တစ်ရွာလုံးက တစ်ပွဲစား (တံငါမှော်အောင် ) ဟု သတ်မှတ်ထားကြသည်။ ငယ်စဉ်ကတည်းက ရေလုပ် န်းမျိုးစုံတို့ကို စွဲစွဲမြဲမြဲလုပ်လာသူမို့ ရေအထာ၊ ငါးအထာ ျွမ်းကျင်နေသည်။ မှတ်မိနေသည်။

ဘယ်လောက် မှတ်မိလိုက်သလဲဆိုရင် ဘယ်နေ့ ဘယ် က် ဘယ်နေရာတွင် လိုက်ပါက ငါးအချိန် ဘယ်လောက်ရနိုင် ည်ကိုပါ မှတ်မိနေတော့သည်။ လုပ်သက်ရင့်ပြီး ကျွမ်းကျင်မှု ှ့်သက်လာသောအခါ အားလုံးက ဦးဘိုးမျှင်ကို တစ်ပွဲစား ပင် ကင်ပွန်းတပ်ထားကြတော့သည်။

"မင်းကလဲကွာ. . အချင်းချင်းတွေပဲ၊ ဒါတွေ ပြောနေ ရာမလိုပါဘူး၊ ငါတို့က အခုတလော ငါးထောက်တာ များ ာ မဟုတ်ဘူးကွ"

"ဒါဖြင့် ဘာလုပ်တာလဲ အဘ"

"ငါးကျင်း နှိုက်တာကွ"

"ပင်လယ်ငါးခူ ငါးကျင်းနှိုက်တာလား အဘ"

"ဟုတ်တယ်ကွ၊ ခု ရာသီက ပင်လယ်ငါးခူတွေ ဥချိန်

ကျင်းခတ်တဲ့အချိန်ဆိုတော့ မျှားလို့ ထောက်လို့ မရတော့ဘူး ကျင်းထဲမှာ နှိုက်ယူမှပဲ ရတော့တယ်"

"ဒီကောင်တွေက အဆိပ်ပြင်းတော့ ရေအောက်မှာ လွယ်လွယ်နဲ့ ဖမ်းယူလို့ ရပါ့မလား အဘ"

"ပင်လယ်ငါးခူက ကြမ်းတယ်ဆိုပေမယ့် ကျင်းထဲမှာ ကိုင်တတ်ရင် အိမ်မွေးကြောင်လို ငြိမ်နေတာ၊ အသာလေး ဖမ်းရုံပဲ၊ ရဲဖို့ပဲလိုတယ်"

"အဘပြပေးရင် လုပ်ဝံ့ပါတယ်"

"ဒါကတော့ကွာ၊ တစ်ရွာထဲသား လုပ်ဖော်ကိုင်ဖက်တွေ ပဲ ပြပေးရမှာပေါ့၊ ဒီည ငါတို့အလုပ်ဆင်းရင် မင်းတို့ လိုက် ခဲ့ကြပေါ့"

ထိုအခါ နှင်းမေက ဝင်ပြောသည်။

"အဖေကလဲ ဇွတ်ပြောနေတယ်၊ အဘမျှင်က ကူညီချင် ပေမယ့် နီမောင်က ပေးချင်ပါ့မလား မသိတာ"

"နှင်းမေကလဲ အချင်းချင်းတွေကို အဲဒီလို သဘောမျိုး ငါ့မှာမရှိပါဘူး၊ တို့က လူဆင်းရဲကြပေမယ့် စိတ်ထားမဆင်းရဲ ပါဘူးဟာ"

"ငါက တမင်နောက်တာပါ"

ဤသို့ဖြင့် သူတို့တစ်တွေ ရယ်ရယ်မောမောဖြင့် စကား ဝိုင်းလေး အဆုံးသတ်သွားလေသည်။





[ ၇ ]

ပင်လယ်ငါးခူဆိုသည်မှာ ပုံပန်းသဏ္ဍာန်အားဖြင့် ရေချို ါးခူနှင့် တူပေမည့် ထိုငါးသည် ရေငန်ပင်လယ်အစပ်တွင် အနေများပြီး တစ်ကောင်လျှင် နှစ်ပိဿာ၊ သုံးပိဿာအထိ ကြီး သည်။ ပင်လယ်ငါးခူမှာ ဆူးတောင်ပါပြီး အဆိပ်ပြင်းသည်။ ူးမိလျှင် တစ်ရေတက် တစ်ရေကျ ခံရသည်။ ရေတက် ခြောက်နာရီ ရေကျ ခြောက်နာရီဆိုတော့ တစ်ခါအဆိပ်တက် လျှင် ၁၂ နာရီလောက် ကြာသည်။

အဖမ်းမတတ်လျှင် ဘေးနှစ်ဘက်မှ ဆူးတောင်ဖြင့် အတွက်ခံရတတ်သည်။ တပေါင်း၊ တန်ခူးလများတွင် ပင်လယ် ါးခူများ ဥချရန် ကျင်းခတ်ကျင်းအောင်းလေ့ ရှိကြသည်။ ကျင်း ၌တွင် အဖိုအမနှစ်ကောင် တွဲနေလေ့ရှိပြီး အမကောင်များက များဖြင့် ပိုကြီးတတ်ကြသည်။ ပင်လယ်ငါးခူကျင်းများမှာ ရေ းသန်၍ ရေစူးနက်သော ချောက်ကမ်းပါးစောင်းများတွင် ပြု ပ်လေ့ရှိပြီး တစ်ကျင်းတွင် အသက်ရှူ ဂယ်ပေါက်နှင့် ဝင် ပေါက်ဟူ၍ နှစ်ပေါက် ရှိသည်။ ငါးကျင်းနှိုက်မည့်သူက ရေ အောက်သို့ငုပ်ဆင်းသွားပြီး ကျင်းကိုတွေ့လျှင် အပေါ်အသက် ူပေါက်ကို အဝတ်စတစ်စဖြင့် ပိတ်ဆို့ထားပြီး ဝင်ပေါက်မှ က်ထိုးသွင်းကာ အသာကလေး နှိုက်ရသည်။

ငါးကိုတွေ့လျှင် လက်ဖြင့် ချော့ဖမ်းရသည်။ ငါးခူ တွေ့သည့်အခါ ဘေးဆူးတောင်နှစ်ဖက်ကို လက်ကြားထဲ အ အရသွင်းပြီး မြဲစွာကိုင်ရသည်။ ငါးခူက ဘေးဆူးတောင်ဖြင့် တွက်လေ့ရှိသဖြင့် ၎င်းဆူးတောင်နှစ်ဖက်ကို အမိအရ ကိုင် ထားနိုင်မှ စိတ်ချရသည်။ တစ်ခါတရံ တစ်ကောင်ကို ဖမ်းဆီး နေတုန်း ကျန်တစ်ကောင်က ဆူးဖြင့် ဝင်တွက်သွားတာမျိုး ရှိသဖြင့် ငါးကျင်းနှိုက်သူများ သတိထားရသည်။

ငါးကို မျှားနေရခြင်းထက် ငါးကျင်းကိုရှာပြီး နှသ ပေါက် နှိုက်ယူရသည့်အလုပ်က ပိုသေချာသဖြင့် အန္တရာယ် များသော်လည်း ငါးဖမ်းသမားများက ပို၍ သဘောကျ သည်။ ပင်လယ်ငါးခူကျင်း နှိုက်ရန် အကောင်းဆုံးရက်များမှာ လဆန်း ၁၄ ရက်၊ ၁၅ ရက်၊ လပြည့်ကျော် ၁ ရက်၊ ၂ ရက် ၃ ရက်နေ့များမှာ အကောင်းဆုံးဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် ၎င်းရက်များမှာ ရေထ,ရက်ဖြစ်သောကြောင့် ရေစီး အားကောင်းသဖြင့် ရေငုပ်ရသည်မှာ သက်သာလေသည်။

နီမောင်တို့ လှေနှစ်စင်း ကွမ်းသီးချောင်းမှ ထွက်လာ တော့ ညနေစောင်းနေပြီ။

တစ်စင်းက နီမောင်တို့မြေးအဖိုးလှေဖြစ်ပြီး ကျန် တစ် စင်းက ကိုပန်းစိန်နှင့် နှင်းမေတို့လှေ ဖြစ်သည်။

လှေနှစ်စင်းအဖော်ပြု၍ ရေစုန်အတိုင်း အောက်ဘက်





သို့ စုန်ဆင်းလာကြသည်။ မှောင်စပျိုးစအချိန်၊ လေကလည်း တဖြူးဖြူးဖြင့် လှေခတ်ရသည်မှာ မောပန်းမှု သိပ်မရှိလှပေ။ ညဦးပိုင်းတွင် သူတို့တစ်တွေ ပင်လယ်ဝနှင့်နီးသော ခင်မွန် တန်းကမ်းစောက်ရှိရာသို့ ရောက်လာကြသည်။ ၎င်း ခင်မွန် တန်းအောက်ဘက်နားဘက်တွင် ငါးမန်းဝဲ ရှိသည်။ ပင်လယ်ဝ ဆိုင်ဝဲကြီးဖြစ်နေပြီး ငါးမန်းများပေါသောကြောင့် ရေပိုးရေ ပြားရှာသူများက ဘိုနေရာသို့ ရှောင်ကြသည်။

ခင်မွန်တန်းသို့ရောက်သောအခါ ကမ်းစပ်တွင် လှေ များဆိုက်ကပ်ပြီး ဦးဘိုးမျှင်၊ ကိုပန်းစိန်၊ နီမောင်တို့ ရေထဲ ဆင်းရန် ပြင်ကြသည်။

"မင်း ငါးခူနှိုက်ဖူးတယ် မဟုတ်လား ပန်းစိန်"

"တစ်ခါနှစ်ခါတော့ နှိုက်ဖူးတယ် အဘ"

"ငါးခူဖမ်းတဲ့အခါ တွင်းထဲမှာဆိုရင် ဈေးကိုင်လို့ရတယ်၊ ခေါင်းကိုပွတ်ကိုင်ပြီး ဘေးကဆူးတောင်နှစ်ဖက်ကို မြဲမြဲ ခွကိုင် နိုင်ရင် ပြီးတာပဲ၊ ကိုင်း. . ရေထဲဆင်းကြမယ်"

သုံးယောက်သား ရေထဲမဆင်းခင် တောပိုင်၊ ရေပိုင်များ ကို တင်မြှောက် ပ,သပြီးမှ ရေထဲဆင်းကြသည်။

လပြည့်ရက်ဖြစ်သောကြောင့် လရောင်သည် ရေပြင် ပေါ်သို့ ငွေရောင်ဆမ်းထားသည့်နှယ် ရှိ၏။ လေတဖြူးဖြူးနှင့် အေးသယောင်ရှိသော်လည်း ရေအောက်ရောက်သောအခါ

နွေးသွားသည်။ ပင်လယ်ရေ ကြည်လင်သည်က တစ်ကြောင်း လရောင်ရှိသည်က တစ်ကြောင်း ရေအောက်တွင် အတ အသင့် မြင်နိုင်ပေသည်။

သုံးယောက်စလုံး ရေငုပ်ကျွမ်းကျင်ကြသူချည်းမို့ အနိ အတန်ကြာသည်အထိ ရေအောက်တွင် နေနိုင်ကြသည်။

သုံးယောက်သားအားကြိုးမာန်တက်ဖမ်းကြရာ ပင်လ ငါးခူ အကြီးအသေးများ အတော်ရကြသည်။

ထိုအခိုက်မှာပင် ရေအောက်တွင် မသက်မသာဖွယ်ရာ အ တစ်မျိုးရပြီး ငါးမန်းဝဲဘက်မှ ထူးထူးခြားခြား လှုပ်ရှားသံများ ကြားလိုက်ရသဖြင့် ဦးဘိုးမျှင်က ကျန်နှစ်ယောက်ကို ရေပေါ် ပြန်တက်ကြရန် အချက်ပြပြီး သုံးယောက်သား ရေပေါ် ပြ တက်ကြသည်။

သူတို့သုံးယောက် လှေပေါ် အသီးသီးရောက်ကြ မကြာမီ ငါးမန်းဝဲဘက်မှ မည်းမည်းသဏ္ဌာန်များ ရေဆန်တ လာသည်ကို လှမ်းမြင်ရသည်။ မကြာမီ သူတို့ရှိရာကိုကျော် အထက်သို့ ဆန်တက်သွားကြသည်။

"ဒါ ငါးမန်းတွေပဲ၊ စောစောက ရေထဲမှာ ရလိုက်တာ သွေးညှီနံ့ပဲ၊ မင်းတို့နှစ်ယောက် ဒဏ်ရာများ ရကြသလား"

"မရဘူး အဘ"

ကိုပန်းစိန်နှင့် နီမောင်တို့က အသီးသီး ခေါင်းခါပြ





သည်။

"စောစောက ရေထဲမှာ စူးစူးဝါးဝါး ပေါ်လာတော့ သွေးညှီနံ့ပဲ၊ ဘယ်က လာသလဲ၊ ရေထဲမှာ သတ္တဝါအချင်းချင်းကိုက်လို့ထွက်လာတဲ့ သွေးနံ့ဖြစ်မယ် ထင်တယ်"

ထိုညက သွေးညှီနံ့ကြောင့် ရေပြင်ပေါ်တွင် ငါးမန်းများ ရှုပ်ထွေးနေသဖြင့် နောက်ထပ် ရေထဲမဆင်းတော့ဘဲ ရေတက်သောအခါ ရသမျှငါးဖြင့် ရွာသို့ ပြန်လာခဲ့ကြသည်။

× × × × ×

[ ၄ ]

ငါးများကို ကပ္ပါးပေါ်တင်ရင်း သိန်းဇော်က နှင်းမေကို တစ်ချက်လှမ်းကြည့်လိုက်သည်။ တောသူဆိုပေမယ့် ကိုယ်လုံးကိုယ်ပေါက်နှင့်ရုပ်ရည်က အပြစ်တော့ ပြောစရာမရှိပေ။ သို့ကြောင့်လည်း အခွင့်ရတိုင်း သိန်းဇော်က မထိတထိ စ,သည်။

"နှင်းမေ"

တစ်ချက် မော့ကြည့်သည်။

"မိန်းမသားတန်မယ့် ဒီလိုအလုပ်ကြမ်းတွေ လုပ်ရတာ မပင်ပန်းဘူးလား"

"ကိုယ့်ဘဝအတွက် ကိုယ်လုပ်ရတာပဲ၊ ပင်ပန်းလို့ 
အတိုင်းနေလို့မှ မရတာ"

"နင်နေချင်ရင် ကူညီပေးမယ့်သူ ရှိပါတယ်ဟာ"

"သူတစ်ပါးအကူအညီနဲ့ အသက်ရှင်တာနဲ့စာရင် ကို
အား ကိုယ်ကိုးပြီး ဘဝရပ်တည်တာက ပိုကောင်းတာ
ကျွန်မတစ်သက်မှာ သူတစ်ပါးအကူအညီကို အားကိုးပြီးတော
ဘယ်တော့မှ မနေဘူး"

"စိတ်က မာလှချည့်လား"

"တောသူမိန်းကလေးဆိုပြီးတော့ အပေါ်စီးက ဆက်
ချင်သူတွေအတွက် ဒီလောက်တော့ မာထားနိုင်မှ တော်တာ
ကျမယ်၊ ကဲ . . ကျွန်မ ငါးဖိုးတွေရှင်းပြီးရင် သွားတော့မယ်"

နှင်းမေက ငါးဖိုးငွေများကိုယူပြီး သိန်းဇော်ကို တစ်ချ
ကလေးမှ လှန်မကြည့်တော့ဘဲ လှေထဲဆင်းကာ ခတ်ထွက်လာ
သည်။

လမ်းရောက်တော့ အနှောင့်အယှက်တစ်ခုက ဆီးကြ
နေပြန်၏။ ထွန်းခက နှင်းမေလှေကို နောက်မှမှီအောင် ခ
လိုက်လာသည်။

"နင် ငါးပို့ပြန်လာတာလား နှင်းမေ"

"အေး"

"ညက ငါးတော်တော်ရလား"





"သိပ်မရပါဘူးဟာ"

"ညတုန်းက ဦးဘိုးမျှင်တို့နဲ့အတူသွားတာ မဟုတ်လား၊
ဦးဘိုးမျှင်နဲ့ အတူသွားတာတောင် ငါးမရဘူးဆိုတော့ ကေ
ဦးဘိုးမျှင်က ငါးချက်မပြဘဲ တစ်ကွက်ချိုလိုက်ဖြို့နဲ့ တူတယ်"

နှင်းမေက ဒေါသဖြင့် တစ်ချက်လှည့်ကြည့်လိုက်သည်။

"ဘာဖြစ်လို့ တစ်ဖက်သားကို အဲဒီလို ထင်ချင်ရတာလဲ
ထွန်းခ"

"ဦးဘိုးမျှင်ဆင်းရင် ငါးမရတာ ဘယ်နှစ်ခါရှိလို့လဲ၊ နင်
တို့ပါမှ ငါးမရဘူးဆိုတာ သူ့နေရာချက်တွေ တမင်မပြဘဲ
သားလို့ ဖြစ်မှာပေါ့ဟာ"

"နင်က ကိုယ့်စိတ်နဲ့နှိုင်းပြီး ပြောနေတာကိုး ထွန်းခရဲ့၊
လောကမှာ ကိုယ့်စိတ်နဲ့နှိုင်းမရိုင်းဆိုတဲ့ စကားပုံရှိတယ်
မဟုတ်လား၊ သူများစိတ်ကို သိချင်ရင် ကိုယ့်စိတ်နဲ့ အရင်နှိုင်း
ကြည့်ရသတဲ့၊ အဲဒါကို နင် ကြားဖူးလား"

ထွန်းခ အောင့်သက်သက်ဖြစ်သွားသည်။

"ငါက စေတနာနဲ့ပြောတာပါ၊ နင် မယုံလဲနေပေါ့"

နှင်းမေ ဘာမှပြန်မပြောဘဲ ခတ်တက်ကို ခပ်ပြင်းပြင်း
ခတ်လေရာ လှေမှာရှေ့သို့တက်သွားသည်။ ငါးဒိုင်မှာ ချောင်း
ဘက်တွင်ရှိသောကြောင့် ရွာနှင့် အတန်ငယ် လှမ်းသည်။

ချောင်းရိုးတစ်လျှောက် လယ်တဲ၊ ပိုက်တဲ၊ ဘဲတဲအချို့

သာ ရှိပြီး အချို့နေရာများတွင် လူဆက်ပြတ်သည်။

သို့သော် နှင်းမေလက်ထဲတွင် ငါးထိုးမှိန်းတစ်ချောင်းနှင့်ဓားတစ်လက်ပါလာသဖြင့် တော်ရုံ ယောကျ်ားတစ်ယောက်နှစ်ယောက်လောက်တော့ နှင်းမေ မမှုပေ။

ဒါကြောင့်လည်း ထွန်းခက သည်ထက်ပိုပြီး မထိရဲခြင်းဖြစ်သည်။

"နင်က ငါတို့ပြောတာလောက်ကို အထင်မှမကြီးတာကိုး၊ နီမောင်တို့ပြောတာလောက်မှ အဟုတ်မှတ်နေတာ တစ်နေ့ကျရင် ဘယ်သူက စေတနာပိုတယ်ဆိုတာ နင် သိမှာပါ"

နှင်းမေ မဲ့ပြုံးတစ်ချက် ပြုံးလိုက်သည်။

ရွာနားနီးလာသောအခါ ထွန်းခလှေက နောက်မှာ ချန်နေခဲ့သည်။ အိမ်ပြန်ရောက်တော့ ဦးဘိုးမျှင်နှင့် နီမောင်တို့ရောက်နေသည်ကို တွေ့ရသည်။

နှင်းမေက ခေါင်းပေါင်းထားသော ပုဆိုးစဖြင့် ချွေးသုတ်ရင်း စကားဝိုင်းနား ဝင်ထိုင်လိုက်သည်။

"ငါ ရေလုပ်ငန်း လုပ်လာတာ အတော်ကြာပြီ၊ ညတတိုက်ဆိုင်မှုမျိုးကတော့ အတော်ဖြစ်ခဲ့တယ်၊ ညက ရေငုပ်နေတုန်း အပေါ်ကစီးလာတာ သွေးညှီနံ့တွေပဲကွ၊ ဒီသွေးညှီနံ့တွေကြောင့် ငါးမန်းဝဲက ငါးမန်းတွေ အပေါ်တက်လိုက်လာ





ကြတာ၊ ငါးမန်းဆိုတာ ရေထဲမှာ သွေးညှီနံ့ရနေလို့ကတော့ အနံ့ခံအကောင်းဆုံး သတ္တဝါမျိုးပဲ"

"သွေးညှီနံ့က ဘယ်ကလာတာလဲ အဘ၊ တစ်နေရာကများ ရေသတ္တဝါချင်းကိုက်မိလို့ ထွက်လာတာများလား"

ကိုပန်းစိန်က မေးသည်။

"မဖြစ်နိုင်ဘူး၊ သတ္တဝါချင်းကိုက်မိလို့ ထွက်တဲ့သွေးက အဲဒီလောက်မများနိုင်ဘူး၊ ညကသွေးနံ့က အတော်များတယ်"

"ကျွန်တော် မနက်က ရွာထဲသွားတော့ သတင်းတစ်ခု ကြားခဲ့တယ် အဘ"

"ဘာသတင်းလဲ"

"ရွာနောက်က ဘိုးချစ်ရဲ့ နွားတစ်ကောင်ကို ပိုးထိလို့ သေသွားတာ တစ်နေ့က ဖျက်ကြတယ်တဲ့၊ အဲဒီက ထွက်တဲ့ သွေးတွေ၊ အသားစတွေကို ပလတ်စတစ်တွေနဲ့ခံပြီး ကိုတင်ဖေတို့သားအဖတွေ ယူသွားတယ်လို့ ပြောသံကြားတယ်"

"သူတို့ ဘာလုပ်ဖို့တဲ့လဲ"

"ငါးလိုက်ဖို့လို့ပြောပြီး ယူသွားတာတဲ့"

"ဒါ မရိုးသားဘူး၊ တို့အလုပ်ဆင်းရင် သတိထားမှ ဖြစ်မယ်၊ ဒီကောင်တွေ မစားရတဲ့အမဲ သဲနဲ့ပက်ရင် ပက်နိုင်တယ်၊ ဒီကနေ့ညတော့ တို့ တစ်မျိုးလုပ်ကြည့်ရမယ်ဟေ့"

"အဘ ကောင်းသလိုသာလုပ်ပါ၊ ကျွန်တော်တို့ကတော့

အဘပါရင် ဘာမှမကြောက်ပါဘူး"

ထိုနေ့က နှင်းမချက်သော ပင်လယ်ငါးခူချဉ်ရေဟင်းဖြင့် ဝိုင်းဖွဲ့စားသောက်လိုက်ကြသည်။

× × × × ×

[ ၅ ]

ထိုညက လပြည့်ကျော်တစ်ရက်နေ့ဖြစ်သောကြောင့် လထွက်နောက်ကျသည်။ လထွက်ရေတက်ဆိုတော့ ပတ်ဝန်းကျင်တစ်ဝိုက် အမှောင်ရိပ်များသန်းနေသည်။ ကြယ်ရောင်များကြောင့် အနီးဝန်းကျင်ကိုသာ မှုန်ဝါးဝါးမြင်နိုင်သည်။

မနေ့က ပင်လယ်ငါးခူ ငုပ်ကြသော ခင်မွန်တန်းချောက်ကမ်းပါးတွင် လှေနှစ်စင်း ဆိုက်ကပ်ထားသည်။

ငါးခူငုပ်နေကြဟန် တူသည်။

ငါးမန်းဝဲဘက်မှာတော့ ထူးထူးခြားခြား ငါးမြူးသံများပေါ်ထွက်နေသည်။

ထိုလှေနှစ်စင်းရှိရာ အထက်ချောက်ကမ်းပါးအစပ်တွင် အခြားလှေတစ်စင်း ရှိနေသည်။ လှေကို တစ်ယောက်က လှော်ထားပြီး ကျန်တစ်ယောက်က သံပုံးထဲမှ သွေးညှီရည်များ





ကို ရေပြင်ပေါ် ဖျန်းချနေသည်။ ထိုသွေးနံ့များသည် ရေစီးနှင့်အတူ ငါးမန်းဝဲဘက် စီးဆင်းသွားသည်။ ထိုသွေးနံ့များကြောင့် ါးမန်းဝဲမှ ငါးမန်းများ လူးပ်ရှားနေကြခြင်းဖြစ်သည်။ မကြာမီ အောက်ဘက်မှ ငါးငုပ်နေကြဟန်ရှိသော လှေများဆီမှ 'ကယ် ါ ယူပါ' ဟူသော စူးစူးဝါးဝါး အော်သံများ ကြားရလေသည်။

"ဟင်း. . ဟိုလူတွေတော့ ငါးမန်းတွေနဲ့ တွေ့နေပြီကွ၊ ဟု ထွန်းခ၊ လှေကို ရေလယ်ဘက် နည်းနည်းထွက်လိုက်စမ်း၊ ရေစီးအားကောင်းတဲ့ဘက်က များများသွန်ချရမယ်၊ ဒါမှ ငါး န်းတွေ အများကြီးတက်လာမှာ"

"စိတ်ကောင်းမရှိတဲ့လူတွေ သေကုန်မှ အေးမှာကွ၊ ား. . ဟား. . "

ကိုတင်ဇေနှင့် ထွန်းခတို့ တွက်ကိန်းမဆိုးလှပါ။

သွေးနံ့များကြောင့် ဝဲဘက်မှ ဆန်တက်လာသော ငါး န်းများသည် ဝဲအောက်ဘက်မှ ငါးငုပ်နေသူများကို ကိုက် သတ်ခဲ့ဟန်ရှိပြီး အထက်သို့ဆန်ထက်လာရာ သွေးများ သွန်  နေသော သူတို့လှေနှင့် နီးသည်ထက်နီးလာပြီး မကြာမီ ေ ့ရသော သူတို့လှေကို ဝိုင်းမိသွားတော့သည်။

"အမေ. . အမေ. . ငါးမန်းတွေ ကျုပ်တို့လှေကို ဝိုင်းမိ သွားပြီဗျ၊ ဘယ့်နှယ်လုပ်မလဲ"

"ကမ်းစပ်ကို ပြန်လှော်လေကွာ"

သုခုမစာပေတိုက်

"မရတော့ဘူးဗျ"

ငါးမန်းများက လှုပ်သမျှ ပြေးကိုက်ရာ လှော်တက်လှုပ် လှော်တက်ကိုက်၊ လက်လှုပ် လက်ကိုက်နှင့် နောက်ဆုံး သွေးနံ့ရနေသော သူတို့လှေကို တရကြမ်းဝိုင်းကိုက်ကြရာ လှေပေါက်ပြီး ရေတွေဝင်လာသည်။

"ကယ်ကြပါဦးဗျို့. . ကယ်ကြပါဦး"

သားအဖနှစ်ယောက် တအား ကျုံးအော်ကြလေတော့သည်။ လှေပေါ်မှ မလှုပ်ဝံ့ရသည့်အထဲ ဝမ်းဗိုက်ပေါက်ဖြီး ရေများဝင်လာရာ မကြာမီ လှေနစ်တော့မည်။

လှေနစ်သွားလျှင်တော့ သွေးဆာနေသော ငါးမန်းအုပ်ထဲမှာ ဘယ်လိုမှ အသက်ရှင်နိုင်စရာ လမ်းမရှိတော့။

လှေက တဖြည်းဖြည်း နစ်လာရာ အချို့ငါးမန်းများက လှေပေါ် ခုန်တက်ရန်ပင် ကြိုးစားလာကြသည်။

ထိုအချိန်တွင် ကမ်းစပ်မှ လှေနှစ်စင်း အရှိန်ဖြင့် ခတ်ကက်လာပြီး မကြာမီ ထွန်းခတို့ လှေနံဘေးသို့ ရောက်လာကြသည်။

"ဟေ့လူတွေ. . အမြန်တက်ကြ"

သည်တော့မှ သားအဖနှစ်ယောက် လှေတစ်စင်းစီပေါ် ခုန်တက်လိုက်ပြီးနောက် သူတို့လှေကလေးမှာ ငါးမန်းအုပ်တွင်း နစ်မြုပ်သွားတော့သည်။





လှေနှစ်စင်းက ငါးမန်းများနှင့် လွတ်ရာသို့ ထွက်လာကြသည်။ သည်တော့မှ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြသည်။

"ဟင်. . အဘမျှင်၊ ကိုပန်းစိန်၊ နီမောင်၊ ခင်ဗျားတို့အာ. . ဘာမှမဖြစ်ကြဘူးလားဟင်"

ကိုတင်ဖေက အထိတ်တလန့် မေးလိုက်သည်။

ထိုအခါ ဦးဘိုးမျှင်က. .

"မင်းတို့ရဲ့အကြံကို ရိပ်မိလို့ တို့တစ်တွေ တစ်ယောက်မှ ရေထဲမဆင်းကြပါဘူး၊ ရေထဲဆင်းမိရင်လဲ အခုလောက်ဆိုရင် အရိုးအသားတောင် ရှာမရလောက်ပါဘူး"

"ကျွန်တော်တို့ မှားပါတယ်အဘရယ်၊ ကျွန်တော်တို့ကိုခွင့်လွှတ်ပါ၊ ကျွန်တော်တို့မှာ အဘတို့ကယ်ပေးတဲ့ အသက်ပဲရှိပါတော့တယ်၊ ဒါထက် စောစောက အော်သံတွေကြားတာက. ."

"တင်ဖေ. . တင်ဖေ. . ရေလုပ်ငန်း လုပ်တာလဲ ကြာပြီ၊ ရေထဲမှာ သွေးနံ့ရလို့ကတော့ ငါးမန်းဆိုတဲ့ သတ္တဝါမျိုးက ဘယ်သူ့ကိုမှ အလွတ်မပေးဘူးဆိုတာ မင်းမသိတာ အံ့ပါရဲ့ကွာ"

"ကျွန်တော်. . ကျွန်တော်. ."

"နေစမ်းပါဦး၊ ငါ မေးပါရစေ၊ မင်းတို့ အခုလိုလုပ်တော့

ဘာအကျိုးရှိသလဲ၊ တို့ဖျက်စီးသွားတော့ကော မင်းတို့မှာ ဘာတွေ အကျိုးပို့ရလာသလဲ တင်ဖေ"

"ကျွန်တော် တော်တော်မှားသွားပါတယ် အဘရယ်"

"ရေထဲကငါးဆိုတာ တစ်ယောက်ထဲဖမ်းယူလို့ ကုန်တာမျိုးမှ မဟုတ်တာ၊ သူတစ်ပါးဖျက်စီးအောင် ကြံတာနဲ့စာရင် ကိုယ့်ဘာသာ ကျွမ်းကျင်အောင်လုပ်မှ ငါးရမှာပေါ့ကွ"

"ဟုတ်ပါတယ် အဘရယ်၊ မဟုတ်တာ လုပ်မိလို့ အခုကျွန်တော်တို့မှာ ငါးမန်းကိုက်ခံရရုံမဟုတ်ဘူး၊ လုပ်စားစရာလှေတောင် မရှိတော့ပါဘူး၊ ကျွန်တော့်တစ်သက်တာ နောင်ကို ဒီလို တစ်သက်လုံး မလုပ်တော့ပါဘူးလို့ အဘကို ကတိပေးပါတယ်"

"အေးကွာ. . အခုလို နောင်တရရင် ပြီးတာပဲ၊ ကိုင်း. . လ,ထွက်လာပြီ၊ ရေလဲ တက်လာပြီ၊ ရွာပြန်ရအောင်၊ ငါတို့ဒီလှေနဲ့ပဲ လိုက်တော့မယ်၊ နီမောင် မင်းက နှင်းမေကို တင်ခေါ်လာခဲ့"

"ဟုတ်ကဲ့ အဘ"

ရှေ့ကလှေပေါ်တွင် ဦးဘိုးမျှင်၊ ကိုပန်းစိန်နှင့် ကိုတင်ဖေတို့သားအဖ လိုက်သွားကြပြီး နောက်လှေတွင် နီမောင်ကခတ်ကာ နှင်းမေက ထိုင်လိုက်လာသည်။

လ,မြင့်လာသည်နှင့် မြစ်ရေစီးအား ကောင်းလာသည်။





လ,က အေးအေး၊ လေကလေးက တဖြူးဖြူးနှင့် လှေ ရတာ အားရှိလှသည်။ နီမောင်ကတော့ ယနေ့ခတ်ရတာ အားရှိနေသယောင်ယောင် ထင်မိသည်။

"ဒီနေ့တော့ ဟိုလူယုတ်မာတွေကြောင့် ငါးဟင်းစား င်မရဘဲ ပြန်ရတယ်"

နှင်းမေက မကျေမနပ် ပြောလိုက်သည်။

"ငါတော့ သဘောကျတယ်"

"ဘာဖြစ်လို့လဲ"

"ဟင်းစားမရလဲ ရေချိုးပြန်ရတယ်လို့ပဲ အောက်မေ့ ယ်"

"နင့်စကားအဓိပ္ပါယ်က ဘာလဲ"

"ဟင်းစားမရပေမယ့် လူရခဲ့တယ်လေ"

"ဘယ်မှာလဲ"

"ငါ့လှေပေါ်မှာလေ"

သည်တော့မှ နှင်းမေ သဘောပေါက်ပြီး လှေကို လူးပစ် ရာ အမှတ်တမဲ့မို့ နီမောင် ရေထဲကျသွားသည်။

"ဝုန်း"

"ဟော့. . နောက်ကလှေ ဘာဖြစ်တာလဲ"

"ခတ်ကွင်းပြုတ်ပြီး နီမောင် ရေထဲပြုတ်ကျတာ အဖေ

နှင်းမေက လှမ်းအော်လိုက်တော့မှ ရှေ့ကလှေက ဆ
ခတ်သွားသည်။ နီမောင် လှေပေါ်ပြန်တက်လာတော့ နှင်းမေ
က အပေါ်က ဆွဲတင်သည်။

"အဲဒါ ပေါက်ကရပြောချင်ဦး"

မျက်စောင်းကလေးခဲပြီး ပြောသည်။

"နင်က လုပ်လိုက်ရင် အရမ်းချည်းပဲ၊ ဒီမှာ တစ်လမ်း
ရေစိုကြီးနဲ့ ခိုက်ခိုက်တုန်အောင် ချမ်းတော့မှာပဲ"

"လဲစရာ မပါဘူးလား"

"မပါဘူး"

"ဒီလိုဆိုရင် ငါ့ခေါင်းပေါင်းပုဆိုး ယူလဲလိုက်၊ ရော့"

"မလဲတော့ဘူး"

"ဘာဖြစ်လို့လဲ"

"နင့်ဒတာင် မညှာလို့ လုပ်သေးတာ၊ အအေးပတ်
လဲ ပတ်ပစေပေါ့"

"နီမောင် နင် ယောက်ျားတန်မဲ့ စိတ်ကောက်မနေ
ငါက တမင်လုပ်တာ မဟုတ်ပါဘူး"

"လဲစေချင်ရင် ငါမေးတာကို အရင်ဖြေမှ"

"ဘာမေးမှာလဲ"

"စောစောက ငါပြောတာ နင်စိတ်မဆိုးဘူးမဟုတ်လား"

နှင်းမေက မျက်နှာလွှဲသွားပြီး "စိတ်ဆိုးရင် ရေထဲ





ဘာင် ပြန်ဆယ်မတင်ဘူး သိလား" ဟု အပြုံးဖြင့် ပြောသည်။

"အဲဒါဆိုရင် ရွာရောက်ရင် အဘတို့ကို ဖွင့်ပြောလိုက်
ဘာ့မယ်"

"ဘာပြောမှာလဲ"

"နင့်ကို လက်ထပ်ဖို့လေ"

"ပြောပြန်ပလား ပေါက်ကရစကားတွေ၊ ဒီတစ်ခါ ရေထဲ
ကျရင်တော့ ပြန်မဆယ်တော့ဘူးနော်၊ ဒါပဲ"

"ဒီတစ်ခါတော့ ကျလဲ ကျပေစေတော့ဟေ့"

နီမောင်က ဝမ်းသာရွှင်မြူးစွာဖြင့် လှေကို တအားကျုံး
တ်နေရာ သူ့ကိုကြည့်ပြီး လှေဝမ်းထဲမှ နှင်းမေမှာ မပြုံးဘဲ
နေနိုင်အောင် ရှိနေတော့သည်။

တကယ်တော့ အချစ်စိတ်သည် အရာရာအတွက် ခွန်
အားဖြစ်စေခြင်းဆိုသည်မှာ နီမောင်လှေမှ ဖြာထွက်လာသော
ရေပန်းများကို ကြည့်ရုံဖြင့် သိနိုင်လေတော့သည်။

လပြည့်ဝန်းမဂ္ဂဇင်း
ဧပြီလ၊ ၂၀၀၂




# ရှေးဟောင်းအမွေနှင့် ဝနေ့စောင့်ရုန့်စွယ်

## တောနက်အတွင်းမှ ထူးဆန်းသော အလင်းရောင်တန်းများ

[ ၁ ]

လပြည့်ဒနေ့ည။

အရှေ့ဘက် တောပေါ်မှ ကျော်တက်လာသော လ, ရောင်သည် သစ်ညွှန့်သစ်ခက်များကြားမှ ထော်ပိုင်ရွာကလေး ပေါ်သို့ ဖြာဆင်းကျနေသည်မှာ ကြည်နူးသာယာဖွယ် ကောင်း သတော့သည်။

ဆယ့်နှစ်လရာသီမှ လပြည့်ညများထဲတွင် အရှန်းဆုံး အတောက်ပဆုံးဖြစ်သော တန်ဆောင်မုန်း လပြည့်နေ့ည၏ သရောင်နှင့် ထိတွေ့သူအားလုံး ရွှင်လန်းတက်ကြွမှု ဖြစ်စေ တော့သည်။

ဆေးပေါင်းခသော အခါသမယပေမို့လည်း သစ်ဝင်
ပန်းပင်၊ ပန်းပွင့်တို့၏ ရနံ့များက သင်းတပျံ့ပျံ့ရှိနေလေ၏
ဆောင်းဝင်စ ရာသီပေမို့ လေပြည်လေညင်းကလေး ဖြူးလိုက်
တိုင်း အရိုးခိုက်အောင် စိမ့်လာ၏။ လေပြေလေညင်းသံနှင့်
အတူ တောနက်ထဲ၌ တည်ထားသော 'ကျိုက်ဒေးရှင် စေတီ
တော်' ဆီမှ ဆည်းလည်းသံကလေးများလည်း ကြည်နူးဖွယ်ရာ
စီးမျောပါလာကြ၏။ သဲ့သဲ့ကလေးမျှသာ ကြားရစေကာမူ
တိတ်ဆိတ်သော ညဦးအခါပေမို့ အလွန်ကြည်နူးသာယာစရာ
ကြားကြရသည်။

ထော်ပိုင်ရွာတစ်ရွာလုံး သစ်ခုတ်၊ တောလိုက်၊ သားငါး
ရှာသောအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုကြပေရာ တ
နေ့လုံး ပင်ပင်ပန်းပန်းနှင့် လုပ်ငန်းခွင်ဝင်ခဲ့ကြပြီ။

ယခုလို အေးချမ်းသာယာသော ညအခါများတွင် စိတ်
လက်ပေါ့ပါးစွာဖြင့် ရွာလမ်း၊ မြေကွက်များပေါ်တွင် အသီးသီး
ရောက်လာကြပြီး ဝိုင်းဖွဲ့စကားလက်ဆုံပြောမကုန်အောင်
နေကြတော့သည်။ ၎င်းတို့ပြောဆိုကြသော စကားများထဲတွင်
ထော်ပိုင်တောနက်တွင်းမှ ကျိုက်ဒေးရှင်ဘုရားအား စော
ရှောက်ပေးနေသော လူဝံကဲ့သို့ သတ္တဝါကြီး၏ အကြောင်းပေ
ဖြစ်တော့သည်။

"တစ်နေ့ကကွာ. . တို့သားအဖနှစ်ယောက် ကျိုက်ဒေး





င်ဘုရားနားမှာ သစ်ခုတ်သွားကြတာ သစ်ခုတ်နေတုန်းက
တော့ ဘာအနှောင့်အယှက်မှ မတွေ့ရပါဘူး၊ ခဏနားနေတုန်း
ဘုရားနားက ကြေးပန်းအိုးဟောင်းတစ်လုံးကိုလဲ ယူမယ် ကြံ
ရာ တောထဲက အမွေးဖွားဖွားနဲ့ သတ္တဝါကြီးတစ်ကောင်
ထွက်လာလို့ ပြေးလိုက်ရတာ ခုတ်ပြီးသား သစ်လုံးတွေတောင်
ဘယ်မှာယူနိုင်တော့မှာတုန်း"

ကိုအောင်မောင်းက စကားစ,လိုက်တော့ ကြားရသူများ
က စိတ်ဝင်စားကြလေ၏။

"ဟုတ်ပါ့ဗျာ၊ အဲဒီသတ္တဝါကြီးက ဘုရားပစ္စည်းကို ယူ
သို့ကတော့ ဘယ်ကနေ ဘယ်လို ရောက်လာသလဲ မသိပါဘူး၊
ဘွားခနဲ ရောက်လာတော့တာပါပဲ"

ဦးသောင်းဖေကပါ ဝင်ရောက် ထောက်ခံလေ၏။

"ကျိုက်ဒေးရှင်ဘုရား ဆိုတာ ရှေးဟောင်းသမိုင်းဝင်
ဘုရားတစ်ဆူဆိုတော့ တန်ခိုးကြီးတာ အမှန်တဲ့၊ အဲဒီ သမိုင်း
ကြောင်းတွေကိုတော့ တို့ရွာက ဘကြီးစ သိတယ်၊ တစ်ခါ
လောက်တော့ မေးကြည့်ရဦးမယ်"

ထိုသို့စကားကောင်းနေကြစဉ် သာတောင့်သာယာ ရှိ
နေသော လရောင်မှာ တဖြည်းဖြည်း မှေးမှိန်လာပြီး အမှောင်
ထုက ရုတ်တရက် ကြီးစိုးလာ၏။

"ဟ-ဘယ်လိုဖြစ်တာပါလိမ့်၊ ဟာ. . လငပုပ်ဖမ်းတော့

မယ်၊ လကြီးကို တဖြည်းဖြည်း မျိုသွားလိုက်တာ၊ ဘဲဥကို
မျိုတဲ့အတိုင်းပဲကွ၊ ငပုပ်လွတ်ချိန်ကို စောင့်ပြီး ဆေးစိရင်
သူတွေအတွက်ကတော့ အခွင့်ကောင်းပဲဟေ့"

ထိုသို့ တစ်ယောက်က အော်ပြောလိုက်သောအခါ
သူရွာသားများ ကောင်းကင်သို့ မော့ကြည့်လိုက်ကြသ
ထိုအခိုက်မှာပင် ကောင်းကင်ထက်၌ ထူးဆန်းသော အ
အရာတစ်ခုကို သူတို့မြင်ကြရလေသည်။

ထိုအခြင်းအရာကား တခြားမဟုတ်ပေ။ အမှောင်
လွှမ်းနေခိုက် တောနက်တွင်းရှိ ကျိုက်ဒေးရှင်ဘုရား ရှိရာ
မှ ထူးဆန်းသော အလင်းရောင်တန်းများ ဝင်းလက်တော
နေခြင်း ဖြစ်တော့သည်။

အမှောင်ရိပ်သန်းနေသော တော၏ ပတ်ဝန်းကျင်
ဝိုက် အလင်းရောင်တန်းများသည် အတန်ကြာအောင်
လက်တောက်ပနေ၏။

"ဒါ . . ဒါ . . ကျိုက်ဒေးရှင်ဘုရားက ရောင်ခြည်တော်
လွှတ်နေတာများလားဟ၊ တို့တစ်တွေ ကြုံကြိုက်လို့ ဖူးရ
ပဲဟေ့"

အသီးသီး ကျိုက်ဒေးရှင်ဘုရားရှိရာဘက်သို့ လက်
ချီ၍ မျှော်ကြည့်နေကြစဉ် ကောင်းကင်ယံမှ ဘုရားဆီ
သက်သွားသော အရိပ်သဏ္ဌာန်အချို့ကို ထပ်မံတွေ့လိုက်





ရပြန်၏။

"ဘာတွေလဲ မသိဘူး၊ ဝိဇ္ဇာတွေလား၊ ရဟန္တာတွေလား
တော့ မသိဘူး၊ ဘုရားဆီ ဆင်းသွားတာ တွေ့လိုက်ရတယ်၊
မနက်မိုးလင်းရင်တော့ တို့တစ်တွေစုပြီး ကျိုက်ဒေးရှင်ဘုရား
ဘက် သွားကြည့်ရင် ကောင်းမယ်ဟေ့"

တစ်ယောက်က အကြံပေးလိုက်သောအခါ ကျန် ရွာသူ
ရွာသားများကလည်း သဘောတူကြလေသည်။

ထိုအခိုက်မှာပင် လငပုပ်ဖမ်းရာမှ ပြန်လွတ်လာသော
တန်ဆောင်မုန်းလပြည့်ည လဝန်းကြီးသည် တိမ်ကြားမှ လွတ်
လွတ်ကျွတ်ကျွတ် ပြန်ထွက်လာရာ ပတ်ဝန်းကျင်တစ်ခွင်လုံး
အလင်းရောင်များ လွှမ်းသွားလေတော့သည်။

× × × × ×

## ကျိုက်ဒေးရှင်မှ ကုသိုလ်ရှင်

ထော်ပိုင်အတွင်းပိုင်းနေရာများသည် ရှေးက မွန်လူမျိုး
တို့ စခန်းချ နေထိုင်သွားသော ရွာဟောင်းနေရာကြီးများ ရှိ
လေ၏။ ၁၇၅၇ ခုနှစ်တွင် မြန်မာဘုရင် ဦးအောင်ဇေယျ
ဟံသာဝတီကို သိမ်းပိုက်မိသောအခါ ဟံသာဝတီပြည့်ရှင်
ဗညားဒလ၏ လက်အောက်ခံ မြို့စား၊ ရွာစားများတို့သည်
စစ်ဘေးလွတ်ရာနေရာများသို့ တိမ်းရှောင်ခဲ့ကြလေ၏။ ထို

အထဲတွင် ကျုံးတုံးမြို့စားကြီး ဗညားဇေယျလည်း အပါအဝင် ဖြစ်ပေရာ ၄င်းတို့သည် ထော်ဆီ၊ ထော်ပိုင်၊ မျောက်တစ်ရာ မိန်းမလှကျွန်းတစ်ဝိုက်တွင် ခိုအောင်းနေထိုင်ခဲ့ကြ၏။

၄င်းတို့နှင့်ပါလာသော ဓါတ်သားဘုရားများ၊ အဖိုးတန် ရတနာပစ္စည်းများကို ဌာပနာ၍ ဘုရားများ တည်ထား ကိုး ကွယ်ခဲ့ကြရာ ၄င်းတို့အထဲတွင် ကျိုက်ဒေးရှင်ဘုရားလည်း တစ်ဆူအပါအဝင် ဖြစ်လေ၏။ ဘုရားသည် ထော်ပိုင်တော နက်တွင်း၌ကည်ရှိပြီး လူသူအရောက်အပေါက် နည်းလှပေ၏။

ထိုအထဲတွင် သစ်ခုတ်ရင်း၊ တောလိုက်ရင်း ရောက်သွား ဖူးသူများလည်း ရှိကြပေ၏။

ဘုရားဖူးရုံသက်သက်ဟူက မည်သည့်အန္တရာယ်မှ မကြုံ ရသော်လည်း ဘုရားပစ္စည်း တစ်စုံတရာကို ယူဆောင်လာမိ ပါက အန္တရာယ်အမျိုးမျိုးဖြင့် ကြုံတွေ့ရတော့သည်။

ဘုရားမှာ ရှေးဟောင်းဘုရားဖြစ်သောကြောင့်လည်း ဘုရားပတ်ဝန်းကျင်၌ ရှေးဟောင်းပစ္စည်းမျိုးစုံတို့ကလည်း ရှိ နေချေ၏။ နောက်တစ်နေ့ နံနက်ရောက်သောအခါ ထော်ပိုင် မှ ရွာသူရွာသားများ စုပေါင်း၍ တောထဲမှ ကျိုက်ဒေးရှင်ဘုရား ဆီသို့ သွားကြသည်။ ထော်ပိုင်ရွာတွင် အနေကြာသော်လည်း ကျိုက်ဒေးရှင်ဘုရား မဖူးဘူးသူများ ရှိပေသောကြောင့် အချို့ လည်း လူအုပ်ကောင်းတုန်း ဘုရားဖူးလိုက်ကြလေ၏။





တောနက်တွင်းသို့ အတန်ငယ်သွားမိသောအခါ သဲ ကုန်းတန်းတစ်ခုသို့ ရောက်ခဲ့ကြပြီး ထိုနေရာတွင် လူတို့ စိုက် ပျိုးထားခဲ့သော သရက်ပင်၊ ပိန္နဲပင်၊ မရမ်းပင်၊ ခရေပင်ကြီး များ တွေ့ရပြီး အချို့နေရာများတွင် တောဝင်နေပြီဖြစ်သော ကွမ်းပင်နှင့် ငရုတ်ကောင်းပင် နွယ်ကြီးများကို တွေ့ကြရ သည်။

ကုန်းတန်းစောင်းတစ်နေရာတွင် ချောင်းလက်တက် တစ်ခုရှိပြီး ထိုချောင်းသည် ဘုရားရှိရာဘက်သို့ ဦးခိုက်၍ တက်သွားလေ၏။ ချောင်းအလယ်လောက်တွင် အလွန် ကြီး မားသော လောင်းလှေကြီးတစ်စင်း နစ်မြုပ်နေ၏။ ဝမ်းဗိုက် တစ်ခုလုံးမှာ သဲနုန်းမြေများဖြင့် ပြည့်နေပြီး လှေပဲ့ပိုင်းနှင့် ဦးပိုင်းက ပေါ်နေ၏။ လောင်းလှေ ဦးတုံးကြီးမှာ လူ လက် တစ်ဖက်စာခန့် ကြီးမားပြီး ဦးဝိုင်းပြားကြီးမှာ လူငါးယောက်ခန့် ထမင်းဝိုင်းထိုင်စားယောက်အောင် ကြီးမားကျယ်ပြန့်လှသည်။ နှစ်ပေါင်းများစွာ မြေထဲရေထဲ နစ်မြုပ်နေသော်လည်း ကျွန်း သား ဖြစ်သောကြောင့် ဒီပိုးစားခြင်း မရှိပေ။ လှေဦးတုံးရှိ ကနုတ်ပန်းများမှာ ရှေးခေတ် အနုလက်ရာများ ဖြစ်ပေတော့ သည်။

၄င်းတို့အထဲတွင် အသက်အကြီးဆုံးနှင့် အတွေ့အကြုံ အများဆုံးဖြစ်သော အဘစံက ဤသို့ ပြောပြလေ၏။

"ဒါ မြို့စားကြီး ဗညားဇေယျစီးလာခဲ့တဲ့ လောင်းလှေ
ကြီးပဲ၊ သူတို့တစ်တွေဟာ ဒီ ထော်ပိုင်ထဲမှာလဲ စခန်းချခဲ့
တယ်၊ ဟိုဘက်ကမ်းက မိန်းမလှကျွန်းပေါ်မှာလည်း တခါ
ခဲ့ပြီး စခန်းချနေထိုင်ခဲ့ကြတယ်၊ မြို့စားကြီး ဗညားဇေယျဟာ
မျှောက်တစ်ရာဘက်မှာ ဘုရားတစ်ဆူ တည်ထားခဲ့တယ်၊ ဒီ
ဘက်မှာတော့ နေသူရိန်တပ်မှူးတို့ စခန်းချခဲ့ကြပုံ ရတယ်
ဒါကြောင့် နေသူရိန်ကုန်းတန်းလို့ အမည်တွင်ခဲ့တာ၊ ဒီဘက်
မှာ နေသူရိန်တပ်မှူးတို့ စစ်ရေးလေ့ကျင့်ခဲ့တဲ့ မြင်းစိုင်းကုန်း
လဲ ရှိတယ်၊ ဒီကုန်းဟာ ဒီကနေ့အထိ မြက် လုံးဝ မပေါက်
ဘူး၊ ကိုင်း. . ဘုရားဆီ သွားကြရအောင်ဟေ့"

အဘစံက နိူးဆော်လိုက်သည်။

အချို့က တောဝင်နေသော ကွမ်းရွက်ကြီးများကို ခူးပြီး
ဝါးကြည့်ကြသည်။ ခါးသောအရသာနှင့် သားရေပြား ဝါးနေ
သည့်အတိုင်း ဖြစ်နေတော့သည်။ အလွန်ခါးသောကြောင့်
ပါးစပ်ထဲရောက်ပြီး ပြန်ထွေးထုတ်ပစ်ရသည်။

မြင်းစိုင်းကုန်းအတိုင်း အတွင်းဘက် အတန်ငယ်
လျှောက်လာသောအခါ ဦးစွာ သာယာသော ဆည်းလည်းသံ
များ ကြားရပြီး မကြာမီ ကျိုက်ဒေးရှင်စေတီတော်ရှိရာသို့
ရောက်လာကြတော့သည်။

စေတီတော်မှာ အောက်ခံပလ္လင်နှင့် မြေစိုက်စေတီတော်





စ်ဆူဖြစ်ပြီး ကိုးတောင်သို့ ညာဏ်တော်မြင့်၏။ နှစ်ပေါင်း
ားစွာ တောထဲတွင် စံမြန်းနေရသောကြောင့် ရေညှိများဖြင့်
စိမ်းရောင်သန်းနေတော့သည်။

အားလုံး ရင်ပြင်တော်ပေါ်တက်ပြီး ဘုရားဖူးကြသော
ခါ မွှေးပျံ့သောရနံ့တစ်မျိုးကိုရှူရှိုက်ကြရလေ၏။ ထို့နောက်
ရားကိုပတ်၍ ဖူးကြသောအခါ အရှေ့ဘက်မုခ်ဦးတွင် သစ်
းဆွမ်းများ၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာများဖြင့် ပူဇော်
ားသည်ကို အံ့ဩစွာ မြင်တွေ့ကြရသည်။

အားလုံး ဇဝေဇဝါဖြင့် 'သူ ကပ်သည်၊ ငါ ကပ်သည်'
အချင်းချင်း မေးမြန်းကြည့်သောအခါ ၎င်းတို့လူအုပ်ထဲမှ
ည့်သူ တစ်ဦးတစ်ယောက်မှ ကပ်လှူခြင်းမရှိဘဲ၊ မိမိတို့
ရောက်ခင်ကတည်းက အခြားတစ်စုံတစ်ယောက် ကပ်လှူ
ားခြင်းဖြစ်ကြောင်း သိရသောအခါ တောနက်တွင်းမှ အလှူ
မည်သူဖြစ်မည်ကို ကြောက်စိတ်များလည်း ဖြစ်မိကြသည်။
ရားဖူးပြီးသောအခါ အုပ်စုလိုက်ခွဲ၍ အနီးဝန်းကျင်သို့
က်ကြည့်ကြသည်။

ထိုအထဲတွင် အကြံသမားဖြစ်သော အောင်မောင်းတို့
ားအဖနှစ်ယောက် တစ်စုခွဲ၍ လှေကြီးဘက်သို့ ပြန်ဆင်း
ပြီး လှေဝမ်းတစ်ဝိုက်ရှိ သဲနုန်းမြေများကို တူးဆွကြည့်ကြ
ည်။ ထိုသို့ တူးဆွကြည့်သောအခါ သဲနုန်းမြေထဲမှ မြေအိုး

မြေခွက် အကွဲအပဲ့များ၊ ကြေးဖြင့် ပြုလုပ်ထားသော ပစ္စည်းများ၊ အခြားရှေးဟောင်းပစ္စည်းများကို တွေ့ရသောအခါ ကြေးဖြင့် ပြုလုပ်ထားသော ခရားနှစ်လုံးကို ကျန်သူများမသိအောင် အသာဝှက်၍ ယူဆောင်ခဲ့ကြသည်။

အားလုံးပြန်သောအခါ သူတို့နှစ်ယောက်လည်း ဟန်မပျက် ပြန်လိုက်ခဲ့ကြတော့သည်။

၎င်းတို့ပစ္စည်းများ ယူလာသည်ကို တောတွင်း တစ်နေရာမှ စောင့်ကြည့်နေသူတစ်ဦး ရှိနေသည်ကိုတော့ အောင်မောင်းတို့သားအဖ မသိရှာကြပေ။

× × × × ×

## ညဥ့်လယ်ယံမှ အန္တရာယ်ဆိုး

ညဥ့်အမှောင်ထုအောက်ဝယ် ထော်ပိုင်ရွာကလေးသည် တိတ်ဆိတ်ငြိမ်သက်နေ၏။ တစ်ခါတရံ ရွာထိပ်ဘက်မှ ဆွဲဆွဲငင်ငင် အူလိုက်သော ခွေးဟောင်သံက တိတ်ဆိတ်ခြင်းကို ထွင်းဖောက် ထွက်ပေါ်လာ၏။ တစ်နေ့လုံး ပင်ပင်ပန်းပန်း လုပ်ကိုင်ခဲ့ရသော အလုပ်သမားများဖြစ်သောကြောင့် ညဘက် အိပ်စက်အနားယူချိန်တွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေကြပြီ ဖြစ်၏။

တစ်ရွာလုံး အိပ်မောကျနေချိန်တွင် မအိပ်နိုင်သူနှစ်ဦး





ကတော့ အောင်မောင်းတို့သားအဖ ဖြစ်တော့သည်။

၎င်းတို့သားအဖနှစ်ဦးမှာ တစ်နေ့က ကျိုက်ဒေးရှင်ဘုရားပရဝုဏ်အတွင်းမှ တူးယူလာသော ကြေးအိုးနှစ်လုံးကို မီးရောင်ဖြင့် ကြည့်နေကြသည်။ ကြေးအိုးနှစ်လုံးမှာ ဖွဲပြာဖြင့် ပွတ်တိုက်ထားသောကြောင့် ဝင်းလက်နေ၏။ မီးရောင်ဖြင့် ကြည့်သောအခါ ရွှေရောင်ကဲ့သို့ တဝင်းဝင်း တလက်လက် တောက်နေ၏။

"ငါ့အတင်တော့ ဒါ ကြေးအိုးမဖြစ်နိုင်ဘူး၊ ရွှေအိုးတွေများ ဖြစ်နေမလား စိန်မောင်၊ တကယ်လို့ ရွှေတုံးဖြစ်နေရင်တော့ တို့သားအဖ ချမ်းသာပြီကွ"

အောင်မောင်းက ကြေးအိုးနှစ်လုံးကို လောဘမျက်လုံးဖြင့် စေ့စေ့ကြည့်ရင်း ပြောလိုက်သည်။

"အဖေကလဲ ချမ်းသာမှာက နောက်၊ ဒီအိုးတွေ ရောက်လာမှ ကျုပ်တို့ ကောင်းကောင်းမအိပ်ရဘူး၊ ညညကျရင် ဘယ်ကလာတဲ့ ခြေသံတွေမှန်း မသိဘူး၊ ညတိုင်း ကြားနေရတော့တာပဲ"

"မင်း စိတ်ခြောက်ချားနေလို့ပါကွာ၊ တောစပ်မှာ နေတာပဲ၊ တောထဲက တိရစ္ဆာန်တွေလျှောက်တဲ့ ခြေသံကြားရမှာပေါ့၊ စိတ်စွဲမနေစမ်းပါနဲ့"

"ဟာ. . စိတ်စွဲလို့ ပြောတာမဟုတ်ဘူး အဖေ၊ ခြေသံ

မှ အတော်ကြီးကြီးကို ကြားရတာ၊ အဖေ မကြားဘူးလား"

"ငါတော့ မကြားမိပါဘူး"

"ကျုပ်အထင်တော့ ကျိုက်ဒေးရှင်ဘုရားစောင့်တဲ့ လူဝံကြီးများ လိုက်လာရော့သလား မသိဘူး"

"မဟုတ်နိုင်ပါဘူး စိန်မောင်ရယ်၊ ဒါတွေ စိတ်စွဲမနေပါနဲ့၊ မင်း စွဲရမှာက တို့ရှာရလာတဲ့ အိုးနှစ်လုံးကို ရွှေအိုးဖြစ်အောင်သာ ဆုတောင်း၊ ဒါဆိုရင် တို့ ဒီဆင်းရဲတွင်းက လွတ်ပြီ၊ ကဲ. . ညဥ့်နက်လှပြီ၊ အိပ်ကြရအောင်"

သားအဖနှစ်ယောက် မီးခွက်မှုတ်ပြီး အိပ်ရာဝင်ကြလေ၏။ သူတို့အိပ်ပျော်သွားသောအခါ တဲအနီး ကပ်လာသော ခြေသံကြီးကို မကြားကြတော့ပေ။

ဝုန်းခနဲ တံခါးတွန်းဖွင့်လိုက်သံကြောင့် အိပ်ပျော်နေသော အောင်မောင်း အိပ်ရာမှ လန့်နိုးသွားသည်။

အသံကြားရာ တံခါးဝဆီသို့ ကြည့်လိုက်သောအခါ အိမ်ဝတွင် ရပ်နေသော မည်းမည်းသဏ္ဍာန်ကြီးကို မြင်ရလေ၏၊ အောင်မောင်း ကြောက်ရွံ့ထိတ်လန့်စွာဖြင့် စိန်မောင်ကို ကြည့်လိုက်သောအခါ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသည်ကို တွေ့ရသည်။

"စိန်မောင်. . စိန်မောင်" ဟု လှမ်းခေါ်သော်လည်း ကြောက်ရွံ့မှုကြောင့် အသံမထွက်တော့ပေ။





မည်းမည်းသဏ္ဍာန်ကြီးကလည်း နေရာတွင် ရပ်နေဆဲ။ အတန်ကြာမှ. .

"ဘုရားပစ္စည်းတွေကို ချက်ချင်း ပြန်ပို့ပေးလိုက်၊ ချက်ချင်း ပြန်ပို့ပေးလိုက်"

ဟူသော အသံကြီးကို ကြားရပြီး မည်းမည်း အရိပ်သဏ္ဍာန်ကြီး ပြန်ထွက်သွားတော့သည်။

သည်တော့မှ. .

"စိန်မောင်. . စိန်မောင် အမြန်ထစမ်းဟ"

သားဖြစ်သူကို ပုတ်နှိုးလိုက်သည်။

"ဘာဖြစ်လို့လဲ အဖေ"

စိန်မောင်က အိပ်ချင်မူးတူး ထလာသည်။

"စောစောက မကောင်းဆိုးဝါးကောင်ကြီး အိမ်ပေါ်တက်လာတာ မင်း မသိလိုက်ဘူးလား"

"ဟင့်အင်း. . အိပ်ပျော်သွားလို့ ဘာမှမသိလိုက်ပါဘူး"

"တောက်-တော်တော် အားကိုးရတဲ့ကောင်၊ မကောင်းဆိုးဝါးကြီးက အိမ်ပေါ်တောင် တက်လာတာကွ"

"ဟာ. . မဖြစ်နိုင်တာ၊ အဖေ အိပ်မက် မက်နေတာဖြစ်မှာပါ၊ အဖေပြောသလောက် ကြီးတဲ့ မကောင်းဆိုးဝါးကြီး အိမ်ပေါ်တက်လာရင် ကျုပ်တို့ဝါးအိမ်လေး ပြိုကျသွားမှာပေါ့ အဖေရဲ မဖြစ်နိုင်ပါဘူး အဖေရာ၊ ကျုပ်တော့ အိပ်တော့မယ်"

ပြောပြောဆိုဆို စိန်မောင်က တစ်ဘက်သို့ စောင်းပြီး ပြန်အိပ်လေတော့သည်။

အောင်မောင်းတစ်ယောက်တည်း ကယောင်ချောက်ချား အတွေးများနှင့် အိပ်မပျော်နိုင်အောင် ရှိတော့သည်။

သူ့အတွေးထဲတွင် ညဥ့်အလယ်ယံတွင် အိမ်ဒေါ်တက်လာသော မကောင်းဆိုးဝါးကြီး အရိပ်သဏ္ဍာန်နှင့် "ဘုရားပစ္စည်းတွေ ပြန်ပို့ပေး" ဟူသော အသံကြီးကို မြင်ယောင်ကြားယောင်နေမိတော့သည်။

× × × × ×

## လောဘဧည့်သည်များ

နောက်တစ်နေ့ နံနက်တွင် ထော်ပိုင်ရွာသို့ လူစိမ်းဧည့်သည်နှစ်ယောက် ရောက်ရှိလာကြသည်။ ၎င်းတို့သည် ဘိုကလေးမြို့မှတစ်ဆင့် စက်လှေငှား၍ လာကြခြင်းဖြစ်သည်။

ဘောင်းဘီရှည်၊ ဂျာကင်အင်္ကျီများ ဝတ်ထားပြီး ခရီးဆောင် ပေါ့ပျာပိုးအိတ်တစ်လုံးစီ လွယ်ထား၏။ ရှေ့မှ သွားသော ခေါင်းဆောင်လုပ်သူတွင် အမဲပစ်သေနတ်တစ်လက်ပါလေ၏။ သူတို့သည် အောင်မောင်းတို့အိမ်သို့ လျှောက်သွားကြသည်။ အောင်မောင်းတို့ကလည်း ဧည့်သည် နှစ်ယောက်ကို မြင်သောအခါ ဝမ်းသာအားရ ဆီးကြိုလေ၏။





"ဟား. . . ကိုပန်းအောင်ကြီးတို့ပါလား၊ အကြောင်းကြား ဘာမကြားနဲ့၊ ဘယ့်နှယ် ရောက်လာကြတာလဲ၊ လာ ဗျာ"

ဧည့်သည်နှစ်ယောက်က တရင်းတနှီး အိမ်ပေါ်တက် ကြသည်။

"တဲ. . စိန်မောင်ရေ၊ ဧည့်သည်တွေ မနက်စာစားဖို့ က်တစ်ကောင်လောက်ရှာပြီး ချက်ပေ့၊ ကဲ. . ထိုင်ကြဗျာ"

အောင်မောင်းက စိန်မောင်ကို လှမ်းအော်ပြောရင်း ည့်သည်များကို နေရာပေးလိုက်သည်။ ရေနွေးကြမ်းကို ည်း စီစဉ်ပေးသည်။

"ကိုပန်းအောင်ကြီး ကျွန်တော်တို့ဘက် မရောက်တာ တော်ကြာပြီ၊ ဒီတစ်ခါလဲ အမဲပစ်ထွက်ဖို့ လာတာလား"

"ဆိုပါတော့ဗျာ၊ အမဲလဲ ပစ်ရင်းပေါ့၊ တခြားကိစ္စလဲ သေးတယ်ဗျ၊ ထော်ပိုင်ချောင်းဖျားဘက်မှာ ဘုရားတစ်ဆူ ယ် မဟုတ်လား ကိုအောင်မောင်း"

"ရှိတယ်လေဗျာ၊ ကျိုက်ဒေးရှင်ဘုရားတဲ့၊ တစ်နေ့က ာင် ကျုပ်တို့ရွာသားတွေ စုပြီး ဘုရားသွားဖူးကြသေးတယ်၊ ဖြစ်လို့လဲဗျ"

"ဘာမှတော့ မဖြစ်ပါဘူး၊ အဲဒီဘုရားက ရှေးဟောင်း ားဆိုတော့ ကြုံတုန်းကြိုက်တုန်း ဘုရားသွားဖူးချင်လို့ပါ"

ကိုပန်းအောင်ဆိုသူက စကားကို ပေါ့ပေါ့တန်ထ
လျော့ချပြီး ရေနွေးကြမ်းတစ်ခွက် ငှဲ့သောက်နေ၏။

"အေးဗျ၊ ခင်ဗျားပြောမှ သတိရတယ်၊ တစ်နေ့
ကျိုက်ဒေးရှင်ဘုရား ရောက်တုန်းက ပစ္စည်းနှစ်ခု ရလာ
ရှိတယ်၊ ခင်ဗျားရောက်လာတုန်း ပြရဦးမယ်"

"ပြစမ်းပါဦးဗျာ"

အောင်မောင်းက အခန်းထဲတွင် ထုပ်သိမ်းထားသေ
အိုးနှစ်လုံးကို ထုတ်ပြလေ၏။

ကိုပန်းအောင်က အိုးနှစ်လုံးကို အသေအချာ ကြည့
နေရင်း ၄င်းမျက်နှာပြင်ပေါ်မှာ ကျေနပ်မှုများ ယှက်သန်း
လေ၏။

"အင်း. . ဒါတွေက ရှေးဟောင်းပစ္စည်းတွေပဲ"

"ဒါ. . ဒါ. . ကြေးအိုးလား၊ ရွှေအိုးလားဟင် ကို
အောင်ကြီး"

"ကြေးနဲ့ရွှေနဲ့ စပ်ထားတာဗျ၊ ဒါပေမယ့် ရွှေတန
ထက် ရှေးဟောင်းပစ္စည်းတန်ဖိုးက ပိုပြီး တန်ဖိုးရှိတယ်"

"ဒါဖြင့်လဲ ခင်ဗျား မြို့ပြန်ရင် တစ်ခါတည်းသာ ယူသွ
ပေတော့ဗျာ၊ ကျွန်တော်တို့ကတော့ ဘာမှ နားမလည်ဘူ
သုံးဖို့ စွဲဖို့ရရင် တော်ပါပြီ"

ကိုပန်းအောင်၏မျက်နှာ ဝင်းလက်သွားသည်။





"ခင်ဗျားနဲ့ ကျွန်တော်နဲ့က ပြောရမယ့်လူတွေမှ မဟုတ်
ာ၊ ကိုင်း. . အခုလောလောဆယ် စရံသဘောမျိုးပေါ့၊ ငွေ
စ်ထောင် ယူထား၊ ပြန်ခါနီးတော့ ကျွန်တော် ထပ်ပေးပါဦး
ှ"

ကိုပန်းအောင်က အိတ်ကပ်ထဲမှ ငါးရာတန်နှစ်ရွက်ကို
ာ်၍ အောင်မောင်းကို လှမ်းပေးသောအခါ အောင်မောင်း
တုန်ယင်နေသော လက်ဖြင့် လှမ်းယူလေ၏။

တစ်ထောင်ဟူသော ငွေကြေးပမာဏမှာ တောသူ
ာင်သားများအဖို့ တစ်လလုံး နေကုန်နေခမ်း လုပ်ကိုင်လျှင်
ာ်မှ မရနိုင်သော ငွေကြေးပမာဏပင် ဖြစ်တော့သည်။

"ကျေး. . ကျေးဇူးတင်ပါတယ်ဗျာ"

"ကဲ. . ကျေးဇူးတင်တာ နောက်ထားဦး၊ အရေးကြီးတာ
ကျွန်တော်တို့ကို ကျိုက်ဒေးရှင်ဘုရားဆီ ရောက်အောင်
ေးဖို့ပဲ၊ ဒါပေမယ့် ဒီအကြောင်းတွေကိုတော့ ရွာသူရွာသား
လုံးဝ မရိပ်မစေနဲ့ဗျို့၊ ဘယ်သူမေးမေး ခါတိုင်းလိုပဲ
ပစ်ထွက်တယ်လို့ပဲ ပြောထားပေရော့၊ ကျွန်တော်တို့ အစီ
ဉ်တွေ အောင်မြင်ရင် ခင်ဗျားလဲ အကျိုးမနည်းစေရပါဘူး"

"စိတ်ချစမ်းပါဗျာ၊ ကိုပန်းအောင်ကြီးတို့ ဘယ်နေ့ သွား
သဲသာ ပြောစမ်းပါ"

"ဖြစ်နိုင်ရင် ဒီကနေ့ပဲ ခရီးထွက်ကြတော့၊ ကျွန်တော်

အားလုံး စီစဥ်လိုက်မယ်"

အောင်မောင်းကား ငါးရာတန်နှစ်ရွက်ကို ကိုင်
တက်ကြွစွာဖြင့် အစီအစဥ်ဆွဲနေလေ၏။

၎င်းတို့အတွက် လောဘ၊ ဒေါသများက တစ်ကျော့
ဒဏ်ခတ်မည့် အန္တရာယ်ဆိုးများက စောင့်ကြိုနေသည်ကို
သူတို့အားလုံး ကြိုတင် မသိနိုင်ခဲ့ကြပေ။

× × × × ×

## ရှေးဟောင်းအမွေနဲ့ ဝနေစောင့်ရန်စွယ်

နံနက်စာ စားသောက်ပြီးသောအခါ ခရီးထွက်ရန် ပြ
ဆင်ကြလေ၏။ လူက လေးယောက်သာဖြစ်၏။ အောင်မော
တို့ သားအဖနှစ်ယောက်နှင့် ခရီးသည်နှစ်ယောက်တို့ ဖြ
သည်။ အောင်မောင်းတို့သားအဖတွင် ဓားတစ်လက်၊ ကဏ်
(ရဲဒင်းအကြီးစား) တစ်လက်စီပါပြီး၊ ဧည့်သည်နှစ်ယော
ဓားတစ်လက်နှင့် သေနတ်တစ်လက် ပါလေ၏။

သူတို့ခရီးစဥ်ကား 'ကျိုက်ဒေးရှင်' ဘုရားရှိရာသို့

အောင်မောင်းတို့သားအဖက ရှေ့မှ လမ်းပြပြီး
သည်နှစ်ယောက်က နောက်မှ လိုက်ကြသည်။

လမ်းတစ်လျှောက်လုံး မည်သည့်အန္တရာယ် ကြီး
မားမားမှ မကြုံတွေ့ရဘဲ နေသူရိန်ကုန်းတန်းရှိရာသို့ ရော





သာကြသည်။

ထိုနေရာသို့ရောက်သောအခါ စခန်းတစ်ထောက်နား
၍ ခေတ္တ အပန်းဖြေကြသည်။ ထိုသို့နားစဥ် ကိုပန်းအောင်
ဆိုသူက ကျောပိုးအိတ်တွင်းမှ စာရွက်တစ်ရွက်ကို ထုတ်၍
ဖြန့်ကြည့်လေ၏။

၎င်းစာရွက်မှာ မြေပုံစာရွက်ဖြစ်ပြီး ထော်ဆီ ထော်ပိုင်
နယ်နိမိတ်လမ်းပြ မြေပုံတစ်ခု ဖြစ်တော့သည်။

ကျိုက်ဒေးရှင်ဘုရားရှိရာနှင့် နေသူရိန်ကုန်းတန်းနေရာ
များကို ထင်ထင်ရှားရှား ရေးမှတ်ထားသည်။

ကိုပန်းအောင်က မြေပုံကို စိတ်ဝင်တစား ကြည့်နေခိုက်
ကျန်အဖော်တစ်ယောက်က တော့ထဲဝင်၍ အပေါ့အပါး သွား
လေ၏။

ကိုပန်းအောင်က မြေပုံတစ်နေရာသို့ လက်ထောက်ဆို
ပြီး . .

"ကျုပ်တို့ အခုရောက်နေတာ ဒီနေရာပဲ၊ ဘုရားက
အရှေ့ဘက်မှာ ရှိတာ မဟုတ်လား"

ဟု မေးသောအခါ အောင်မောင်းက မြေပုံကြည့်ခြင်းကို
လုံးဝ နားမလည်သော်လည်း မိမိတို့ရောက်နေသော နေရာ
အရှေ့ဘက်တွင် ဘုရားရှိသည်မှာ မှန်ကန်သဖြင့် ခေါင်းညိတ်
ပြလိုက်လေသည်။

ထိုအခိုက် တောထဲဝင်သွားသူမှာ ကသောကမျောနှင့် ပြန်ပြေးထွက်လာသည်။

"ဟေ့ကောင် ဟန်စိန်၊ ဘာဖြစ်လာတာလဲ"

"ဟို . . ဟို . . ကျွန်တော် တောထဲမှာ အပေါ့သွားနေ တုန်း တောထဲက နင်းလျှောက်တဲ့ ခြေသံကြီးကြားလို့ ဆရာ"

ကိုပန်းအောင်က သေနတ်ကိုဆွဲ၍ အသင့်ပြင်လိုက်ရ ကျန်သူများကလည်း လက်နက်များကို အသင့်ပြင်လိုက်ကြ သည်။ ဟန်စိန်ပြောသော တောစပ်ဘက်သို့ သည်းသည်း မည်းမည်း စိုက်ကြည့်နေစဉ် သူတို့နောက်ဘက်မှ ဝှီးခနဲ မြည် သံကြီးနှင့်အတူ ပေါင်လုံးခန့်ကြီးသော သစ်ပိုင်းကြီးတစ်တုံး ့သို့ ဘုန်းခနဲ ကျလာသည်။

အားလုံး ရင်တဒိန်းဒိန်း အခုန်မြန်သွားတော့သည်။ န်းအောင်က သစ်ကိုင်းကျလာရာဘက်သို့ သေနတ်ဖြင့် းချိန်လိုက်သည်။

"ဘယ်လို သတ္တဝါပဲဖြစ်ဖြစ်၊ သေနတ်စာမိလို့ကတော့ အသေပဲ"

ကြိမ်းမယ့်သာ ကြိမ်းနေသော်လည်း စိုးရိမ်စိတ်ကြောင့် သူကိုယ်တိုင် လက်များ တဆတ်ဆတ်တုန်နေ၏။

အတန်ကြာအောင် စောင့်နေသည့်တိုင် အခြေအနေ မထူးတော့မှ စိတ်အေးသွားပြီး ခရီးဆက်ရန် ပြင်ကြသည်။





သူတို့ ဘုရားဆီသွားသော ခရီးလမ်းတွင် နောက်ထပ် နှောင့်အယှက် တစ်စုံတရာ မတွေ့ရတော့ဘဲ ဘုရားဆီသို့ ချောချောမောမော ရောက်သွားကြသည်။

"ကဲ . . အဲဒါ ခင်ဗျားတို့ ဖူးချင်တဲ့ ဘုရားပဲ၊ ဘွဲ့တော် ကျိုက်ဒေးရှင် တဲ့"

"အေး . . ဘုရားလဲ ဖူးတာပေါ့ကွာ၊ မင်းကိုလဲ ပြော ရာ ရှိသေးတယ် အောင်မောင်းရ"

ကိုပန်းအောင်က စကားအဆန်း ပြောလာသည်။

"ဘာများပါလိမ့်"

"တို့ ဒီတစ်ပတ်လာတာ ဘုရားဖူးသက်သက် လာတာ ဟုတ်ဘူး အောင်မောင်းရ၊ ဘုရားလဲ ဖူးရင်း၊ လိပ်ဥလဲ တူး င်း ဆိုပါတော့"

"ဘယ်လိုလဲဗျ၊ ကျွန်တော်တို့က တောသားတွေဆို တော့ အရိပ်ပြလို့ အကောင်မထင်ဘူး၊ စကားကို ရှင်းရှင်းသာ ပြောပါ"

"ဒီလိုကွ အောင်မောင်းရ မင်းနားလည်အောင် ပြောရ င်တော့ ဒီ ကျိုက်ဒေးရှင်ဘုရားဆိုတာ ရှေးဟောင်းဘုရား စ်ဆူပဲ၊ မြို့စားကြီး ဗညားဇေယျဟာ သူနဲ့အတူ ယူဆောင် တဲ့ ရတနာပစ္စည်းတွေကို ဒီဘုရားတွေမှာ ဌာပနာတည်ခဲ့ ယ်၊ ဒါ အသေချာဆုံး ကိစ္စပဲ"

"အဲ. . အဲဒါတော့ ဟုတ်ပါပြီ၊ အခု ခင်ဗျားတို့က ဘာ လုပ်ကြမှာလဲ"

"မင်းကလဲ အရိပ်ပြလို့ အကောင်မထင်ဘူး၊ တို့ လာ တာ ဘုရားဖူးပြီး လိုဏ်ဂူအတွင်းက ဌာပနာတွေကို တူးဖြ ဖို့ပဲ"

"ဗျာ. . ."

သည်တော့မှ အောင်မောင်း အထိတ်တလန့် ဖြစ်သွား တော့သည်။ ဘုရားမှတ်လို့ ကိုးကွယ်ခဲ့တာ၊ ဖွတ်ထွက် တောင်ပို့မှန်း သိရသလိုပင်။ လိုက်ပို့မိတာ မှားလေပြီ နောင်တရမိတော့သည်။

"အဲဒီလိုလုပ်လို့ မဖြစ်ဘူးထင်တယ်"

"ဘာဖြစ်လို့လဲကွ"

"တော်ကြာ ရွာသားတွေ သိသွားရင် ကျုပ်တို့ပြဿနာ တွေ ဖြစ်ကုန်လိမ့်မယ် ကိုပန်းအောင်ကြီး"

"မဖြစ်ပါဘူးကွာ၊ မင်းကလဲ စိုးရိမ်မနေစမ်းပါနဲ့၊ ဒီ နေ ရာကို ဘယ်သူမှလဲ မလာဝံ့ပါဘူး၊ ရလာတဲ့ အကျိုးအမြတ် မင်းတို့လဲ ရမှာပါ။ ဒါမှ မင်းတို့ ဆင်းရဲတွင်းက လွတ်မှာကွ"

ကိုပန်းအောင် စည်းရုံးမှုကောင်းခြင်းကြောင့် အောင် မောင်း ဆက်ပြီး မငြင်းဆန်တော့ပေ။

"ကိုင်းဗျာ. . ဒီဘဝရောက်မှတော့ မထူးတော့ပါဘူး





လုပ်ငန်းအောင်မြင်တော့လဲ ကျုပ်တို့လဲ ခင်ဗျားတို့နဲ့အတူ မြို့ကို လိုက်ခဲ့တော့မယ်၊ ရွာမှာ ဆက်နေရင်လဲ ဒီအကြောင်း တွေကို ရွာသားတွေ သိသွားရင် ကျုပ်တို့ သေမှာဗျ"

"အေး. . အဲဒီလို သဘောပေါက်မှပေါ့၊ ကဲ. . ဒီလိုဆို လုပ်ငန်း စ,ကြစို့"

ကိုပန်းအောင်က အချက်ပေးလိုက်သောအခါ လေး ယောက်သား ကပ်ပါး၊ ဓားများဖြင့် ဘုရားအောက်ခြေသို့ စတင် တူးကြတော့သည်။ မြေမှာ သဲမြေဖြစ်သောကြောင့် လွယ်လင့်တကူ တူးဆွရလေ၏။

ထိုအချိန်တွင် တောထဲမှ ဝတ်ဖြူစင်ကြယ် ဝတ်ထား သော အဘိုးအိုတစ်ဦး ထွက်လာသည်။

လေးယောက်သား မြေတူးခြင်းကို ရပ်ပြီး တအံ့တသြ လှည့်ကြည့်လိုက်ကြသည်။

"ခင်ဗျား ဘယ်ကလဲ"

"အဘက ဒီဘုရားမှာ တရားအားထုတ်နေတာပါ၊ လူ လေးတို့ ဘာလုပ်နေကြတာလဲ"

"ကျုပ်တို့ဘာသာ ကျုပ်တို့ ဘာလုပ်လုပ်၊ ခင်ဗျား အလုပ်မဟုတ်ပါဘူး၊ ခင်ဗျားကိစ္စပြီးရင် သွားတော့ဗျာ"

ကိုပန်းအောင်က သေနတ်ဖြင့်ချိန်ရင်း ပြောလိုက်သည်။

"မင်းတို့ မလုပ်သင့်တာ မလုပ်ကြရဘူး၊ ဘုရားပစ္စည်း

ဆိုတာ မဖြစ်မှာကောင်းဘူး၊ ဒုက္ခရောက်လိမ့်မယ်"

"ဟာ . . အဘိုးကြီး စကားများလိုက်တာဗျာ၊ ကိုယ့်လမ်းကိုယ်သွားပါဆို၊ ကျုပ် စိတ်မရှည်တော့ဘူး"

"အေးလေ . . ပြောမရတော့လဲ မင်းတို့ထိုက်နဲ့ မင်းတို့ကံပဲပေါ့၊ အင်း . . သတ္တဝါများ ဘေးရန်ကင်းကြပါစေ"

အဘိုးအိုက မေတ္တာပို့ရင်း တောတွင်းသို့ ပြန်ဝင်သွားလေတော့သည်။

ကိုပန်းအောင်တို့လည်း ဆက်လက်တူးကြသည်။ ထိုအခိုက်မှာ တောတွင်း၌ အလင်းရောင်ပျောက်သွားပြီး လေပြင်းများ တိုက်လာသည်။ ပတ်ဝန်းကျင်တစ်ဝိုက်မှ တဝေါဝေါ မြည်သံများ ဖုံးလွှမ်းလာရာ မကောင်းဆိုးရွား ခြေသံကြီးများနှင့် တူနေတော့သည်။

ကိုပန်းအောင်တို့လေးယောက်ကတော့ မိုးမှောင်ကျလာလည်း ဇွဲနပဲဖြင့် ဆက်တူးနေကြဆဲ ဖြစ်သည်။

ထိုအခိုက်မှာပင် တောတွင်းမှ ခြေသံပြင်းပြင်း နင်းလျှောက်လာသံ ပေါ်ထွက်လာပြီး သတ္တဝါကြီးတစ်ကောင် ထွက်လာလေတော့သည်။

"ဟာ . ."

"ဟာ . . လူ . . လူဝံကြီး"

"ဘုရားစောင့်တဲ့ လူဝံကြီး"





အားလုံး ကြောက်လန့်တကြားနှင့် တအံ့တဩ ဖြစ်နေကြစဉ်မှာ သတ္တဝါကြီးက အသံနက်ကြီးဖြင့် တစ်ချက်အော်ပြီး သူတို့ရှိရာသို့ တိုးဝင်လာသည်။

ကိုပန်းအောင်က လက်တွင်းမှ သေနတ်ဖြင့် ပစ်သည်။

သေနတ်က ကျည်ဆံမထွက်တော့ပေ။

ကျည်ဆံမထွက်သော သေနတ်မှာ တုတ်တစ်ချောင်းလောက်ပင် အားကိုးမရတော့ပေ။ သတ္တဝါကြီးက အနီးသို့ ရောက်လာလေပြီ။

သည်တော့မှ လေးယောက်သား ကြောက်လန့်တကြားဖြင့် ခြေဦးတည့်ရာ စွတ်ပြေးကြတော့သည်။ ထိုသို့ ပြေးသောအခါ ကိုပန်းအောင်နှင့် အောင်မောင်းက တစ်လမ်း၊ ကျန်နှစ်ယောက်က တစ်လမ်း ကွဲသွားသည်။

သတ္တဝါကြီးက ကိုပန်းအောင်နှင့် အောင်မောင်းတို့ ပြေးရာသို့ ထက်ကြပ်မကွာ လိုက်လာသည်။

ကြောက်လန့်တကြား ထွက်ပြေးကြသော်လည်း တောထဲမှာ လမ်းမရှိသောကြောင့် ခရီးမတွင်ဘဲရှိနေရာ သတ္တဝါကြီးက ချက်ချင်းမီလာတော့သည်။

သတ္တဝါကြီးက သင်ပေါင်းပင်ပေါက်တစ်ပင်ကို ဆွဲနုတ်ကာ ရှေ့မှပြေးနေသော အောင်မောင်းကို ရိုက်ချလိုက်ရာ 'အား'ခနဲတစ်ချက်အော်နိုင်ပြီး လဲကျသွားတော့သည်။ သတ္တဝါ

ကြီးက လဲကျသွားသော အောင်မောင်းကို သင်ပေါင်းသားဖြင့် နောက်ထပ်တစ်ချက် ထပ်ရိုက်ချရာ အသံနက်ကြီးဖြင့် အော်ရင်း နေရာတွင် အသက်ပျောက်သွားတော့သည်။

ကိုပန်းအောင်မှာ အောင်မောင်း၏ အဖြစ်ဆိုးကို မြင်ရသောအခါ ပိုမိုကြောက်ရွံ့စွာဖြင့် ရှေ့သို့ ဆက်ပြေးလေ၏၊ သတ္တဝါကြီးကလည်း တရကြမ်း ဆက်လိုက်သည်။

တဖြည်းဖြည်းနှင့် ထော်ပိုင်ချောင်းဖျားမှ လောင်းလှေကြီး နစ်မြုပ်နေရာသို့ ရောက်လာသောအခါ နွယ်ကြိုး တစ်ချောင်းက ခြေထောက်ကို ဆွဲပတ်ခြင်းခံလိုက်ရသဖြင့် 'အား' ခနဲ တစ်ချက်အော်ပြီး ကိုပန်းအောင် လဲကျသွားရာ နောက်မှ ရောက်လာသော သတ္တဝါကြီးက ကိုပန်းအောင်၏ခြေထောက် နှစ်ချောင်းကို ဆွဲယူပြီး မြေပြင်နှင့် ရိုက်ချလိုက်တော့သည်။

"အား. ."

လေသံ၊ မိုးသံများနှင့်အတူ အသံကျယ်ကြီးဖြင့် အော်ရင်း ကိုပန်းအောင် အသက်ပျောက်သွားတော့သည်။ သတ္တဝါကြီးက နောက်ထပ်တစ်ချက် အနီးမှ သစ်ပင်နှင့် ရိုက်ချလိုက်သောအခါ ကျောပိုးအိတ်ပြုတ်ထွက်သွားပြီး အတွင်းမှ ပစ္စည်းများ ပြန့်ကြဲထွက်ကျလာ၏။

ထိုအထဲမှာ အောင်မောင်းထံမှ ယူလာခဲ့သော ကြေးအိုးလေးနှစ်လုံးမှာ လွင့်ထွက်လာပြီး လောင်းလှေကြီးရှိရာသို့ လိမ့်





င်းလာလေ၏။ ထိုနေရာမှာ တစ်ချိန်က အောင်မောင်းတို့ ယူသွားသော နေရာပင် ဖြစ်တော့သည်။

သတ္တဝါကြီးသည် ကျယ်လောင်စွာ တစ်ချက်အော်ဟစ် အသက်ပျောက်နေသော ကိုပန်းအောင် အလောင်းကို ော်ပိုင်းချောင်းတွင်း ပစ်ချလိုက်ပြီးနောက် တောတွင်းသို့ ်ဝင်သွားတော့သည်။

ထိုအချိန်တွင် ရာသီဥတုမှာ ပြန်လည်ကောင်းမွန်လာဖြင့် တောတွင်းမှ အလင်းရောင်များ ပြန်ပေါ်လာ၏။

အခြေအနေများ ပြန်လည် ငြိမ်သက်သွားသောအခါ ရားရင်ပြင်တော်ပေါ်သို့ လူသူတော်စင်တစ်ဦး ရောက်လာ ဆီမီး၊ ရေချမ်း၊ ပန်း၊ သစ်သီးဆွမ်းများဖြင့် ကျိုက်ဒေးရှင်ရားအား ကပ်လှူပူဇော်ကာ သတ္တဝါ ဝေနေယျတို့အား တ္တာပို့ အမျှအတန်းပေးဝေသံများ ကြည်နူးသာယာစွာ ပေါ်က်လာတော့သည်။

လပြည့်ဝန်းမဂ္ဂဇင်း

ဇွန်လ၊ ၂၀၀၀




# သစ္စာကျိန်စာ

## [ ၁ ]

ရေတက်တော့မည်။

လတာပြင်တစ်လျှောက် ဒီလှိုင်းကလေးများ ပြေးလွှား နေသည်။ ကမ်းစပ်မှ ငါးဖျံပိုးများ ရေစပ်ဆင်းလိုက်၊ ကမ်းပေါ် တက်လိုက်၊ ကျင်းထဲဝင်လိုက်နှင့် ပျော်မြူးနေသည်။ ပြန့်ပြူး ကျက်ရှိသော လတာပြင်ပေါ်တွင် ဂဏန်းရောင်စုံကလေးများ ရှုပ်ရှားသွားလာနေသောကြောင့် မဏ္ဍန်းကွက်များသဖွယ် ဘင်ကျန်နေ၏။

ကမ်းစပ်သို့ ကိုင်းနေသော ဗျူးခြေထောက်ပင်များပေါ် မှ ရေတက်ဘုတ်ငှက်အော်သံများ ပေါ်ထွက်လာသည်။ ဘုတ်

ငှက်တို့သဘာဝအတိုင်း တစ်နေရာမှ တစ်ကောင်အော်လျှင် နောက်တစ်ကောင်က လိုက်အော်လေ့ရှိသောကြောင့် ဘုတ်ငှက်အော်သံများ ဆက်ခါဆက်ခါ ပေါ်လာတော့သည်။ လ…တစ်ပင်ချောင်းဝရှိ ကမ္ဘလာပင်ကြီးတစ်ပင်အောက်၌ လှေတစ်စင်း ရပ်ထားသည်။ လှေက စပါးဆယ့်ငါးတင်းပါ အရွယ်ဖြစ်ပြီး အလျားဆယ့်လေးတောင်ခန့် ရှည်သည်။

လှေပေါ်၌ လူကြီးတစ်ယောက်နှင့် လူငယ်နှစ်ယောက် ရှိနေကြသည်။ လူကြီးက 'ဦးထွန်း'ဖြစ်ပြီး လူငယ်နှစ်ယောက်မှာ မောင်အေးနှင့် မောင်ထွေးတို့ ညီအစ်ကို ဖြစ်ကြသည်။

ဦးထွန်းက ရေတက်ဦး တဖွဲဖွဲဝင်ရောက်လာသော ဖိုးလောင်းများ ကိုက်ခဲမှုသက်သာစေရန် ဆေးပတ်လိပ်ကို မီးညှိ တထောင်းထောင်း ထအောင်ဖွာရင်း ရေအခြေအနေကို အကဲခတ်နေသည်။

မောင်အေးက ဓားလွတ်တစ်ချောင်းကို ပြင်နေသလို မောင်ထွေးက သားရေခွတစ်လက်ကို ကြိုးချည်နေသည်။

ထိုအခိုက်မှာပင် သူတို့လှေဆိုက်ထားရာ ကမ္ဘလာပေါ်သို့ ငှက်ကြီးနှစ်ကောင် လာနားလေသည်။

အောက်ချင်းငှက်ကြီးနှစ်ကောင် ဖြစ်သည်။

မောင်ထွေးက ဝမ်းသာအားရ သားရေခွဖြင့် ပစ်ရန် ပြင်လိုက်စဉ် ဦးထွန်းက "မပစ်နဲ့" ဟု လှမ်းတားသည်။





"ဘာဖြစ်လို့လဲ အဘ"

"အောက်ချင်းငှက်ဆိုတာ တခြားငှက်နဲ့ မတူဘူး၊ တစ်ကောင်သေရင် နောက်တစ်ကောင်ပါ လိုက်သေတယ်၊ သစ္စာကြီးကြီးတဲ့အကောင်မျိုး၊ ဒီကောင်မျိုး သတ်မိရင် အကုသိုလ်ကြီးတယ်"

"ဟာ. . အဘကလဲ"

မောင်ထွေးက မကျေမနပ်နှင့် သားရေခွကို ပြန်ချထားလိုက်သည်။

"ကိုယ့်မှာ မပြည့်မစုံလို့ ရေပိုးရေမွှား ရှာစားရတယ်ဆိုပေမယ့် မလုပ်သင့်တာကို မလုပ်ရဘူး၊ ဒါမျိုးသတ်မိရင် အကုသိုလ်အပြင် 'သစ္စာကျိန်စာ' ပါ အပိုရတတ်တယ်"

ဦးထွန်းပြောသော စကားများထဲမှ 'သစ္စာကျိန်စာ' ဆိုသော စကားကို ကြားရသောအခါ နှစ်ယောက်စလုံး လန့်သွားကြသည်။

"သစ္စာကျိန်စာဆိုတာ ဘာလဲဟင် အဘ"

ဦးထွန်းက ဆေးလိပ်မီးခိုးများကို မှုတ်ထုတ်လိုက်ပြီး. .

"သစ္စာကျိန်စာဆိုတာ လူဖြစ်ဖြစ်၊ တိရစ္ဆာန်ဖြစ်ဖြစ်၊ ဒါမှမဟုတ် ဘုရားပုထိုး ကျောင်းကန်ပဲဖြစ်ဖြစ်၊ သစ္စာပြုထားတဲ့ တိရစ္ဆာန်တွေ၊ လူတွေ သစ္စာပြုပြီး တည်ဆောက်ထားခဲ့တဲ့ အဆောက်အဦးတွေကို ဖျက်ဆီးမိရင် သစ္စာစူးတတ်တယ်၊ တူ

သောအကျိုး ပေးတတ်တယ်"

"တူသောအကျိုး ဟုတ်လား"

"အေး. . ဟုတ်တယ်၊ သစ္စာစူးရင် နောင်ဘဝအထိ မစောင့်ဘူး၊ ချက်ချင်း ဝင်လည်တတ်တယ်၊ သူ့ကို ဖျက်ရင် ကိုယ်ပျက်တယ်၊ သူ့ကိုသတ်ရင် ကိုယ်သေတယ်၊ သူတစ်ပါး ချစ်ခြင်းကိုခွဲရင် ကိုယ့်ရဲ့ချစ်ခြင်းလဲ ကွဲတတ်တယ်"

"အဘပြောတာ ကြောက်စရာပါလား"

"အေး. . ဒါကြောင့် စိတ်ထင်တိုင်း မလုပ်ရဘူး၊ ကိုယ့်မှာ မပြည့်စုံလို့ အကုသိုလ်မှုနဲ့ အသက်မွေးရင်တောင် ဝင့် မပါစေနဲ့၊ ဝင့်လိုက်ရင် ချက်ချင်း ခံရတတ်တယ်"

"ဟုတ်ကဲ့. . ကျွန်တော်တို့ နောက်ကို သတိထားပါ့မယ် အဘ"

"အေး. . အေး. . ကိုင်း. . ရေတက်လာပြီ၊ အလုပ်စကြရအောင်"

"ဟုတ်ကဲ့ အဘ"

မောင်အေးနှင့် မောင်ထွေးတို့က လှေဦး လှေပဲ့မှ တစ်ယောက်စီနေရာယူပြီး လှေကို လှော်ထွက်လိုက်ကြသည်။

"ဒီနေ့ လဗတစ်ပင်ဝဲမှာ 'မက်' ကြမယ်ဟေ့"

၎င်းတို့အသုံးပြုသော ကိရိယာမှာ မက်ကွန်အမျိုးအစားဖြစ်သည်။ မက်ကွန်ဆိုသည်မှာ လက်ပစ်ကွန်အကြီးစား ဖြစ်





ပြီး အတောင်နှစ်ဆယ်လောက်ထိ အရှည်ရှိသည်။

နိုင်လွန်ကြိုးကြီးများကို အသုံးပြုပြီး လက်လေးသစ်ခန့် ကွင်းကြယ်ကြီးများ ထိုးထားသောကြောင့် သာမန် ငါးသေး ငါးမွှားမရဘဲ ငါးကြီးများသာ မိသည်။

ကြီးလွန်းသောကြောင့် လက်ဖြင့် ပစ်မရသဖြင့် ရေထဲ ၌ ဒေါင်လိုက်ချပြီး ဆွဲအုပ်ရသည်။ ဒေါင်လိုက်ချပြီး ဆွဲ သည်ကို ရေလုပ်သားတို့အခေါ် 'မက်' သည်ဟု ခေါ်သော ကြောင့် မက်ကွန်ဟု အမည်တွင်ခဲ့သည်။

မက်ကွန်ချလျှင် လှေပေါ်တွင် ကန့်လန့်တင်ကာ လှော်တက်ကို ခြေဖြင့် ချိတ်လှော်ပြီး တဖြည်းဖြည်း ရေထဲချ ကာ ပြန့်ကားသွားလျှင် အုပ်ချလိုက်၍ တဖြည်းဖြည်း ဆွဲတင် သည်။

ရေထဲတွင် ဒေါင်လိုက်ချ မက်ရသောကြောင့် မက်ကွန် ဟုပင် ခေါ်ခေါ်၊ ငါးကြီးငါးကောင်းများသာ မိသဖြင့် မက် သားလောက်သောကြောင့် မက်ကွန်ဟုပင် ခေါ်ခေါ် မက်ကွန် ပင်ငန်းမှာ ရေလုပ်သားများအဖို့ မက်ထားလောက်သော ပင်ငန်းတစ်ခု ဖြစ်တော့သည်။

လဗတစ်ပင်ဝဲထဲမှာ ငါးများ မြူးနေသည်။

သုံးယောက်သား တက်ညီလက်ညီဖြင့် တစ်ချက် မက် သည်။ ငါးသေးအချို့လောက်သာ ရသည်။

နောက်တစ်ချက်. . နောက်တစ်ချက်. .

နောက်ဆုံးတစ်ချက်တွင် ကွန်အုပ်ချလိုက်သည်နှင့် ဖူး
ချာကြီးကိုင်ထားသော ဦးထွန်း၏လက်မှာ သိမ့်ခနဲ တုန်သွား
သည်။ ဦးထွန်း၏မျက်နှာမှာလည်း ဝင်းခနဲ ဖြစ်သွားသည်။

"လက်နက်တွေပြင်ထား၊ အကောင်ကြီး မိထားပြီထ

ရေအောက်မှာ မိထားသော ငါးက အတော်ကြီးထ
ရှိသည်။ ဖူးချာကြီး တသိမ့်သိမ့်တုန်နေသည်။ မက်ကွန်
မိလျှင် လွတ်ဖို့မလွယ်၊ ရုန်းလေမိလေ ဖြစ်သည်။

ကွန်ကို အလျှော့အတင်းပြုလုပ်ပြီး ခဲသားစု မိသွ
သောအခါ မိထားသောငါးကိုလည်း ကွန်သားဖြင့် ထုပ်ပြီးသာ
ဖြစ်သွားတော့သည်။

သုံးယောက်သား ဘေးနားတွင် ဓားလွတ်၊ မှိန်း စသ
လက်နက်များ အသင့်ချထားပြီး ကွန်ကို တဖြည်းဖြည်း
တင်သည်။

ဖူးချာကြီး ဆုံးသွားတော့ ကွန်ထိပ်ဖူးပိုင်း ပေါ်ထ
သည်။

နောက်တော့ ငါးကြီးတစ်ကောင်၏ ဦးခေါင်းပိုင်း
ပေါ်လာတော့သည်။

ကပ်သမျှင် ငါးကြီး။

ငါးခေါင်းကို တုတ်ဖြင့် နှစ်ချက်သုံးချက် ထုချလိုက်သော





အခါ ရေထဲတွင် နှစ်ချက်သုံးချက်ရုန်းပြီး ပက်လက်လန်သွား
တော့သည်။ ကပ်သမျှင်ဆိုသော ငါးမျိုးက အကောင် ဘယ်
လောက်ကြီးကြီး ဗိုက်ကို ရိုက်မိလျှင် (စည်ပေါင်း နာသွားလျှင်)
သေတတ်သော ငါးမျိုးဖြစ်သောကြောင့် အလွယ်တကူပင်
ဖမ်းဆီးလိုက်နိုင်တော့သည်။

× × × × ×

[ ၂ ]

သုံးယောက်သား ငါးဒိုင်က ပြန်ထွက်လာသောအခါ
မျက်နှာများပေါ်တွင် အပြုံးကိုယ်စီဖြင့်. . ။

ငါးဈေးက ကောင်းနေသည့်ကြားထဲက စည်ပေါင်းဈေး
က ခေါင်ခိုက်အောင် တက်နေသဖြင့် ငွေကြေးဖြစ်လောက်
အောင် ရလိုက်ကြသည်။

ဦးထွန်းက မောင်အေးနှင့်မောင်ထွေးတို့၏ လုပ်အားခ
ကို ပိုပိုမိုမိုရှင်းပေးပြီး ဇနီးဖြစ်သူ ဒေါ်ဖွားမျှင်အတွက် လိုအပ်
သော ပစ္စည်းများကို ဂရုတစိုက် ရှာဖွေဝယ်ခြမ်းနေသည်။

ဒေါ်ဖွားမျှင်ခမျာ လူကြီးရောဂါဖြင့် တရှောင်ရှောင် ဖြစ်
နေရာမှ တလောကတော့ ရောဂါ အတော်သည်းသည်။

လက်ထဲမှာ ငွေကြေးကလည်း အခန့်သင့် မရှိသော
ကြောင့် ဦးထွန်းခမျာ ပိုက်တဖုံနှင့် လှေတစ်စင်းကိုသာ ချန်

ထားပြီး ကျန်သည့်ပစ္စည်းများ အားလုံးနီးပါး ရောင်းချ
ရသည့်ငွေဖြင့် ဒေါ်ဖွားမျှင်ကို ဂရုတစိုက်ကုသပေးခဲ့သ
ချမ်းသာရာ ရခဲ့သည်။

"တော့်ပစ္စည်းတွေ အကုန်ချရောင်းတယ်ဆို. . ကျ
အတွက် ဘာဖြစ်လို့ ဒီလောက်လုပ်ပစ်ရတာလဲတော်"

"မင်း ဒါတွေတွေးမနေနဲ့ ဖွားမျှင်၊ လူ့အသက်ထ
တော့ ဘာမှတန်ဖိုးမရှိဘူး၊ လူမသေ ငွေမရှားတဲ့၊ အချိန်မ
ပြန်ရှာယူလို့ရတယ်၊ မင်းနေကောင်းအောင်သာ ကြိုးစား"

"ဒါတော့ ဒါပေါ့ရှင်၊ ဒါပေမယ့် ကျုပ်တို့မှာ အသ
တွေက ကြီးလာတော့ အရင်ကလို လုပ်နိုင်ကိုင်နိုင် ရှိ
တာမှ မဟုတ်တာ၊ ကျုပ်သေသွားတော့ရော ဘာအရေး
သလဲ"

"မင်းကလဲကွာ ဘာတွေ ပြောနေတာလဲ၊ မင်းနဲ့ငါနဲ့
အခုမှ ပေါင်းခဲ့ကြတဲ့ ကြီးပေါင်းတွေလဲ မဟုတ်ကြဘူး၊ င
ငယ်ကတည်းက ပေါင်းခဲ့ကြတာ၊ သေတပန် သက်တစ်
ပေါင်းပါ့မယ်လို့ မင်းနဲ့ငါ ပြောခဲ့တာတွေ မင်းမေ့သွားပလ
မမျှင်"

ထိုစကားကို ကြားရသောအခါ ဒေါ်ဖွားမျှင်မှာ ရီဝေ
ပြုနေသော မျက်လုံးများဖြင့် အဝေးသို့မျှော်ကြည့်ရင်း
လွှမ်းစပြုနေသော မျက်နှာပေါ်မှာ အပြုံးရိပ်ကလေးများ ယှ





သန်းနေသည်ကို ပြန်သတိရမိသောအခါ ဦးထွန်း၏မျက်နှာ
ပေါ်ဝယ် ကြည်နူးမှုကလေးများ ယှက်သန်းလျက် ရှိတော့
သည်။

"အဘ. . အဖွားမျှင်အတွက် ပစ္စည်းတွေဝယ်ရင်း ဘာ
တွေတွေးပြီး ပြုံးနေတာလဲဗျ"

ဘေးနားမှ မောင်အေးက မေးလိုက်သဖြင့် ဦးထွန်းက
ကွမ်းသွေးများတက်နေသော သွားများကို ပေါ်အောင် ပြုံး
လိုက်ရင်း. .

"အင်း. . တို့ ဒီတစ်ခေါက် ကပ်သမျှင်ကြီး ရလိုက်တာ
အံတော်ဟန်ကျတယ်၊ ပေါင်ထားတဲ့ပစ္စည်းလေးတွေ အတော်
များများ ပြန်ရွေးနိုင်တယ်၊ မမျှင်အတွက်လဲ ဆေးဝါးဓာတ်စာ
တွေအပြင် အားရှိမယ့် အစားအစာလေးတွေလဲ ဝယ်နိုင်တာ
တွေးမိလို့ သဘောကျနေတာပါကွာ"

ဟု ပြောလိုက်သည်။

"အဘက အဖွားမျှင်ကိုတော့ အတော်ချစ်တယ်၊ အခု
အဖွား အတော်နေကောင်းလာပြီ မဟုတ်လား"

"ကောင်းလာပါပြီ၊ အခုဝယ်လာတဲ့ ဆေးဝါးဓာတ်စာ
တွေ ကျွေးလိုက်ရင် ဒီထက်ပိုကောင်းလာမှာကွ"

"ဒီတစ်ပတ် ငါးကြီးရလိုက်တာ ကျွန်တော်တို့ အတော်
အဆင်ပြေကြတယ်နော် အဘ"

"အေး. . ဟုတ်တယ်၊ နောက်ထပ် အဲလိုအကောင်မျိုး တစ်ကောင်လောက် ထပ်ရရင်တော့ ငွေပိုငွေလျှံ သုံးရပြီပေါ့ ကွာ"

"ကျွန်တော်တို့ ဒီတစ်ခါထွက်ရင်လဲ အဲဒီလဗတစ်ပင်ဝဲဘက်ကိုပဲ သွားကြမှာမဟုတ်လား အဘ"

သေချာတာပေါ့ကွာ၊ ငါကြားဖူးတာကတော့ ကပ်သမျှင်ငါးဆိုတာ တစ်နေရာထဲမှာ နှစ်ကောင်နေလေ့ရှိတယ်လို့ ကြားဖူးတယ်၊ မှန်ရင်တော့ အဲဒီမှာ နောက်ထပ် တစ်ကောင် ရနိုင်သေးတာပေါ့ကွာ"

"ဒီလိုဆိုရင်လဲ အမြန်သွားကြရအောင်လေ"

"အေးပါ၊ မင်းအဖွားအတွက် လိုအပ်တာတွေ စီစဥ်ပေးပြီးရင် သွားကြတာပေါ့"

"အဘက အဖွားကိုတော့ အတော်ချစ်တယ်"

"ငယ်ပေါင်းတွေကိုးကွ"

ထိုစကားကို ပြောလိုက်ချိန်၌ ဦးထွန်း၏မျက်နှာပေါ်တွင် ပီတိရိပ်တွေ တဝေဝေနှင့်. . ။

နောက်တစ်ရက်တွင် ဒေါ်ဖွားမျှင် ထူထူထောင်ထောင်ဖြစ်လာသောကြောင့် ဦးထွန်းတို့ အလုပ်ပြန်ဆင်းကြသည်၊

သူတို့ စီစဥ်ထားသည့်အတိုင်း လဗတစ်ပင်ဝဲရှိရာသို့ ထွက်ခဲ့ကြသည်။ သူတို့နေသော တံခွန်တိုင်ရွာမှ လဗတစ်ပင်





ဝဲရှိရာသို့ တစ်ရေကျမျှ စုန်ဆင်းကြရသည်။

ကွန်ချက်ရှိရာသို့ သူတို့ရောက်သွားသောအခါ ရေတက်ဦးအချိန် ရောက်နေပေပြီ။

"အဘ. . အဘ ဟိုဝဲထဲမှာ ဖြူဖြူကြီးမျောနေတာ ဘာကြီးလဲ"

မောင်အေးက ပြသဖြင့် ဦးထွန်း လှမ်းကြည့်သော်လည်း မျက်လုံးအား မကောင်းလှသောကြောင့် သဲသဲကွဲကွဲ မမြင်ရချေ။

"ငါ သိပ်မမြင်ရဘူး၊ အနားရောက်အောင် လှော်သွားစမ်း"

မကြာမီ ဝဲအလယ်သို့ ရောက်သွားတော့ ဝဲအလယ်တွင် ပက်လက်လှန် မျောနေသော ကပ်သမျှင်ငါးကြီးကို တွေ့ရသဖြင့် မောင်အေးက. .

"အဘရေ. . ကပ်သမျှင်ငါးကြီး မျောနေတာဗျ"

"သေနေပြီလား"

"မသေသေးဘူး၊ ပါးဟက်ကြီးက ဟစိဟစိနဲ့ဗျ"

"မီးအိပ်မက်မျှား မက်နေသလား"

"မသိဘူးဗျ"

"ကိုင်း. . ဒီလိုလုပ်၊ အနားကို အသံမကြားအောင် လှော်သွား၊ အနားရောက်ရင် ပါးဟက်ထဲကို သံချိတ်နဲ့ ချိတ်

ထားလိုက်ပြီး ဗိုက်ကို ခပ်ပြင်းပြင်း ထုချလိုက်၊ ကြားလား"

"ဟုတ်ကဲ့"

မောင်အေးနှင့်မောင်ထွေးက လှေကို အသာလှော်သွားပြီး ငါးကြီးအနီးသို့ ရောက်သောအခါ ဟနေသော ပါးဟက်ထဲသို့ ကြိုးတပ်ထားသော သံချိတ်ကို အမိအရ လှမ်းချိတ်ထားလိုက်ပြီး စည်ပေါင်းရှိသော ဗိုက်ကို တုတ်ဖြင့် ရိုက်ချလိုက်သည်။

'ဘုန်း. . ဘုန်း. . ' ဟု ရိုက်လိုက်သဖြင့် ငါးကြီးမှာ လန့်ပြီး ရေအောက်သို့ ငုပ်ပြေးသေးသည်။

သို့သော် သံချိတ်မိထားသည်ကတစ်ကြောင်း၊ ဗိုက်ကိုလည်း အရိုက်ခံလိုက်ရသောကြောင့် ခဏသာရုန်းပြေးပြီး ရေပေါ် ပြန်ပေါ်လာသဖြင့် သူတို့ အလွယ်တကူပင် ဖမ်းဆီးရမိကြသည်။

"ဒီတစ်ခါတော့ကွာ ပိုက်တောင် ရေမစိုဘဲ ငါးရလိုက်တယ်၊ နေစမ်းပါဦးကွ. . ဒီငါးကြီးက မီးအိပ်မက် မက်ပြီး ပေါ်နေတာများလား"

"မသိဘူး အဘ၊ ဟိုတစ်နေ့က ရတာ ကပ်သမျှင်အထီးကောင်ကြီး၊ ဒီနေ့ရတာ ဥတွေနဲ့ အမကြီးဗျ"

"ဟင်. . ဒါဆိုရင် ငါထင်သလို ကပ်သမျှင်ဆိုတာ တစ်နေရာထဲမှာ နှစ်ကောင်နေတတ်တယ်ဆိုတာ မှန်နေပြီပေါ့၊





နောက်ပြီး ကပ်သမျှင်ငါးတွေဟာ အောက်ချင်းငှက်တွေလို တစ်ကောင်သေရင် တစ်ကောင်က လိုက်သေတယ်ဆိုတာများ ဖြစ်နေရော့သလား"

"အဘကလဲ. . ဒါတွေကို လျှောက်တွေးမနေပါနဲ့၊ ကျွန်တော်တို့အတွက်ကတော့ ဒီငါးကြီးတစ်ကောင် ထပ်ရလိုက်တာ အတော့်ကို အဆင်ပြေသွားပြီဗျ"

မောင်အေးနှင့် မောင်ထွေးတို့က အားရဝမ်းသာ ပြောနေကြသည်။

"အေး. . ဒါတော့ ဒါပေါ့ကွာ၊ ကိုင်း. . ကိုင်း. . ရေ ာက်နဲ့ ပြန်ကြရအောင်ဟေ့"

ငါးကြီးကိုတင်ပြီး သူတို့ ရွာသို့ပြန်ခဲ့ကြသည်။ ညနေ ာင်း အချိန်လောက်တွင် ရွာသို့ပြန်ရောက်သည်။

ရွာသို့ရောက်သောအခါ ဦးထွန်းအတွက် သတင်းဆိုး ာစ်ခုက ဆီးကြိုနေတော့သည်။ ထိုသတင်းမှာ နေ့လည် ၁၂ ာရီလောက်က ဒေါ်ဖွားမျှင် ရုတ်တရက် အမောဖောက်ပြီး ဆုံးသွားပြီဟူသော သတင်းပင် ဖြစ်သည်။

နေ့လည် ၁၂ နာရီအချိန်လောက်က သူတို့ ကပ်သမျှင် ကြီးကို ဖမ်းမိခဲ့သောအချိန် ဖြစ်သည်။

ထိုမှ တိုက်ဆိုင်လွန်းသဖြင့် မောင်အေးနှင့်မောင်ထွေး တို့နားထဲ၌ ဦးထွန်းပြောခဲ့သော စကားအချို့ကို ပြန်လည်

ကြားယောင်မိကြသည်။

"သစ္စာဆိုတာ လူဖြစ်ဖြစ်၊ တိရိစ္ဆာန်ဖြစ်ဖြစ်၊ ဒါမှမဟုတ် ဘုရားပုထိုး ကျောင်းကန်ပဲဖြစ်ဖြစ်၊ သစ္စာပြုထားကြတဲ့လူတွေ တိရိစ္ဆာန်တွေ သစ္စာပြုပြီး တည်ဆောက်ထားခဲ့တဲ့ အဆောက်အဦးတွေကိုဖျက်ဆီးမိရင် သစ္စာစူးတတ်တယ်၊ တူသောအကျိုးပေးတတ်တယ်၊ သစ္စာစူးရင် နောင်ဘဝအထိ မစောင့်ဘူး ချက်ချင်း ဝဋ်လည်တတ်တယ်၊ သူ့ကိုဖျက်ရင် ကိုယ်ပျက်တယ် သူ့ကိုသတ်ရင် ကိုယ်သေတယ်၊ သူတစ်ပါးရဲ့ချစ်ခြင်းကို ခွဲရင် ကိုယ့်ရဲ့ချစ်ခြင်းလည်း ကွဲတတ်တယ်"

ထိုစကားများက ယခုပင် ပြောနေသကဲ့သို့ သူတို့နားထဲတွင် ကြားယောင်နေမိကြသည်။

ဦးထွန်းကတော့ လှေထဲမှ ကပ်သမျှင်ငါးမကြီးကို ကြည့်ရင်း မျက်ရည်များ စီးကျလာသည်။

သစ္စာကျိန်စာဆိုတာ တကယ်တော့. . .

လပြည့်ဝန်းမဂ္ဂဇင်း
အောက်တိုဘာလ၊ ၂၀၀၂

သူစုမစာပေတိုက်



# ဒမင်းနွယ်

[ ၁ ]

ဖောင်ဝင်မြစ်ရိုးအတိုင်း လှေနှစ်စင်း စုန်ဆင်းလာလေသည်။ လှေနှစ်စင်းစလုံးမှာ စပါးဝန်ပါ ၅၀ ခန့်အရွယ်တူဆိုတ်တူဖြစ်ပြီး လှေပဲ့ပိုင်းတွင် ဓနိပေါင်းမိုးတစ်ဝက်သာ တပ်ဆင်ထားပြီး လှေဦးပိုင်းတွင် အလျားရှည်လျားစွာသော ယင်းလိပ်ကြီးများ၊ ငါးခြင်းတောင်းများ တင်ထားသဖြင့် ချောင်းပိတ်ရှိန်ဆင်းလာကြောင်း အလွယ်တကူ သိနိုင်ပေသည်။

ရေစုန်ပင်ဖြစ်လင့်ကစား လေဆန်နေသဖြင့် ထင်သလောက် ခရီးမပေါက်သော်လည်း လှေခတ်နေသူနှစ်ဦးမှာမူ စိတ်ပျက်အားလျော့ခြင်းမရှိဘဲ ရည်မှန်းထားသည့်နေရာသို့ မရောက်မချင်း ဇွဲနှင့်သွားမည့်သူများ ဖြစ်ပေသည်။

သို့သော် အခြေအနေနှင့် အချိန်အခါအရ မိမိတို့ ရည်မှန်းထားသည့်နေရာသို့ မရောက်နိုင်တော့ဟု တွက်မိကြသည်နှင့်. .





"ဦးလေးသာဒွန်းရေ. . ဒီပုံနဲ့တော့ ကျွန်တော်တို့ သွားခယ့်ချောင်းကို မီမှာမဟုတ်တော့ဘူးဗျ၊ ဒါကြောင့် လေကွယ်ရာဖြစ်တဲ့ ကြောင်ထောက်ရေကျော်ထဲက လှည့်သွားရင် ဒီညတော့ အဲဒီထဲမှာပဲ ဝင်ပိတ်ကြရင် ကောင်းမလားလို့"

"အေး. . ကောင်းသားပဲကွ"

အသက် ၅၀ ခန့်ရှိ ဦးသာဒွန်းမှာ အသက် ၃၀ အရွယ်မျှသာရှိသေးသော ထွန်းအေးလှေနှင့် နောက်မကျစေဘဲ ခတ်လိုက်လာရင်း ထွန်းအေးပြောသောအကြံကို သဘောကျသွားလေသည်။

သို့ကြောင့် ဖောင်ဝင်မြစ်ကို ဖြတ်ပြီးသည်နှင့် ဆပ်ကျွန်းလက်ကြားဘေးမှ ခတ်လာကြပြီး နှစ်ကွေ့မျှသွားမိသည်နှင့် အရှေ့ဘက်ကမ်းရှိ မိန်းမလှကျွန်းကိုဖြတ်ကူးကြသည်။ မကြာမီလှိုင်းလေလွတ်ရာ ကြောင်ထောက်ရေကျော်တွင်းသို့ ဝင်မိသည်နှင့် ဦးသာဒွန်းက. .

"အေး ဒီရေကျော်ထဲက ချောင်းတွေက နာမည်ကြီးနေတာတော့ အမှန်ပဲ၊ မင်းလဲ ကြားဖူးမှာပေါ့၊ ပိတ်သမျှ ယင်းတွေကွဲထွက်ကုန်ပြီး ဒီအတိုင်းပြန်ကြရတာ မနည်းတော့ဘူးကွ"

ထွန်းအေးက လှေခတ်နေရင်း ကျောတွန့်လိုက်သည်။

"ရေစီးကြမ်းလို့ ကွဲကုန်တာများလားဗျာ"

"မဟုတ်နိုင်ဘူးကွ၊ သတ္တဝါတစ်ကောင်ကောင် ခွဲထား

လို့ ကွဲထွက်တာမျိုးကွ၊ ငါ သေသေချာချာ မြင်ဖူးတာ"

"အင်း . . စိတ်ဝင်စားစရာတော့ ကောင်းတယ်၊ အင်း လေ . . သူများတွေပြောတာနဲ့တော့ ယုံစရာမလိုပါဘူး၊ ဒီည ပိတ်ကြည့်မှပဲ ကိုယ်တွေ့သိရမှာပေါ့"

"အေး . . တို့နှစ်ယောက်ထဲက တစ်ယောက်ယောက် တော့တိုးနိုင်တယ်၊ တစ်ယောက်အကြောင်းရှိရင် တစ်ယောက် က အသက်ပေးကူညီမှာပဲ၊ ကြောက်စရာမလိုပါဘူး"

နှစ်ယောက်သား စကားတပြောပြောနှင့် ချောင်းတွင်း ပိုင်းသို့ ခတ်ဝင်လာကြသည်။

× × × × ×

[ ၂ ]

တန်ဆောင်းမုန်းလဆန်း ၁၂-ရက်နေ့ည။

ညနေစောင်းသည်နှင့် ချောင်းတွင်းမှာ ရေနည်းသွား ပေပြီ။ ဦးသာဒွန်းနှင့် ထွန်းအေးမှာ တစိမ့်စိမ့်ဝင်လာသော အအေးဒဏ်ကို ဂရုမပြုအားဘဲ မိမိတို့လုပ်ငန်းအတွက် ပြင် ဆင်နေကြလေသည်။

"ထွန်းအေးရေ . . လဗတာပင်ချောင်းနဲ့ သမ့်ပင်ချောင်း မင်းကြိုက်တဲ့ ချောင်းကို ရွေးပေတော့ဟေ့"





ဦးသာဒွန်းက လုပ်သက်ရင့် ဝါရင့်သူပီပီ ငယ်သူကို …ားပေးလေသည်။

"ဦးလေးသာဒွန်း ကြိုက်တာယူပါ၊ ကျွန်တော်က ဘယ် …င်းဖြစ်ဖြစ် ရပါတယ်"

ထွန်းအေးကလည်း ငယ်သူပင်ဖြစ်လင့်ကစား အလိုက် …ာ အခွင့်အရေး ပြန်ပေးလိုက်သည်။

"ဒီလိုဆိုရင် မင်း လဗတာပင်ကို ယူ၊ ငါ သမ့်ချောင်းကို …ယ်၊ ထိစရာရှိ လဗတာပင်ချောင်းက ပိုထိတယ်၊ ဒါပေမယ့် …ိတော့ထားပေ့ာ၊ တော်ကြာ ယင်းကွဲကြီးနဲ့ ငါးတစ်ကောင် …ရ ဖြစ်နေဦးမယ်"

"ရပါတယ်ဗျာ၊ ဒါတွေ မမှုပါဘူး၊ ဒါပေမယ့် ဒီအဖြစ် …တွေက တစ်ချောင်းထဲ စွဲစွဲမြဲမြဲဖြစ်တယ်လို့ မကြားမိပါဘူး၊ …စ်ပိုက်မှာရှိတဲ့ ချောင်းတွေက တစ်ချောင်းစီလှည့်ဖြစ်နေ … မဟုတ်လား"

"အေး ဒါပေမယ့် သတိတော့ထားပေ့ာ၊ တို့နှစ်ယောက် …ဝေးတာမှ မဟုတ်ဘဲ၊ တစ်ယောက်အကြောင်းရှိ တစ် …ာက် ကူညီနိုင်ပါတယ်၊ ကဲ . . သွားမယ်ဟေ့"

"ဟုတ်ကဲ့ . . ဟုတ်ကဲ့"

နှစ်ယောက်သား ကိုယ်ပိတ်မည့်ချောင်းရှိရာသို့ အသီး … ထွက်ခွာလာကြသည်။

မိုးချုပ်သွားသည်နှင့် တောထဲမှ မျောက်မောင်းမ အော
သံ၊ ညငှက်ကလေးများအော်သံနှင့် ရေစစ်ချိန်တွင် အော်ဟေ
ရှိသော ဘုတ်သံများပါ ကြားလာရသည်။ ချောင်းရိုး တ
လျှောက် မှာလည်း ရေထဦးအခါမို့ ငါးပုစွန်များ မြူးထူး လူ
ရှားနေကြသည်။ ထွန်းအေးသည် လေကလေးတချွန်ချွန်
ခတ်လာရာ မကြာခင် လဗတပင်ချောင်းသို့ ရောက်လာ
သည်။ ချောင်းမှာ အတန်ငယ်ကျယ်ဝန်းသော်လည်း ရေ
ချိန်တွင် ရေအနည်းငယ် ကျန်လေသည်။ ချောင်းဖျားဘ
တွင် အိုင်များရှိသည်ဟု ထွန်းအေး ကြားဖူးသည်။

လှေကို ချောင်းဝတွင်ဆိုက်ထားပြီး ထွန်းအေး က
ပေါ်တက်လာလေသည်။ ချောင်းအတွင်းဘက်နားတွင် အ
လူမျိုး ပိတ်သွားသော ယင်းချက်များကို တွေ့ရလေသည
အတွင်းနားသို့ တိုးလာသောအခါ ယင်းချက်ကိုမတွေ့ရသ
ထိုနေရာမှပိတ်ရန် ဆုံးဖြတ်လိုက်သည်။

နေရာရွေးပြီးသည်နှင့် ပထမဦးစွာ မြေအနေအထား
ကြည့်ရသည်။ သည်ဘက်ကမ်းမှ ဟိုဘက်ကမ်းအထိ ယင်း
မည့် နေရာတစ်လျှောက်တွင် သစ်တုံးသစ်ကိုင်းနှင့် အခြ
အမာခံများရှိနေ၍ မဖြစ်ပေ။

အကယ်၍ တစ်နေရာရာတွင် သစ်တုံးသစ်ကိုင်းမှာစ်
ခံနေပါက ယင်းစိုက်သောအခါတွင် ကြွတက်နေပြီး ရေစီးအ





ကြာလျှင် အပေါက်ဖြစ်သွားတတ်သည်။

သို့ကြောင့် ချောင်းပိတ်သူတိုင်း ဦးစွာမြေအနေအထား
ညီညွတ်မှုရှိမရှိ ကြည့်ရခြင်း ဖြစ်သည်။

ထွန်းအေး စိတ်ကျေနပ်လောက်အောင် စစ်ဆေးကြည့်
မှ ဓားနှင့်ခုတ်၍ အရာပေးရသည်။ ထိုသို့ပြုရခြင်းမှာ မြေ
ာက်တွင် အမာခံရှိနေလျှင် သိနိုင်ရန်နှင့် ယင်းစိုက်သော
ခါ အလွယ်တကူ ဝင်သွားစေရန်အတွက် ဖြစ်သည်။

အားလုံးစိတ်ချရမှ ဘေးတစ်ဘက်တစ်ချက်တွင် လက်
ယင်းတို့ကို အသေစိုက်ရသည်။ ဟာနေသောနေရာများ
ရွှံ့စေးစေးနှင့် ဖာထေးရသေးသည်။ ထိုသို့ စေ့စေ့စပ်စပ်
လုပ်သည့်ကြားမှပင် အပေါက်ဖြစ်နေတတ်သေးသည်။

လက်နားယင်းအတွက် စိတ်ချရတော့မှ ယင်းအရှည်
ားကို ယူ၍ လက်နားယင်းတို့နှင့် တွဲရသည်။

ထိုသို့တွဲသောအခါတွင် ကနော်(ဝါးပါးပါးကို တစ်ထွာ
န့်ဖြတ်၍ အဖျားနှစ်ဖက်ချွန်ထားသောအရာ) နှင့် ကပ်တွဲ
လသည်။

ထွန်းအေးတို့ ချောင်းပိတ်သည့်ကာလမှာ ၁၉၅၈ ခုနှစ်
တ်ဝန်းကျင်ခန့်လောက်ကဖြစ်သဖြင့် ယခုခေတ်ကဲ့သို့ နိုင်
ွန်ပိုက်ထည်များ မပေါ်ကြသေးပေ။ သို့သော် ဝါးတန်းများ
 လက်သန်းနီးပါးမျှသပ်၍ အုန်းဆံကြိုးဖြင့် အခိုင်အမာ

ကျစ်ထားသော ယင်းများ သုံးကြခြင်းဖြစ်သည်။

ကျစ်ထားသောကြိုးအကွာအဝေးကို တစ်မိုက်တစ်
အစားစားထားကြသည်။ ယင်းအရှည်ကိုလည်း ၈ တော
၁၀ တောင်၊ ၁၂ တောင် စသည်ဖြင့် အရွယ်အစားအမျိုး
ထားရသည်။

ထွန်းအေးသည် ယင်းများကို နေသားတကျ စိတ်
လက်ချ ပြင်ဆင်ပြီးတော့မှ လှေဆီသို့ ပြန်ဆင်းလာလေသည်
သူ့လှေဆီသို့ရောက်သောအခါ ချောင်းတွင်းသို့ ရေများ
ဝင်လာသဖြင့် ရေတက်ဦးနှင့် မြူးထူးစွာ ဝင်သွားသော ငါး
များကို အားရဖွယ် တွေ့ရလေသည်။

ရွံ့ဆေးနေသော သူ့ခြေထောက်ကိုပင် ဝင်တိုးမိ
သည်။ ထွန်းအေး သဘောကျစွာပြုံး၍ ဦးသာဒွန်းရှိရာ
ခတ်ထွက်လာခဲ့လေသည်။

× × × × ×

[ ၃ ]

ညဘက်တွင် နှစ်ယောက်သား မအိပ်ကြဘဲ ရေ
ကြမ်း ကျိုသောက်ရင်း စကားကောင်းနေကြသည်။ ချော
တစ်လျှောက် သာမန် ငါးစားသံ၊ ငါးမြူးသံမှလွဲ၍ အခြား





ထူးခြားခြား မကြားရသဖြင့်. .

"ဒီညတော့ အခြေအနေ အေးအေးဆေးဆေးပါပဲလား ကွ၊ ဒီပုံဆိုရင် တို့မှန်းတဲ့အတိုင်း ရနိုင်တယ်ကွ"

"ဟုတ်တယ် ဦးလေးသာဒွန်း၊ သူတို့ချောင်းတွေကို အခြားသူတွေ ဝင်မှာစိုးလို့များ ခြောက်လှန့်ထားသလား မသိဘူး"

"ဒါပေမယ့် သတိတော့ထားပေါ့ကွာ၊ ဟုတ်တယ် မဟုတ်လား၊ သတိဆိုတာ ပိုတယ်မရှိဘူး"

တဖြည်းဖြည်းနှင့် ညဉ့်နက်ပိုင်းသို့ရောက်လာရာ လ,ပင် အတော်မြင့်လာချေပြီ။ ရေပြည့်ခါနီးသဖြင့် ချောင်းရိုး တစ်လျှောက်တွင် ဘုတ်အော်သံများ ပေါ်ထွက်လာသည်။ ထိုစဉ် ဦးသာဒွန်းလှေအောက်မှ တစ်စုံတစ်ခုက ဝင်ထမ်းလိုက်သကဲ့သို့ ဖြစ်သွားသဖြင့် ငုံ့ထားသော ရေနွေးကြမ်းပန်းကန်များပင် လဲကျသွား၏။

"ဟ. . ဟ. . လှေအောက်က ဘာလဲဟ"

"မသိဘူး ဦးလေးသာဒွန်း၊ လှေတော့ အတော်ကြွသွားတယ်"

"အဟောဟော. . အစွမ်းပြပြီနဲ့တူတယ်ကွ"

ဦးသာဒွန်းကပြောရင်း ကျောတွန့်ပြသည်။

"ဖြစ်ပါ့မလား ဦးလေးသာဒွန်း"

"ဖြစ်ပါတယ်ကွာ၊ တွေးပူမနေစမ်းပါနဲ့၊ ငါးကြီး တင်ကောင်ကောင် သွားရင်းလာရင်း ဝင်တိုက်သွားတာလဲ ဖြစ်နိုင်တာပဲ၊ ကဲ . . ရေပြည့်ခါနီးပြီ၊ မင်းချောင်း မင်း ပြန်တော့ အကြောင်းရှိရင် လှမ်းပြီး အသံပြုလိုက်မယ်"

ထွန်းအေး လဗတပင်ချောင်းဝသို့ ပြန်ရောက်သောအခါ ရေငြိမ်နေသည်ကိုတွေ့ရသဖြင့် ကပျာကယာ လှေဆိုက်၍ ရေထဲ ခုန်ဆင်းရသည်။ လှေပေါ်မှ လက်မောင်းလုံးခန့်မျောတိုင်များကိုယူ၍ နှစ်တောင်ခန့်မျှခြားပြီး ခပ်စိပ်စိပ် စိုက်သည်။ ပြီးမှ တန်းပစ်၍ ကြိုးနှင့် ခိုင်ခံ့စွာ ချည်ရသည်။

ရေငြိမ်နေသဖြင့် ရေကူးရန် အကောင်းဆုံးအချိန်မို့ ကပျာကယာပင် တစ်ဘက်သို့ ယင်းဆွဲ၍ကူးသည်။ တစ်ဘက်လက်နားစပ်မှ ဆက်ပြီးမှ လှေပေါ်သို့တက်ကာ ပျဉ်ပြားနှင့် ယင်းထိပ်ကို ရိုက်ချလေသည်။

ကျေနပ်လောက်အောင် ထုချပြီးမှ ရေထဲသို့ တဖန်ပြန်ဆင်း၍ ယင်းအောက်သို့ငုပ်ကာ အပေါက်ရှိမရှိ စစ်ဆေးရသည်။ ယင်းပိတ်ကာပြီး၍ ပြန်ဆင်းသောအခါတွင် ယင်းအပြင်ဘက်မှ ဆင်းရလေသည်။

ယင်း ပိတ်လိုက်သည်နှင့် ချောင်းအတွင်းဘက်တွင် မှောင်သွားသဖြင့် အန္တရာယ်ပေးတတ်သော မိကျောင်း၊ ငါးမန်းနှင့် အခြားအကောင်ကြီးများသည် ချက်ချင်း ပြန်ထွက်လာ





ဘတ်သဖြင့် အန္တရာယ်ရှိသောကြောင့် ဖြစ်သည်။

ထွန်းအေးမှာ ရေငုပ်ကိရိယာ အကူအညီမပါဘဲနှင့် အချိန်ကြာမြင့်စွာ ရေအောက်တွင် ငုပ်နိုင်သဖြင့် သည်ဘက်ဘမ်းမှနေ၍ ဟိုဘက်ကမ်းထိအောင် မနားမနေ စမ်းကြည့်နိုင်လသည်။

ရေမှာ ကြည်လင်အေးမြသော်လည်း တူးတူးခါးခါး ငန်သဖြင့် ပါးစပ်တွင်းသို့ အမှတ်တမဲ့ငင်လာသော ဆားငန်ရေများကို မကြာခဏ ထွေးထုတ်ပစ်ရလေသည်။ စိတ်ချလောက်တော့မှ လှေပေါ်ပြန်တက်လာသည်။ ချောင်းဖျားဘက်မှ ရေများ ပြန်စီးထွက်လာချေပြီ။

ထွန်းအေးသည် ကပျာကယာပင် ပုဆိုးရေစိုကို လဲ၍ လှေကို ယင်းတိုင်များတွင် ကန့်လန့်ချည်ထားလိုက်သည်။ ဤသို့ ပြုလုပ်ရခြင်းမှာ ရေပြည့်ချိန်တွင် ယင်းလိပ်မှာ ရေပေါ်သို့ တစ်တောင်နှစ်တောင်မျှသာ ပေါ်ကျန်သဖြင့် ရေချိုအရပ်တွင် ငါးပတ်၊ ရေငန်အရပ်တွင် ကဘီလူးကဲ့သို့ အခုန်မြင့်သော ငါးမျိုးနှင့်တွေ့လျှင် လှေထဲသို့ကျစေရန် ဖြစ်သည်။

ရေစီးအားမှာ တစ်စတစ်စ အရှိန်မြန်လာရာ ချောင်းဖျားဘက်မှ သစ်ရွက်သစ်ခက်များသည် ယင်းခြေသို့ လာကပ်သောကြောင့် ဖယ်ထုတ်ပစ်ရသည်။ သို့မှ မလုပ်လျှင် ယင်းထွက်ပေါက်မရဘဲ ယင်း လဲသွားနိုင်လေသည်။

ထွန်းအေးသည် တိုင်များကိုကိုင်ထားရင်း ငါး၊ ပုစွ တိုးမတိုး စမ်းကြည့်နေရင်းမှ ရင်ခုန်နေမိသည်။ ချောင်းဖျား ဘက်တွင် ဘယ်လိုသတ္တဝါမျိုးဝင်နေမည်ကို ဘယ်လိုမှ အတ မပြောနိုင်ပေ။

အကယ်၍ ကြီးမားသော ငါးကြီးများ၊ မိကျောင်းများ ဝင်နေမိပါက ရေကျသောအခါ ချောင်းဝပြန်ထွက်လာထ ချောင်းပိတ်ထားသည်နှင့်ကြုံနေလျှင် ပြင်းထန်စွာ ဝင်ရော တိုက်ခိုက်တတ်သဖြင့် ချောင်းပိတ်သူတိုင်း ရင်ခုန်ရသည်မှာ မဆန်းပေ။

တစ်စတစ်စနှင့် ရေနှစ်တောင်ခန့် ကျသွားသည်အထ ထူးထူးခြားခြားမဖြစ်သဖြင့် အတန်ငယ် စိတ်အေးသွားသည် ချောင်းတွင်းမှ ခုန်ထွက်လာ၍ ယင်းထိပ်ကိုကျော်ပြီး လှေဝမ်း ထဲရောက်နေသော ကဘီလူးတစ်ကောင်နှစ်ကောင် ခုန်နေ သာ ကြားနေရသည်။

ယင်းထိပ်သုံးတောင်မျှပေါ်သွားသည်နှင့် လှေကို တ လန့်မထားတော့ဘဲ အလျားလိုက်ပြန်ထားကာ လှေဝမ်းထ ဝင်၍ အချမ်းသက်သာစေရန်အတွက် ဆေးပတ်လိပ်တစ်လိ ကို မီးညှိဖွာသောက်နေသည်။

ထွန်းအေးအဖို့ အလုပ်ထဲ စိတ်ဇောကပ်နေသဖြင့် ချမ်း အေးရမှန်းမသိသော်လည်း သာမန်အဖို့တွင် စောင်ခြုံထား





အချမ်းလုံသည်အထိ အေးနေသည်။

ဆေးပတ်လိပ်တစ်ဝက်မျှမကုန်မီ မိမိနာမည်ကို ခေါ်နေ သံကြားရသဖြင့် ကပျာကယာအပြင်သို့ထွက်ကာ နားစွင့်ကြည့် သည်။ ဦးသာဒွန်းအသံကြားမှ အမှန်တကယ် ခေါ်နေမှန်း သိရသဖြင့် ကပျာကယာ လှေကြိုးဖြုတ်၍ ခတ်ထွက်လာ သည်။

ရေစုန်နေသဖြင့် ခဏချင်းပင် ဦးသာဒွန်းရှိရာ သမဲ့ ချောင်းသို့ ရောက်လာလေသည်။

"ဦးလေးသာဒွန်း၊ ကျွန်တော့်ကို ခေါ်လား"

"အေးဟေ့၊ ဒီမှာ လာကြည့်ပါဦးဟ"

ဦးသာဒွန်း၏ အရေးတကြီး လှမ်းပြောသံကြောင့် ထွန်း အေး ပြုံးလိုက်မိသည်။

"ကေန္တ ငါးကြီးကြီးတစ်ကောင် မိနေပြီထင်တယ်"

အနားရောက်မှ သူ့အတွေးနှင့် တကတ်စင်အောင် လွဲနေမှန်း သိရတော့သည်။ အဘယ့်ကြောင့်ဆိုသော် ဦးသာ ဒွန်း ပိတ်ထားသော ယင်းမှ အလယ်တည့်တည့်လောက်တွင် ကြီးမားသော အပေါက်ကြီးတစ်ခု ဖြစ်နေသောကြောင့်တည်း။

"ဘယ်လိုဖြစ်တာလဲ ဦးလေးသာဒွန်း"

"ပြော မပြောချင်ပါဘူးကွာ၊ မင်းမြင်တဲ့အတိုင်းပါပဲ"

"ဘာကောင်ခွဲသွားတာလဲ၊ မြင်လိုက်သလား"

"သေသေချာချာတော့ မမြင်လိုက်ဘူးကွ၊ ရေကျဉ်းအထိ ဘာမှမထူးခြားဘဲ စောစောကမှ ချောင်းဖျားဘက်က မည်းမည်းသဏ္ဌာန်တစ်ကောင် ထိုးဆင်းလာပြီး ယင်းကို ခွဲထွက်သွားတာပါပဲကွာ၊ ရှိုးတိုးရိပ်တိပ်ပဲ တွေ့လိုက်ရတယ်"

ထွန်းအေးက ယင်းကွဲကြီးကို စိတ်မကောင်းစွာ ကြည့်ပြီး. .

"ကနော်နဲ့ပြန်ဆက်ကြည့်မလား ဦးလေးသာဒွန်း"

"မထူးတော့ပါဘူးကွာ၊ ဒီလောက်ကြာမှတော့ ဘော့ချောင်းထဲရှိတဲ့ ငါးကြီးငါးကောင်းတွေ ထွက်ကုန်လောက်ရောပေါ့"

ဦးသာဒွန်း၏ စိတ်ပျက်အားလျော့သံကြောင့် ထွန်းအေးပါ စိတ်ညစ်သွားမိသည်။

နှစ်ယောက်သား စကားဆက်မပြောကြတော့ဘဲ ယင်းများ၊ တိုင်များ၊ တန်းများ ဖြုတ်နုတ် သိမ်းဆည်းလိုက်ကြလေသည်။

"စိတ်မပျက်ပါနဲ့ ဦးလေးသာဒွန်းရာ၊ မနက်ဖြန်ညကျတော့ ထပ်ပိတ်ကြသေးတာပေါ့"

"စိတ်မပျက်ပါဘူး၊ ဒါပေမယ့် ဘာကောင်မှန်း သဲသဲကွဲကွဲ မသိလိုက်လို့ တော်တော်ခက်တယ်"

"ကသပေါင်း မဖြစ်နိုင်ဘူးလား"





"မဖြစ်နိုင်ဘူးကွ၊ ကွဲသွားတာက သတ္တဝါတစ်ကောင်ကောင်လက်နဲ့ ဆွဲဖြဲသွားတာမျိုးကွ"

"ဒါဆိုရင် မိကျောင်းဖြစ်မှာပဲ"

"အေး. . ဖြစ်နိုင်တယ်၊ ဒီမိန်းမလှကျွန်းတစ်ကြောမှာ ခုတလော မိကျောင်း သိပ်ပေါနေတယ်၊ ကဲ. . မိုးလင်းခါနီးပြီ၊ မင်းချောင်း သွားကြစို့"

"မနက်ကျတော့ ကျွန်တော့်ဆီက တစ်ဝက်ယူပေါ့ဗျာ"

"လုပ်မနေစမ်းပါနဲ့ကွာ"

"ဘယ်ဟုတ်မလဲ၊ အတူတူလာတဲ့လူချင်း တစ်ယောက်အဆင်မပြေရင် တစ်ယောက်ကူညီရမှာပေါ့"

နှစ်ယောက်သား စကားတပြောပြောနှင့် လဗတပင်ချောင်းဝမှ ခတ်ထွက်လာကြသည်။

× × × × ×

[ ၄ ]

မိုးလင်းသည်နှင့် ရေစစ်သွားချေပြီ။ သမဲ့ချောင်းမှ ငါးပုစွန်များကိုဖမ်း၍ ချောင်းဝသို့ထွက်ကာ ရွှံသဘော်သို့ မြို့ပေါက်ဈေးဖြင့် ပေးသွင်းလေသည်။

စားစရိတ် အလုံအလောက်ပါကြသဖြင့် နောက်ထပ်စရိတ်မှာစရာမလိုတော့သောကြောင့် ငါးပုစွန်ဖိုးများကို တစ်ခါတည်း ရှင်းယူလာလေသည်။

ထွန်းအေးက ဦးသာဒွန်းအား ရသည့်ငွေကို တစ်ဝက်ခွဲပေးသော်လည်း မယူပေ။

"ထားလိုက်စမ်းပါ ထွန်းအေးရာ၊ တစ်ည အဆင်မပြေတာနဲ့ ဘာမှဖြစ်မသွားပါဘူး၊ နောက်ညတွေ ကျန်ပါသေးတယ်ကွ၊ ဒါပေမယ့် ဒီတစ်ခါတော့ ပေါ့လို့မဖြစ်ဘူးဟေ့၊ ယင်းတွေကို အကျအန ပြန်ကျစ်ရမယ်"

"ဘာကြိုးနဲ့ကျစ်မလဲ ဦးလေးသာဒွန်း"

"အခု ယင်းမှာရှိတဲ့ အုန်းဆံကြိုးတွေကို အကုန်ဖြတ်ပစ်ပြီး ဒမင်းနွယ်ကြိုးနဲ့ ပြန်ကျစ်မယ်"

"သိပ်ပင်ပန်းမယ်ထင်တယ်"

"ပင်ပန်းပစေကွာ၊ သူ့အသက်ကို လိုချင်မှတော့ ကိုယ့်အသက်တစ်ဝက် ပေးရတော့ရော ဘာအရေးလဲ၊ ကဲ. . ပြောနေ ကြာတယ်၊ လာ. . တောပေါ်သွားပြီး ဒမင်းနွယ်ကြိုး ခုတ်ရအောင်"

လှေများကို ကမ်းဘေးတွင်ဆိုက်ထားပြီး ဓားမ တစ်ယောက်တစ်ချောင်းနှင့် တောထဲ ဝင်ခဲ့ကြသည်။

ပိုးလောင်းများမှာ သူတို့သွားရာနောက်သို့ အုပ်လိုက်





ာဖွဲ့ဖွဲ့လိုက်ကိုက်နေသဖြင့် သစ်ကိုင်းများချိုး၍ တဖြန်းဖြန်း
က်ထုတ်ပစ်ရလေသည်။

ဒမင်းနွယ်ကြိုး ရှာရသည်မှာ မလွယ်ကူပေ။ အစိုပင်
ာရသည်ထက် အခြောက်ပင် ရှာရသည်က ပို၍ခက်၏။
အခြောက်ပင်ဆိုသည်မှာ ထင်းခုတ်သမားများ ဓားချက်မိ၍
င်ခြေပြတ်ကာ ရက်အတန်ကြာသော် ခြောက်သွေ့သွားခြင်း
ဖြစ်ပေသည်။ ၎င်းအခြောက်ပင်များကိုရှာ၍ အရွက်ခြောက်
ာမြစ်များကို ဖယ်၍ ရေစိမ်ရသည်။

အတန်ကြာအောင်စိမ်လျှင် ပျော့လာလေသည်။ ထို
သာအခါတွင် ကြိုးအဖြစ်သုံး၍ ရပေပြီ။

ကြိုးများ အဆင်သင့်ရသောအခါတွင် မြေပြင်ညီသော
ေနရာ၌ ရှင်းလင်းပြီးမှ ယင်းကျစ်လေသည်။ ကမ်းစပ်နှင့်နီး
သော နေရာဖြစ်သဖြင့် ပိုးလောင်းများ တဖွဲ့ဖွဲ့လာကိုက်နေရာ
လုပ်မဖြောင့်သဖြင့် ဘေးနားတွင် မီးဖို၍ မီးခိုးငွေ့ လွှတ်
းမှ သက်သာရာရသွားသည်။

ထွန်းအေးကပါ ဝိုင်းကူကျစ်ပေးသဖြင့် ဦးသာဒွန်းက
ျင်းစေရန် ပုံပြင်တစ်ခု ပြောပြလေသည်။

"ဒမင်းနွယ်ကြိုးနဲ့ပတ်သက်ပြီးတော့တောင် ပုံပြင်တစ်ခု
ာယ်ကွ၊ ဦးလေး ပြောပြမယ် နားထောင်၊ တစ်ခါတုန်းက
လုပ်သားတစ်ယောက်ဟာ ချောင်းတစ်ချောင်း ပိတ်သတဲ့၊

အဲဒီမှာတင် ချောင်းထဲမှာ အပိတ်ခံရတဲ့ ငါးပုစွန်တွေ အသက်ဘေးကျရောက်လာတာနဲ့ ကြောက်ရွံ့ထိတ်လန့် ကုန်ကြတယ်၊ ပုစွန်ထုပ်ကြီးတွေဆို ရင်ဘတ်စည်တီး ငို သတဲ့ကွ၊ အဲဒါနဲ့ ချောင်းဖျားက အစာရှာဖွေစားပြီး အေး ဆေးဆေးဆင်းလာတဲ့ ကသပေါင်းငါးကြီးက မြင်တော့ အ အကြောင်းမေးတာနဲ့ အားလုံးက ဝိုင်းပြောပြတော့ 'ဘာမှမ နဲ့၊ ငါကူညီမယ်၊ ပိတ်ထားတဲ့ ယင်း ဘာကြီးနဲ့ ကျစ်ထားသ သွားကြည့်' လို့ ဆိုတော့ ခြေမြန်လက်မြန်ရှိတဲ့ ကဘီလူးငါး ပြေးကြည့်တယ်။

ခဏချင်းပဲ ပြန်လာပြီး အုန်းဆံကြိုးနဲ့ ကျစ်ထား ယင်းတွေပါလို့ပြောတော့ ကသပေါင်းငါးကြီးက အားရပါး ရယ်ပြီး 'ဘာမှမပူကြနဲ့၊ စားမြဲတိုင်းစား၊ နေမြဲတိုင်း နေ ငါ လွတ်အောင်ကူညီမယ်' လို့ တာဝန်ခံသတဲ့ကွ၊ ဒါနဲ့ပဲ ငါး ပုစွန်တွေဟာ ဟုတ်မှဟုတ်ပါ့မလားလို့စိတ်ပူကြသေးတာ

ကသပေါင်းငါးကြီးက သိတယ်၊ ဒါကြောင့် အချိန် မနေတော့ဘဲ ချက်ချင်း ယင်းခြေကိုသွားပြီး သူ့ပါးဟက် ရှိတဲ့ သင်ခုန်းဓားလို ထက်လှတဲ့ မေးရိုးကြီးတွေနဲ့ ထိုးခွဲ လိုက်တာ ကြီးမားတဲ့အပေါက်ကြီးတစ်ခု အလွယ်တကူပဲ ဖြ သွားသတဲ့ကွ၊ ငါး ပုစွန်တွေလဲ ဝမ်းသာအားရပဲ ထွက်ပြေ ကြတော့တာပေါ့ကွာ၊ ကသပေါင်းငါးကြီးကိုလဲ ကျေးဇူးတ





ထင်ကြီးကုန်ကြတာပေါ့၊ ဒါကြောင့် ကသပေါင်းငါးကြီး ဝင် တဲ့ ချောင်းမှန်သမျှ နောက်ကလိုက်ပြီး ရဲရဲဝံ့ဝံ့ပဲ အစာစားကြ သတဲ့၊ ဒါနဲ့ပဲ နောက်တစ်ကြိမ်မှာတော့ သူတို့အားလုံး ချောင်း အပိတ်ခံရပြန်ပါရော။

ဒါနဲ့ ငါး ပုစွန်တွေဟာလဲ ကသပေါင်းကြီးထံ သွားပြီး အကြောင်းကြားပြန်တော့ ခါတိုင်းလိုပဲ သွားကြည့်ခိုင်းတယ်၊ ကဘီလူးငါးကပဲ သွားကြည့်ပြီး ပြန်ပြောတယ်၊ ဒီတစ်ခါတော့ အရင်တစ်ခါလို အုန်းဆံကြိုးနဲ့ မကျစ်ထားဘဲ ဒမင်းနွယ်ကြိုး ဲ့ ကျစ်ထားတာပါလို့ဆိုတော့ ကသပေါင်းငါးကြီး လန့်သွား တယ်၊ ဒီကြိုးကို တစ်ခါမှ မသိပါဘူးဆိုပြီး သွားကြည့်ကြတယ်။

အနားရောက်တော့ အုန်းဆံကြိုးလောက်ပဲ ရှိတာမို့ ကြောက်စရာမလိုဘူးဆိုပြီး ထိုးခွဲလိုက်တာ တစ်ကြိမ်ကနေ စ်ကြိမ်၊ နှစ်ကြိမ်ကနေ သုံးကြိမ်၊ အကြိမ်ပေါင်းများစွာ ခွဲပေ ယ့် သူ့ပါးဟက်သွားတွေဟာ ပွဲထွက်ကုန်ရော၊ ယင်းကတော့ လှုပ်တောင် မလှုပ်တဲ့အတွက် သူပါ အားလျှော့လိုက်ပြီး ဒီ တစ်ခါတော့ 'ငါပါ သေပါပြီကွ' ဆိုပြီး ချုန်းပွဲချ ငိုကြွေးတော့ သတဲ့။

အဲဒီကစပြီး ကကတစ်၊ ကသပေါင်းပါးဟပ်မှာရှိတဲ့ သွားတွေ လွှစွယ်လို မညီမညာဖြစ်ခဲ့တာလို့ ပုံထဲမှာ ဖတ်ဖူး တယ်ကွ၊ ဒမင်းနွယ်ကြိုး ခိုင်တဲ့အကြောင်းကတော့ ဒီလို စာ

'တင်ခံရတာ မောင်ရဲ့"

ဦးသာဒွန်းက ဒမင်းနွယ်ကြီးခိုင်ကြောင်းကို ပုံတိုပတ်စနှင့် မနားတမ်း ပြောပြလိုက်ရသဖြင့် မောသွားဟန်နှင့် ယင်းကျစ်နေရာမှ ဆေးပတ်လိပ် မီးညှိ၍ ဖွာသောက်နေသည်။ ထွန်းအေးမှာလည်း အပျင်းလည်းပြေ၊ ဗဟုသုတလည်း ရသဖြင့် စိတ်ပါလက်ပါ ဆက်ကျစ်နေရာ မိုးချုပ်ခါနီးတွင် ဦးသာဒွန်း ယင်းချပ်ကြီး ပြီးသွားလေသည်။

"ဒီညတော့ တွေ့ကြရောပေါ့ကွာ"

"ဦးလေးသာဒွန်းက နောက်တစ်ကြိမ် ခပ်ကြမ်းကြမ်းပွဲမျိုးလေး တွေ့ချင်သေးတယ်ပေါ့"

"သိတ်ဟုတ်တာပေါ့ကွာ၊ စိတ်မကျေပွဲလေးတော့ နွှဲချင်ပါသေးတယ် ထွန်းအေးရာ"

"တော်ကြာမှ မနိုင်မနင်းဖြစ်နေမှ"

"ရပါတယ်ကွာ၊ ရေသတ္တဝါ ကုန်းပေါ်တင်ကျန်နေခဲ့လို့မှ လူက မနိုင်ဘူးဆိုရင် ရာဇဝင်ရိုင်းသွားမှာပေါ့၊ ကဲ မနေ့က တို့ပိတ်ပြီးတဲ့ချောင်းတွေကတော့ ဒီည ပြန်ပိတ်လို့ မရတော့ဘူး၊ ဒါကြောင့် သူ့အောက်နားက လမုချောင်းမှာ ပိတ်မယ်၊ မင်းရော. . "

"ကျွန်တော်လဲ မျက်စောင်းထိုး ကမ္ဘလာချောင်းလေးပဲ ဝင်ပိတ်မယ်၊ သိပ်မရချင်နေပါစေ၊ ဦးလေးသာဒွန်း အကြောင်း





သို့ ကူညီနိုင်ရင် ပြီးတာပါပဲ"

"အေးကွာ. . မင်းရဲ့ လုပ်ဖော်ကိုင်ဖက်ပေါ် ထားတဲ့ တနာကိုတော့ ငါ သိပ်လေးစားသွားပြီ၊ ကဲ. . အချိန်မရှိဘူး၊ သွားကြစို့"

လှေနှစ်စင်းယှဉ်၍ လမုချောင်းဘက်သို့ ခတ်လာကြသည်။

× × × × ×

[ ၁ ]

ရေပြည့်သွား၍ ယင်းဆွဲပိတ်ပြီးသည်နှင့် ဦးသာဒွန်း င်တွေခုန်နေသည်။ သတိထားလျက်နှင့်ပင် မကြာခဏ ယင်း ၌သို့ လှမ်းကြည့်နေမိသည်။

ရေပြန်လှန်သည်နှင့် ယင်းကို လာတိုးမိသော ငါးနုပ် းဖွဲ့လေးများ ခုန်လာသည်ကို တွေ့ရသည်။ ရေတစ်မိုက်ခန့် သွားသည်နှင့် ငါးအကောင်ကြီးများ ဝင်တိုးသံ၊ ပြန်လှန် က်သွားသံများ ကြားရသည်။

ငါးများသည် ရေတက်ဦးတွင်မြူ၍ ချောင်းဖျားဘက်ဆီ ဝင်ကာ အစားအစာများ ရှာဖွေစားသောက်ပြီး၍ ပြန်ထွက် ကြသောအခါ မိမိတို့ထွက်လမ်းကို ပိတ်ဆို့ထားခြင်း ခံရ ဖြင့် ဒေါသကြီးစွာ တဝုန်းဝုန်း ဝင်တိုးကြလေသည်။

'အဟင်းဟင်း. . တိုးကြစမ်းကွ၊ ခေါင်းတွေသာ ငြေ ထွက်ကုန်မယ်၊ ငါ့ယင်းတွေတော့ ကွဲမှာမဟုတ်ဘူးဟေ့'

ဦးသာဒွန်းက ယင်းတိုင်တစ်ခုအားကိုင်၍ ကျေနပ်စွာ ကြုံးဝါးလိုက်သည်။

တဖြည်းဖြည်းနှင့် ညဉ့်နက်လာပြီဖြစ်ရာ ရေမှာ သုံးပုံ တစ်ပုံခန့် လျော့ကျသွားပေပြီ။ ယခုအထိ အခြေအနေ မည် သို့မျှ မထူးခြားသေးသဖြင့် ဦးသာဒွန်း စိတ်ပျက်ချင်လာပြီ။

သို့သော် ရေစစ်ဖို့ လိုပေသေးရာ အတပ်မပြောနိုင် သေးသဖြင့် စိတ်ရှည်ရှည်နှင့် စောင့်ရပေမည်။

မကြာပါချေ။ ရေပေါ်တွင် ခပ်မည်းမည်းသဏ္ဍာန်တစ်ခု ကူးဆင်းလာသည်ကို မှုန်ဖျဖျ လရောင်ရိပ်ကြောင့် တွေ့လိုက် ရလေသည်။ ထိုမည်းမည်းသဏ္ဍာန်မှာ အတော်ပင် ကြီးမား လှပေရာ ဦးသာဒွန်း နောက်သို့ဆုတ်၍ လှေဝမ်းထဲမှ မှိန်းကို ယူလိုက်သည်။

ရေအောက်မှ သတ္တဝါသည် ယင်းခြေသို့ရောက်သော အခါ အခြေအနေကြည့်ဟန်ဖြင့် ငြိမ်သွားလေသည်။ ဦးသာ ဒွန်းကလည်း မှိန်းကိုအသင့်ကိုင်ကာ မျက်ခြည်မပြတ် ကြည့် နေလေသည်။

ခပ်လှမ်းလှမ်းမှသာ သူကြည့်ဝံ့လေသည်။ အနားသွား လျှင် အကယ်၍ မိကျောင်းဖြစ်နေခဲ့သော် အမြီးနှင့် ရိုက်ချ





သွားနိုင်လေသည်။

အတန်ကြာသည်အထိ ငြိမ်နေပြီးမှ ယင်းနှင့် ယင်းတိုင် များ သိမ့်ခနဲ လှုပ်ယမ်းသွားသည်။ ပထမ တစ်ချက်ချင်း တိုး ကြည့်သည်။ နောက် ပြင်းပြင်းထန်ထန်နှင့် ဆက်ခါဆက်ခါ တိုးလေတော့သည်။ ယင်းနှင့် တိုင်များမှာ သွက်သွက်ခါနေ တော့သည်။

'တိုးစမ်းကွ၊ ရေနည်းလာလေ ဒုက္ခရောက်လေပဲဟေ့'

ဦးသာဒွန်းမှာ မျှော်လင့်ထားသလို ဖြစ်လာသဖြင့် ဝမ်း သာ ကျေနပ်နေလေသည်။ သို့သော် ယင်းကွဲထွက်သွားမည် ကို စိုးရိမ်နေမိသည်။ ရေအောက်မှ သတ္တဝါသည် စိတ်ရှိလက်ရှိ တိုးကြည့်ပြီးမှ မရမှန်းသိသွား၍လော မပြောတတ်ပေ။ ငြိမ်ကျ သွားလေသည်။

'မောသွားပြီထင်တယ်'

ဦးသာဒွန်း ယင်းတိုင်များကို ကိုင်ကြည့်သော်လည်း နောက်ထပ် လှုပ်ရှားမှုမတွေ့ရသဖြင့် ယင်းများ ကွဲပြန်လေပြီ လားဟု စိုးရိမ်မိသေးသည်။ သို့သော် ရေပေါ် ပေါ်လာသည် အထိ အကောင်းပကတိအတိုင်း ရှိနေသဖြင့် စိတ်အေးသွား သည်။

တစ်စတစ်စနှင့် အရှေ့ဘက်မှ ရောင်နီဦးပင် သမ်းလာ ပေပြီ။ ချောင်းတွင်းမှာ ရေအတော်စစ်ကျသွားသဖြင့် ယင်း

အောက်ခြေတွင် ငါးပုစွန်များ စုပုံနေသည်ကို တွေ့ရ
သည်။

သို့သော် ညက ယင်းကို သိမ့်သိမ့်ခါအောင် တိုး
သည့် မည်းမည်းသတ္တဝါကို မတွေ့ရသဖြင့် သိပ်ပြီး မတော
ချင်။ ယင်းမှာ အကောင်းအတိုင်း တွေ့ရသဖြင့် လွတ်မ
မှန်း သိနေသည်။ မိုးလင်းသည်နှင့် ငါးခြင်းတောင်းကို
ပုစွန်နှင့် ငါးအသေးများကို အရင်ကောက်ထည့်သည်။
ငါးအကြီးများကို ကောက်သည်။

ကကတစ်၊ ကသပေါင်းနှင့် ပင်လယ်ငါးခူ၊ ငါး
စသော အန္တရာယ်ပေးနိုင်သည့် ငါးကြီးများကို ကောက်
ခါ လက်ချည်းသက်သက် ကောက်၍မရပေ။

ဒိုင်းဝန်း၊ ပေါက်စူး စသည်တို့နှင့် ဖမ်းရပေသည်။
လယ်ငါးခူ စူးမိလျှင် တစ်ရေတက် တစ်ရေကျ အဆိပ်တ
လေသကဲ့သို့ ကသပေါင်းပါးဟက်နှင့် ထိမိလျှင်လည်း တ
ခနဲ ကွဲသွားနိုင်လေသည်။

ယင်းအခြေမှ ငါး၊ ပုစွန်များ သိမ်းဆည်းပြီးချိန်တွ
ချောင်းဝသို့ ထွန်းအေး ရောက်လာလေသည်။

"အတော်ပဲဟေ့ ထွန်းအေး၊ အဲဒီမှာ လှေဆိုက်ပြီး မ
နဲ့ဓားပါ ယူလာခဲ့ဟေ့"

ထွန်းအေးက မဆိုင်းမတွပင် လှေကိုဆိုက်၍ မှိန်း





က်၊ ဓားတစ်ဖက်ကိုင်ကာ ခုန်ဆင်းလာသည်။ အနီးရောက်
သည်နှင့် ဦးသာဒွန်းက. .

"တို့နှစ်ယောက် ချောင်းဖျားဘက် လိုက်ကြရအောင်"

"လိုက်လေ၊ ညက ဘာထူးလို့လဲ"

"ရေဝက်ကျသာသာလောက်မှာ မည်းမည်းကြီး တစ်
ကောင်တော့ ယင်းကို အတော်လာတိုးသွားတယ်ကွ၊ ငါကလဲ
မျက်စိမသန်တော့ သဲသဲကွဲကွဲ မသိလိုက်ရဘူး၊ ဒါပေမယ့် ဒီ
အကောင် ချောင်းဖျားဘက်မှာ ခိုနေမှာ သေချာတယ်"

"ဦးလေးသာဒွန်းက ဘာကောင်လို့ ထင်သလဲ"

"ကသပေါင်းတော့ မဖြစ်နိုင်ဘူး၊ မိကျောင်း ဖြစ်ချင်ဖြစ်၊
မဖြစ်ရင်တော့ တခြားတစ်ကောင်ကောင် ဖြစ်မှာပဲ၊ ကဲ. .
သွားကြည့်မှ သိရမှာပဲ"

ဦးသာဒွန်း ဓားတစ်လက်၊ မှိန်းတစ်ချောင်း ယူကာ
နှစ်ယောက်သား ချောင်းရိုးအတိုင်း တက်ခဲ့ကြသည်။ ထိုသို့
လျှောက်နေရင်းမှပင် ဗျိုက်တောစပ် ငါးတန်ပိန်းတောစပ်များ
တွေ့လျှင် ရန်သူ၏လက်ဦးမှုကို ခံရတတ်သည်။

လမ်းတစ်လျှောက် တွေ့သမျှ အိုင်ငယ်များထဲတွင် ငါး
များ၊ ပုစွန်များကို တွေ့သော်လည်း မဖမ်းအားကြပေ။ ချောင်း
တစ်ဝက်ခန့် တက်လာမိလျှင် အတော်ကျယ်ဝန်းသော အိုင်
တစ်အိုင်ကို တွေ့ရလေသည်။ အိုင်ထဲရှိ ရေများ နောက်နေ

သဖြင့် အနားသိပ်မကပ်ဝံ့ဘဲ ခပ်ခွာခွာမှ အကဲခတ်နေကြ သည်။

"သတ္တဝါတစ်ကောင်ကောင် ဒီထဲမှာရှိမှာ သေချာတယ် ကွ"

"မဒမသားနဲ့ ထိုးကြည့်မလား"

"အေး အနီးကပ်ထိုးလို့ မဖြစ်ဘူး၊ အတွင်းက သတ္တဝါ တက်လိုက်လာရင် ဗွက်ထဲမှာ တို့ ပြေးလို့လွတ်မှာ မဟုတ်ဘူး ဒီတော့ အဝေးကနေ ပစ်ထိုးကြည့်မယ်"

"ကောင်းသားပဲ၊ ကဲ. . စကြစို့"

ကမ်းပေါ်တက်၍ အရှယ်တော် မဒမသားများကို အရွက်သပ် အဖျားဖြတ်၍ အရင်းကိုချွန်ကာ အတော်များများ ရအောင် စုပုံထားသည်။

အတော်ရတော့မှ တစ်ယောက်တစ်လက် အိုင်တွင်းသို့ ပစ်ထိုးချလေတော့သည်။ မဒမသားများသည် ပထမ တစ် ချောင်း နှစ်ချောင်း ဝင်သွားပြီးသည်နှင့် နောက် အချောင်းများ ဖြောင်းခနဲ ဖြောင်းခနဲမြည်ကာ အပိုင်းပိုင်း ပြတ်ထွက်ကုန်ပြီး အိုင်တွင်းမှ သတ္တဝါ ပေါ်လာလေသည်။

"ဟင်"

"ဟာ. . မိကျောင်းကြီးပါလား"

နှစ်ယောက်စလုံး အံ့ဩထိတ်လန့်သွားလေသည်။ အိုင်





အတွင်းမှ မိကျောင်းကြီးမှာ မဒမသားချွန် ထိုးချက်ကြောင့် နာကျင်ဒေါသထွက်နေသဖြင့် ရန်သူအား သဲသဲမဲမဲ ရှာဖွေနေ လေသည်။

သူတို့နှင့် အတန်ငယ်ဝေးနေ၍သာ တော်သေးသည်။ သို့မဟုတ်လျှင် အတင်းတက်ဆွဲမည်လား မသိပေ။

"တို့ ဘာဆက်လုပ်မလဲ ထွန်းအေး"

"ခုမှတော့ မထူးဘူး၊ မဒမသားတွေ၊ လမုဖော့တွေ ရသမျှ ခုတ်ပြီး ရအောင်ဖမ်းယူမယ်၊ ဒီတစ်ကောင်ရရင် မနည်း ဘူး"

နှစ်ယောက်သား တက်ညီလက်ညီပင် တစ်ယောက်က မဒမသားများကို ခုတ်၍ အဖျားချွန်သည်။ တစ်ယောက်က လမုလဗဖော့များကို အရွယ်အစားအမျိုးမျိုး ခုတ်ယူလာလေ သည်။

မကြာမီ သူတို့လိုအပ်သမျှပစ္စည်းများ အတော်ရသဖြင့် တိုက်ပွဲစရန် အရှိန်ယူကြပြီ။ ရေထဲမှ သတ္တဝါကလည်း အစွမ်း ကုန် ပါးစပ်ကြီးဖြဲကာ သူတို့ရှိရာသို့ ခေါင်းလှည့်လာချေပြီ။

"မင်းက မဒမသားချွန်နဲ့ထိုး၊ ငါက ပါးစပ်ထဲ ဖော့တွေ ဝင်အောင် ပစ်သွင်းမယ်၊ ပါးစပ်ဟလို့မရရင် အမြီးရိုက်ချက် လောက်တော့ မှုစရာမလိုဘူး၊ ကဲ. . စမယ်"

ထွန်းအေးက မဒမသားအချွန်များနဲ့ ပစ်ထိုးလေသည်။

ဒုတ်ခနဲ ဒုတ်ခနဲမြည်သံနှင့်အတူ မိကျောင်းကြီးမှာ ပိုမို ဒေါသ ဖြစ်လာဟန်ဖြင့် ဝင်လာသမျှ မဒမသားတွေကို အမြီးနှင့် ရိုက် ထုတ်ပစ်လေသည်။

အမြီးရိုက်ချက်ထိသည့် မဒမသားများသည် ဖြောင်းခနဲ ကျိုးထွက်ကုန်ပြီး အပိုင်းအစများပင် သူတို့ထံသို့ အရှိန်ပြင်း စွာဖြင့် ပြန်လွင့်လာသောကြောင့် လွတ်အောင် မနည်းရှောင် ရလေသည်။

ဦးသာဒွန်းကလည်း ရသမျှအခွင့်အရေးကို လက်လွှတ် မပေးဘဲ ဖော့လုံးများဖြင့် ပစ်သွင်းလေရာ ဖောင်းခနဲ ဖောင်း ခနဲဝါးပစ်လေသည်။ ဦးသာဒွန်းမှာ သူတို့အကြံအစည် အောင် မှ အောင်ပါတော့မလားဟု တွေးတောပူပန်မိသဖြင့် ထွန်းအေး ထံသို့ အကြံတောင်းသည့်သဘောဖြင့် လှည့်ကြည့်သည်။

"တစ်လုံးချင်းမပစ်နဲ့၊ တစ်လုံးပြီးတစ်လုံး ဆက်တိုက် ပစ်သွင်း၊ ဒါမှ ပထမတစ်လုံးကို ကိုက်ပစ်လို့ အရှိန်သေသွား တဲ့ ပါးစပ် နောက်တစ်လုံးနဲ့ထိပြီး ညပ်သွားမှာပေါ့"

ထွန်းအေးက လှမ်းပြောတော့မှ ဦးသာဒွန်း သဘော ပေါက်သွားကာ ပေါင်လုံးခန့် အရွယ်တော် လမုဖော့ကြီးနှစ်လုံး ကို လက်တစ်ဖက်စီတွင် အသင့်ကိုင်ကာ နီးနိုင်သမျှ နီးအောင် တိုးဆင်းသွားသည်။

"ဦးလေးသာဒွန်း အတင့်မရဲနဲ့နော်"





မိကျောင်းကြီးက လူရိပ်တွေ့သဖြင့် ရန်မူရန်အတွက် ပါးစပ်ကြီးကို အစွမ်းကုန်ဖြဲလျက် လှည့်လာလေရာ ဦးသာဒွန်း သည် ရသမျှအခွင့်အရေးကို လက်လွှတ်မပေးဘဲ ဖော့ကြီး နှစ်လုံးကို ရှေ့ဆင့်နောက်ဆင့် ဆက်တိုက်ပစ်သွင်းလိုက်လေ သည်။

"ဖောင်း. ."

ပထမတစ်လုံးကို အပိုင်းပိုင်းပြတ်အောင် ကိုက်ဖြတ်ပစ် နိုင်သော်လည်း နောက်တစ်လုံးကိုမူ ကိုက်ဖြတ်နိုင်စွမ်း မရှိ သဖြင့် ပါးစပ်နှစ်ခု ဟမရအောင် ညပ်သွားတော့သည်။

"ဟား. . အောင်ပြီကွ၊ လာ အနားဆင်းမယ်"

သူတို့နှစ်ယောက်ဆင်းလာသည်ကို မြင်သည်နှင့် ပါးစပ် အားကိုးမရသော မိကျောင်းကြီးမှာ အမြီးနှင့် တဝှီးဝှီး လှည့် ရိုက်လေသည်။ အိုင်အတွင်းမှရေများမှာ မိကျောင်းကြီး လှုပ် ရှားမှုကြောင့် နောက်ကျိနေလေသည်။ နှစ်ယောက်သား ရုတ် တရက် အနားကပ်ဖို့မလွယ်သဖြင့် ထွန်းအေးက. .

"အချိန်မရှိတော့ဘူး ဦးလေးသာဒွန်း၊ ကျွန်တော်တို့ စွန့်မှဖြစ်မယ်"

"ဘယ်လိုဝင်ကြမလဲ"

"သူ့ရဲ့မြီးဒူးကို ဓားနဲ့ခုတ်နိုင်ရင် ကြောက်စရာ မလို တော့ဘူး၊ ဦးလေးသာဒွန်း ရှေ့ကဝင်၊ ကျွန်တော်က ဓားနဲ့

ဝင်ခုတ်မယ်"

"မင်းဝင်တဲ့အခါမှာ သတိထားနေ၊ မိကျောင်းကွေ့ထဲက မဝင်နဲ့၊ အမြီးရိုက်အားလွတ်တဲ့ ကွေ့အပင်က လှည့်ဝင်"

"အင်းပါ"

ဦးသာဒွန်းက အရင်ပင် မိုက်မိုက်ကန်းကန်း ဇွတ်တိုးဝင်သွားရာ ပါးစပ်ဖြင့်ကိုက်ရန် မတတ်နိုင်သည့် မိကျောင်းကြီးမှာ အမြီးဖြင့် ရိုက်ပစ်ရန် လှည့်လိုက်သည်နှင့် ထွန်းအေးက ခုန်ဝင်သွားကာ မြီးဒူးနေရာကိုမှန်း၍ ဓားနှင့် တအားခုတ်သည်။

ဒုတ်ခနဲ မြည်သံနှင့်အတူ နီရဲသောသွေးများ ဖြာဆင်းလာလေသည်။ မိကျောင်းကြီးမှာ အလွန်နာကျင်သွားဟန်ဖြင့် နောက်တစ်ချက် ခုတ်ရန် ပြင်နေသော ထွန်းအေးလက်ကို အမြီးဖြင့် ရိုက်ချလိုက်လေသည်။

"ဖောင်း"

"အား"

ထွန်းအေး သည်မျှသာအော်နိုင်ပြီး ဓားရော လူပါ စဉ်ထွက်သွားလေသည်။ ဦးသာဒွန်းမှာ ထွန်းအေးအဖြစ်ကို မြင်သည်နှင့် ဒေါသကြီးစွာ မိကျောင်းကြီးခေါင်းပေါ်သို့ ခုန်ဆင်းကာ ဓားဖြင့် တအားခုတ်လေတော့သည်။

ထွန်းအေးမှာလည်း ညာဘက်လက်တစ်ဖက် လုံးဝ လှုပ်





ရှား၍ မရတော့အောင် နာကျင်နေသည့်ကြားမှ အားတင်းကာ ကျန်တစ်ဖက်ဖြင့် ဓားကိုပြန်ကောက်ကာ ဝင်ရောက်တိုက်ခိုက်သဖြင့် မိကျောင်းတစ်ကောင်နှင့် လူနှစ်ယောက်တို့ ရေနည်းအိုင်အတွင်းတိုက်ပွဲမှာ ပြင်းထန်လှလေတော့သည်။

တစ်စတစ်စနှင့် ချောင်းတွင်းသို့ ရေများ ဝင်လာလေပြီ။ မိကျောင်းကြီးမှာ ပါးစပ်ကလည်း မဟနိုင်၊ သူ အားထားသော အမြီးကို ဓားနှင့်ခုတ်ခြင်း ခံထားရသဖြင့် အတန်ကြာသောအခါ မလှုပ်နိုင်တော့ပေ။

ထွန်းအေးနှင့် ဦးသာဒွန်းမှာလည်း မနားအားဘဲ နွယ်ကြိုးများကိုရှာ၍ မိကျောင်းကြီးကို မလှုပ်နိုင်အောင်တုပ်ပြီး ဆွဲထုတ်လာခဲ့လေသည်။

ထွန်းအေး လှေပေါ်သို့ မိကျောင်းကြီးအား တင်ပြီးမှ ထွန်းအေးလက်ကို ဂရုစိုက်ကြည့်ကြသောအခါ ညာလက်ဖျံသွင်သွင်ကျိုးသွားသည်ကို တွေ့ရသဖြင့် သစ်သားတစ်ခုနှင့် ပိုးကာ ပုဆိုးစုတ်နှင့် တင်းတင်းဆွဲချည်ပေးလိုက်သည်။

ထွန်းအေးမှာ စောစောက သွေးပူနေစဉ်က ဘာမျှမဖြစ်သော်လည်း သွေးအေးသွားသည်နှင့် တစစ်စစ် နာလာသဖြင့် လှေမခတ်နိုင်တော့သောကြောင့် ဦးသာဒွန်းကပင်လှေနှစ်စင်းတွဲလျက် ခတ်ရတော့သည်။

"ဒီအကောင်ကြီးကို ဘယ်လိုလုပ်မလဲ ဦးလေးသာဒွန်း"

"ဖောင်ဝင်မြစ်ရိုးမှာ ရေပိုင်တာဝန်ကျတဲ့ ကိုလှမောင်တို့ ဆီ ပေးသွင်းမယ်လေ၊ သူ့အတွက်လဲ အကောင်ရေတိုး၊ တို့ အတွက်လဲ ငွေအများကြီး ရမှာပေါ့ကွာ၊ မြို့ရောက်ရင် မင်း လက်က ဒဏ်ရာဆေးကုဖို့က အရေးကြီးတယ်ကွ"


"ဒဏ်ရာအတွက် ကျွန်တော် မပူပါဘူး၊ ကိုယ့်ထက် အင်အားသာတဲ့ ရန်သူကို ကျွန်တော်တို့နှစ်ယောက် တက်ညီ လက်ညီ တိုက်ခိုက်ကြလို့ အောင်မြင်တာကိုပဲ ကျွန်တော် ဝမ်းသာလို့မဆုံးပါဘူး ဦးလေးသာဒွန်းရယ်"

"အေး . . တို့ရဲ့စွန့်စားကြိုးပမ်းမှုဟာ ဒီကြောင်ထောက် ရေကျော်တစ်ကြောမှာ ဘဝတူရေလုပ်သားတွေကို အန္တရာယ် ပေးနေတဲ့ သတ္တဝါတစ်ကောင် လျော့သွားတာကိုပဲ ငါတော့ ကျေနပ်လှပါပြီကွာ"

လူနှစ်ယောက်နှင့် မိကျောင်းတစ်ကောင်ပါသော လှေ နှစ်စင်းသည် ကြောင်ထောက်ရေကျော်မှ ထွက်ကာ ရေစုန် အတိုင်း တရွေ့ရွေ့ စုန်ဆင်းလာသည်ကို တွေ့ရလေတော့ သတည်း။

ငွေတာရီမဂ္ဂဇင်း
မတ်လ၊ ၁၉၈၃





# ခါကာဘိုရာဇီတောင်ပေါ်မှ အသက်လုပွဲ

[ ၁ ]

ရှေ့သို့ ခြေတစ်လှမ်း လှမ်းလိုက်တိုင်း နှင်းခဲများတ ခြေခုံအထိ နစ်မြုပ်သွားသည်။

ထင်းရှူးပင်များပေါ်မှ တဖြောက်ဖြောက် ကျဆင်းနေ သော နှင်းစက်များမှာ မိုးမှုန်မိုးစက်များသဖွယ် ပတ်ဝန်းကျင် တစ်ဝိုက် မှုန်ဝါးနေသည်။

ဒူးလေးကိုထမ်း၍ ရှေ့သို့ တစ်လှမ်းချင်း လျှောက်နေ သော နော်စောထီးသည် မိမိခြေသံများ၊ နှင်းစက်ကျသံများ နှင့် ရောထွေးလျက် အခြားခြေသံတစ်သံကိုပါ သတိပြုမိသည်။





သူသည် ဝါရင့်မုဆိုးတစ်ဦး ဖြစ်သောကြောင့် ခြေသံကို းစွင့်မိရုံနှင့် မည်သည့်သတ္တဝါမျိုး ဖြစ်မည်ကို ခန့်မှန်းနိုင် ည်။

သို့သော် ယခု နောက်ဘက်မှ ကြားနေရသော ခြေသံ ခြေလေးချောင်းသတ္တဝါတစ်ကောင်၏ ခြေသံမျိုးမဟုတ်ဘဲ တစ်ယောက်၏ ခြေသံမျိုးဖြစ်သောကြောင့် အလွန် အံ့ဩ မိသည်။

'ငါ့နောက်ကို ဘယ်သူများ ခြေရာခံလိုက်နေတာလဲ၊ ယ်သူမှလဲ လိုက်စရာအကြောင်းမရှိပါဘူး၊ ရန်သူဆိုရင်တော့ ူးလေးက လူမရွေးဘူးပဲ'

ထိုသို့ မိမိစိတ်ကို မောင်းတင်ပြီး ခါကာဘိုရာဇီတောင် ာက် တစ်နေရာရှိ ဝါးတောဘက်သို့ ခရီးဆက်ခဲ့သည်။ ခုလို ဆောင်းအကုန် နွေအကူးအချိန်တွင် ဝါးတော၌ မျှစ်စို့ ါက်များ ထွက်လာလေ့ရှိပြီး ထိုမျှစ်စို့ပေါက်များကို အလွန် ကျ်သော ကတိုးကောင်များလည်း လာလေ့ရှိသည်။

ကတိုးဆိုသည်မှာ ဒရယ်မျိုးနွယ်ဝင်ဖြစ်ပြီး ရေခဲတောင် းပေါ်တွင် ကျက်စားလေ့ရှိသော ရှားပါးသတ္တဝါတစ်မျိုး ်သည်။

အရွယ်မှာ ပခုံးအမြင့် လက်မ ၂၀ ခန့်ရှိပြီး အလျား ပေခန့်အရွယ် ရှိသည်။ ခွာမှာ ချွန်ခွာနှင့်တူသဖြင့် အဖျား

ချွန်သည်။ ကိုယ်အပေါ်ပိုင်းမှာ မီးခိုးရောင်ရှိပြီး ဝမ်းဗိုက်
က အဖြူရောင်ရှိသည်။

ကတိုးအထီးတွင် မေးအောက်မှ ထိုးထွက်နေ
အစွယ်နှစ်ချောင်းရှိပြီး အမတွင် အစွယ်မရှိပေ။ ကတိုး
နှင့် အမများတွင် အမြီးတိုလေးများသာရှိပြီး ဦးချိုမရှိကြ

မြန်မာဘာသာစကားဖြင့် ကတိုးဟုသာ ခေါ်ပြီး
တိုင်းရင်းသားစကားဖြင့် ထလား(ခေလား) ဟု ခေါ်ပြီး
ဆီကို ရာဇွမ်းဟု ခေါ်ကြသည်။

လီဆူးဘာသာစကားဖြင့်မူ ကတိုးကို 'လား'၊ ကတိုး
ကို 'လားဖူး' ဟု ခေါ်သည်။

ဂုံ့နီးဖောများသည် ကတိုးကို 'ဟွမ်း' ဟုသာ ခေါ်
သည်။

လာချိတ်နှင့် လော်ဝေါ်လူမျိုးများက 'လရှမ်း' ဟု
အလိုက်၊ လူမျိုးအလိုက် ကတိုးနှင့်ပတ်သက်၍ အခေါ်အ
အမျိုးမျိုး ရှိကြသည်။

ကတိုးအထီးနှင့်အမ မိတ်လိုက်ပုံကလည်း အလွန်
ဆန်းလှပါသည်။ ကတိုးအထီးကောင်၏ အမြီးများသည်
သီးခေါင်းကဲ့သို့ အဖျားချွန်ပြီး ထိပ်တွင် နို့သီးခေါင်းကဲ့
အပေါက်ကလေးများ ရှိသည်။ ထိုအပေါက်ကလေးများ
ကတိုးအထီးကောင်၏ သန္ဓေရည် ထွက်သည်။





မိတ်လိုက်ချိန်တွင် ကတိုးအမသည် သန္ဓေရစေရန် အတွက် ကတိုးအထီး၏ အမြီးဖျားကို ပါးစပ်ဖြင့် စုပ်ယူရသည်။ အထီးသွားရာနောက်သို့ တကောက်ကောက်လိုက်ကာ စုပ်ယူရခြင်းဖြစ်သည်။

ကတိုးများသည် လပြည့်၊ လကွယ်ရက်များတွင် မိတ်လိုက်ကြပြီး တစ်နှစ်လျှင် နှစ်ကြိမ်သာ ပေါက်သည်။ တစ်ကြိမ် ပေါက်လျှင် တစ်ကောင်ဖြစ်ပြီး နို့တိုက်သတ္တဝါ အမျိုးအစားဖြစ်သည်။

ဆေးဖက်ဝင်ဖြစ်သော ကတိုးဆီ၊ ကတိုးမှုန့်၊ ကတိုးမွှေး နံ့သာခဲသည် ကတိုးအထီး၏ ချက်အထက်တွင် အိတ်ငယ်နှင့် တည်ရှိသည်။ ထိုအိတ်အတွင်းတွင်မှ နီညိုရောင် အဆင်းရှိ ရနံ့မွှေးသော နံ့သာခဲ ရှိသည်။

တောဘုရင်ဖြစ်သော ကျားသည် ကတိုးကို ဖမ်းမိသော အခါ ကတိုးဆီရှိသော ချက်အိတ်ကို မစားဘဲ ချန်ထားလေ့ ရှိသောကြောင့် အချို့မုဆိုးများမှာ ပင်ပန်းကြီးစွာ မရှာရဘဲ၊ မမျှော်လင့်ဘဲနှင့် ကတိုးမွှေးအိတ်ကို ရတတ်ကြသည်။

ငါးပိဿာခန့်ထွက်သော ကတိုးတစ်ကောင်မှ နံ့သာခဲ ငါးမူးသားကို ရရှိပြီး၊ ပိဿာအချိန်တစ်ဆယ်ခန့် လေးသော ကတိုးကောင်မှ နံ့သာခဲ ငါးကျပ်သား ရရှိနိုင်၏။

ရဝမ်ဘာသာစကားဖြင့် ကတိုးဆီကို'မန်ညမ်း' 'လဆိုင်း'

'လခရောမ်' ဟု ခွဲခြားခေါ်ဝေါ်ပြီး ထိုအထဲမှာမှ 'လခရောမ်' ဟု ခေါ်သည့် ကတိုးဆိမှာ အကောင်းဆုံးဖြစ်လေ၏။

ကတိုးကောင်မှာ ရှားပါးတိရိစ္ဆာန်ဖြစ်သောကြောင့် ဖမ်းဆီးမိရန် အလွန်ခက်ခဲလှသည်။ အန္တရာယ်နှင့် အခက်အခဲများနှင့် ဖမ်းမိပြန်တော့လည်း ကတိုးအမဖြစ်နေလျှင် နံ့သာခဲ မရပေ။ ထို့ကြောင့် ကတိုးမွေးမှာ ဈေးကောင်းလှသည်။

ကတိုးမွေး တစ်ကျပ်သားလျှင် သောင်းဂဏန်းဈေး ပေးဝယ်ကြရသောကြောင့် တောင်ပေါ်မှဆိုးတို့အဖို့ ကတိုးရရှိရန် သဲကြီးမဲကြီး လိုက်လံရှာဖွေကြသည်။

ယခုလည်း နော်စောထီးတစ်ယောက် ခါကာဘိုရာဇီ တောင်ပေါ်တွင် ကတိုးရရှိရန် သဲကြီးမဲကြီး လိုက်လံ ရှာဖွေနေခြင်းဖြစ်သည်။

သူသည် ခါကာဘိုရာဇီတောင်စောင်းမှ ဝါးရုံတောဆီသို့ ရောက်သောအခါ တောင်ကုန်းအကွယ် တစ်နေရာတွင် ဝင်၍ နေရာယူလိုက်သ ည်။

ထိုနေရာသည် အကွယ်ကောင်း၍ ဝါးရုံတောနေရာနှင့်လည်း အလှမ်းမဝေးလှပေ။

ဒူးလေးနှင့်မြားကို အဆင်သင့်ပြုလုပ်ပြီး စိတ်ရှည်လက်ရှည် စောင့်နေလိုက်သည်။

ယခုအခါ နေရောင်ခြည်များ ဖြာဆင်းလာပြီး နှင်းများ





ကွဲစပြုလာပြီဖြစ်သောကြောင့် ပတ်ဝန်းကျင်သို့ ကောင်းစွာမြင်နိုင်လာသည်။

ဝါးရုံတောတစ်ဝိုက် မျှစ်နုကို လာစားကြသော ယုန် တစ်သိုက်ကို လှမ်းမြင်ရသည်။

မကြာမီ ဝါးရုံတောတွင်းသို့ ကတိုးနှစ်ကောင် လှမ်းဝင်လာသည်။

နော်စောထီး၏ရင်ထဲမှာ ဒိတ်ခနဲ အခုန်မြန်သွားသည်။ ရှေ့မှဝင်လာသည်က အောက်မေးအစွယ် နှစ်ချောင်းနှင့် အထီးကောင်၊ နောက်မှ အမကောင်။

နော်စောထီးက ဒူးလေးကို အကျအနပြင်၍ မြားတင်သည်။

ကတိုးနှစ်ကောင်ကတော့ ပတ်ဝန်းကျင်မှ ရန်သူကို မသိမမြင်ရှာ။ နှင်းတောထဲမှ ထိုးထွက်နေသော ဝါးမျှစ်နုများကို သဲကြီးမဲကြီး တူးဆွစားသောက်နေကြသည်။

နော်စောထီးမှာ စိတ်ကိုတည်ငြိမ်အောင် ထိန်း၍ ဒူးလေးကို မ,ပြီး ကတိုးဆီသို့ မြားတံကို ချိန်လိုက်သည်။

ထိုအခိုက်မှာပင် သူ၏နောက်ဘက်မှ အရိပ်မည်းကြီး တစ်ခု ထိုးကျလာသောကြောင့် အလန့်တကြား လှည့်ကြည့်လိုက်သည်။

မမျှော်လင့်ဘဲ ရောက်ရှိလာသော အန္တရာယ်ကို မြင်

လိုက်ရသောကြောင့် ခုခံတိုက်ခိုက်ရန် ဟန်ပြင်လိုက်သော်လည်း နော်စောထီးအတွက် များစွာနောက်ကျသွားခဲ့လေပြီ။ ကြောက်မက်ဖွယ်ရာ အော်သံကြီးတစ်သံက နှင်းတောင်တန်းများတစ်ဝိုက် ပဲ့တင်ထပ်သွားလေတော့သည်။

× × × × ×

[ ၂ ]

နီမောင်တို့အဖွဲ့ ရေခဲတောင်တန်းများပေါ်တွင် နှစ်ရက်သုံးရက်လိုက်ရှာကြမှ တောင်စောင်းတစ်နေရာတွင် ရုပ်ပျက်ဆင်းပျက် သေဆုံးနေသော နော်စောထီးအလောင်းကို ရှာတွေ့ကြသည်။

နီမောင့်ခမျာ ဖခင်ဖြစ်သူ၏အလောင်းကို တွေ့သောအခါ ရင်မချိအောင် ခံစားရသည်။

ဘယ်သူ့လက်ချက်ဖြင့် သေဆုံးသွားရပါလိမ့်။ ကျား၊ ကျားသစ်များ လက်ချက်နှင့် သေဆုံးပါက ကိုက်ဖြတ် စားသောက်ထားသဖြင့် အပြတ်ပြတ် ဖြစ်နေလောက်ပြီ။ ဆင်နင်းခံရသည်ဆိုပါက အပိုင်းပိုင်း နှင်းတောထဲမှာ ပြားချပ်နေရောမည်။ မြွေဆိပ်ထိပါကလည်း ဤမျှ ရုပ်ပျက်ဆင်းပျက် မဖြစ်တန်ရာ. . ။





ယခုတော့ ဇက်ကျိုးပြီး တစ်ကိုယ်လုံးရိုက်နှက်ထားသော
ဂ်ရာဒဏ်ချက်များဖြင့် မရှုမလှ သေဆုံးနေခြင်းဖြစ်သည်။

"နီမောင်. . ဒီမှာကြည့်စမ်း"

ဇော်ဘာက အပိုင်းပိုင်းကျိုးနေသော ဒူးလေးနှင့် မြားတံ
းကို ကောက်ယူပြလာသည်။

နီမောင်တို့သည် ကျိုးနေသော ဒူးလေးနှင့် မြားတံများ
ကြည့်ပြီး ဘယ်လိုရန်သူမျိုးနှင့် တွေ့သွားပါလိမ့်ဟု အစဉ်း
းရ ကြပ်သွားတော့သည်။

ဇော်ဘာက "ငါတော့ ဒူးလေးတွေ၊ မြားတွေ ရိုက်ချိုးထား
ာ နားမလည်တော့ဘူး" ဟု ဆိုသည်။

"အေး. . ဟုတ်တယ်၊ ငါထင်တာကတော့ အဖေနဲ့ ရန်
က်တွေဖြစ်ကြတဲ့ အထက် ဆန်ဂေါင်ရွာက မုဆိုး ဇမုန်းထန်
အဖွဲ့နဲ့တွေ့ပြီးများ အသတ်ခံလိုက်ရသလားလို့ ထင်တယ်"

"ဟုတ်ချင်မှလဲ ဟုတ်မှာပါကွာ၊ မင်း ဥပါဒါန်တွေ သိပ်
ားပါနဲ့၊ ကဲ. . တို့ ဦးလေးအလောင်းကို မြေမြှုပ်လိုက်ကြ
အောင်"

နှစ်ယောက်သား တောင်စောင်းတစ်နေရာတွင် မြေ
င်းတူးပြီး မြေမြှုပ်သင်္ဂြိုဟ်လိုက်ကြသည်။

နီမောင့်မျက်နှာပေါ်တွင် နှင်းမှုန်နှင်းစက်များနှင့် မျက်
ည်များ ရောထွေးစီးကျနေသည်။

အမေမရှိတော့သောဘဝတွင် အဖေတစ်ခု၊ သားတစ်ဦး မှီခိုအားထားပြုရ၍ နေလာခဲ့ရာ ယခု အဖေက လမ်းခွဲသွားခဲ့ပြီ။

အဖေ ဘယ်လိုသေတာလဲ၊

ဘယ်သူ့လက်ချက်နဲ့ သေတာလဲ၊

နီမောင် သိချင်နေသည်။

အဖေ့ကို ရက်ရက်စက်စက် သတ်သွားသည့် တရားခံကို သိရပါက ကောင်းစွာ လက်စားပြန်ချေလိုသောစိတ်က လှုငေး ပီပီ ဖြစ်ပေါ်နေတော့သည်။

ယခု အဖေအသတ်ခံရသောနေရာတစ်ဝိုက်ကို နီမောင် ကောင်းစွာမှတ်မိနေသည်။

မနှစ်က သူနှင့် အဖေနှင့် ဒီနေရာတွင် အမဲလိုက်ရင်း မျောက်ဝံတစ်ကောင်ကို အမှတ်မထင် တွေ့သဖြင့် အဆိပ်လူး မြားဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ကြသည်။ မျောက်ဝံကို မြားထိသော် လည်း မသေဘဲ လွတ်မြောက်သွားခဲ့သည်။

အဆိပ်လူးမြားချက် ထိထားသော သတ္တဝါမှာ မည်သည့် နည်းနှင့်မျှ အသက်မရှင်နိုင်ကြကြောင်း သိလိုက်သဖြင့် လိုက် ရှာသော်လည်း မတွေ့ကြတော့ပေ။

သွေးစို့ရုံနှင့် သေနိုင်သော မြားချက်ထိထားသဖြင့် မျောက်ဝံသည် ထိုနေရာတစ်ဝိုက်မှာပင် ပျောက်ခြင်းမဲ့ ပျောက်သွားခဲ့သည်။





ထို့နောက်ပိုင်းတွင် မျောက်ဝံများကို မတွေ့ရတော့ပေ။

နီမောင်နှင့် ဇော်ဘတို့သည် နော်စောထီးအလောင်းကို ကောင်းမွန်စွာ မြှုပ်နှံသင်္ဂြိုဟ်ပြီးနောက် ထိုနေရာတစ်ဝိုက်သို့ လှည့်လည်ကြည့်ရှုကြသည်။

ယခုအခါ နေရောင်ခြည်မှာ တစ်စတစ်စ မြင့်တက်လာပြီဖြစ်သောကြောင့် နှင်းခဲများ ပျော်ကျနေသည်။ ထို့ကြောင့် မြင်ကွင်းအားလုံး ရှင်းလင်းစွာ မြင်နိုင်လာသည်။

နီမောင်နှင့် ဇော်ဘတို့ နှစ်ယောက်စလုံး အသက် နှစ်ဆယ်ကျော်အရွယ်ရှိ သန်စွမ်းကြံ့ခိုင်သော လူငယ်များ ဖြစ်ကြသည်။ အရွယ်ရောက်စကတည်းက တောင်တန်းများပေါ်တွင် ကြီးပြင်းခဲ့ပြီး သားကောင်လိုက်ခြင်း၊ မဂ္ဂစ်ဥ၊ ခန်းတောက်မြစ် ရှာခြင်းတို့ကိုလည်း ကျွမ်းကျင်စွာ ရှာဖွေလုပ်ကိုင်နိုင်ကြသူများ ဖြစ်ကြသည်။

သူတို့နှစ်ယောက်သည် ပတ်ဝန်းကျင်တစ်ဝိုက် လိုက်လံကြည့်ရှုကြစဉ် ဝါးရုံတောအလွန်ရှိ တောင်စောင်းတစ်နေရာတွင် တစွန်းတစပေါ်နေသော ဂူပေါက်တစ်ပေါက်ကို လှမ်းမြင်ရသည်။

"ဟ. . နီမောင် ဟိုမှာ ဂူပေါက်တစ်ပေါက်ပါလား"

"အေး. . ဟုတ်တယ်၊ အရင်က ဒီနေရာမှာ ဂူတစ်ဂူရှိနေတာ တို့မမြင်မိပါလား"

"ဘယ်မြင်ရမလဲ၊ တစ်နှစ်လုံး ရေခဲတွေနဲ့ ဖုံးနေတာကိုး အခုတောင် နေပူပြီး နှင်းတွေပျော်ကျသွားလို့ ဂူပေါက်ပေါ် လာတာ နေမှာပေါ့၊ လာကွာ. . အတွင်းဝင်ကြည့်ရအောင်"

နှစ်ယောက်သား လှံနှင့် ဓါးတို့ကို အသင့်ကိုင်ပြီး သတိ ကြီးစွာထား၍ ဂူအတွင်းသို့ ဝင်ကြည့်ကြသည်။

ဂူအဝင်ပေါက်မှာ အတန်ငယ် ကျဉ်းသော်လည်း အတွင်းပိုင်းရောက်သောအခါ အတော်ကျယ်ဝန်းလှသည်။ အဝပိုင်း၌ အလင်းရောင်ရှိသော်လည်း အတွင်းပိုင်း၌ မှောင် လာသဖြင့် အသင့်ပါလာသော ထင်းရှူးသားများကို မီးရှို့ပြီး ထိုအလင်းရောင်ဖြင့် အတွင်းသို့ ဆက်ဝင်ကြသည်။

ဂူအတွင်းပိုင်း၌ ညှီစို့စို့အနံ့အသက်များကြောင့် ပို၍ သတိထားကြသည်။

ဂူအလျားမှာ မရှည်လှဘဲ တစ်နေရာရောက်သောအခါ ကျောက်နံရံကြီး ပိတ်နေသည်။

ထိုနေရာတွင် ထူးခြားသောအရာတစ်ခုကို တွေ့မြင်ကြ ရသည်။ ထိုအရာကား အခြားမဟုတ်ပေ။ သေဆုံးနေပြီး အရိုး ကျလုဖြစ်နေသော မျောက်ဝံကြီးတစ်ကောင်ပင် ဖြစ်တော့ သည်။

အသေအချာကြည့်ကြသောအခါ မျောက်ဝံကြီး၏ကိုယ် ၌ မြားတံတစ်ချောင်း စိုက်ဝင်နေသည်ကို တွေ့မြင်ရသည်။





နီမောင်က မြားတံကို နုတ်ယူကြည့်လိုက်သောအခါ မိမိ အသုံးပြုခဲ့သော မြားတံဖြစ်ကြောင်း သိရလေတော့သည်။

"ဒါ ငါတို့ရဲ့မြားတံပဲ၊ ဒါဆိုရင် ဒီမျောက်ဝံကြီးက မနှစ် တို့ပစ်လိုက်တဲ့ မျောက်ဝံကြီးဖြစ်မယ်၊ ဒီဂူထဲ ဝင်သွားလို့ ရှာမတွေ့တော့တာကိုး၊ အခုသေနေတာ အမကောင်ကြီး းတော့ အထီးတစ်ကောင်များ ကျန်နေဦးမလား"

နီမောင်၏စကားမဆုံးမီ ဂူပေါက်ဝမှ အရိပ်မည်းကြီး ံခု ပေါ်လာတော့သည်။

"ဟေ့ နီမောင်"

ဖော်ဘက အလန့်တကြား သတိပေးလိုက်သဖြင့် နီ ာင် လှည့်ကြည့်လိုက်သောအခါ ဂူပေါက်ဝမှ မျောက်ဝံကြီး ်ကောင် ဝင်လာသည်ကို တွေ့လိုက်ရသည်။

နှစ်ယောက်သား ချောင်ပိတ်မိနေသည်။

သူတို့နှစ်ယောက်ကို မြင်သောအခါ မျောက်ဝံကြီးက ါသတကြီး ပြေးဝင်လာပြီး တိုက်ခိုက်လေတော့သည်။

သူတို့တွင်ပါလာသော ဒူးလေးများမှာ အဝေးပစ်သာ သုံးဝင်သော်လည်း အနီးကပ်တွင် တုတ်တစ်ချောင်း ောက်သာ အသုံးဝင်တော့သည်။

နီမောင်က အနီးသို့ရောက်လာသော မျောက်ဝံကြီး ား လက်ထဲမှ ဒူးလေးဖြင့် ဆီးရိုက်သည်။ မျောက်ဝံကြီးက

ဒူးလေးကို ဖမ်းဆွဲယူလိုက်ပြီး ဂူနံရံနှင့် ရိုက်ချိုးလိုက်သည် ထို့အတူ ဇော်ဘထံမှ ဒူးလေးကိုလည်း မရအရ လုယူပြီး မှို ချိုးလိုက်ပြန်သည်။

သည်တော့မှ နေ့်စောထီးကို သတ်သွားသော တရား မှာ ထိုမျောက်ဝံကြီးဖြစ်ကြောင်း ရိပ်မိရလေတော့သည်။

မျောက်ဝံကြီးမှာ ဒူးလေးကို အသေမုန်းတီးပြီး ဒူးလေး ကိုင်သူများကိုလည်း အသေအကြေ တိုက်ခိုက်ကြကြောင်း လက်တွေ့သိရပေတော့သည်။

နီမောင်တို့နှစ်ယောက်ခမျာ မျောက်ဝံကြီး၏ လက် ရှည်ကြီးများဖြင့် ပြင်းထန်သော ရိုက်ချက်များ မမိအောင် အတော့်ကို ရှောင်ရှားနေရလေ၏။

၄င်းတို့ တန်ပြန်တိုက်ခိုက်သော ဓါးနှင့်လှံတို့မှာလည်း အမွေးထူသော မျောက်ဝံကြီးကိုယ်ကို ထိရောက်မှု မရှိလှပေ

"ဇော်ဘ တို့ ဒီလိုတိုက်နေလို့မရဘူး၊ အပြင်ကို ဖောက် ထွက်မှ ရမယ်"

"မင်း အရင်ထွက်နှင့်၊ ငါ တိုက်ထားမယ်"

"မင်း အရင်ထွက်ကွာ"

"စကားရှည်လိုက်တာ၊ ထွက်မှာဖြင့် ထွက်စမ်းကွာ"

ဇော်ဘက သဲကြီးမဲကြီး တိုးဝင်လာသော မျောက်ဝံကြီး ၏ကိုယ်ကို လှံဖြင့် အားကုန်ထိုး၍ ဘေးသို့ လိမ့်ရှောင်လိုက်





လသည်။ မျောက်ဝံကြီးက ကြမ်းတမ်းသော လက်ဝါးကြီးဖြင့် အားကုန်ရိုက်ချသည်။

ဇော်ဘ ပခုံးစွန်း တစ်ချက်ထိသွားသည်။

ထိုအချိန်တွင် နီမောင်က လှိမ့်ရှောင်လိုက်ပြီး အပြင် က်သို့ ရအောင်ထွက်သည်။

သူ အပြင်ရောက်သွားပြန်တော့ ဇော်ဘတစ်ယောက်ထဲ တွင်း၌ မထားခဲ့လိုသောကြောင့် ထင်းရှူးစတစ်ချောင်းကို ရှို့ပြီး မီးတုတ်ကြီးဖြစ်လာသောအခါ အနောက်မှ ဝင်ရိုက်ရာ အမွေးများမီးလောင်သဖြင့် ညှော်နံ့များ ထွက်လာတော့သည်။

မီးနှင့်တွေ့သောအခါ မျောက်ဝံကြီးမှာ ဝူးဝူးဝါးဝါးနှင့် နောက်ဆုတ်သွားစဉ် ဒဏ်ရာရထားသော ဇော်ဘကို အပြင် ့ရောက်အောင် ထုတ်ယူသည်။ နှစ်ယောက်စလုံး အပြင် း ရောက်သောအခါ နောက်ဆုတ်နောက်ဆုတ်ဖြင့် ဂူအပြင် က်ရောက်အောင် ထွက်သည်။ မျောက်ဝံကြီးကလည်း နီရဲ သော မျက်လုံးကြီးများနှင့် ပါးစပ်ကြီးကို အစွမ်းကုန်ဖြဲကာ န်သူကို အလွတ်မပေးလိုဟန်ဖြင့် တစ်လှမ်းချင်း ရှေ့သို့ တိုး က်လာသည်။

"ဒီကောင်ကြီးကို အလွတ်ရှောင်လို့တော့ ရမှာမဟုတ် ။ ဒီတော့ သူသေကိုယ်သေ တိုက်မှဖြစ်မယ်၊ ငါပြောတဲ့ တိုင်းသာ လုပ်ပေတော့ ဇော်ဘ"

နီမောင်က အစီအစဉ်ကို ပြောပြီးနောက် လက်
မီးတုတ်ကြီးနှင့် ပစ်ပေါက်ကာ တရကြမ်း ဝင်တိုက်ကြ
သည်။

နီမောင်နှင့် ဇော်ဘတို့ နှစ်ယောက်နှင့် မျောက်ဝံကြီး
တစ်ကောင်တို့၏ အသက်လုပွဲကြီးမှာ ကြောက်မက်ဖွယ်
ပေါ်လာကြလေတော့သည်။ အချိန်ကြာလာသည်နှင့်အမျှ
တွေရော မျောက်ဝံကြီးပါ ဒဏ်ရာအသီးသီးရကြလျက်
အလိမ်းလိမ်း ဖြစ်နေကြပြီ။

တစ်ကြိမ်တွင် ဇော်ဘသည် မျောက်ဝံကြီး တိုက်ခိုက်
လာသည်ကို နောက်ဆုတ်ပေးရင်း ချောက်ကမ်းပါးစွန်း
ရောက်သွားတော့သည်။ နီမောင်က နောက်မှာ။

ဇော်ဘက နောက်ဆုတ်ရင်း ချောက်ကမ်းပါးအစွန်းတွင်
လဲကျသွားတော့သည်။

ထိုအချိန်တွင် မျောက်ဝံကြီးက ဇော်ဘ၏အပေါ်မှ
လည်ပင်းညှစ်သတ်ရန် ပြေးဝင်သွားစဉ် နီမောင်က နောက်
အရှိန်ဖြင့် ပြေးဝင်သွားပြီး ကျောကုန်းကို ခုန်ကန်လိုက်
ရာ မျောက်ဝံကြီးမှာ အရှိန်မထိန်းနိုင်တော့ဘဲ ချောက်ကမ်း
ထဲသို့ ထိုးကျသွားလေတော့သည်။

ကျယ်လောင်စွာ ဟစ်အော်သံကြီးနှင့်အတူ ချောက်
အတွင်းသို့ ထိုးကျသွားသော မျောက်ဝံကြီး၏အရှိန်ကြောင့်





ကမ်းပါးစွန်းမှ နှင်းခဲနှင့် မြေသားများ ပြိုကျသွားသဖြင့် ကမ်းပါး
စွန်းရောက်နေသော ဇော်ဘအား အချိန်မီ လှမ်းဆွဲထားလိုက်
ရသည်။

ခက်ခက်ခဲခဲ ဆွဲတင်ပြီး အပေါ်ပြန်ရောက်တော့မှ
ဇော်ဘက မောမောပမ်းပမ်းနှင့် မှတ်ချက်ပေးသည်။

"မင်းအဖေကိုသတ်တဲ့ တရားခံကို ငါ အခုမှ သိရတော့
တယ်၊ တခြားဟုတ်ပါရိုးလား၊ ဒီမျောက်ဝံကြီးပဲကွ"

"ဘာကြောင့် ပြောနိုင်တာလဲ"

"မနှစ်က မင်းတို့သားအဖက သူ့အဖော် မျောက်ဝံမ
ကြီးကို မြားနဲ့ပစ်သတ်ခဲ့တယ်၊ ဒါ့ကြောင့် မျောက်ဝံထီးကြီး
က ဒေါသဖြစ်ပြီး ဒူးလေးကိုင်တဲ့သူတွေကို လိုက်ပြီး ရန်ရှာနေ
တော့တာပဲ၊ တခြားမကြည့်နဲ့၊ တို့နဲ့တွေ့တော့ တို့ဆီက ဒူး
လေးတွေကို မရအရယူပြီး နံရံနဲ့ ရိုက်ချိုးပစ်ခဲ့တာ မင်း မမြင်
ဘူးလား၊ မင်းအဖေရဲ့ အလောင်းနားမှာ ဒူးလေး အပိုင်းပိုင်း
ကျိုးနေတာ တွေ့ခဲ့ရတယ်မဟုတ်လားကွ"

ဇော်ဘ၏စကားကြောင့် ဂူထဲတွင် မိမိတို့နှင့် တွေ့စဉ်
က လူထက် ဒူးလေးများကို အမိအရဖမ်းဆွဲ၍ ဒေါသတကြီး
ဖြစ်ကာ ဂူနံရံနှင့် ရိုက်ချိုးပစ်ခဲ့သည်ကို ပြန်လည်မြင်ယောင်
မိသည်။

"အင်း. . . သံယောဇဉ်ကို ထိပါးတဲ့ ရန်ငြိုးရန်စများ

တယ်လဲ ကြောက်စရာကောင်းပါလား၊ ဘာပဲဖြစ်ဖြစ် ငါ့အဖို့တော့ အဖေ့အတွက် လက်စားချေပေးလိုက်နိုင်တာကိုပဲ ကျေနပ်လှပါပြီ၊ ကဲ. . တို့လဲ ပင်ပန်းလှပြီ၊ ရွာကို ပြန်ကြစို့ကွာ"

နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် ဖေးဖေးမမတွဲလျက် ခါကာဘိုရာဇီတောင်ပေါ်မှ ပြန်ဆင်းခဲ့ကြသည်။

ယခုတော့လည်း စောစောပိုင်းက ငရဲပွက်သံပမာ အသက်လုပွဲများ တိုက်ခိုက်ခဲ့ကြသော ခါကာဘိုရာဇီတောင်တန်းတစ်နေရာမှ ရေခဲများ တစ်စတစ်စ ပြန်လည်ဖုံးအုပ်လာလျက်၊ အေးချမ်းတိတ်ဆိတ်မှုများ ပြန်လည် ကြီးစိုးလာတော့သည်။

လပြည့်ဝန်းမဂ္ဂဇင်း
ဇန်နဝါရီလ၊ ၂၀၀၁

သုခုမစာပေတိုက်



# ရိုးမမြေမှ မိစ္ဆာရန်စွယ်

[ ၁ ]

သလပ်ခွာ သစ်တောစခန်း။

ပုသိမ်မြို့နယ်အတွင်း အနောက်ရိုးမ သစ်တောများ အတွင်း ဖွင့်လှစ်ထားသော သစ်တောစခန်း ဖြစ်သည်။ ၁၉၇ ခုနှစ်တွင် သဘာဝလွန် မုန်တိုင်းဒဏ်ကြောင့် သစ်တောအများ အပြား ပျက်စီးဆုံးရှုံးမှုဖြစ်ခဲ့သည်။ ထိုအချိန်တွင် မြန်မာနိုင်ငံ နှင့် ဂျပန်နိုင်ငံတို့ တောင်သရက်ဝယ်ယူရေး စီမံကိန်းပေါ်လာ သဖြင့် ရိုးမတောနက်အတွင်းမှ သစ်လုံးများကို စွန့်စွန့်စားစား ထုတ်ယူကြရာ သလပ်ခွာသစ်တောစခန်းမှာ အနောက်ရိုးမ ပေါ်တွင် အဓိကကျသော စခန်းတစ်နေရာ ဖြစ်လာတော့ သည်။





ထိုစခန်းတွင် တောအုပ်၊ တောခေါင်း၊ သစ်ကွက်အုပ်၊ စ်ကွက်တာဝန်ခံ၊ အလုပ်သမားများအပြင် ဆင်များ၊ ကျွဲများ းရာနေရာများလည်း ရှိကြသည်။

အလုပ်သမားများမှာ ကိုယ့်အဖွဲ့နှင့်ကိုယ်၊ ကိုယ့်အစုနှင့် ယ် တဲများထိုးနေကြသည်။

နီမောင်တို့အဖွဲ့တွင် တောအုပ်ကြီး ဦးဂွမ်ရှိန်၊ တော ခေါင်း သိန်းမောင်၊ သစ်ကွက်တာဝန်ခံ နီမောင်နှင့် အလုပ် မား လေးငါးယောက် စုနေကြသည်။

သူတို့ တောတက်ကြသောအခါ သစ်ကွက်တာဝန်ခံ းက ထုတ်လုပ်ရမည့် သစ်ကွက်များကို သတ်မှတ်ပေးပြီး ာက် လက်လွှဆိုင်း၊ စက်လွှဆိုင်းသမားများအား တစ်နေ့ ာအတွက် သစ်လုံးတန် ဘယ်၍ဘယ်မျှ ထုတ်ရမည်ကိုပါ တ်မှတ်ပေးလိုက်သည်။

မိမိတို့ တာဝန်ကျရာ သစ်လုံးတန်မပြည့်ပါက ဆုပေး ာ်ပေးစနစ်များ ရှိသဖြင့် အလုပ်သမားများမှာ မခိုဝ့်ကြပေ။ ူတို့တစ်တွေ တောထဲတွင် နေရာအသီးသီးခွဲ၍ အလုပ် ုပ်ကြပြီး ထမင်းစားချိန်နားလျှင် တစ်နေရာတွင် စု၍နားပြီး ာပျော်တပါး ဝိုင်းဖွဲ့စားသောက်ကြသည်။

တောအလုပ်သမားတို့ ဓလေ့အတိုင်း ထမင်းနှင့်ဟင်း ို ဖက်ဖြင့် ထုပ်ယူလာပြီး၊ ဆာသည့်အချိန် ဖြေစားကာ ဖက်

ကို လှွင့်ပစ်လိုက်ရှုံသာ၊ သောက်ကော့ စမ်းချောင်းရေ လင်း
သုတ်တော့ မိမိပုဆိုး မိမိဘာသာ သုတ်လိုက်ကြသည်။

ထမင်းစားခါနီးသောအခါ အလုပ်သမားနှစ်ယောက်ငြ်
သည် မိမိတို့တွင် ပါလာသော ထမင်းထုပ်များထဲမှ ထမင်းနှင့်
ဟင်းအချို့ကို တောင်စွန်းဖက်တစ်ချပ်ပေါ်တွင် ပုံပြီး ကုန်းမြင်း
ပေါ်ရှိ တောင်သရက်ပင်ကြီးအောက်သို့ ယူသွားကာ ပူဇော်
ပသနေသည်ကို မြင်ရသည်။

သူတို့ပြန်လာသောအခါ တောခေါင်း သိန်းမောင်က
ဆီး၍ မေးသည်။

"မင်းတို့နှစ်ယောက် ဘာသွားလုပ်နေကြတာလဲ"

"တောပိုင်တောင်ပိုင်တွေကို သွားပြီး ပသ,တာပါ"

"တောပိုင်တောင်ပိုင်တွေက ဘယ်မှာရှိတာလဲ"

"အဲဒီတောင်သရက်ပင်ကြီးမှာ နတ်စင်ရှိတယ်၊ အဲဒီမှာ
ပသ,ကြရတာ"

သိန်းမောင်က ပြက်ရယ်ပြုသော မျက်နှာဖြင့်. .

"မင်းတို့ တော်တော် အလုပ်ပိုလုပ်တဲ့ကောင်တွေ၊ ဒီ
တော ဒီတောင်ဆိုတာ အစိုးရကလွဲပြီး ဘယ်သူမှမပိုင်ဘူး၊
တို့က အစိုးရဝန်ထမ်းတွေပဲ၊ ဘယ်သူမှ ကြောက်စရာမလိုပါ
ဘူးကွ"

အလုပ်သမားနှစ်ယောက် မျက်စိမျက်နှာ ပျက်သွားကြ





ည်။

သိန်းမောင်မှာ တောခေါင်းဖြစ်ကာစ၊ မကြာသေးမီကမှ
သပ်ခွာသို့ ရောက်လာသူဖြစ်သောကြောင့် သူ့အရပ်နှင့်
ခလေ့ကို သိပ်နားလည်သူ မဟုတ်ပေ။ ထို့ပြင် အရက်မူး
လျှင် တဇွတ်ထိုး ပြုလုပ်တတ်သူ ဖြစ်သည်။

"တောရဲ့ဓလေ့ထုံးစံဆိုတာ ပစ်ပယ်လို့မရဘူး၊ မပူဇော်
တောင်မှ မစော်ကားရဘူး ဆရာ"

အလုပ်သမားတစ်ယောက်က ပြန်ပြောသည်။

"ဘာပဲဖြစ်ဖြစ်၊ ဒီနေ့ သစ်ခွဲတမ်းမပြည့်သေးဘူး၊ အဲဒီ
ာင်သရက်ပင်ကြီးကို လှဲပြီး ထည့်မှ မြန်မြန်ပြည့်မှာ၊ ထမင်း
နားပြီးရင် အဲဒီတောင်သရက်ပင်ကြီးကို အရင် စလှဲကြ
"

သိန်းမောင်၏ စကားဆုံးသောအခါ နှိမောင်အပါအဝင်
ယောက်မှ မလှုပ်ဝံ့ကြတော့ပေ။ စခန်းတွင် တောအုပ်ကြီး
ရှိန်ပြီးလျှင် တောခေါင်း သိန်းမောင်မှာ ပါဝါအရှိဆုံး
ဘော့ သူ့စကားကို မည်သူကမှ မလွန်ဆန်ဝံ့ကြပေ။

"ဘာလဲ၊ မင်းတို့က မလှဲဝံ့ကြဘူးလား၊ ဒီသစ်ကွက်ပေါ်
ာဝန်အရှိဆုံးလူအနေနဲ့ ငါခိုင်းတာ၊ ဖြစ်သမျှ ငါ့တာဝန်
နောက်ပြီး အဲဒီသစ်ပင်ကို လှဲဝံ့တဲ့သူကို ရနေကျ လုပ်
အပြင် ဘောက်ဆူးလဲ ပေးမယ်၊ အရက်ကောင်းကောင်း

လဲ တိုက်မယ်၊ ဘယ့်နှယ်လဲ"

ထိုအခါ အလုပ်သမားများထဲမှ စံသိန်းနှင့် ငွေရတို့ နှစ်ယောက်က သူတို့နှစ်ယောက် လှဲပေးမည်ဟု တာဝန်ယူလိုက်ကြသည်။

ကျန်အလုပ်သမားများကပေ့ာ ဘာတစ်ခုမှ ဝင်ရောက် ပြောဆိုကြခြင်း မရှိကြပေ။ ဖြစ်လျှင် စံ၊ မဖြစ်လျှင် ခံ ဟူသာ သဘောထားလိုက်ကြသည်။

ထမင်းစား နားပြီးသောအခါ စံသိန်းနှင့် ငွေရတို့ နှစ်ယောက် တောင်သရက်ပင်ကြီးကို လှဲရန် ငါးမန်းစွယ်လွှ၊ ပု ကပ်ပါး၊ ဓါး၊ သံသပ် စသည်တို့ကို ယူကာ တောင်ကုန်း တက်သွားကြသည်။

ကျန်အလုပ်သမားတို့မှာလည်း အသီးသီး အလု ဝင်ကြရန်ဖြစ်သော်လည်း မသွားကြသေးဘဲ တောင်သရက် ကြီး လှဲပြီးသည်အထိ စောင့်ကြည့်နေကြသည်။

သူတို့နှစ်ယောက်သည် တောင်သရက်ပင်ကြီးအော ရောက်သောအခါ ပင်ခြေပတ်လည်ရှိ ချုံနွယ်များ၊ သ ငယ်များနှင့် မလွတ်ကင်းသော သစ်ကိုင်းသစ်ခက်များကို ရင်း အပင်တစ်နေရာမှ နတ်စင်ဟောင်းကိုပါ ဖျက်ဆီး လိုက်ကြလေသည်။

သူတို့နှစ်ယောက်မှာ အပင်မလှဲခင် ရဲဆေးတင်





ကြသဖြင့် လောလောဆယ်ရမည့် ဆုကြေးကိုသာ မြင်ပြီး နောက်ဆက်တွဲဖြစ်လာမည့် အန္တရာယ်များကို ကြိုတင် မသိနိုင်ကြပေ။

အကုန်ရှင်းပြီးသောအခါ သစ်ပင်လှဲရန် ကောင်းသောဘက်သို့ ရွေးချယ်ပြီး ပင်ခြေမှ ဖြတ်သည်။ လေငြိမ်နေသဖြင့် သစ်လှဲရသည်မှာ အနှောင့်အယှက်မရှိလှပေ။ လွှက သစ်ပင် တစ်ဝက်ခန့်ရောက်သောအခါ သံသပ်များ ရိုက်သွင်းထားကြသည်။ သို့မှသာ မိမိလိုရာဘက်သို့ ချောချောမောမော လဲကျပေမည်။ သစ်ပင်သည် မြောက်ဘက်ရှိ တောင်ကုန်းတစ်ကုန်းဘက်သို့ ခပ်စောင်းစောင်းယိုင်နေရာ အမှန်ဆိုလျှင် လွှဖြတ်၍ တစ်ဝက်ကျော်ကျော်ရောက်လျှင် သစ်ပင်လဲရပေမည်။

ယခု ထိုသို့မဟုတ်၊ သစ်ပင်ပြတ်ခါနီးရောက်သည့်တိုင် သစ်ပင်ကြီးမှာ တုတ်တုတ်မျှ မလှုပ်ဘဲ ထီးထီးကြီး ဖြစ်နေလေတော့သည်။

"ဘာဖြစ်တာလဲဟ၊ သံသပ် နာနာထုစမ်းကွာ"

ငွေရက သံသပ်ကို ပုဆိန်ဖြင့် တအားထုရာ. .

'အုန်း. . အုန်း' ဟူသော သပ်ရိုက်သံမှာ တောထဲ၌ ပဲ့တင်ထပ်လျက် ရှိနေတော့သည်။

သစ်ဖျားလွတ်ကင်းရာ အရပ်လောက်တွင် သိန်းမောင်နှင့် အခြားအလုပ်သမားများကလည်း စိတ်ဝင်စားစွာ စောင့်

ကြည့်နေကြသည်။

ထိုသို့ရှိနေစဉ် ငြိမ်နေသော လေသည် ရုတ်တရက် တဝေါဝေါဖြင့် တိုက်ခတ်လာရာ ပင်ခြေပြတ်လုဖြစ်နေသော သစ်ပင်ကြီးမှာ ပင်စည်ပေါ်တွင် တကျွိကျွိဖြင့် ယိမ်းထိုးလှုပ်ရှားနေ၎တော့သည်။

ထိုအခါ ဘေးမှကြည့်နေသူများရော သစ်ပင်ဖြတ်နေသူနှစ်ယောက်ပါ အလန့်တကြား ဖြစ်ကုန်ကြတော့သည်။

"တောခြောက်ပြီထင်တယ်ဟေ့. . ဘေးလွတ်ရာကို အမြန် ရှောင်ကြ၊ အမြန်ရှောင်ကြ"

တစ်ယောက်က အသံကျယ်ကျယ်ဖြင့် အော်လိုက်သောအခါ အလုပ်သမားများ ဘေးလွတ်ရာ ကစဉ့်ကလျား ထွက်ပြေးကြတော့သည်။ ထိုအချိန်တွင် သိန်းမောင်ရှိရာဘက်သို့ ပြောင်းပြန်လှန်၍ လဲကျလာတော့သည်။ သိန်းမောင်တို့ အလောတကြီး ထွက်ပြေးကြသော်လည်း သစ်ဖျားများဖြင့် မလွတ်မလပ် ရိုက်ကျခြင်း ခံလိုက်ရလေတော့သည်။

သစ်ပင်ကြီး မြေပြင်သို့ ရိုက်ချလိုက်သံမှာ ပြင်းထန်လွန်းသောကြောင့် တစ်တောလုံး တုန်ဟည်းကာ ပတ်ဝန်းကျင်တစ်ဝိုက် 'အူ' သံများ ဆူညံစွာ ပေါ်ထွက်လာတော့သည်။

"ဒါ. . ဒါ မကောင်းဆိုးဝါးတွေရဲ့ အူသံတွေပဲ၊ ဒီအသံတွေကြားရရင် တို့စခန်းတော့ အန္တရာယ်တစ်ခုခု ဝင်တော့မယ်ထင်တယ်"





ဝါရင့် သစ်တော အလုပ်သမားကြီးတစ်ယောက်က ညည်းတွားလိုက်သည်။

ထို့နောက် သစ်ပင်အပိခံရသဖြင့် ဒဏ်ရာ အပြင်းအထန်ရသွားသော သိန်းမောင်နှင့် အလုပ်သမားများကို စခန်းသို့ ပြန်လည်ခေါ်ဆောင်ခဲ့ကြသည်။

ထိုအချိန်က ရိုးမမြေမှ အန္တရာယ်တစ်ခုကို လှုပ်နှိုးလိုက်သလို ဖြစ်သွားခဲ့သည်ကို သူတို့ ကြိုတင်မသိနိုင်ခဲ့ကြပေ။

× × × × ×

[ ၂ ]

ညဘက်တွင် ဒဏ်ရာရနေသူများကို အဆောင် တစ်ဆောင်ထားပြီး ဝိုင်းဝန်းပြုစုနေကြရသဖြင့် အတော်ညဉ့်နက်မှ ကိုယ့်နေရာကိုယ် ပြန်၍အိပ်ကြရသည်။

ညဉ့်နက်ပိုင်းလောက်တွင် တောနက်တွင်းမှ ထူးထူးခြားခြား အော်သံများ ခပ်သဲ့သဲ့ ကြားရသည်။

"နီမောင်"

"ဗျာ. . အဘ"

"မင်း တောထဲက ထူးထူးခြားခြားအသံတွေ ကြားမိသလား"

"ကြားတယ် အဘ"

"အဲဒီအသံတွေကြားရင် သတိဝီရိယထား၊ အန္တရာယ်တစ်ခုခု ရောက်လာနိုင်တယ်ကွ"

"စိတ်ချပါ အဘ"

နီမောင်နှင့် ဦးငွမ်ရှိန်တို့ စကားတပြောပြောနှင့် အိပ်ပျော်သွားကြ၍ မကြာမီပင် စခန်းထဲမှ ဆူဆူညံညံအသံများကြောင့် လန့်နိုးသွားကြကာ လက်နက်များဆွဲပြီး အသံကြားရာသို့ ပြေးထွက်လာခဲ့ကြသည်။

စခန်းနှင့်မနီးမဝေး တောစပ်တစ်နေရာတွင် မီးတုတ်များဖြင့် လူစုကြီး ဝိုင်းနေသည်ကိုမြင်ရသဖြင့် သွားကြည့်ရာ ရုပ်ပျက်ဆင်းပျက် အသက်ပျောက်နေသော သိန်းမောင်ကို စိတ်မကောင်းစွာ မြင်ကြရသည်။ ၎င်း၏တစ်ကိုယ်လုံး အဝတ်အစားများ စုတ်ပြဲဖွာလန်လျက်ရှိပြီး ၎င်းနေရာများမှာ အသားများ အကွင်းလိုက် ပြတ်ထွက်ကာ နေရာအတော်များများ၌ အရိုးများပင် ပေါ်နေ၏။

ပတ်ဝန်းကျင်တစ်ဝိုက်မှာလည်း ထူးခြားသော အနံ့





တစ်မျိုးရသဖြင့် ဦးငွမ်ရှိန်က ခေါင်းကို ခါယမ်းလိုက်သည်။

ပတ်ဝန်းကျင်တစ်ဝိုက် လိုက်ရှာဖွေသော် လက်နက်ကိုင်တပ်ဖွဲ့များလည်း အသီးသီး ပြန်ရောက်လာကြသည်။

"ဘာထူးသလဲဟေ့"

"ဒီနားတစ်ဝိုက် လိုက်ရှာတာကတော့ ဘာမှ ထူးထူးခြားခြား မတွေ့ခဲ့ဘူး တောအုပ်ကြီး"

"ဘယ်လိုဖြစ်တာလဲ ငါ့လဲ ပြောပြစမ်းပါဦး"

"ကျွန်တော်တို့လဲ ကိုသိန်းမောင်ကိုစောင့်ရင်း တော်တော်နဲ့ မအိပ်ဖြစ်ပါဘူး၊ ညဉ့်အတော်နက်တော့မှ မှေးခနဲ အိပ်ပျော်သွားတုန်း ဆူဆူညံညံအသံတွေ ကြားလို့ ထကြည့်လိုက်တော့ မည်းမည်းအကောင်တွေ တစ်အုပ်ကြီးဝင်လာပြီး ကိုသိန်းမောင်ကို တရွတ်တိုက် ဝင်ဆွဲသွားတာကို မြင်လိုက်ရတာပဲ၊ အဲဒါနဲ့ ကျွန်တော်တို့လဲ ကပျာကယာ ထလိုက်ကြတာပါပဲ၊ ဒါပေမယ့် ကျွန်တော်တို့လဲ ရောက်သွားရော အခုလိုတွေ့ရတော့တာပါပဲ၊ ကြောက်စရာကောင်းလိုက်တာ၊ ဘာကောင်တွေလဲ မသိဘူး တောအုပ်ကြီး"

"အဲဒါ တောထဲမှာ သူတို့အုပ်စုနဲ့တွေ့ရင် ဆင်တွေ၊ ကျားတွေတောင် ကြောက်ရတဲ့ 'ခဲဝါ' တွေပဲ"

"ဗျာ. . ခဲဝါဆိုတာ ဘာလဲဟင်"

"ခဲဝါဆိုတာ ရခိုင်တောတွေ၊ ရိုးမတောတွေမှာ ခေါ်တဲ့

အမည်ပဲ၊ ခဲဝါဆိုတာ တောခွေးတွေကို ပြောတာ"

"ဗျာ. . တောခွေးတွေ ဟုတ်လား၊ အရင်က ဒီဘက်မှာ ရှိတယ်လို့ တစ်ခါမှ ပြောသံမကြားခဲ့ပါဘူး၊ အခုမှ ဘယ်က ရောက်လာတာပါလိမ့်"

"ဟုတ်တယ်၊ အရင်က ဒီမှာလုပ်နေကြတာ ကြာလှပြီ တောခွေးရှိတယ်လို့ ပြောသံမကြားမိပါဘူး၊ မဟုတ်ခါမှ လွဲရော နတ်နေတဲ့ သစ်ပင်ကြီးကို လှဲမိလို့ တောစောင့်နတ်၊ တောင်စောင့်နတ်တွေက လွှတ်လိုက်ပြီထင်တယ်"

တစ်ယောက်တစ်မျိုး ထင်ရာ ပြောနေကြသည်။

"မင်းတို့တစ်တွေပြောတာ မဟုတ်ပါဘူး၊ ခဲဝါတွေက မြေတွင်းအောင်း သတ္တဝါတွေပဲ၊ မြေကြီးထဲမှာ ကျင်းဖွဲ့ တွင်းအောင်းနေတော့ ဘယ်မြင်နိုင်မလဲ၊ နောက်ပြီး ဒီကောင်မျိုးတွေက နေ့ဘက်မှာ အလင်းရောင်ရှိရင် မျက်စိမမြင်ရဘူး၊ ညဘက်ကျမှ အစာရှာထွက်တာ"

"ဒါကြောင့် မတွေ့တာကိုး"

"ခဲဝါတွေကို အုပ်စုလိုက်နေကြတယ်၊ ကြောက်စရာအကောင်းဆုံးက သူတို့ရဲ့ ကျင်ငယ်ရေပဲ၊ အဲဒီကျင်ငယ်ရေ မျက်လုံးထဲဝင်ရင် ဘယ်သူမဆို၊ ဘယ်သတ္တဝါမဆို မျက်လုံးကန်းရော၊ အဲဒီကျမှ အုပ်စုလိုက် ဝင်ကိုက်တာ"

"ခဲဝါရဲ့အမြီးတွေက ဝံပုလွေတွေလို အမြီးဖွားဖွားတွေ





ဆိုတော့ အဲဒီအမြီးကို ကျင်ငယ်ရေနဲ့ဆွတ်ပြီး ခါတာ မျက်လုံးထဲ နည်းနည်းဝင်တာနဲ့ ကန်းတာပဲ၊ ဆင်တွေ ကျားတွေနဲ့ တွေ့တဲ့အခါ သစ်ပင်ပေါ်တက်ပြီး အပေါ်က ခါချတာမျိုးတို့၊ ကုပ်ပေါ်အတင်းတက်ပြီး ခါချတာမျိုး လုပ်ကြတယ်၊ ဒီကောင်တွေ အုပ်စုတွေကများတော့ ဘယ်လိုသတ္တဝါမျိုးမှ မခံနိုင်ဘူး၊ သူတို့နဲ့တွေ့လို့ လွတ်အောင် ပြေးနိုင်ရင်ပြေး၊ မဟုတ်ရင် သေကြတာပဲ"

"ဒါဖြင့် ဒီနေရာကို ဘာကြောင့် ရောက်လာတာလဲ အဘ"

"ငါထင်တာတော့ ကုန်းပေါ်က တောင်သရက်ပင်ကြီး လှဲလိုက်တာနဲ့ ပတ်သက်နေတယ် ထင်တယ်"

"ဘယ်လို ပတ်သက်တာလဲ အဘ၊ တောစောင့်နတ်၊ တောင်စောင့်နတ်တွေက မကျေနပ်လို့ လွှတ်လိုက်တာများလား"

"မဟုတ်ပါဘူးကွာ၊ တလွဲတွေ လျှောက်တွေးမနေကြမ်းပါနဲ့၊ အဲဒီသစ်ပင်လဲတဲ့ နေရာဟာ သူတို့နေတဲ့ မြေကျင်းနဲ့ နီးတဲ့နေရာ ဖြစ်လိမ့်မယ်၊ ဒါကြောင့် ထွက်လာကြတာဖြစ်မယ်၊ ဘာပဲဖြစ်ဖြစ် ဒီကောင်တွေထွက်လာပြီဆိုရင် တို့အတွက်က အန္တရာယ်ရှိလာပြီ၊ နေ့ဘက်တွေမှာထက် ညဘက်တွေမှာ သတိဝီရိယ ပိုပြီးထားပြီးနေကြ၊ ကြားလား"

"ဟုတ်ကဲ့ပါ တောအုပ်ကြီး"

ထို့နောက် သူတို့တစ်တွေသည် သိန်းမောင်၏ အလောင်းကို မြေကျင်းတူး မြှုပ်နှံလိုက်ပြီး စခန်းသို့ ပြန်ခဲ့ကြသည်။

ထိုညက မည်သူမှ အိပ်မပျော်နိုင်တော့ပေ။

× × × × ×

[ ၃ ]

နောက်ပိုင်းရက်များတွင် သူတို့ သစ်ကွက်တွင်း ဆင်းကြသောအခါ ကိုယ့်အုပ်စုနှင့်ကိုယ် သတိဝီရိယထား၍ လုပ်ကိုင်ကြသည်။

ညဘက်များတွင်လည်း အလှည့်ကျ ကင်းစောင့်ကြသည်။

တစ်ညတွင် စံသိန်းနှင့် ငွေရတို့ ကင်းကျသောအလှည့်၌ ခဲဝါများ အုပ်စုလိုက်ဝင်လာပြီး မည်းမည်းမြင်ရာ ဝင်ဆွဲကြသည်။

နေ့ခင်းပိုင်းက အလုပ်ပင်ပန်းမှုကြောင့် စိတ်ချလက်ချ အိပ်နေကြသော သလပ်ခွာသစ်တောစခန်းမှ အလုပ်သမား





ျားမှာ မမျှော်လင့်ဘဲ ဝင်လာသော အန္တရာယ်ကြောင့် ရရာသက်နက်များဆွဲ၍ ပြန်လည်တိုက်ခိုက်ကြရတော့သည်။

"ဟေ့. . သေးတွေ မျက်စိထဲ မဝင်အောင် သတိထားကြဟေ့"

အမှောင်ထဲမှ ဦးဂွမ်ရှိန်၏အသံက ကျယ်လောင်စွာ ပေါ်ထွက်လာသည်။

အမှောင်ထဲတွင် သေနတ်သံ၊ ဓါးခုတ်သံ၊ လှံထိုးသံများ၊ ခဲဝါများ၏ မာန်ဖီသံ၊ ကိုက်ခဲသံများ၊ ငယ်သံပါအောင် အော်သံ၊ ကြောက်မက်ဖွယ် အော်သံများဖြင့် သလပ်ခွာစခန်းတစ်ခုလုံး ငရဲပွက်သံအလား ဆူညံလျက် ရှိနေတော့သည်။

ခဲဝါများသည် စခန်းတစ်ခုလုံး မြင်မကောင်းအောင်ဘရုကြမ်း ဝင်ရောက် ကိုက်ခဲကြပြီးနောက် အရှေ့ဘက်မှ ရောင်နီတက်လာတော့မှ စူးစူးဝါးဝါး အူသံများပေးပြီး တောနက်ထဲသို့ ပြန်ပြေးသွားကြသည်။

နံနက်လင်းသောအခါ သလပ်ခွာစခန်းတွင်း၌ ဒဏ်ရာရသူ၊ ဒဏ်ရာပြင်းထန်သူ၊ စံသိန်းနှင့် ငွေရတို့အပါအဝင် သေဆုံးသူ လေးယောက်တို့ကို ဝမ်းနည်းဖွယ်ရာ တွေ့မြင်ရသည်။

ထို့ပြင် ခဲဝါ လေးငါးကောင် သေနေသည်ကိုလည်း တွေ့ရသည်။

ခဲဝါဟုခေါ်သော တောခွေးများမှာ နှုတ်သီးချွန်ချွန်၊

အစွယ်ငေါငေါ၊ အမြီးဖွားဖွားနှင့် ဝံပုလွေနှင့်တူသော မြေတွင်းအောင်း သတ္တဝါများ ဖြစ်ကြသည်။ အစွယ်နှင့် သွားများမှာ ချွန်ထက်လှသဖြင့် ကိုက်လိုက်လျှင် အကွင်းလိုက် ပြတ်ပါလေသည်။ မျက်လုံးများမှာ ဟင်းပြဒါးကဲ့သို့ ရဲရဲနီနေပြီး အလွန်ရန်လိုသော မျက်နှာပေါက်ရှိသည်။

၎င်းတို့ကိုယ်မှလည်း သေးနံ့ကဲ့သို့ အနံ့တစ်မျိုး ထွက်နေသည်။

နံနက်လင်းသောအခါ ပုသိမ် သစ်တောစခန်းသို့ အကြောင်းကြားကာ ဒဏ်ရာရသူများကို ဆေးရုံသို့ ပို့ပေးသည်။

သေဆုံးသူများကိုလည်း ၎င်းတို့၏ မိဘဆွေမျိုးများကို အကြောင်းကြားပြီး လိုအပ်သည်များ ဆောင်ရွက်ပေးကာ တောထဲမှာပင် သဂြိုဟ်လိုက်သည်။

ကျန်ခဲ့သူများကတော့ လုပ်ဖော်ကိုင်ဘက်များအတွက် စိတ်မကောင်းဖြစ်ကြရသည်။ အချို့အယူသည်းသူများကတော့ စံသိန်းနှင့် ငွေရတို့မှာ မလုပ်သင့်သော နတ်ကွန်းရှိရာ တောင်သရက်ပင်ကြီးအား လှဲမိသောကြောင့် ယခုကဲ့သို့ စခန်းမှာ အန္တရာယ်ဆိုးများ ရောက်လာသည်ဟု ထင်နေကြသည်။ နောက်ရက်တွင် ဦးဂွမ်ရှိန်က စခန်းရှိ အလုပ်သမားများကို ခေါ်ပြီး ဤသို့ ပြောပြသည်။





"တို့စခန်းမှာ မမျှော်လင့်ဘဲ အခုလို အန္တရာယ်ဆိုးတွေ င်လာတာ ဘာအကြောင်းကြောင့်မှ မဟုတ်ဘူး။ တလောက သိန်းတို့ လှဲတဲ့ တောင်သရက်ပင်ကြီး လဲကျတဲ့ဘက်မှာ ခဲဝါ တွေ အောင်းနေတဲ့ မြေကျင်းရှိလိမ့်မယ်၊ သစ်ပင်က သူတို့ နေတဲ့ မြေကျင်းပေါ် ကျတော့ ဒီကောင်တွေကို လှုပ်နှိုးလိုက် သလိုဖြစ်ပြီးတော့ ဒီကောင်တွေ ထွက်လာပြီး တို့ကို အန္တရာယ် ာပေးတော့တာပဲ"

"အဲဒါဆိုရင် ဘယ်လိုလုပ်မလဲ အဘ၊ ဒီကောင်တွေက ာစရှိရင် ဆက်လာတော့မှာ သေချာတယ်၊ ဘယ်လိုလုပ်ရင် ကာင်းမလဲ အဘ"

နီမောင်က စိတ်ပူစွာ မေးလိုက်သည်။

"လွယ်ပါတယ်ကွာ၊ 'လာမယ့်ဘေး ပြေးတွေ့' ဆိုတဲ့ ကားပုံရှိသားပဲ၊ သူမလာခင် ကိုယ်က အရင်သွားပြီး တွေ့ က်ရင် ပြီးတာပဲမဟုတ်လား၊ ဒီတော့ အချိန်ဆွဲမနေဘဲ တို့ စ်တွေ ဒီနေ့ပဲ အဲဒီဘက်ကို အခြေအနေ သွားကြည့်ကြ အောင်"

"ကောင်းတယ် အဘ"

"လက်နက်တွေ အစုံအလင်ယူခဲ့ကြ၊ သွားကြမယ်"

ဤသို့ဖြင့် ဦးဂွမ်ရှိန် ဦးဆောင်သော သစ်တောအလုပ် မားများ လက်နက်ကိုင် အစောင့်များတို့သည် သေနတ်၊

ခါး၊ လုံ၊ လေးမြား၊ ဒူးလေး စသည်တို့ အသီးသီးကိုင်ဆောင်ကာ တောင်ပေါ်တက်ခဲ့ကြသည်။

တလောက စံသိန်းတို့ လှဲချခဲ့သော တောင်ကုန်းပေါ်သို့ ရောက်သောအခါ သစ်ဖျားကျရာဘက်သို့ ဂရုတစိုက် လေ့လာကြည့်သောအခါ တောင်ပို့သင်္ဂြိုဟ်တစ်ခုကို သတိပြုမိပြီး တောင်ပို့အတွင်းမှ ထူးခြားသော အသံများကိုလည်း တစွန်းတစ ကြားရသည်။

မြေကြီးကို နားကပ်၍ထောင်လျှင် မြေအောက်မှ အသံများကို ကြားနေရသည်။

"ဒီနေရာက ငါထင်တဲ့အတိုင်း ခဲဝါကျင်းပဲကွ၊ အသံမထွက်ကြစေနဲ့၊ ငါပြောသလို လုပ်ကြ"

ထိုသို့ဆိုကာ တောင်ကုန်းတစ်ဝိုက် ဂယ်ပေါက် (လေဝင်ပေါက်) မှန်သမျှ ကျောက်တုံးများဖြင့် ဆို့ပိတ်ပြီး တောင်စောင်းအောက်မှ အဝင်အထွက်ပြုသော အပေါက်ထဲသို့ ထင်းချောင်းများ ထင်းတုံးများ ရနိုင်သမျှ ထိုးသွင်းထည့်ကာ ဂူပေါက်ဝကို သစ်သားတိုင်များဖြင့် ဆို့ပိတ်လိုက်သည်။

ထို့နောက် သစ်ကိုင်းခြောက်များကို မီးရှို့ကာ အထဲသို့ ထည့်ပေးလိုက်ရာ မကြာမီ တွင်းမှ သစ်ကိုင်းသစ်ခက်များကို မီးစွဲလေတော့သည်။

မကြာမီ သစ်တုံးကြီးများကိုပါ မီးစွဲကာ မီးတောက်ကြီး





ျား အသွင်ပြောင်းသွားပြီး ဂူအတွင်းရှိ သစ်တုံးများအား တောက်လျှောက် လောင်လေတော့သည်။

မီးတောက်များ အရှိန်ကောင်းလာသည်နှင့် ဂူအတွင်းမှ ဆူညံညံအသံများ ကြားရပြီး တောခွေးများ ဂူပေါက်ဝသို့ လုအယက် ပြေးထွက်လာကြသည်။

မီးတောက်ကြီးတွေ့လျှင် အတွင်းသို့ ပြန်ဝင်ပြေးကြန်၏။

မီးခိုးလုံးများက ဂူအတွင်းသို့ အလုံးလိုက် ဝင်သွားသောအခါ အတွင်းမှ သတ္တဝါများ မည်သို့မျှ မခံနိုင်ကြတော့ပေ။

မီးခိုးများ ပိတ်ထားသော ဂယ်ပေါက်များကပင် အငွေ့ဘွ အပြင်သို့ ထွက်လာပြီ။

မီးသွေးဖုတ်သော ဂူများထဲသို့ အဝမှ မီးရှို့လိုက်လျှင် အတွင်း၌ ထောင်ထားသော သစ်သားချောင်းများ မီးလောင်ဘဲ အပူငွေ့ဖြင့် ကျွမ်းသွား၍ မီးသွေးချောင်းဖြစ်သွားကဲ့သို့ မကြာမီ ဂူအတွင်းမှ ခဲဝါများ၏ အော်သံများ တစ်စစ်စ ငြိမ်ကျသွားလေတော့သည်။

"ဒီနေ့ညတော့ ခဲဝါကျပ်တင်သားကို အရက်နဲ့ မြည်း အနားယူရမယ်"

"တို့ကံကောင်းရင် ခဲဝါတွင်းထဲမှာ ခြသံပေါင် ရချင်နိုင်တယ်"

"ခြသံတောင်ဆိုတာ ဘယ်လိုသံမျိုးလဲ အဘ"

"ခြသံဆိုတာ ခြတောင်ပို့တို့ ခဲဝါတွင်းတွေထဲက ရတတ်တဲ့ သိဒ္ဓိဝင် သံတစ်မျိုးပေါ့၊ ဒီကောင်တွေ ပွတ်တိုက်ကိုက်ဖဲ့ထားလို့ အဲဒီသံဟာ အသွင်ပြောင်းပြီး အရောင်တဝင်းဝင်း ထွက်နေတတ်တယ်၊ စီရင်ပြီး သုံးဟတ်ရင် သိဒ္ဓိရှိတယ် ခဲဝါတွင်းတိုင်းမှာ အဲဒီလိုသံမျိုး ရတတ်တယ်လို့ ကြားဖူးတယ်"

နေ့လယ်ဘက်ရောက်သောအခါ ဂူအတွင်းပိုင်းမှ ဆူညံသံများ ငြိမ်သွားပြီး၊ ဂူဝမှ မီးများလည်း ငြိမ်းစပြုလာသည်၊

ထိုအခါ သူတို့တစ်တွေပါလာသော ပေါက်တူး၊ တူရွင်းများဖြင့် ဂူကို တူးဖြိုကြသည်။

ဂူပေါက်သွားသောအခါ အတွင်းမှ မီးခိုးလုံးများ ထွက်လာသည်။ အပူငွေ့များ တငွေ့ငွေ့ထွက်လာသည်။

အတန်ငယ် စောင့်နေလိုက်မှ သက်သာရာရသွားသဖြင့် ဂူထဲ ဝင်ကြသည်။ အတွင်း၌ မီးခိုးနံ့၊ ညှော်နံ့များ လှိုင်နေသည်။

အသီးသီး နှာခေါင်းဝကို အဝတ်စည်းပြီး ဝင်ကြရသည်၊ ဂူအတွင်းပိုင်းမှာ အတော်အတန် ကျယ်ဝန်းပြီး အတွင်း၌ တောခွေး အကြီးအသေး အကောင်နှစ်ဆယ်ခန့် အတုံးအရုံး သေဆုံးနေသည်ကို တွေ့မြင်ရသည်။

သူတို့ တောခွေးအသိုက်များကို ရှာဖွေကြည့်သောအခါ





ဦးဂွမ်ရှိန်ပြောသည့်အတိုင်း ခြသံအချို့ကို ရရှိကြသည်။ ထိုသံများကို ရှာဖွေယူပြီးနောက် ဂူအတွင်းမှ ပြန်ထွက်ခဲ့ကြသည်။

အပြင်ဘက်ရောက်မှ လေကောင်းလေသန့် ရကာ အသက်ဝဝ ရှူနိုင်ကြတော့သည်။

ရိုးမရင်ပြင်၌ နေဝင်သွားပြီဖြစ်သောကြောင့် အမှောင်ရိပ်များ သန်းစပြုနေပြီ။

ယခုတော့လည်း ရန်စွယ်များကို သုတ်သင် ရှင်းလင်းနိုင်ကြပြီးဖြစ်သောကြောင့် စိတ်လက်ပေါ့ပါးစွာဖြင့် မိမိတို့စခန်းရှိရာသို့ ပြန်လာနိုင်ကြလေသည်။

သူရဇ္ဇမဂ္ဂဇင်း

၂၀၀၂




# တောတောင်မာယာ လျှို့ဝှက်ချက်များ

မြန်မာနိုင်ငံအတွင်း၌ တောတောင် မြစ်ချောင်း၊ အင်းအိုင်၊ ပင်လယ်စသည်တို့ ပေါများလှပေရာ ၎င်းနေရာများကို အမှီပြုနေထိုင်သော သတ္တဝါတို့လည်း ပေါလှသည်။

တောလည်း တောအလျောက်၊ တောင်လည်း တောင်အလျောက်၊ မြစ်ချောင်းအင်းအိုင် ပင်လယ်သမုဒ္ဒရာလည်း သူတို့အလျောက် လျှို့ဝှက်ဆန်းကြယ်မှုများတို့ဖြင့် ပြည့်နေ၏။ ၎င်းလျှို့ဝှက်ဆန်းကြယ်မှုများကို တောတောင် မြစ်ချောင်းများ၏ ပရိယာယ်ဟု ခေါ်လျှင်လည်း ရပေသည်။

တောင်သို့တက်လျှင် တောင်ပရိယာယ်ကို နားလည်ရမည်ဖြစ်ပြီး၊ တောသို့ဝင်လျှင် တောပရိယာယ်ကို နားလည်ရပေမည်။ ပင်လယ်ထဲသို့ သွားခဲ့လျှင်လည်း ပင်လယ်၏အကြောင်းကို နားလည်ရပေမည်။

ထိုသို့မဟုတ်လျှင် ဘေးဥပါဒ်အန္တရာယ်များနှင့်ကြုံတွေ့ရပေလိမ့်မည်။ ထိုအကြောင်းများနှင့်ပတ်သက်၍ ကျွန်တော်

---

သုခမစာပေတိုက်

လေ့လာဆည်းပူးခဲ့သော ကိုယ်တွေ့ဖြစ်ရပ်များကို အခြေခံ၍ မဂ္ဂဇင်းများတွင် အလျဉ်းသင့်သလို ရေးသားဖော်ပြခဲ့ပါသည်။

ယခု မာယာများသော တောတောင် ပင်လယ်တို့၏ လျှို့ဝှက်ချက်များကို လစဉ် ရေးသားဖော်ပြပါမည်။

တောဆိုသည်မှာ လူနှင့် နီးသော တောနှင့် လူသူ အရောက်အပေါက်နည်းသော တောဟူ၍ နှစ်မျိုး ရှိသည်။ တော၏ သဘာဝအတိုင်း လူသူအရောက်အပေါက်နည်းလျှင် လျှို့ဝှက်ဆန်းကြယ်မှု ပိုများလေလေ ဖြစ်သည်။ လူတွေက လည်း တောသို့ရောက်ဖို့ရန် အကြောင်းသိပ်မရှိလှပေ။ သစ် တောထွက်ပစ္စည်း (ထင်း၊ သစ်၊ အဖိုးတန် ပရဆေး ဆေးဖက် ဝင် အပင်၊ သစ်ခွပန်း၊ ကျောက်မျက်ရတနာ) အစရှိသည်တို့ ရှာဖွေရန်၊ အမဲလိုက်ရန်အတွက်သာ တောသို့ ရောက်လေ့ ရှိကြသည်။ အန္တရာယ်များလှသော တောကို မည်သူကမှ အကြောင်းမဲ့ သွားကြမည်မဟုတ်ပေ။

တောထဲကို ဝင်တော့မယ်ဆိုရင် ဦးစွာ သတိပေးရမည့် အချက်ကတော့ မျက်စိလည် လမ်းမမှားဖို့ပါပဲ။ တောထဲမှာ မျက်စိလည်တယ်ဆိုတာ မြို့လယ်ခေါင်မှာ လမ်းမမှတ်မိလို့ ခရီးသည်တစ်ဦးဦး မေး၍သော်လည်းကောင်း၊ ဒါမှမဟုတ် ယာဉ်တစ်စီးစီးကို ငှားပြီး သွားလိုက်ရင် မိမိသွားလိုတဲ့ နေရာ ကို အနေးနှင့်အမြန် ပြန်ရောက်နိုင်ပါတယ်။





တောနက်ထဲမှာကျတော့ အဲသည်လို မဟုတ်ဘူး။ မေး စရာလူလည်း မရှိဘူး။ ငှားစီးစရာ ဘာယာဉ်မှလည်း မရှိလေ တော့ မိမိနေရာကို ပြန်ရောက်နိုင်ဖို့ မလွယ်ကူလှဘူး။ တော ထဲမှာ မျက်စိလည်ရင် ပင်လယ်ရေကြောင်း မှားတာထက် ဆိုး ပါတယ်။

နောက်ပြီး တောဆိုတာ တောနက်လေ မာယာများလေ ပါပဲ။ တောရဲ့သဘာဝ မရှိတာကို အရှိလုပ်တယ်။ မဟုတ်တာ ကို အဟုတ် လုပ်တယ်။ နောက်ပြီး တောကောင်ကြီးတွေ၊ ကျတ်တွေနဲ့ နာနာဘာဝတွေရဲ့ လှည့်စားမှုကလည်း အချိန် နဲ့အမျှ ကြုံတွေ့နိုင်ပါတယ်။

တောခြောက်ခြင်း၊ ကျတ်ကုန်း ဖန်ဆင်းခြင်း၊ သား ကောင်ကြီးတွေ၊ သစ်ကြီးဝါးကြီးတွေ၊ ဂမုန်းပင်တွေရဲ့ လှည့် စားမှုတွေကလည်း အများသား။ ဒါတောင်မှ ဒီကိစ္စမျိုးတွေ ဆိုတာ ကိုယ်တိုင် တွေ့ဖူးကြုံဖူးတဲ့သူတွေမှသာ လက်ခံ ယုံ ကြည်ကြတာ။

တောကြီးကြီးကို ရောက်ဖူးဖို့ဝေးရော၊ မြင်တောင်မမြင် ဖူးတဲ့သူတွေအဖို့တော့ ဒီအကြောင်းမျိုးတွေက ဖတ်ကောင်းရုံ သက်သက် ဖြစ်နိုင်ပေမယ့် တောမှာကြီးပြီး၊ တောတောင်တွေ ကို မှီခိုလုပ်ကိုင် စားသောက်နေသူတွေအဖို့တော့ တကယ့် အဖိုးမဖြတ်နိုင်တဲ့ အကြောင်းအရာတွေ ဖြစ်လာနိုင်ပါတယ်။

တောတောင်ထဲကို သွားကြမယ့်သူတွေ ပထမဦးစွာ သိထားသင့်တဲ့အကြောင်းကတော့ မိမိသွားရောက်မယ့် တောတောင်ရဲ့ ခလေ့စရိုက်နဲ့ ကြီးစိုးစောင့်ရှောက်နေတဲ့ ပုဂ္ဂိုလ်များနဲ့ အစောင့်အရှောက်တွေ အကြောင်းကို အားလုံးမဟုတ်ရင်တောင်မှ အကြမ်းဖျင်းလောက်တော့ သိထားသင့်ပါတယ်။

ဥပမာ မြန်မာပြည်မှာ နာမည်သိပ်ကြီးတဲ့ အင်းရဲကြီးကို သွားမယ်ဆိုရင် အင်းရဲကြီးအစောင့် မောင်အောင်အကြောင်း ကျိုက်ထီးရိုး၊ သာမညာ၊ ကေလာသ၊ ဒေးစွန်ပါ၊ ပဲခူးရိုးမ အစ ရှိတဲ့ နေရာတွေမှာလည်း တောပိုင်၊ တောင်ပိုင် အစောင့်အရှောက်တွေ ရှိကြပါတယ်။

မြစ်ဝကျွန်းပေါ်ဘက်က ထော်ဆီသောင်ပိုင်၊ မိန်းမလှကျွန်း၊ ရွှေကရင်ကျွန်းစတဲ့ သစ်တောတွေမှာ ဦးရှင်ကြီး၊ အဘိုးရွှေကရင် စတဲ့ နတ်တွေ စောင့်ရှောက်ကြပါတယ်။ အဲဒီတောတွေ ဝင်တော့မယ်ဆိုရင် ခါတ်ပုံမရိုက်ရဘူး။ (ရိုက်လည်း ပုံပျက်တတ်ပါတယ်) ကုလားစကား၊ ကြမ်းတမ်းယုတ်မာတဲ့ စကားမျိုး မပြောရဘူး။ ဝက်၊ အမဲသား ယူဆောင် စားသောက်ခြင်း မပြုရဘူး။ တောမှာ လင်စုံမယားဖက် အတူ မအိပ်ရဘူး။ ထမင်းဦး၊ ဟင်းဦးတင်မြှောက်ပြီးမှ စားသောက်ရတယ်။ တောတက်ခါနီး ဦးရှင်ကြီးနတ် တင်မြှောက် ပ,သရတယ်။ လက်ဖက်ကွမ်းယာ စတာတွေနဲ့ ဆက်သပြီးမှ တောတက်ကြရတယ်၊





အဲဒါတွေ မသိဘဲနဲ့ အဲဒီတောတွေကို မသွားလေနဲ့။ မယုံကြည်လို့ တစ်ခုခု အမှားအယွင်း လုပ်မိလို့ကတော့ ဆယ်ဦးသွားလို့ တစ်ဦး အသက်ရှင်ရက်နဲ့ ပြန်မထွက်နိုင်ပါဘူး။

တောကြမ်းလေတော့ ကျား၊ ဆင်၊ မိကျောင်းတွေကလည်း ပေါရုံမကဘူး။ နာနာဘာဝတွေကလည်း များတယ်။ တောတက်တာနဲ့ ကျားဆွဲခံရသူတွေ၊ ဆင်လိုက်ခံရသူ၊ မိကျောင်း ကိုက်ခံရသူ၊ မြွေခဲခံရသူတွေ။

ဝါးတစ်ရုံ သစ်တစ်ပင်ခြားရုံနဲ့ ပြန်လမ်းပျောက်သူတွေ၊ လူယောင်ဖန်ဆင်းထားတဲ့ ကျတ်ကုန်းရောက်သွားသူတွေ၊ တောခြောက်ခံရသူ၊ မြွေညို့ခံရသူတွေဟာ အများကြီးပါ။

တောထဲ တောင်ထဲမှာ မျက်စိလည်ပြီး ဘယ်လိုမှ ပြန်မရောက်နိုင်တော့ဘဲ အစာရေစာပြတ်သေတဲ့သူ၊ သစ်ပင်ပေါ် ရောက်နေပြီးမှ ညဘက်မှာ အောက်ကနေ တောခြောက်ပြီး လှည့်စားတာကို တကယ်မှတ်ပြီး ဆင်းမိလို့ ပြန်လမ်းမရှိတဲ့ သူတွေလည်း ရှိပါတယ်။

သတိထားရမှာက တောဝင်တော့မယ်ဆိုရင် တောလိုက်ချင်လို့ပဲဖြစ်ဖြစ်၊ အခြားကိစ္စကြောင့်ပဲဖြစ်ဖြစ်၊ ဘယ်အခါမဆို အနံ့စူးတဲ့ ရေမွှေး၊ ဆေးပြင်းလိပ် အစရှိတဲ့ ပစ္စည်းတွေ၊ အရောင်တောက်တဲ့ အဝတ်အစားတွေ ဝတ်ဆင်အသုံးပြုခြင်းကို ရှောင်ကြဉ်ရတယ်။ အဲဒီရနံ့တွေဟာ တောအနံ့နဲ့ စိမ်း

လွန်းပြီး တောရိုင်းတိရိစ္ဆာန်တွေက အဝေးကပင် အလွယ်တကူ ရနိုင်ပါတယ်။ မိမိရှိရာကို အလွယ်တကူ ရှာဖွေတွေ့ပြီး ရောက်လာနိုင်ပါတယ်။

နောက် အသံမြည်တတ်တဲ့ သံဘူးခွံ၊ စီးကရက်ဘူးခွံ ကြွပ်ကြွပ်အိတ် စတဲ့ ပစ္စည်းမျိုးတွေရဲ့ အသံတွေက တိတ်ဆိတ်ငြိမ်သက်နေတဲ့ တောတောင်ထဲမှာ သီးခြား ထူးထူးခြားခြား ကြားရတတ်ပါတယ်။

အဓိက သတိထားရမှာကတော့ ဘယ်တော၊ ဘယ်တောင်ကိုပဲ ဝင်ဝင်၊ တစ်ယောက်နဲ့တစ်ယောက် လူစုကွဲသွားတဲ့အခါမှာ နာမည်တောင် အော်မခေါ်ရဘူး။ တောထဲမှာ နာမည်အော်ခေါ်တဲ့အခါ သင်းခွေချပ်တွေကပါ ကိုယ့်နာမည် လိုက်ခေါ်တတ်ကြပါတယ်။ တစ်ယောက်က 'မောင်ဖြူရေ' လို့ အော်ခေါ်လိုက်ရင် မကြာခင်မှာ တောအနှံ့အပြား နေရာတွေက 'မောင်ဖြူရေ' ဆိုတဲ့ ခေါ်သံတွေ ပေါ်လာတတ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ တောထဲမှာ သင်းခွေချပ်ဆိုတာ အများကြီးရှိတာဆိုတော့ တစ်ကောင်အော်သံကြားတာနဲ့ နောက်တစ်ကောင်က လိုက်အော်ရင် အသံတွေများလာတာနဲ့ ဘယ်လမ်းလိုက်ရမှန်း မသိတော့ဘဲ ဒုက္ခတွေ့ကြတော့တာပါ။

နေ့ဘက်မှာ ဆိုရင်တော့ အရှေ့၊ အနောက်၊ တောင်၊ မြောက် ဝဲယာကိုကြည့်ပြီး မိမိတို့နေရာကို ခန့်မှန်းနိုင်တယ်။





ဒါကြောင့် တောင်ပေါ်တက်မယ်ဆိုရင် မိမိရှိတဲ့အရပ်ကို ကြည့်ပြီး အရှေ့၊ အနောက်၊ တောင်၊ မြောက် ဝဲယာကို မှတ်သားထားပြီးမှ တောင်ပေါ်တက်သင့်ပါတယ်။

နေ့ဘက်မှာ မျက်စိလည်နေရင်တော့ သစ်ပင်မြင့်မြင့်ပေါ်တက်ပြီးတော့ မိမိတို့ရှိရာ အရပ်ကို ခန့်မှန်းကြည့်ရှုနိုင်တယ်။ နောက်တစ်မျိုးက နေထိတဲ့ အပင်ကို ကပ်ကြည့်ပါ။ နေဝင်သွားပေမယ့် နောက်ဆုံး နေထိသွားတဲ့ ပင်စည်ဘက်အခြမ်းက ပူနွေးနေပါတယ်။ ဒါဆိုရင် အဲဒီဘက်အခြမ်းက အနောက်ဘက်လို့ သိနိုင်ပြီး သူ့ရဲ့ဆန့်ကျင်ဘက်က အရှေ့ဘက်အရပ်လို့ ခန့်မှန်းနိုင်ရင် ဆင်းလမ်း၊ တက်လမ်းကို ခန့်မှန်းနိုင်ပါတယ်။

နေမရှိတဲ့အခါ မိုးအခါမှာ မိုးထိတဲ့ဘက်က ပြောင်နေပြီး မိုးမထိတဲ့ဘက်က ရေညှိကပ်နေတတ်ပါတယ်။ မိုးထိတဲ့ဘက်က မြောက်အရပ်၊ အရှေ့အရပ် ဖြစ်ပါတယ်။ နောက်သစ်ညွန့်တွေဟာ မိုးအခါမှာ မြောက်ဘက်ကို ညွတ်ပြီး နွေအခါမှာ တောင်ဘက်ကို ညွတ်ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ မိုးတွင်းမှာ တောင်လေတိုက်တော့ မြောက်ဘက်ကို ယိမ်းတာဖြစ်ပြီး၊ နွေဘက်ကျတော့ ရေငွေ့ရှိတဲ့ ပင်လယ်ဘက်ကို ညွတ်တိမ်းကြတာ ဖြစ်ပါတယ်။ ဒါကတော့ တောထဲမှာ သာမန်မျက်စိလည်နေရင် မိမိဘာသာ ဆင်းလမ်း၊ တက်လမ်း

ကို ခန့်မှန်းနိုင်မယ့် အထောက်အကူပြုတဲ့အချက်တွေ ဖြစ်ပါ တယ်။

ဒုတိယ မျက်စိလည်ခြင်းမျိုးကတော့ ကျတ်တွေ လှည့် စားလို့ မျက်စိလည်ခြင်းမျိုးပါပဲ။ မိမိကို ကျတ်တွေ လှည့်စားနေ ခြင်းကို ဘယ်လို သိနိုင်သလဲဆိုတော့ တောနက်ထဲမှာ တောနဲ့ မအပ်စပ်တဲ့၊ မမြင်အပ်တဲ့အရာတွေ တွေ့လာ၊ မြင်လာရပြီ ဆိုရင်တော့ သတိထားပေတော့။

ဥပမာ တောထဲမှာ လူတွေ၊ ရွာတွေ၊ နေအိမ် အစရှိ တာတွေ တွေ့လာရင် ဖြစ်နိုင်၏၊ မဖြစ်နိုင်၏ စဉ်းစားပြီးမှ ယုံသင့်မှ ယုံရပါတယ်။ လက်ခံသင့်မှ လက်ခံရပါတယ်။

မဟုတ်လို့ကတော့ နေအိမ်မှတ်လို့ စိတ်ချလက်ချ အိပ် လိုက်တာ နိုးလာမှ သစ်တုံးခေါင်းအုံး အိပ်မိသူတွေ၊ လူသေကို မြှုပ်ထားတဲ့နေရာတွေ၊ အုတ်ဂူဟောင်းတွေ နေရာမှာ ခေါင်း အုံးအိပ်မိသူတွေ အများကြီးပဲ။ အချို့ကလည်း အစားကောင်း တွေမှတ်ပြီး တဝတပြ စားပစ်လိုက်၊ ဗိုက်နာပြီး ဝမ်းသွားတော့ မှ သစ်ရွက်တွေချည်းပဲပါတာ ရှိကြပါတယ်။

နောက်တစ်မျိုး မျက်စိလည်တာကတော့ တစ်နေရာ တည်းကို အခါခါပြန်ရောက်နေတာမျိုးပဲ။ တောနက်ထဲမှာ တစ်နေရာတည်းကို အကြိမ်ကြိမ် ပြန်ရောက်နေပြီဆိုရင်တော့ မရိုးတော့ဘူး။ အဲဒါ စပါးကြီးမြွေ အညို့ခံထားရလို့ ဝေးဝေး





သွားနိုင်ဘဲ တစ်နေရာတည်း ဝဲလည်နေတာပါ။ စပါးကြီးမြွေ ဆိုတာမျိုးက သူ့ရဲ့ချက်နားမှာ ညို့ကြိုးနှစ်ခွ ရှိတယ်။ လူဖြစ် ဖြစ်၊ တိရိစ္ဆာန်ဖြစ်ဖြစ် ခြေရာအသစ်တွေ့ရင် ညို့ကြိုးထိပ်မှာ ရှိတဲ့ စွန်ကုပ်နှစ်ခုနဲ့ ထောက်ညို့ထားလိုက်ရင် အညို့ခံရသူ ဟာ အဝေးကိုမသွားနိုင်ဘဲ တဝဲလည်လည်ဖြစ်နေပြီး၊ နောက် ဆုံး ညို့တဲ့မြွေရှေ့ ပြန်ရောက်ပြီးတော့ လဲတော့တာပါပဲ။ အဲဒီ တော့မှ မြွေက ရစ်ပတ်ဆွဲဆန့်ပြီး တစ်ကိုယ်လုံး ချိုးတွေနဲ့ သုတ်ပြီးတော့မှ အကောင်လိုက် မျိုပစ်တာ။ ချိုရှိတဲ့ သမင်လို၊ သတ်လိုကောင်မျိုးတွေ မျိုတဲ့အခါ ဦးချိုတွေက မြွေရဲ့ဗိုက်သား တွေ ပေါက်ထွက်စေပေမယ့် အချိန်တန်တော့လည်း အရည် ပျော်သွားတာပါပဲ။ လူ့တိရိစ္ဆာန်တွေရဲ့ အရိုးတောင်မှ အရည်ပျော်သွားနိုင်တာ၊ ဦးချိုလည်း အချိန်တန်တော့ အရည် ပျော်သွားတာပါပဲ။ စပါးကြီးမြွေက အဲဒီနည်းနဲ့ အပြေးမြန်တဲ့ သားကောင်တွေကို ဖမ်းပြီး မျိုနိုင်တာ။

တောတက်တဲ့လူတွေက အဲဒီအကြောင်းတွေကို သိပြီး၊ သတိရှိမယ်ဆိုရင် တစ်နေရာတည်းကို အကြိမ်ကြိမ် လည်ပြီး ရောက်နေတာကို သတိပြုမိရင် မိမိကိုယ်ပေါ်မှာပါတဲ့ ပစ္စည်း တစ်ခုခု၊ ဒါမှမဟုတ် အဝတ်အစားတစ်ခုခုကို ချွတ်ပုံထားခဲ့ရင် မြွေစက်ကွင်းက လွတ်နိုင်ပါတယ်။

အချို့သတိရှိတဲ့ လူတွေဆိုရင် မိမိကို မြွေညို့ခံနေရမှန်း

ရိပ်မိရင် ပါလာတဲ့ ဓားကို အဝတ်တွေ ပတ်ပြီး စိုက်ထောင်ထားခဲ့တယ်။ မြွေက သားကောင်မှတ်လို့ ပတ်ပြီး ဆွဲဆန့်လိုက်တော့ ဓားက မြွေရဲ့ကိုယ်ကို အပိုင်းပိုင်း ဖြတ်ပစ်လိုက်တာပေါ့။ အဲဒီတော့မှ စက်ကွင်းက လွတ်သွားပြီး မြွေကိုပါ ဖမ်းယူသွားနိုင်တဲ့ လူတွေရှိပါတယ်။ ဒါကတော့ အသက်ဉာဏ်စောင့်တဲ့ အဖြစ်မျိုးပါပဲ။

တောတက်တဲ့သူတွေ နောက်တစ်မျိုး ကြုံတွေ့ကြရတဲ့ အန္တရာယ်ကတော့ တောခြောက်တာ ခံရခြင်းပါပဲ။ တောခြောက်တယ်ဆိုတာ တောရဲ့လှည့်စားခြင်းကို ခံရတာဖြစ်ပါတယ်။

တောခြောက်တယ်ဆိုတာ မရှိကိုအရှိလုပ်တယ်၊ မဟုတ်တာကို အဟုတ်လုပ်ပြီး တောမှာရှိတဲ့ နာနာဘာဝတွေက မျက်စိလှည့်စား နှောင့်ယှက်ကြတာပါပဲ။

တချို့ဆိုရင် တောနက်ထဲမှာ မျက်စိလည်ပြီး ရွာတွေကို ရောက်သွားတတ်တယ်။ အဲဒီမှာရှိတဲ့ လူတွေ ကျွေးတာ အဝစားပြီး အဲဒီမှာ အိပ်လိုက်တာ ပြန်နိုးလာတော့မှ သစ်ခေါင်းထဲရောက်လိုရောက်၊ သစ်တုံး ခေါင်းအုံးအိပ်လိုအိပ်၊ သချိုင်းထဲရောက်လိုရောက်နဲ့ အထိတ်တလန့် ဖြစ်ကြရတယ်။ တချို့ဆိုရင် အသက်ဆုံးသွားကြတယ်။

တောတက်တဲ့သူတွေဟာ မျက်စိလည်လို့ သော်လည်း





ကောင်း၊ အချိန်မီ မိမိတို့နေရာကို ပြန်မရောက်နိုင်တော့ဘူးဆိုရင် နေညိုတာနဲ့ (တောသမားတွေအခေါ် နေသစ်ဖျားစီးပြီဆိုရင်တော့)အမြင့်ဆုံးသစ်ပင်ပေါ်မှာ တက်နေတာ အန္တရာယ်အကင်းဆုံးပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ တောမှာ ကျက်စားတဲ့ ကျား၊ ကျားသစ်၊ ဆင် အစရှိတဲ့ တောတိရိစ္ဆာန်ကြီးတွေဟာ ညဘက်နေဝင်မှ အစာရှာထွက်ကြတာဆိုတော့ အန္တရာယ်တွေနဲ့ အချိန်မရွေး တိုးနိုင်ပါတယ်။

တောခြောက်တယ်ဆိုတာ အမျိုးမျိုးရှိပါတယ်။ ညဘက်မှာ သားရဲတိရိစ္ဆာန်ကြီးတွေက သမင်၊ ဒရယ်ယောင်ဆောင်ပြီး ဖြားယောင်းသွေးဆောင်တာမျိုး၊ နာနာဘာဝတွေက သူတော်စင်ယောင် ဆောင်လာတာမျိုး၊ ကျွတ်တွေက ကာယကံရှင်ရဲ့ ဇနီးမယား၊ သားသမီး၊ မိဘဆွေမျိုးတွေယောင် ဆောင်လာတာမျိုး၊ ရွာသူရွာသားတွေ၊ မိတ်ဆွေတွေယောင် ဆောင်လာတာမျိုး။

ညဘက်တွေမှာ မိမိရှိရာဆီကို လိုက်လာပြီး လာခေါ်တာမျိုး၊ တော်လဲသံကြားရတာမျိုး၊ မကောင်းဆိုးဝါးတွေ ပေးတဲ့အနံ့ဆိုး ရတာမျိုး၊ အဝေးက ခေါ်သံမျိုးစုံ၊ ငိုသံတွေ ကြားရတာမျိုး။

ဒါမျိုးတွေ ကြုံတွေ့လာခဲ့ရင် ညဘက်ဆိုရင် အပင်ပေါ်က အောက်ကို လုံးဝ မဆင်းရပါဘူး။ ဆင်းမိတာနဲ့ ဖခသက်

အန္တရာယ်ဖြစ်မှာပါပဲ။ ညဘက်မှာ သစ်ပင်အောက်မှာ ရောက်နေတဲ့သူတွေဟာ ကိုယ့်မိဘ၊ ကိုယ့်သားမယား၊ သားသမီး အစစ် ဖြစ်နေရင်တောင်မှ စိတ်မချရဘူး။ မယုံရပါဘူး။

အဲဒီမှာ သိထားရမှာက နာနာဘာဝ၊ မကောင်းဆိုးဝါး တွေဟာ သစ်ပင်အမြင့်ပေါ် ရောက်နေတဲ့လူ မီးပုံအနီးနားမှာ ရှိနေတဲ့သူကို မနှောင့်ယှက်နိုင်ပါဘူး။ မီးရဲ့အလင်းရောင်ဟာ အန္တရာယ်ပြုတတ်တဲ့ မကောင်းဆိုးဝါး၊ တိရိစ္ဆာန်တွေရဲ့ လျှို့ဝှက်ချက်ကို ဖော်ထုတ်နိုင်ပါတယ်။

လူကို အန္တရာယ်ပြုတတ်တဲ့ မကောင်းဆိုးဝါး၊ နာနာဘာဝ၊ မိကျောင်း၊ ကျား၊ ကျားသစ်၊ မြွေ အစရှိတဲ့ သတ္တဝါတွေရဲ့ မျက်လုံးဟာ ညဘက် မီးရောင်နဲ့တွေ့ရင် နီနေတတ်တယ်။ လူကို အန္တရာယ်မပြုနိုင်တဲ့ သမင်၊ ဒရယ်၊ ကြောင်ဝှက် အစရှိတဲ့ သတ္တဝါတွေရဲ့ မျက်လုံးဟာ မီးရောင်နဲ့ ထိတွေ့ရင် စိမ်းရောင်သန်းနေတတ်ပါတယ်။ မီးရောင်ဟာ ရန်မူမယ့် သတ္တဝါ၊ ရန်မမူမယ့် သတ္တဝါတွေကို ခွဲခြားပေးနိုင်ပါတယ်။

ဒီ ‌နေရာမှာ တောတွင်းက အန္တရာယ်ပြုနိုင်တဲ့ သတ္တဝါတွေရဲ့ အားနည်းချက် လျှို့ဝှက်ချက်တွေကိုလည်း ပြောပြချင်ပါသေးတယ်။

တောထဲမှာ ဆင်လိုက်ခံရရင် လေညာက မပြေးနဲ့။ တည့်တည့်မပြေးနဲ့။ ဘယ်တော့မှ ရေထဲ ဆင်းမပြေးလေနဲ့။





ဆင်ဟာ အနံ့ခံ သိပ်ကောင်းတယ်။ တည့်တည့်ပြေးရင် အပြေးမြန်တယ်။ ကွေ့ကောက်ပြေးရင် လှည့်တာ ပတ်တာ နှေးတော့ မလိုက်နိုင်ဘူး။ နောက်ပြီး ဆင်ဟာ အကောင်ကြီးသလောက် ရေထဲရောက်ရင် နှာမောင်းကလေး အသာဖော်ပြီး ငါး တစ်ကောင်လို မြန်အောင် ကူးနိုင်ပါတယ်။

ဆင်လိုက်ရင် အမြစ်ရှုပ်တဲ့ ညောင်လန်းလို အပင်မျိုးကို တက်ပုန်းမှ လွတ်ပါတယ်။

ကျားတို့၊ ကျားသစ်တို့နဲ့ ရင်ဆိုင်တွေ့ရင်လည်း ဘယ်တော့မှ လှည့်မပြေးပါနဲ့။ ကိုယ်က ခြေထောက်နှစ်ချောင်းနဲ့ ပြေးတာ၊ သူတို့က ခြေထောက်လေးချောင်းနဲ့ လိုက်တာ ဆိုတော့ ပြေးလည်း မလွတ်ပါဘူး။

အဲဒီမှာ သိထားရမယ့် အချက်က ကျားတို့၊ ကျားသစ်တို့ဟာ လူနဲ့ မျက်နှာချင်းဆိုင်နေသမျှ ဘယ်တော့မှ ခုန်မအုပ်ပါဘူး။ လူကို ခုန်အုပ်ရင် အလစ်ချောင်းပြီးတော့ နောက်မှ ဇက်ပိုးကို ဝင်ခဲတာ များပါတယ်။ လူကို ရလို့ စားရင်တောင် ပက်လက်မစားဘူး။ မှောက်လျက် စားတယ်ဆိုတော့ ဒီကောင်တွေက လူရဲ့မျက်နှာကို ကြောက်ရွံ့ကြဟန် ရှိပါတယ်။ ဒါကြောင့် အာဖရိကတောထဲက တောလိုက်မုဆိုးတွေဟာ တောထဲကို သွားတော့မယ်ဆိုရင် လူမျက်နှာ - မျက်နှာဖုံးတစ်ခု နောက်စေ့မှာ ကပ်ပြီး သွားကြတယ်။ ကျား မအုပ်နိုင်အောင်

မျက်နှာနှစ်ခုနဲ့ သွားကြတာ ဖြစ်ပါတယ်။

ဒီတော့ တောထဲမှာ ကျားသစ်၊ ကျားတို့နဲ့ ပက်ပင်း တွေ့ရင် မိမိတို့နဲ့ အတူပါတဲ့ ဓား၊ လှံ လက်နက်တစ်ခုခုကို ဘေးမှာ ကပ်ထောင်ပြီး သစ်ပင်တစ်ပင်မှာ ကျောပေးရပ်နေ ရင် ကျားက မခုန်အုပ်ဝံ့ပါဘူး။

တောထဲမှာ အခြားရေးစရာတွေ အများကြီး ကျန်ပါ သေးတယ်။ ဆက်ပြီးတော့လည်း ရေးပါဦးမယ်။ တောထဲမှာ အန္တရာယ်နဲ့ကြုံလို့ သစ်ပင်ပေါ်ရောက်နေရင် ဦးစွာ ပထမ တောပိုင်၊ တောင်ပိုင်တွေကို ပူဇော်ပသ,ခွင့် အသနားခံပါ၊ အမှားအယွင်းရှိရင် ခွင့်လွှတ်ဖို့ တောင်းပန်ပါ။

နောက် ဗုဒ္ဓဂုဏ်တော်၊ ဓမ္မဂုဏ်တော်၊ သံဃဂုဏ်တော် မိဘဆရာသမားတွေရဲ့ ဂုဏ်တော်တွေကို စိတ်မှန်းနဲ့ ယုံကြည် စွာ ရှိခိုးပါ။ မိမိနှုတ်တိုက်ရထားတဲ့ ဂုဏ်တော်ဂါထာတစ်ခုခုကို ယုံကြည်စိ ာ်သွင်းထားပြီး ရွတ်ဆိုပါ။ ဘယ်လောက် အန္တရာယ် နဲ့ ရင်ဆိုင်ကြုံတွေ့ပါစေ ဘုရား၊ တရား၊ သံဃာ ရတနာသုံး ပါး ဂုဏ်ကျေးဇူးတွေကြောင့် အန္တရာယ်က လွတ်မြောက်ခဲ့ကြ သူတွေ အများကြီးရှိပါတယ်။

နောက်တစ်ချက်ကတော့ ဘေးအန္တရာယ် အကျပ် အတည်းတစ်ခုခုနဲ့ ကြုံတဲ့အခါ သစ္စာပြုကြည့်ပါ။ "သစ္စာလေး နက်၊ ပေါ်ဆီတက်က၊ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်၏" ဆိုတဲ့





ဝကားလို မိမိပြုခဲ့တဲ့ သစ္စာမှန်ရင် အန္တရာယ်က လွတ်မြောက် နိုင်ပါတယ်။

သစ္စာပြုတဲ့နေရာမှာ လူတစ်ယောက်ဟာ မိမိဖြတ်သန်း ခဲ့ရတဲ့ သက်တမ်းတစ်လျှောက်မှာ မိမိအနေနဲ့ ဘာတွေ လုပ် ခဲ့တယ်၊ ဘာတွေ မလုပ်ခဲ့ဘူးဆိုတာ ကာယကံရှင်ကိုယ်တိုင် အသိဆုံးပါ။ အခြားသူက သူ့ထက် ပိုမသိနိုင်ပါဘူး။

ဥပမာ - ငါးပါးသီလထဲက ဘယ်ကံကို တစ်သက်လုံး စောင့်ထိန်းခဲ့သလဲ။ ဒါမှမဟုတ် ဘာတွေ ကျူးလွန်ခဲ့သလဲ။ ဘချို့က အရက်ကို ရာသက်ပန် မသောက်ဘဲ ထိန်းသလို၊ အချို့ကျတော့ အရက်ကို နေ့စဉ်မပြတ် သောက်တာမျိုးပေါ့။ ဘွန်တော်ဆိုရင် အရက်၊ အမဲသားစားခြင်းနဲ့ သူတစ်ပါး သား ယားကို ပြစ်မှားခြင်းကို ရာသက်ပန် ရှောင်ကြဉ်ပါတယ်။ အခုအချိန်ထိလည်း သတိနဲ့ ထိန်းပါတယ်။ အခြားကံတွေကို လည်း တတ်နိုင်သမျှ သတိနဲ့ ထိန်းပါတယ်။ ဒါပေမယ့် ရာ သက်ပန် မလုံခြုံဘူးလို့ထင်လို့ သစ္စာပြုတဲ့အခါ မထည့်ပါဘူး။

အရေးကြုံလာတယ်၊ အန္တရာယ်တစ်ခုခုနဲ့ ရင်ဆိုင် ကြုံ တွေ့လာပြီဆိုရင် ဒီကံသုံးပါးကိုပဲ အာရုံပြုပြီး သစ္စာဆိုပါတယ်။ ကျွန်တော့်ဘဝတစ်လျှောက်မှာ ကြုံခဲ့တဲ့ အခက်အခဲ အကျပ် အတည်း ဘေးအန္တရာယ်အမျိုးမျိုးကို ကျော်လွှားခဲ့တာ များ ပါတယ်။

ဒီလိုပေါ့၊ မိမိ ပြုလုပ်ခဲ့တဲ့ ကောင်းမှုကံပဲဖြစ်ဖြစ် မကောင်းမှုကံပဲဖြစ်ဖြစ် မှန်ကန်ရင် သစ္စာတရား ဖြစ်နိုင်ပါတယ်။ အကျိုးပြုပါတယ်။ သစ္စာပြုသူရဲ့ စိတ်ထားကောင်းမှု ဘာသာတရားအပေါ် ယုံကြည်သက်ဝင်မှု၊ မိမိပြုတဲ့ သစ္စာတရားအပေါ် ယုံကြည်အားကိုးမှု များလေ အကျိုးသက်ရောက်မှု များလေပါပဲ။

ဒီနည်းလမ်းကောင်းတွေကို လက်တွေ့ ယုံယုံကြည်ကြည်နဲ့ ကျင့်သုံးဆောင်ရွက်ရင် အကျိုးခံစားမှုတွေ များလာမှာမုချပါပဲ။

ကျွန်တော် သူရဋ္ဌမဂ္ဂဇင်း စာမျက်နှာပေါ်က တစ်ဆင့် တောတောင် မြစ်ချောင်း၊ ပင်လယ်ပြင်တွေထဲက ထူးခြားဆန်းကြယ်တဲ့ ဂမ္ဘီရဆန်တဲ့ လျှို့ဝှက်ချက်တွေကို လစဉ် ရေးသားဖို့ စီစဉ်ထားပါတယ်။ ကျွန်တော်ရေးခဲ့တဲ့ အကြောင်းအရာတွေထဲက လျှို့ဝှက်ချက်တစ်ခုခုကြောင့် လူတစ်ယောက်ယောက် အသက်ဘေးမှ လွတ်မြောက်ခြင်း၊ အန္တရာယ်တစ်ခုခုမှ ကျော်လွှားအောင်မြင်လာခဲ့ရင် ကျွန်တော့်ရဲ့ စရဏတရားနဲ့ ကြိုးပမ်းအားထုတ်ရကျိုးနပ်ပြီလို့ ယူဆမိပါတယ်။



# ဂုမ္ဘီလရန်စွယ်နှင့် ပင်လယ်ပြင်လျှို့ဝှက်ချက်များ



# ဂုမ္ဘီလရန်စွယ်နှင့် ပင်လယ်ပြင်လျှို့ဝှက်ချက်များ

အမှတ် ( ၂ )

[ ၁ ]

ကျွန်တော် သူရဇ္ဇမဂ္ဂဇင်းမှ တောတောင်မာယာနှင့် လျှို့ဝှက်ချက်များခေါင်းစဉ်ဖြင့် တောတောင်ပင်လယ်အတွင်းမှ လျှို့ဝှက်ဆန်းကြယ်မှု၊ စိတ်ဝင်စားဖွယ်ရာအကြောင်းများကို ရေးသားတင်ပြနေခြင်း၏ အဓိက ရည်ရွယ်ချက်မှာ မုဒိတာတရားကို အကြောင်းပြု၍ ရေးသားနေခြင်းဖြစ်ပါတယ်။

ကျွန်တော့်ရဲ့ဆောင်းပါးများ၊ ဝတ္ထုများထဲမှ မှတ်သားစရာများ၊ လျှို့ဝှက်ချက် တစ်စုံတရာကြောင့် ရုတ်တရက် ရင်ဆိုင်ကြုံတွေ့ရတဲ့ အသက်ဘေးအန္တရာယ်အခက်အခဲများမှ ကျော်လွှားလွတ်မြောက်နိုင်ကြမယ်ဆိုရင် ကျွန်တော့်အနေနဲ့





ကြိုးပမ်းရေးသားရကျိုးနပ်လောက်ပြီဟု မုဒိတာပွားရမှာ ဖြစ်ပါတယ်။

အရင်တစ်ပတ်က တောထဲမှာ ကြုံတွေ့ရတတ်သော အန္တရာယ်များ၊ အခက်အခဲများနှင့် လျှို့ဝှက်ဆန်းကြယ်မှုများအကြောင်းကို ရေးသားခဲ့ပြီးနောက်မှာ ယခုတစ်ပတ်တော့ ပင်လယ်ပြင်မှာ ကြုံတွေ့ရတတ်တဲ့ အန္တရာယ်များအကြောင်းကို ရေးသားမှာ ဖြစ်ပါတယ်။

ပင်လယ်ပြင်မှာ ကြောက်စရာအကောင်းဆုံးကတော့ မုန်တိုင်းရန်စွယ်ပါပဲ။ ရေဆိုတာ သူ့ဘာသာနေရင် ဘယ်လိုမှ ကြောက်စရာမရှိပေမယ့် လေနဲ့တွေ့ပြီး လှိုင်းအသွင် ပြောင်းသွားတဲ့အခါမှာတော့ ကြောက်ဖို့ကောင်းလှပါတယ်။

တကယ်တော့ ပင်လယ်ရဲ့ အဓိကရန်သူဟာ 'လေ' ကြောင်း၊ လေကြောင်းရန်ပဲ ဖြစ်ပါတယ်။

ဒီလိုပါ၊ မိုးချည်းသက်သက်ရွာနေရုံနဲ့တော့ ဘာမှကြောက်ဖို့မရှိပါဘူး။ မိုးသိပ်ရွာလို့ ချမ်းလာရင် စက်လှေဝမ်းထဲ ဝင်နေရုံပါပဲ။

ဒါပေမယ့် မိုးရွာနေတုန်း လေဝင်နှောက်လာပြီဆိုရင်တော့ မိုးသက်မုန်တိုင်းအသွင် ချက်ချင်းပြောင်းသွားပြီး အန္တရာယ်ရှိလာတော့တာပါပဲ။ လေပြင်းရင် ပြင်းသလောက် လှိုင်းထန်လာတတ်ပါတယ်။

ဒါကြောင့် 'လေ' ဟာ ပင်လယ်ပြင်ရဲ့ အဓိက ရန်သူဖြစ်ပါတယ်။ ရာသီအလိုက် လာတတ်တဲ့ လေကြောင်းတွေရဲ့ သဘောကို အကြမ်းဖျဉ်းလောက်တော့ သိထားသင့်ပါတယ်၊

လေဆိုတာ ရာသီအလိုက် နေရာပြောင်းပြီး လာတတ်သလို လေပြင်းကျတော့မယ်ဆိုရင် ကြိုတင်အတိတ်နိမိတ်တွေလဲ ပြတတ်ပါတယ်။

အထူးသဖြင့်တော့ နွေ၊ မိုး၊ ဆောင်းဆိုပြီး ရာသီသုံးမျိုးရှိပါတယ်။ မိုးဦးကျကာလတွေမှာ လေထန်တတ်ပါတယ်၊ မိုးဦးကျကာလဆိုတာ နယုန်၊ ဝါဆိုလ (ဇွန်၊ ဇူလိုင်) တွေ ဖြစ်ပါတယ်။

အဲဒီကာလတွေ ပင်လယ်ဘက် (အနောက်တောင်ထောင့်နဲ့ တောင်ဘက်ထောင့်) တွေက လေပြင်းတွေ တိုက်ခတ်လာတတ်ပါတယ်၊ တစ်ခါတရံ လေနီကြမ်းတွေ၊ မုန်တိုင်းတွေ ဝင်လာတယ်။

လေနီကြမ်း ဝင်တော့မယ်ဆိုရင် အဲဒီမိုးကောင်းကင်တောင်ဘက်မှာ ပုစွန်ဆီရောင်လို အနီရောင်တွေ သန်းနေတတ်တယ်။ ဆည်းဆာရိပ်ကြောင့် မိုးကောင်းကင်မှာ ပုစွန်ဆီရောင်သန်းတာက တစ်မျိုး၊ ဆည်းဆာရောင်က ကောင်းကင်တစ်ပြင်လုံး ပျံ့နှံ့နေတယ်။ လေနီကြမ်းရဲ့အရောင်က တစ်နေရာတည်းကွက်ပြီး နီရဲနေတာ။





အဲဒီအရောင်တက်လာရင် ပင်လယ်စင်ရော်တွေ၊ ငှက်တွေ မြေပြင်ကိုဆင်းလာကြတယ်။ ပင်လယ်မှာ ငါးတွေ မြူးလာတယ်၊ လေနုအေးကလေးတွေ ဟိုမှသည်မှ တိုက်ခတ်လာတယ်။ သစ်ပင်အမြင့်မှာနေတဲ့ ငှက်တွေ လုံခြုံတဲ့ သစ်ခေါင်းနဲ့ဂူတွေ၊ အိမ်ကြိုအိမ်ကြားတွေထဲ ဝင်ပုန်းလာတာကို ကြည့်ရင် မုန်တိုင်းကျတော့မှာကို သိနိုင်တယ်။

အဲဒီလို မုန်တိုင်းကျတော့မယ်ဆိုရင် ပင်လယ်ပြင်ဟာ ထူးထူးခြားခြား ငြိမ်သက်နေတတ်တယ်။

လေနီကြမ်းနဲ့ မုန်တိုင်းကျတာများတဲ့ ရာသီတွေကတော့ မိုးဦးကျရာသီနဲ့ မိုးအကုန် ဆောင်းအကူး တန်ဆောင်မုန်း (နိုဝင်ဘာ၊ ဒီဇင်ဘာ) လတွေ ဖြစ်ပါတယ်။ ဒါကြောင့် ရှေးလူကြီးတွေက 'တန်ဆောင်မုန်း၊ သောင်ကတုံးမှာ မအိပ်နဲ့' လို့ မှာသွားခဲ့တာ။

တန်ဆောင်မုန်းလမှာ လေနီကြမ်းကျတော့မယ်ဆိုရင် (အများအားဖြင့်တော့) ရာဟုထောင့်လို့ခေါ်တဲ့ အနောက်မြောက်ထောင့်ဘက်က အလာများတယ်။

လှေ, သမ္ဗန်သမားတွေဟာ ရာသီဥတုသာယာတယ်ဆိုပြီး အကာအကွယ်မရှိတဲ့ သောင်ထိပ်ကမ်းထိပ်တွေမှာ အိပ်နေမိရင် ရုတ်တရက် လေနီကြမ်းကျလာရင် ဒုက္ခတွေ့တတ်ပါတယ်။

ဒါ့ကြောင့် မိုးဦးကျရာသီနဲ့ မိုးနှောင်းရာသီတွေမှာ ရေလမ်းခရီးတွေ သွားလာမှုကို ဆင်ခြင်သင့်ပြီး တကယ်လို့ သွားကြမယ်ဆိုရင်လဲ အထက်ရေးခဲ့တဲ့ မုန်တိုင်းနဲ့ လေနီကြမ်းတွေရဲ့ အရိပ်အယောင်လက္ခဏာတွေကိုကြည့်ပြီး သွားလာမယ်ဆိုရင် အန္တရာယ်ဆိုးကြီးတွေက ကင်းလွတ်ကြမှာ ဖြစ်ပါတယ်။

× × × × ×

[ ၂ ]

'ရေကြောင်းထက်၊ လေဖောင်းထက်' ဆိုတဲ့ စကားရှိပေမယ့် ရေကြောင်းက လှိုင်းလုံးကြီးတွေရဲ့ အန္တရာယ်ကလဲ ကြောက်စရာကောင်းလှပါတယ်။

လှိုင်းတကယ်ကြီးလာပြီဆိုရင် အိမ်လုံးလောက်၊ တောင်လုံးလောက်ကြီးတွေ ဖြစ်လာတတ်တယ်။

လှိုင်းကြီးလှေအောက်ဆိုပေမယ့် တကယ် လှိုင်းကြီးလာရင် လှိုင်းအောက် လှေရောက်တတ်ပါတယ်။ မြစ်၊ ပင်လယ်တွေမှာ လှိုင်းဒဏ်ကြောင့် နစ်မြုပ်ခဲ့တဲ့ လှေ၊ သမ္ဗန်၊ သင်္ဘောတွေ မနည်းတော့ဘူး။ လှိုင်းကြောင့် သေလိုက်တဲ့လူတွေဆိုလဲ မရေတွက်နိုင်လောက်အောင်ဘဲ။





ပင်လယ်ပြင်မှာ လှိုင်းအမျိုးအစား အတော်များတယ်၊ လှိုင်းအိ၊ လှိုင်းကြက်ခွပ်၊ ဝဲဂယက်လှိုင်း၊ စုပ်ဝဲလှိုင်း၊ မှုတ်ဝဲလှိုင်း၊ ခါးပြတ်လှိုင်း၊ လှိုင်းခေါင်းဖြူ၊ ဒီလှိုင်း စတဲ့ လှိုင်းအမျိုးအစားတွေ ရှိတယ်။

လှိုင်းအိဆိုတာ ပုံမှန် ရေတက်ရေကျတွေမှာ မြေမြေလေးထနေတဲ့ လှိုင်းမျိုး။

လှိုင်းကြက်ခွပ်ဆိုတာကတော့ ပင်လယ်ပြင်တစ်ပြင်လုံးဘဖျပ်ဖျပ်လှုပ်ရှားနေတဲ့ လှိုင်းမျိုး၊ လှိုင်းဦးလှိုင်းဖျား ခွဲခြားရန်ခက်လှပြီး လှေ, သမ္ဗန်တွေကို ဒုက္ခပေးတတ်တဲ့ လှိုင်းမျိုးပေါ့။

ဝဲဂယက်လှိုင်းကတော့ ပင်လယ်ပြင်မှာထက် မြစ်ပြင်ကျယ်ကြီးတွေမှာ အတွေ့ရများတယ်။ ရေပြင်တစ်ခုလုံး ဝဲဂယက်ထနေပြီး ဝဲဂယက်ကြီးရင် ကြီးသလောက် လှိုင်းကြီးတတ်တယ်။ ဒါပေမယ့် ဒီလှိုင်းမျိုးက နေရာအနှံ့မဖြစ်ဘဲ ဝဲရှိတဲ့နေရာမျိုးလောက်သာရှိပြီး အဝေးကမြင်နိုင်တာမို့ ရှောင်သွားရင် လွတ်နိုင်ပါတယ်။

စုပ်ဝဲလှိုင်းကတော့ ဝဲကတော့ထိုးပြီး လှေ, သမ္ဗန်၊ သင်္ဘောတွေကို စုပ်ဆွဲချသွားတာ၊ ဘာမြူဒါတြိဂံဒေသမှာ ရှိတဲ့ ဝဲကတော့မျိုး ဖြစ်ပါတယ်။

မှုတ်ဝဲဆိုတာကတော့ ရေအောက်ကနေ မှုတ်တင်လိုက်တာမျိုး၊ ဒီဝဲမျိုးနဲ့တွေ့ရင် လှေ၊ သမ္ဗန်၊ သင်္ဘောတွေ မှောက်

ကုန်ကြတော့တယ်။ သူက ရေအောက်က ရုတ်တရက် တက်လာတာမျိုး ဆိုတော့ ရုတ်တရက် မမြင်နိုင်လို့ အန္တရာယ်ရှိပါတယ်။

ခါးပြတ်လှိုင်းဆိုတာက မွေ့ဟောက်ကြီးတွေ ပါးပျဉ်းထောင်ပြီး လိုက်လာသလို နောက်က လိုက်လာပြီး အနားရောက်မှ ဖုံးချလိုက်တယ်။ ပင်လယ်ပြင်မှာ ဒီလှိုင်းမျိုးကတော့ ကြောက်စရာအကောင်းဆုံးပဲ။ မုန်တိုင်းထန်တဲ့ အချိန်မျိုးတွေမှာ အဖြစ်များပြီး ဒီလှိုင်းမျိုးနဲ့ကြုံရင် ပျက်စီးဆုံးရှုံးမှု များပါတယ်။

ပင်လယ်ပြင်မှာ လှိုင်းခေါင်းဖြူဆိုတာကတော့ အမြဲလိုတွေ့နေရတာမျိုးပါ၊ ပေလီကမ်းခြေ၊ ချောင်းသာကမ်းခြေတို့မှာ ပြေးတက်လာတဲ့ လှိုင်းလုံးကြီးတွေမျိုးပါ။

လှိုင်းစီးတဲ့သူတွေ နှစ်သက်သဘောကျတဲ့ လှိုင်းမျိုး ဖြစ်ပါတယ်။ လှိုင်းဘယ်လောက်ကြီးကြီး လှိုင်းဦးလှိုင်းဖျား ခွဲတတ်ရင် အန္တရာယ်သိပ်မရှိပါဘူး။

နောက်တစ်မျိုးကတော့ ဒီလှိုင်းအမျိုးအစားပါ။ ဒီလှိုင်းဆိုတာမျိုးက ရေတက်ဦး၊ ရေကျဦးအချိန်မှာ လွန်းထိုးတက်တဲ့ လှိုင်းမျိုးပါ။ ဒီလှိုင်းတက်တော့မယ်ဆိုရင် ဟိုသံတွေ အရင်ကြားရတယ်။ ဒီလှိုင်းက ကမ်းစပ်ကို လွန်းထိုးတက်တာမျိုးဆိုတော့ ရေလယ်မှာ ရောက်နေတဲ့ လှေ၊ သမ္ဗန်တွေအတွက်





အန္တရာယ်မရှိပေမယ့် သောင်စပ်၊ ကမ်းစပ်မှာရပ်ထားတဲ့ လှေ တွေအတွက်တော့ အန္တရာယ်ရှိပါတယ်။ ဒါကြောင့် ဒီတက်ခါ ီးရင် ကမ်းစပ်ရောက်နေတဲ့လှေတွေ သတိထားသင့်ပါတယ်။

အဓိကကတော့ မြစ်ပြင်ကျယ်နဲ့ ပင်လယ်ပြင်သွားကြ သူတွေဟာ ဘယ်လို လှိုင်းအမျိုးအစားတွေနဲ့တွေ့တွေ့ ဘယ် ိုလှိုင်းမျိုးဆိုတာ သိဖို့ရယ်၊ လှိုင်းဦးလှိုင်းဖျား ခွဲခြားတတ်ဖို့ ရယ် လိုပါတယ်။

လှိုင်းရဲ့သဘောကို နားလည်ရင် ပင်လယ်ပြင်မှာ ကြုံ တွေ့ရတတ်တဲ့ မုန်တိုင်းအန္တရာယ်တွေနဲ့ လှိုင်းဒဏ်လေဒဏ် တွေကို လွတ်အောင်ရှောင်နိုင်ကြမှာ ဖြစ်ပါတယ်။

× × × × ×

[ ၇ ]

ပင်လယ်ပြင်သွားကြတဲ့လူတွေအဖို့ လေကြောင်းကို နား လည်ရုံနဲ့မပြီးပါဘူး။ ရေကြောင်းကို နားလည်ဖို့လဲ လိုပါတယ်။ ရေပြင်ကို ကြည့်ရုံနဲ့ ဘယ်နေရာမှာ ရေတိမ်တယ်၊ ရေနက် ာယ်၊ ဘယ်နေရာမှာ ငါးအုပ်ရှိတယ် ဆိုတာကိုပါ သိနိုင်မ ာယ်။

ရေအရောင်ပြောင်းသွားတာကို ကြည့်ရုံနဲ့ ကမ်းနဲ့ ဘယ်လောက်ဝေးလာပြီ၊ ရေလဲ(ရေအနက်) ဘယ်လောက်မှာ ဆိုတာ သိနိုင်ရတယ်။ ပင်လယ်မှာဆိုတာ ရေရဲ့အရောင်တာ အမျိုးမျိုးရှိတယ်။ ရေဖြူ၊ ရေနီ၊ ရေပြာ၊ ငှက်ခါးတောင် စတဲ့ အရောင်တွေနဲ့ သူ့ရေစီးကြောင်းနဲ့သူ မရောဘဲ စီးဆင်းနေကြတယ်။ ဘယ်လိုရေကြောင်းမျိုးရောက်ရင် သမုဒ္ဒရာနဲ့ နီးလာပြီ၊ ဝဲဩယနဲ့ နီးလာပြီဆိုတာလဲ ခန့်မှန်းနိုင်ရပါတယ်။

မဟုတ်ရင် အန္တရာယ်တွင်း သက်ဆင်းသလိုဖြစ်ပြီး ပြန်လမ်းမရှိ ဖြစ်တတ်ပါတယ်။

ပင်လယ်ပြင်နဲ့ မြစ်ကျယ်တွေကို သွားတဲ့အခါ ကျောက်ဆောင်တို့၊ သောင်တို့ဆိုတာလဲ ရေအောက်က ဒုက္ခပေးနိုင်တဲ့ အရာတွေဖြစ်လို့ ရေပေါ်က ရေမျက်နှာပြင်ကို အကဲခတ်ကြည့်ရုံနဲ့ ရေအောက်မှာ ကျောက်ဆောင်ရှိတယ်၊ သောင်ရှိတယ်ဆိုတာ သိရပါတယ်။

ရေအောက်မှာ ကျောက်ဆောင်တို့ အခြားသစ်ငုတ်တို့ ရှိနေရင် ရေဟာ ဖြောင့်ဖြောင့်မစီးဘဲ ဝဲကတော့ ထိုးနေတတ်တယ်။ ရေမျက်နှာပြင်နဲ့ သိပ်နီးနေရင် ရေမျက်နှာပြင် မောက်နေမယ်။

လှိုင်းကြက်ခွပ်ကလေးတွေ စိပ်နေရင်တော့ ရေအောက်မှာ ရေတိမ်၊ သောင်၊ ကျောက်ဆောင်တို့ ရှိနိုင်တယ်ဆိုတာ





သိနိုင်ပါတယ်။

ဒီနေရာမှာရေအောက်က သောင်ပြင်ရေတိမ်ရှိရင် လှိုင်းကြက်ခွပ်ကလေးတွေ စိပ်နေတာမျိုးကို ပုံမှားရိုက်ပြီး မိကျောင်းကလဲ အန္တရာယ်ပြုတတ်ပါတယ်။

မိကျောင်းဆိုတာ ရေသတ္တဝါဆိုပေမယ့် လေကိုရှူပြီး ရေထဲမှာရော ကုန်းပေါ်မှာပါ နေနိုင်တဲ့အကောင်မျိုးပါ။

မိကျောင်းဟူသော ဝေါဟာရမှာ မြန်မာဝေါဟာရ ဖြစ်ပါတယ်။ ပါဠိဘာသာအားဖြင့် 'သုသုမာရ'၊ 'ကုမ္ဘီလ'၊ 'ဒုက္က' ဟု ခေါ်ပါတယ်။ မိကျောင်းဟုခေါ်သော ပရိယာယ်သုံးမျိုးရှိရာ ၎င်းတို့၏အနက်အဓိပ္ပါယ်မှာ 'သတ်ဖြတ်တတ်သောအကောင်၊ ရေအိုးအသွင် နေတတ်သောအကောင်၊ ဖျက်ဆီးတတ်သောအကောင်' ဟူ၍ ဖြစ်ပါတယ်။

ကမ္ဘာပေါ်တွင်မိကျောင်းအမျိုးမျိုးရှိသည့်အနက် မြန်မာနိုင်ငံအပါအဝင် အာရှတိုက်နှင့် ပစိဖိတ်ရှိ မိကျောင်းအမျိုးအစားတို့မှာ အကြီးဆုံးအမျိုးအစားဖြစ်၍ ပေ ၃၀ ခန့်ထိ ကိုယ်အလျား ရှိကြပါတယ်။

မိကျောင်းသည် ရေ၌ကျက်စားသော လိပ်၊ ပုစွန်လုံး၊ ဖွတ်မိကျောင်း၊ မကာရ်း(မကန်း)အစရှိသော တိရိစ္ဆာန်အမျိုးအနွယ်ဝင် ဖြစ်ပါတယ်။

မြေရှိသော ရေသတ္တဝါ(ပါဒိန)မျိုး၊ ကိုယ်ခန္ဓာ၌ အခွံရှိ

သော သတ္တဝါ(ကောသဠ) မျိုး ဖြစ်ပါတယ်။ အမည်အားဖြင့်တော့ ဇာတိမိကျောင်း၊ ဖွတ်မိကျောင်း ဟူ၍ နှစ်မျိုးရှိပါတယ်။

တွားသွားတတ်သော သတ္တဝါများအနက် မိကျောင်းသည် ကျယ်လောင်စွာ အသံပြုနိုင်သော သတ္တဝါမျိုးဖြစ်တယ်။ မိကျောင်းအော်သံမှာ မိုးခြိမ်းသံမျိုး၊ သံစည်လှိမ့်သံမျိုးနှင့် တူပြီး အတော်ဝေးသောနေရာမှ ကြားနိုင်ကြတယ်။

နောက်ပြီး မိကျောင်းရဲ့ထူးခြားချက်တစ်ခုက သွား တစ်ချောင်း ကျိုးသွားရင် အဲဒီနေရာမှာ နောက်ထပ် သွား တစ်ချောင်း ချက်ချင်းပေါက်တယ်။ မိကျောင်း မသေမချင်း သွားအသစ်တွေက အမြဲပေါက်လာလေ့ရှိတယ်။

မိကျောင်းဟာ အစာမရွေးစားသောက်တတ်ပြီး အစာကြေညက်လွယ်တဲ့ အစွမ်းသတ္တိလဲရှိတယ်။ အချို့သတ္တဝါများကို အကောင်လိုက်မျိုချလိုက်ပေမယ့် သူ့ရဲ့ဂလင်းရည်နဲ့ ထိလိုက်ရင် ချက်ချင်းကြေညက်လွယ်တယ်။ ဒါကြောင့် ခွေး၊ ဒရယ်လို အကောင်မျိုးတွေ ဖမ်းမိရင် အကောင်လိုက် မျိုချလိုက်တာ ဖြစ်ပါတယ်။

သားကောင်တွေဖမ်းဖို့အတွက် မိကျောင်းမှာ သဘာဝကပေးထားတဲ့ လက်နက်ကြီးနှစ်မျိုးရှိတယ်။ တစ်ခုက သန်စွမ်းခိုင်မာသော မေးရိုးကြီးများနဲ့ နောက်တစ်ခုက အားကောင်းကြံ့ခိုင်လှတဲ့ အမြီးကြီးတို့ ဖြစ်တယ်။





သူ့ရဲ့မေးရိုးကြီးများမှာ သန်စွမ်းခိုင်မာတဲ့အလျောက်ကိုက်မိပြီဆိုရင် ညှပ်ဖြင့်ညှပ်ထားသလို မလွတ်နိုင်အောင်ခဲ့လှတယ်။ မိကျောင်းရဲ့အားနည်းချက်က သူ့ရဲ့မေးရိုးကြီးများမှာ ညှပ်ဖြင့်ညှပ်ထားသလို မလွတ်နိုင်အောင် မြဲလှတယ်။ မိကျောင်းရဲ့အားနည်းချက်က သူ့ရဲ့မေးရိုးကြီးများမှာ ညှပ်အား,ဖိအား အလွန်ကောင်းသလောက် ဖွင့်အားပျော့လှသဖြင့်ပိတ်ပြီးရင် လွယ်လွယ်နဲ့ ပြန်မဖွင့်နိုင်ပေ။

ပိတ်ပြီးသား မိကျောင်းပါးစပ်ကို လက်ဖြင့် ညှပ်ကိုင်ထားရင် ပြန်ဖွင့်မရတော့ပေ။ ဒါက မိကျောင်းရဲ့ အားနည်းချက်ဖြစ်ပါတယ်။ မိကျောင်းလိုက် မုဆိုးတွေဟာ ဒီအချက်ကို အခွင့်ကောင်းယူပြီး မိကျောင်းကို အရှင်ဖမ်းလေ့ရှိပါတယ်။

မိကျောင်းရဲ့ နောက်လက်နက်ကြီးတစ်ခုဖြစ်တဲ့ အမြီးရိုက်အားဆိုရင် လူမဆိုထားနဲ့ ခွန်အားကြီးတဲ့ ကျွဲနွားတွေတောင် သူ့အမြီးနဲ့ရိုက်ချရင် ခြေကျိုးလက်ကျိုးဖြစ်ပြီး ရေထဲကျွတ်ကျလာတာ။

ဘယ်လောက်ကြီးတဲ့ အကောင်ပဲဖြစ်ဖြစ် ရေထဲကျလာရင် ကိုယ်နဲ့ဖိသတ်ပြီး သေတော့မှ ကိုက်ချီပြီး သားရဲတွင်းဆီကို ယူသွားတာ။

မိကျောင်းဟာ သွားတွေ, အစွယ်တွေရှိပေမယ့် သားကောင်ကို ချက်ချင်းကိုက်စားလို့မရဘူး၊ သားရဲတွင်းမှာ အပုပ်

ခံထားပြီး ပုပ်တော့မှ ဆွဲခါပြီး တစ်စစီဖြစ်တော့မှ တစ်လုတ်စီ ကောက်မျိုတာ။

တချို့ဆိုရင် သားရဲတွင်းရောက်မှ ကံကောင်းထောက်မ ပြီး အသက်ပြန်ရှင်လာတဲ့ ကံကောင်းသူတွေလဲ ရှိပါတယ်၊ မိကျောင်းတွေရဲ့ သားရဲတွင်းဆိုတာက ရေအောက်က သွားရေ ပြီး ရေလွှတ်တဲ့ မြေအောက်လိုဏ်ခေါင်းတစ်ခု ဖြစ်ပါတယ်၊

မိကျောင်းဟာ ကမ္ဘာပေါ်မှာ ရက်စက်ကြမ်းကြုတ်မှု အရှိဆုံးနဲ့ ကြောက်စရာ အကောင်းဆုံး သတ္တဝါတွေထဲမှာ ထိပ်ဆုံးက ပါတယ်။ တောတွင်းသုတေသနပြုသူတွေရဲ့ မှတ်တမ်းအရ ကမ္ဘာပေါ်တွင် လူ့အသက်ကို သတ်ဖြတ်ရာ၌ ကျား ခြင်္သေ့၊ ကျားသစ်၊ မြွေ၊ ဝံ စတဲ့သတ္တဝါတွေ စုပေါင်းသတ်ဖြတ်သည့် ဦးရေထက် မိကျောင်းတစ်မျိုးတည်း သတ်ဖြတ်သည့် ဦးရေက များစွာသာကြောင်း သိရပါတယ်။

အာဖရိကတစ်တိုက်တည်းမှာပင် တစ်နှစ်တစ်နှစ်လျှင် မိကျောင်း၏ ဘေးရန်ကြောင့် လူပေါင်းထောင်သောင်းချီပြီး သေဆုံးကြရတယ်။ အဲဒီအထဲမှာ မိန်းမနဲ့ ကလေးသူငယ်တွေ များလှတယ်။

မိကျောင်းဟာ ရက်စက်ကြမ်းကြုတ်သလောက် သူ့မှာ နည်းပရိယာယ်တွေကလဲ အလွန်များတယ်။

သားကောင်ဖမ်းဖို့ဆိုရင် တစ်ကိုယ်လုံး ရေထဲမြုပ်ထား





ပြီး မျက်လုံးနှစ်လုံးပဲ ရေပေါ်ဖော်ထားကာ၊ သားကောင်ကို ာတ်ရှည်လက်ရှည်နဲ့ အချိန်အကြာကြီး စောင့်နေလေ့ရှိတယ်။ အနားရောက်လာပေမယ့် မပိုင်ရင် သစ်တုံးတစ်တုံးလို ငြိမ်နေ ့လဲ ဝန်မလေးတတ်ကြဘူး။

မိကျောင်းရဲ့ကိုယ်ခန္ဓာဖွဲ့စည်းပုံက ရေငုပ်သင်္ဘော တစ် င်းလိုပဲ ရေအောက်မှာဖြစ်ဖြစ်၊ ရေပေါ်မှာဖြစ်ဖြစ် ရပ်နေနိုင် ာယ်၊ ရေစီးဘယ်လောက်သန်သန်၊ လှိုင်းဘယ်လောက်ထန် ာန် တစ်နေရာတည်းမှာငြိမ်ပြီး အချိန်အကြာကြီး နေနိုင် ာယ်။

ရေပေါ်တက်လာရင် မျက်စိ၊ နှာခေါင်း၊ အာခေါင်တွေ ကို ဖွင့်ထားပြီး ရေအောက်ငုပ်တဲ့အခါ အားလုံးပိတ်ထားလိုက် ပါတယ်။

သူ့ရဲ့မျက်လုံးစွမ်းအားက တောက်ပသော ကျောက် ကလေးများ ရာယောင်ချီပြီး ဝန်းရံထားတာကြောင့် တောက်ပ ပြီး နေ့ညမရွေး အဝေးကို လှမ်းမြင်နိုင်ပါတယ်။

ရေပေါ်ဖော်နေတဲ့ မိကျောင်းတစ်ကောင်ရဲ့ မျက်လုံး ဟာ ဘယ်လောက်စူးရှတောက်ပသလဲဆိုရင် ညဘက်မီးရောင် နဲ့ လှမ်းထိုးရင် ပြဒါးခဲလို ရဲရဲနီနေတယ်။ မိကျောင်းမုဆိုးတွေ က ဒါကို အခွင့်ကောင်းယူပြီး အသုံးချ အမိဖမ်းတတ်ကြတယ်။

မိကျောင်းဟာ ရေကို အလွန်နိုင်တယ်။

ရေထဲမှာ နှုတ်သီးထောင်၊ ကိုယ်ကို မတ်မတ်ထားပြီး ထောင်ရက်နေနိုင်သလို လက်နှစ်ဖက်ကို မြေကြီးထောက်ပြီး အမြီးနဲ့လဲ ရိုက်ချနိုင်တယ်။ အဲဒီလို လက်နဲ့မြေကြီးကို ကုပ်ပြီး ရိုက်တဲ့ အမြီးရိုက်ချက်ဟာ ပိုပြင်းတယ်။

အဲဒီမှာ မိကျောင်းနဲ့ပတ်သက်ပြီး လျှို့ဝှက်ချက်တွေ ရှိတယ်။ မိကျောင်းကပ်လာရင် သိနိုင်တဲ့အချက်တွေ ရှိတယ်။ မိကျောင်းကပ်လာရင် ရေပြင်တစ်ဝိုက် အညှီနံ့စူးစူးဝါးဝါး ပေါ် လာတယ်။ နေ့ဘက်တွေဆိုရင် မိကျောင်းကပ်လာရင် လှိုင်း ကြက်ခွပ်ကလေးတွေ စိပ်လာတယ်။ လှိုင်းကြက်ခွပ်ဆိုတာ နေရာတိုင်းရှိနေပေမယ့် မိကျောင်းကြောင့်ပေါ်လာတဲ့ လှိုင်း ကြက်ခွပ်တွေက နေရာရွေ့ပြီး ပေါ်တတ်တယ်။

နောက်တစ်မျိုးက မိကျောင်းရဲ့မျက်လုံးတစ်ဝိုက်မှာ ဖုရှ တောက်ပြောင်တဲ့ မျက်လုံးလေးတွေနဲ့ ဝန်းရံထားတော့ ည ဘက် မီးရောင်နဲ့ထိလိုက်ရင် ပြဒါးခဲလို ရဲရဲနီနေတတ်တယ် သိပ်မဝေးရင် ကားနောက်က အနီရောင် အချက်ပြမီးလို ရဲနေ တာ။

အဲဒါကိုသိတဲ့ မိကျောင်းဖမ်းသမားတွေဟာ ညဘက် မှာ မိကျောင်းကို အရှာထွက်ကြတယ်။ ဘာကြောင့်လဲဆိုတော့ မိကျောင်းတွေဟာ ညဘက်တွေမှာ ရေပေါ်မှာ ဖော်နေတာ များလို့ အဝေးကနေ မီးရောင်နဲ့ အလွယ်တကူ ရှာတွေ့နိုင်





လို့ပါပဲ။

နောက် မိကျောင်းရဲ့အားနည်းချက်တစ်ခုက ရေသတ္တဝါ ဖြစ်ပေမယ့် ရေအောက်မှာ ကြာကြာမနေနိုင်ပါဘူး။ ဝေလငါး၊ လင်းရှူး၊ လင်းပိုင်နဲ့ မိကျောင်း၊ ငါးရံ့ စတဲ့ သတ္တဝါတွေဟာ ရေပေါ်မှာ လေကိုရှူပြီး ပေါ်နေကြတာများတယ်။

မိကျောင်းဆွဲခံရလို့ ရေအောက် ရောက်သွားတဲ့အခါ သတိနဲ့ မိကျောင်းရဲ့ဒုတိယမျက်လုံး(လေရှူပေါက်)နဲ့ မျက်လုံး ကို လက်နဲ့အမိအရကုပ်ရင် မိကျောင်းဟာ ရေအောက်မှာ ကြာကြာမနေနိုင်ဘဲ ရေပေါ် ကိုပေါ်ပြီး သားကောင်ကို လွှတ် ပေးရတယ်။

လူလိုပါပဲ၊ အသက်ရှူတဲ့နှာခေါင်းကိုပိတ်ထားရင် ပါးစပ် ဟပြီး အသက်ရှူရသလို ပါးစပ်နဲ့အသက်ရှူဖို့အတွက် ပါးစပ် ထဲမှာ ကိုက်ထားတဲ့သားကောင်ကို လွှတ်ပေးရတာပါပဲ။

တချို့မိကျောင်းတွေဟာ စလွတ်(ဒေသအလိုက် သန္တတ် လို့လဲ ခေါ်ကြပါတယ်) နဲ့ထိုးမိရင် ရေအောက်ကို ငုပ်ပြေး တတ်ကြတယ်။

အဲဒီမှာ စလွတ်ကြိုးနဲ့ ရေအောက်က တစ်ခုခုနဲ့ငြိပြီး အချိန်ကြာသွားရင် သေတာပါပဲ။ မိကျောင်း ရေမွန်းသေတယ် ဆိုတာ ယုံနိုင်စရာမရှိပေမယ့် တချို့ မိကျောင်းဖမ်းကျွမ်းကျင် သူတွေဟာ စလွတ်ချက်မိလို့ ရေအောက်က ပေါ်ချိန်တန်လို့

ပြန်ပေါ်မလာရင် ကိုယ်တိုင်ရေအောက်ဆင်းပြီး ဖြုတ်ယူကြတယ်။

ဒါကြောင့် မိကျောင်းတွေအိပ်ရင် သောင်ကမ်းတွေပေါ် တက်အိပ်ကြတာ ဖြစ်ပါတယ်။ ရေထဲမှာ ကြောက်ရမယ့် အကောင်ရှိတဲ့ မိကျောင်းက ရေပြင်ဘက် ခေါင်းလှည့်အိပ်ပြီး ကြောက်ရမယ့်အကောင်မရှိတဲ့ မိကျောင်းက ကုန်းပေါ် ခေါင်းတင်အိပ်လေ့ရှိတယ်။

မိကျောင်းနဲ့ရင်ဆိုင်တွေ့တဲ့အခါ မိကျောင်းရဲ့ အားနည်းချက်တွေကိုသိထားရင် ကိုယ့်ဘက်က တစ်ပန်းသာပါတယ်။ ရှေးကရေးခဲ့သလို မိကျောင်းမှာ ဒမိကအားကိုးတဲ့ လက်နက်ကြီး နှစ်မျိုး ရှိပါတယ်။

ပါးစပ်ကိုက်အားနဲ့ နောက်တစ်မျိုးက အမြီးရိုက်အားဖြစ်ပါတယ်။ အဲဒီလက်နက်ကြီး နှစ်မျိုးမှာကို အားနည်းချက်တွေ ရှိပါတယ်။ ဒါကို သိထားသင့်ပါတယ်။

မိကျောင်းရဲ့ပါးစပ်က ရိုက်အား, ကိုက်အား ပြင်းသလောက် ဖွင့်အားနှေးတယ်။ မိကျောင်းပါးစပ် ပြန်မဟာနိုင်အောင် လုပ်နိုင်ရင် အန္တရာယ်တစ်ခု အေးတာပေါ့။

မိကျောင်းပါးစပ် မဟာနိုင်အောင် ကြိုးကွင်းနဲ့ လျှိုဖမ်းတဲ့ နည်းရယ်၊ ဟ,နေတဲ့ပါးစပ်ထဲကို ဖော့လုံးတွေ ပစ်ထည့်တဲ့ နည်းရယ် နှစ်မျိုးရှိပါတယ်။





မိကျောင်းဟာ ပါးစပ်မဟာနိုင်တော့ဘူးဆိုရင် အမြီးရိုက်အားတစ်မျိုးပဲ ကျန်တော့တယ်။

မိကျောင်းဟာ အမြီးနဲ့ရိုက်တော့မယ်ဆိုရင် ခြေလက်တွေနဲ့ အားယူပြီးမှ ရိုက်အားကောင်းတယ်။ ရှေ့လက်,နောက်လက် မြဲမြဲကုပ်ပြီး ရိုက်ရင် အားပိုပြင်းတယ်။

ပါးစပ်ကိုက်အားမရှိရင် မိကျောင်းရဲ့ မြီးဒူးရင်းကို ဓားနဲ့ ဝင်ခုတ်နိုင်ရင် ပြီးတယ်။ ဒါမှမဟုတ် အရှင်ဖမ်းချင်ရင်တော့ မိကျောင်းကိုယ်ပေါ် ခုန်တက်သွားပြီး ခြေလက်တွေကို လက်ပြန်တုပ်နိုင်ရင်တော့ မိကျောင်းဟာ ဖွတ်တစ်ကောင်လိုပဲ လုပ်ချင်တာ လုပ်လို့ရပြီ။

မိကျောင်းဟာ အန္တရာယ်ကြီးသလောက် သူ့ရဲ့သားရေက တန်ဖိုးကြီးလှတယ်။ အကျီ၊ ဖိနပ်၊ အိတ် စတဲ့ အသုံးအဆောင်ပစ္စည်း ပြုလုပ်ရာမှာ အကောင်းဆုံးသားရေ ဖြစ်ပါတယ်။

မိကျောင်းသားရေဖိနပ်ကို အမြဲစီးရင် မျက်စိဝေဒနာဘယ်တော့မှ မဖြစ်ပါဘူး။ မှုန်နေတဲ့ မျက်လုံးတောင် ချက်ချင်းပြန်ကောင်းလာပါတယ်။

မိကျောင်းစွယ်က မျက်စိတိမ်စွဲနာ၊ ဦးခေါင်းခဲနာ၊ အတွင်းပူသောအနာနဲ့ အပူကြောင့်ဖြစ်တဲ့ ကျောက်ဝက်သက်၊ အဆိပ်နာတို့ကို သက်သာပျောက်ကင်းစေပါတယ်။

မိကျောင်းသည်းခြေကတော့ ဝက်ရူးပြန်ရောဂါနဲ့ အရူးရောဂါမှန်သမျှ သက်သာပျောက်ကင်းစေရုံ မကဘူး၊ မျက်စိတိမ်စွဲသောအနာ၊ မီးယပ်သွေးပျက်သောအနာ၊ သလိပ်ကြီးနာတို့အတွက် အစွမ်းထက်ဆေးဘက်ဝင်တစ်မျိုး ဖြစ်ပါတယ်။

မိကျောင်းသားမှာ နူးညံ့ပြီး ချိုဆိမ့်အရသာမျိုးဖြစ်ပြီး ဆူတယ်၊ အေးတယ်၊ လေသည်းခြေကိုနိုင်တယ်၊ သုတ်ကို ပွားစေတယ်၊ အားကို ဖြစ်စေတယ်၊ ကျင်ကြီး၊ ကျင်ငယ်ကို ရှင်စေတယ်။

လိပ်ခေါင်းရောဂါမှန်သမျှ မိကျောင်းရေ အခြောက်ကို ရေနဲ့သွေးပြီး သုတ်လိမ်းပေးရင် သက်သာပျောက်ကင်းစေပါတယ်။

မိကျောင်းဟာ ဘေးများသလောက် ဆေးဘက်ဝင်တာတွေလဲ များလှပါတယ်။

ကျွန်တော် သူရဇ္ဇမဂ္ဂဇင်းမှာ တောတောင်မာယာ၏ လျှို့ဝှက်ချက်များဟု ခေါင်းစဉ်တပ်ပြီး တောတောင်ပင်လယ် မြစ်ချောင်းအင်းအိုင်၊ ရာသီဥတု သဘာဝဘေးအန္တရာယ်နှင့် ရေသတ္တဝါများ၊ ကုန်းသတ္တဝါများတို့၏ လျှို့ဝှက်ချက်များကို ရေးသားခြင်းကြောင့် ၄င်းဆောင်းပါးများကို ဖတ်ရှုလျက် တောတောင်ပင်လယ်များနှင့် မကင်းကြသူများအဖို့ အန္တရာယ် အခက်အခဲများနဲ့ ရင်ဆိုင်ကြုံတွေ့တဲ့အခါ ကျွန်တော့် ဆောင်း





ပါးများက တစ်နည်းတစ်ဖုံ အကျိုးပြုမယ်ဆိုရင် ကျွန်တော် ကြိုးစားအားထုတ်ရကျိုးနပ်ပါပြီ။

ဆက်လက်ပြီး ရေသတ္တဝါတွေအကြောင်းကို ရေးသားပါဦးမယ်။

အလျဉ်းသင့်ပါက ၄င်းဆောင်းပါးများအား စုစည်း၍ စာအုပ်တစ်အုပ်အဖြစ် ထုတ်ဝေရန် အစီအစဉ် ရှိပါသဖြင့် အနယ်နယ်အရပ်ရပ်မှ စာဖတ်သူများအနေနဲ့ ကျွန်တော်ရဲ့ လိုအပ်ချက်များ၊ အမှားအယွင်းများကို ဝေဖန်ထောက်ပြ ဖြည့်စွက် အကြံပြုပေးပို့လျှင် သူရဇ္ဇမဂ္ဂဇင်းမှတစ်ဆင့် ကျွန်တော့် ထံပေးပို့ပါက ကျေးဇူးတုံ့ပြန်မှုအနေနဲ့ မှတ်တမ်းပြုထားပေးမည်ဖြစ်ကြောင်း သတင်းကောင်းဖြင့် အသိပေးအပ်ပါသည်။

<u>ကျမ်းကိုး</u>

သားငါးကျေးငှက် ဆေးအဘိဓာန်

(ဆဋ္ဌမတွဲ-ဒုတိယပိုင်း)

(မြန်မာ့အာယုဗ္ဗေဒ ဆေးသိပ္ပံဆရာတော်)

သူရဇ္ဇမဂ္ဂဇင်း

၂၀၀၂




# ဆင်မာန်တစ်ဟစ် ညံတစ်ရစ်

## အမှတ် ( ၃ )

### [ ၁ ]

ပင်လယ်ချောင်းများအတွင်း၌ မိကျောင်းကဲ့သို့ကြောက်စရာအကောင်းဆုံးနှင့် လူတို့ကို အန္တရာယ်အပေးဆုံးသတ္တဝါမှာ 'ငမန်း' ဟု လူသိများတဲ့ 'ငါးမန်း' ဖြစ်ပါတယ်။

ငါးမန်းက မိကျောင်းလို မြစ်ကျဉ်း၊ ချောင်းကျဉ်းတွေမှာ နေလေ့မရှိဘဲ မြစ်ကျယ်နဲ့ ပင်လယ်ပြင်တွေမှာသာ ပျော်တတ်ပါတယ်။

ငါးမန်းအမျိုးအစားတွေ အများကြီးရှိပေမယ့် လူသိများတဲ့ ငါးမန်းတွေကတော့ ငါးမန်းဖြူ ကျားငါးမန်း၊ နတ်ငါးမန်း၊ စွယ်ငါးမန်း(စုပ်ငါးမန်းလို့လဲ ခေါ်ကြပါတယ်) ကျွဲငါးမန်း၊

ငါးမန်းခေါင်းဝိုင်း၊ ငါးမန်းနီ၊ ငါးမန်းပြောက်၊ ငါးမန်းတောင်ပုံ ငါးမန်းတောင်မဲ စတာတွေ ဖြစ်ကြပါတယ်။

ဒါပေမယ့် ငါးမန်းအမျိုးအစားတွေ ဘယ်လောက်များ များ၊ အုပ်စုခွဲလိုက်ရင်တော့ ရေပြင်မှာ ကျက်စားတဲ့ ငါးမန်းနဲ့ ရေအောက်မှာ ကျက်စားတဲ့ ငါးမန်းနှစ်မျိုးနှစ်စားသာ ရှိပါတယ်။

အဲဒီလိုရှိကြတဲ့နေရာမှာ ရေအောက်မှာ နေတဲ့ ငါးမန်းဟာ အန္တရာယ်ပြုလေ့မရှိဘဲ ရေပြင်မှာ ရှပ်ကူးနေတဲ့ ငါးမန်းတွေကသာ လူတွေကို အန္တရာယ်အများဆုံး ပေးလေ့ရှိပါတယ်။

ငါးမန်း၏ကိုယ်လုံး တည်ဆောက်ပုံမှာ ဒုံးပျံတစ်စင်းကဲ့သို့ လုံးချောသဏ္ဌာန်ရှိပြီး ၎င်းချောမွေ့လွန်းသဖြင့် ရေအောက်၌ ကူးခတ်သွားလာရာ၌ အလွန်လျင်မြန်လှတယ်။ ဝေါခနဲ ထိုးကူးသွားတဲ့ ငါးမန်းတစ်ကောင်ရဲ့အရှိန်ဟာ ရေငုပ်သင်္ဘော တစ်စင်းက ပစ်လွှတ်လိုက်တဲ့ တိုပီတိုတစ်စင်းလို အသွားနှုန်း မြန်ဆန်လှတယ်။

ဒါကြောင့်လဲ ရေငုပ်သင်္ဘောတွေ တည်ဆောက်တဲ့ အခါမှာ ငါးမန်းတစ်ကောင်ရဲ့ ပုံသဏ္ဌာန်လို အတုယူ တည် ဆောက်ခဲ့ကြတာ ဖြစ်ပါတယ်။

ငါးမန်းရဲ့ ကြောက်စရာကောင်းတဲ့ လက်နက်တွေက တော့ ချွန်ထက်တဲ့သွားတွေ ဖြစ်ပါတယ်။ ငါးမန်းဟပ်လိုက်ပြီ





ဆိုတာ နဲ့ ဘယ်အရာဝတ္ထုမျိုးမဆို တိခနဲ ပြတ်အောင် ကိုက် နိုင်ပါတယ်။

စွယ်ငါးမန်းဆိုရင် သူ့ရဲ့နှုတ်သီးရှေ့မှာ ငါးပေ ခြောက် ပေလောက်ရှည်တဲ့ အစွယ်ကြီးတွေ ပါတယ်။ လှေပေါ်က လူ ကို အဲဒီအစွယ်နဲ့ ခုတ်ချတာ။ အဲဒီအစွယ်နဲ့ ခုတ်မိလို့ကတော့ ပြတ်ထွက်ကုန်တာပဲ။ လူတွေ သစ်ဖြတ်တဲ့လွှဟာ အဲဒီငါးမန်း ရဲ့ အစွယ်ကို အတုယူပြီး လုပ်ထားတာကြောင့် လွှ ဒါမှမဟုတ် ငါးမန်းစွယ်လို့ ခေါ်ကြတာ ဖြစ်ပါတယ်။

စုပ်ငါးမန်းကတော့ ရေအောက်က စုပ်ယူတာ။ စုပ်အား ပြင်းရင် ပြင်းသလောက် ခြေတွေလက်တွေ ပြတ်ထွက်ကုန် တတ်တယ်။ ပင်လယ်ပြင်မှာ ကြောက်စရာအကောင်းဆုံးက တော့ ကျားငါးမန်းနဲ့ သေမင်းဖြူလို့ တင်စားခေါ်ကြတဲ့ ငါး မန်းဖြူ ဖြစ်ပါတယ်။

ငါးမန်းဟာ မျက်စိနှစ်လုံးပါဝေမယ့် သူ့ရဲ့မျက်စိက သိပ် မမြင်ရရှာဘူး။ လူကို ကိုက်တယ်ဆိုတာ လူမှန်းသိလို့ ကိုက်တာ မဟုတ်ဘူး။ လှုပ်နေတဲ့အရာမှန်သမျှ အကုန်ကိုက်တာ ဆို တော့ ရေကူးနေတဲ့လူတွေ အတော်များများ ငါးမန်းကိုက် ခံရ ခြင်း ဖြစ်ပါတယ်။

ငါးမန်းက မျက်လုံးသာ သိပ်မမြင်ရတာ ရေထဲမှာတော့ အနံ့ခံအကောင်းဆုံးနဲ့ အာရုံခံတာ အကောင်းဆုံးသတ္တဝါမျိုး

ဖြစ်ပါတယ်။

မိုင်အတော်ဝေးတဲ့နေရာက လှုပ်ရှားနေတဲ့ ရေဂယက် လှိုင်းတွေဟာ ငါးမန်းရဲ့ အာရုံကို လာရောက် ရိုက်ခတ်မိတာနဲ့ အဲဒီနေရာကို ချက်ချင်းရောက်အောင်သွားပြီး မည်းမည်းမြင် သမျှ ဝင်ရောက်ကိုက်ဆွဲလေ့ရှိပါတယ်။ ဒါကြောင့် ရေကူးနေတဲ့ လူအတော်များများ ငါးမန်းကိုက်ခံရခြင်း ဖြစ်ပါတယ်။

နောက် ငါးမန်းရဲ့ နောက်ထပ် စွမ်းရည်တစ်မျိုးကတော့ အနံ့ခံကောင်းခြင်း ဖြစ်ပါတယ်။ သွေးညှီနံ့လို အနံ့မျိုးကို ငါးမန်းတွေ အထူးကြိုက်နှစ်သက်တယ်။

ရေထဲမှာ သွေးညှီနံ့ရလို့ကတော့ ဘယ်လောက်ဝေးတဲ့ နေရာကဖြစ်ဖြစ် ငါးမန်းတွေ စုပြုံရောက်လာတတ်ပါတယ်။ ဒါကြောင့် ငါးမန်းဖမ်းမုဆိုးတွေက ပင်လယ်ပြင်မှာ သွေးညှီနံ့တွေ ပက်ဖျန်းပေးပြီး ရောက်လာတဲ့ ငါးမန်းတွေကို စလွတ်နဲ့ ထိုး၊ ပိုက်တွေနဲ့ချ ဖမ်းကြပါတယ်။

အဓိက,ကတော့ ရေပြင်ပေါ်မှာ ကူးခတ်လှုပ်ရှားနေသူတိုင်း ငါးမန်းတွေ အချိန်မရွေး ရောက်လာနိုင်တာကို သတိပြုသင့်ပြီး ရေထဲရောက်နေတဲ့အခိုက်အတန့်မှာ သွေးညှီနံ့ရ၍ ဖြစ်စေ၊ ဒါမှမဟုတ် မိမိကိုယ်ခန္ဓာက သွေးထွက်ပြီဆိုရင်တော့ လှေပေါ် ဒါမှမဟုတ် နီးစပ်ရာ ကမ်းပေါ်ကို အမြန်ဆုံး တက်သင့်ပါတယ်။





တကယ်လို့ ဘယ်လိုမှ တက်ပြေးချိန်မရတော့ဘဲ ငါးမန်းရောက်လာပြီဆိုရင် ရေထဲမှာ ငြိမ်ငြိမ်လေးသာ နေလိုက်ပါ။ ငါးမန်းရောက်လာလို့ ကြောက်လန့်ပြီး လှုပ်ရှားကူးခတ်လေလေ ငါးမန်းကို အမြန်ဆုံးရောက်လာဖို့ ဖိတ်ခေါ်တာနဲ့ အတူတူပါပဲ။

ငါးမန်းဟာ အမြင်အားမကောင်းတော့ အနားရောက်လာပေမယ့် ရုတ်တရက် မမြင်နိုင်တော့ လွတ်မြောက်နိုင်ဖို့ အခွင့်အလမ်းရှိနိုင်ပါတယ်။

ငါးမန်းဟာ မြန်မာ့ပင်လယ်ပြင်မှာရော အခြားပင်လယ်ပြင်တွေမှာပါ အနှံ့အပြားရှိကြပါတယ်။

ငါးမန်းဟာ အန္တရာယ်ကြီးသလောက် လူတို့အတွက် အလွန်အသုံးဝင်တဲ့ သတ္တဝါတစ်မျိုးဖြစ်ပါတယ်။ ငါးမန်းသားဟာ လူကြိုက်များတဲ့ အစားအစာဖြစ်ရုံမက ငါးမန်းအသဲနဲ့ ငါးမန်းတောင်ဟာအလွန်ဈေးကောင်းလှတယ်။ ငါးမန်းတောင်ဟင်းချိုဆိုရင် ကမ္ဘာအရပ်ရပ်မှာရှိတဲ့ စားသောက်ဆိုင်တွေမှာ ဈေးကြီးပေး၍ ဝယ်စားကြရတယ်။

ဒီနေရာမှာ ငါးမန်းရဲ့ဂုဏ်သတ္တိနဲ့ အကျိုးအာနိသင်တွေကိုလဲ ဖော်ပြရန်လိုပါတယ်။

ငါးမန်းခြောက်သည် လေ၊ သည်းခြေကို နိုင်စေတယ်၊ ဆီးဝမ်းကို ရှင်စေတယ်၊ အိပ်ပျော်စေတတ်တယ်၊ ခွန်အားနဲ့

သုတ်ကို ပွားများစေတယ်၊ အသားအရေကို စိုပြည်စေတယ် အရိုးနဲ့သွားများကို ကြံ့ခိုင်သန်မာစေတယ်၊ ကိုယ်ခံဓာတ်ကို အထူးဖြစ်ထွန်းစေတယ်၊ ခန္ဓာကိုယ်အရေပြားနဲ့ ကိုယ်အတွင်း ရှိ အမြေးတို့ကို ဖြစ်ထွန်းပြန့်ပွားစေတယ်။

အာရုံကြောများတို့ကို ရှင်သန်ကျန်းမာစေတယ်၊ နှလုံး အားကိုကောင်းမွန်စေတယ်၊ သွေးအားကိုဖြစ်စေတယ်၊ မျက်စိ ကို အားပေးစေတယ်၊ ကြည်လင်စေတယ်၊ အကြောအခြင်များ ကိုက်ခဲထုံကျဉ်ခြင်း၊ ရောင်ရမ်းခြင်းတို့ကို သက်သာ ပျောက် ကင်းစေတယ်။

ငါးမန်းသားဟာ နှုတ်မြိန်စေရုံမက အစာကြေမှုကိုလည်း ဖြစ်စေတယ်။

ငါးမန်းသားဟာ အေးတယ်၊ ဆူတယ်၊ ချိုသောအရသာ ရှိခြင်းကြောင့် ခွန်အားကို တိုးပွားစေတယ်။

ဒီနေရာမှာ ပြောစရာရှိတာက ငါးမန်းစွယ်ဟာ မုတ် ရောင်နာနဲ့ ဆီးရောဂါတွေကို အထူးနိုင်နင်း ပျောက်ကင်းစေ ရုံမက စုန်း၊ တစ္ဆေဖမ်းစားခြင်းနှင့် အပင်းအဆာထည့်ခြင်းတို့ ကို ကာကွယ်ပေးနိုင်တယ်လို့ ဆေးကျမ်းတစ်ကျမ်းက ဆိုထား ပါတယ်။

× × × × ×





[၂]

ပင်လယ်ပြင်တွင် ငါးမန်းကဲ့သို့ ကြောက်စရာကောင်း သော သတ္တဝါတစ်မျိုးမှာ 'ညံ့' ဟုခေါ်သော ပင်လယ်မြွေတစ် မျိုး ဖြစ်တယ်။

ညံ့သတ္တဝါဆိုတာ မြွေနဂါးမျိုးနွယ်တွေလိုပဲ အနီရောင် ကိုယ်လုံးနဲ့ အမောက်တွေရှိတဲ့၊ နှာမှုတ်အားကလဲ ကောင်း တယ်။ သူ့ရဲ့နှာမှုတ်သံကို အဝေးကြီးထဲက ကြားနိုင်ကြတယ်၊ နှာမှုတ်သံကိုကြားရင် အခြားသတ္တဝါတွေက အဝေးကရှောင် ပြေးကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ ညံ့သတ္တဝါဟာ ပင်လယ် သမုဒ္ဒရာတွေမှာ ကြောက်စရာအကောင်းဆုံး ဖြစ်ပါတယ်။

ညံ့သတ္တဝါတွေဟာ ပင်လယ်အတွင်းမှာ အကြီးဆုံး သတ္တဝါတွေလို့ သတ်မှတ်ထားတဲ့ ဝေလငါးကြီးတွေကိုတောင် အနိုင်တိုက်ခိုက် ဖမ်းစားတတ်တယ်။ ကမ္ဘာလှည့်ခရီးသည် ကိုလံဘတ်ရဲ့ မှတ်တမ်းတစ်ခုမှာ သမုဒ္ဒရာအတွင်းမှာ ညံ့နဲ့ ဝေလငါးတို့ တိုက်ခိုက်ကြပုံကို မြင်ခဲ့ရတယ်လို့ ဆိုပါတယ်။

ညံ့သတ္တဝါဟာ ဝေလငါးကြီးရဲ့ကိုယ်ကိုသုံးပတ်လောက် ရစ်ပတ်ပြီး ရေအောက်ကို ဆွဲနှစ်သတ်လိုက်တယ်။ ဝေလငါးနဲ့ ညံ့သတ္တဝါတို့ရဲ့ တိုက်ခိုက်မှုကြောင့် ပင်လယ်ပြင်မှာ မုန်တိုင်း ကျသလို လှိုင်းလုံးကြီးတွေထလာပုံဟာ ကြောက်ဖို့ အလွန်

ကောင်းသတဲ့။ သိပ်မကြာလိုက်ဘူး၊ ဝေလငါးကြီး ရှုံးပြီး သေ
သွားတယ်။ ဝေလငါးဆိုတာ ရေသတ္တဝါဆိုပေမယ့် ရေပေါ်မှာ
နေပြီး လေနဲ့အသက်ရှူတာဆိုတော့ ရေအောက်မှာ ကြာကြာ
မနေနိုင်ဘူး။

တစ်ခါတရံ ပင်လယ်သမုဒ္ဒရာ သွားတဲ့ သင်္ဘောတွေ
နောက်ကို ညံ့သတ္တဝါတွေ အတင်းလိုက်ပြီး နှောင့်ယှက်တတ်
တယ်။ မီရင် သင်္ဘောကို နှစ်ပတ်သုံးပတ်ရစ်ပြီး ဆွဲနှစ်သတ်
တာ။

ကိုလံဘတ်တို့ရဲ့ သင်္ဘောနောက်ကိုလိုက်တဲ့ ညံ့သတ္တဝါ
ဆိုရင် သင်္ဘောဘေးက ခေါင်းထောင်ကြည့်တာ ရွက်တိုင်ကို
ကျော်တက်သွားတယ်လို့ ဆိုပါတယ်။

ဒီနေ့အထိတော့ ညံ့သတ္တဝါကို ဖမ်းမိတယ်လို့ မကြား
မိပါဘူး။ ညံ့လိုက်လို့ သေတာပဲ ကြားဖူးတယ်။

'ဆင်မာန်တစ်ဟာစ်၊ ညံ့တစ်ရစ်' ဆိုသော စကားအတိုင်း
အဘယ်မျှ အင်အားကြီးသော ဆင်ပြောင်ကိုပင် ဖမ်းယူသတ်
ဖြတ်နိုင်ပါတယ်။

စီရင်ထုံးတစ်ခု၌ ကြုံကြိုက်၍ သေဆုံးရခြင်းအတွက်
အပြစ်မှ ကင်းလွတ်စေကြောင်းကို "ကမ္ဘာရန် ကြုံကြိုက်၍
သေဆုံးက အပြစ်မစီရင်သင့်သည်ကိုပြရာ. . .၊ နွားမှာ မြွေ
လျှိုး၍သေလျှင် အပြစ်မရှိစေနှင့်၊ ကျွဲမှာ ဥချိုး နား၍သေ





လျှင် အပြစ်မရှိစေနှင့်၊ ဆင်မှာ ညံ့ရစ်၍သေလျှင် အပြစ်မရှိ
စေနှင့်၊ ယင်းကျွဲနွားတို့ နှံ့ကိုစားမိ၍ သေလျှင် အပြစ်မရှိစေ
နှင့်၊ မြင်းမှာ ဘီလားစုပ်၍ သေလျှင် အပြစ်မရှိစေနှင့်" ဟု
မှုသတ်ကျမ်းတို့၌ ဖော်ပြထားပါတယ်။

ပက္ကိဏ္ဏကမှုသတ်လင်္ကာတွင်. .

"မြွေလျှိုး ချိုးနား၊ နှံ့စိမ်းစားမှာ၊ ကျွဲနွားကြမ္မာ၊ ဆင်မှာ
ညံ့ရစ်၊ မြင်းဖြစ် ဘီလား၊ စုတ်ငြားသော်မူ ဖြစ်မြုမသမ်း" ဟု
ဖော်ပြထားသဖြင့် ဆင်ကိုပင် ရစ်သတ်နိုင်သော သတ္တဝါမှာ
ညံ့သတ္တဝါပင် ရှိပါတယ်။ ညံ့သတ္တဝါသည် ဘေးရန်အကြီးဆုံး
နှင့် ကြောက်စရာအကောင်းဆုံး သတ္တဝါဖြစ်ကြောင်းကို 'ရာဇ
ဘဏ္ဍ ပဝေဏီဖြစ်သော နန်းစဉ်နန်းဆက် သစ္စာတော်ပြန်တမ်း'
တွင် 'မိကျောင်းလပိုင်၊ ညံ့တိကိုင်၍ သေဆုံးစေသော၀်' ဟု
ကျိန်ဆိုထားမှု ပါရှိပါတယ်။

တကယ်တော့ ညံ့ဆိုတာ မြွေမျိုးနွယ်ဝင် အလွန်ကြီး
သော ပင်လယ်မြွေကြီးတစ်မျိုး ဖြစ်ပါတယ်။ ညံ့နဲ့ ယှဉ်ပြိုင်
တိုက်ခိုက်လို့ ဘယ်လိုမှ အနိုင်မရနိုင်ပါဘူး။ ဒါပေမယ့် ပင်
လယ်ပြင်တွေမှာ ညံ့နဲ့ ရင်ဆိုင်တွေ့ရင်သော်လည်းကောင်း၊
ညံ့လိုက်ခံရရင်သော်လည်းကောင်း လွတ်မြောက်နိုင်တဲ့ လျှို့
ဝှက်နည်း ရှိပါတယ်။

ပင်လယ်ထွက်တဲ့သူတွေဟာ ဟင်းပြဒါးခဲကို ဆောင်ယူ

သွားသင့်ပါတယ်။ ပင်လယ်ပြင်မှာ ညံ့သတ္တဝါနဲ့ ရင်ဆိုင်တွေ့ရင် ဟင်းပြဒါးခဲကို ရေစိမ်ပြီး ပင်လယ်ရေကို ပက်ဖျန်းပေးလိုက်ရင် ဘယ်လောက်ကြီးတဲ့ ညံ့သတ္တဝါဖြစ်ဖြစ် ဟင်းပြဒါးအနံ့ရတာနဲ့ ထွက်ပြေးပါတယ်။ ဟင်းပြဒါးခဲရဲ့ အစွမ်းသတ္တိကမြွေအားလုံးကိုနိုင်စေတဲ့ အစွမ်းသတ္တိရှိပါတယ်။ အိမ်တွေမှာမြွေတွေ ခဏခဏလာရင် ဟင်းပြဒါးခဲကို ရေစိမ်ပြီး အဲဒီအရေကို ဖျန်းပေးထားရင် မြွေမလာဝံ့တော့ပါဘူး။

ဖဲ ၇ါ လျှို့ဝှက်ချက်တစ်ခု ဖြစ်ပါတယ်။

× × × × ×

[ ၃ ]

ပင်လယ်ပြင်မှာ လျှို့ဝှက်အန္တရာယ်တွေ အများအပြားရှိတဲ့အထဲမှာ စွန်ပျံကြီးတွေလို အန္တရာယ်ပေးတတ်တဲ့ လိပ်ကျောက်ကြီးတွေရဲ့ ရန်စွယ်ကလဲ အတော်ကြောက်ဖို့ ကောင်းလှတယ်။

ငါးလိပ်ကျောက်သည် အသွင်သဏ္ဍာန်အားဖြင့် လိပ်နှင့်တူပြီး ကျောအရေပြားတစ်ခုလုံး သဲကျောက်ကလေးများ ရှိပါတယ်၊ ကိုယ်နှင့်ခေါင်းပါ တစ်ဆက်တည်းရှိနေပြီး ဆူးတောင်





များက ဘေးသို့ ကားထွက်နေတတ်တယ်။

ထို့ပြင် ရေသတ္တဝါတွင် ထူးထူးခြားခြား အမြီးပါသောသတ္တဝါ ဖြစ်သည့်အပြင် ၄င်းလိပ်ကျောက်မြီးမှာ သန်မာ၍ရိုက်အားကောင်းလှပါတယ်။

အချို့ ငါးလိပ်ကျောက်ကြီးများမှာ ပေ ၃၀-၄၀ အထိကြီးပါတယ်။

ငါးလိပ်ကျောက်ဆိုတဲ့ ဝေါဟာရကတော့ လိပ်နှင့်တူသည့်အသွင်၊ ကျောကုန်း၌ သဲကျောက်များပါရှိပြီး ငါးအမျိုးအနွယ်ဖြစ်တာကြောင့် ငါးလိပ်ကျောက်လို့ အလွယ်ခေါ်ကြတာဖြစ်ပြီး တကယ်တော့ လိပ်စွန်လို့ခေါ်တာ ပိုပြီး သင့်လျော်ပါတယ်။

ဘာကြောင့်လဲဆိုတော့ ရေထဲမှာ စွန်တစ်ကောင်လိုဝဲကာပျံကာနဲ့ သွားလာလှုပ်ရှားနိုင်ပြီး ဘေးက အရေပြားတွေကို တဖျန်းဖျန်းခတ်ပြီး လေထဲကို ပျံတက်လာနိုင်ပါတယ်။

အလွန်ကြီးတဲ့ လိပ်စွန်ကြီးတွေဆိုရင် အဲဒီလို ပျံတက်လာပြီး လှေသမ္ဗန် စက်လှေတွေအပေါ်ကို အုပ်ချလိုက်ရင်ပျက်စီး နစ်မြုပ်တတ်ကြပါတယ်။

လိပ်ကျောက်တွေဟာ ပင်လယ်ကမ်းရိုးတန်းနဲ့ ရေအောက်တွေမှာ အနေများပါတယ်။ စုပ်ခွက်ကဲ့သို့ မြေကြီးမှာကပ်ထားရင် ဘယ်လိုမှ ခွာယူလို့မရနိုင်ပါဘူး။ လိပ်ကျောက်

ကို ငါးမြှားနဲ့မိထားလို့ မြေကြီးမှာကပ်ထားလိုက်ရင် ဘယ်လိုမှ ဆွဲတင်ယူလို့မရပါဘူး၊

အဲဒီလိုဖြစ်နေရင် ကြိုးအတိုင်း အပေါ်က သံကွင်း တစ်ကွင်း စွပ်ချပေးလိုက်ရင် လိပ်ကျောက် လန့်ပြီး အပေါ်တက်လာရင် အလွယ်တကူ ဖမ်းယူရနိုင်တာ လျှို့ဝှက်ချက်တစ်ခုပါ၊

ငါးလိပ်ကျောက်မှာ မြီးဒူးမှာရှိတဲ့ လိပ်ကျောက်ဆူးနဲ့ အမြီးရိုက်ချက်က အန္တရာယ်ကြီးပါတယ်။ လိပ်ကျောက်ဆူးနဲ့ ထိုးမိရင် အဆိပ်ပြင်းတယ်။ ငါးလိပ်ကျောက် ကြီးလာရင် လှေပေါ်ကလူကို အမြီးနဲ့ရိုက်ချတာတို့ ရှိပါတယ်။ ဒါပေမယ့် ငါးလိပ်ကျောက်မှာ ကြောက်ဖို့အကောင်းဆုံးက ဘေးစွယ်တွေပါတဲ့ 'လိပ်ကျောက်ဆူး' ပါပဲ။

ဒါပေမယ့် တကယ်ဆေးဘက်ဝင်တာကလ အဲဒီ လိပ်ကျောက်ဆူးပဲ ဖြစ်ပါတယ်။

လိပ်ကျောက်ဆူးဟာ အဆိပ်ပြင်းပေမယ့် အဆိပ်နိုင်တဲ့နေရာမှာအတော်အစွမ်းထက်တယ်။ ဒါ့အပြင် ငန်းနာ၊ အသားအရေ အရိုးတို့ကို စွဲသောအနာ၊ ဒူလာနာ၊ ဆီးရောဂါ၊ ဂရင်ဂျီနာ၊ ကာလသားရောဂါ စတဲ့ အနာကြီးရောဂါမျိုးတွေ ကုသတဲ့ အစွမ်းထက်ဆေးတွေထဲမှာ တစ်မျိုးအပါအဝင် ဖြစ်ပါတယ်။

ဒါ့အပြင် ပယောဂနဲ့ သက်ဆိုင်တဲ့ ကုထုံးတွေမှာ လိပ်ကျောက်ဆူးကို ထည့်သွင်းဖော်စပ်ကြပါတယ်။ တကယ်တော့





ပင်လယ်မြစ်ချောင်း အင်းအိုင်တွေမှာရှိတဲ့ လူကို အန္တရာယ်ပေးနိုင်တဲ့ သတ္တဝါတွေမှာ အားနည်းချက်တွေရှိတယ်။ လျှို့ဝှက်ချက်တွေ ရှိတယ်။ အစွမ်းထက်တဲ့ အသုံးဝင်တာတွေ၊ ဆေးဘက်ဝင်တာတွေ ရှိပါတယ်။

ဒါတွေကို သိထားမယ်ဆိုရင် အန္တရာယ်ကို ကြိုတင်ရှောင်ရှားနိုင်ပြီး ဆေးဘက်ဝင်တာတွေကို ရွေးချယ်အသုံးပြုနိုင်ကြမှာ ဖြစ်ပါတယ်။

သုရဋ္ဌမဂ္ဂဇင်း
၂၀၀၂

သုခုမစာပေတိုက်




# ပင်လယ်စုန်းရန်စွယ်

အမှတ် ( ၄ )

[ ၁ ]

ပင်လယ်ပြင်လျို့ဝှက်ချက်များနဲ့ပတ်သက်ပြီး အမိက ပြောချင်တဲ့ အကြောင်းအရာတစ်ခု ရှိပါတယ်။ တခြားတော့ မဟုတ်ပါဘူး။ ပင်လယ်စုန်းနဲ့ပတ်သက်တဲ့ လျို့ဝှက်အကြောင်းများ ဖြစ်ပါတယ်။

'စုန်း' ဆိုတဲ့ ဝေါဟာရနဲ့ပတ်သက်ပြီး လေ့လာကြည့်မယ်ဆိုရင် ပင်လယ်ပြင်မှာရှိတဲ့ မီးစုန်းဓါတ်တွေကို အစွဲပြုပြီး

ခေါ်တာလား။ ဒါမှမဟုတ် 'စုန်း' ပြုစားတတ်သူ ဆိုတဲ့ အယူအစွဲကိုအကြောင်းပြုပြီး ပင်လယ်စုန်းလို့ အမည်တွင်တာလား အခုထိတော့ တိတိကျကျအဖြေထုတ်ထားတာ မရှိသေးပါဘူး။

၁၉၈၂-၈၃ ခုနှစ်များလောက်က ကျွန်တော် ပင်လယ်စုန်းနဲ့ပတ်သက်တဲ့ အယူအဆတွေ၊ ဝတ္ထုတွေ ရေးဖြစ်ပါတယ်။ အယူအဆ၊ အစွဲအလန်းအဟောင်းတွေကို ယထာဘူတကျကျ လေ့လာပြီး အဖြေထုတ်ကြည့်တဲ့ ဝတ္ထုတွေ ဖြစ်ပါတယ်။

ဒီဝတ္ထုတွေ မဂ္ဂဇင်းတွေမှာ ဖော်ပြတော့ အချို့က ဒါ ဖြစ်နိုင်တယ်လို့ လက်ခံတယ်။ အချို့ကတော့ အယူအဆ အစွဲအလန်းဟောင်းတွေကို လက်ကိုင်ထားပြီး 'ဒါ မဖြစ်နိုင်ဘူး သက်သက်စိတ်ကူးယဉ်တာ' လို့ ငြင်းကြတယ်။

ဘာပဲဖြစ်ဖြစ် ကျွန်တော့်အနေကတော့ အယူအဆ တစ်ခုကို တင်ပြလိုက်ရသဖြင့် ကျေနပ်မိပါတယ်။ အခု သူရဋ္ဌ မဂ္ဂဇင်းမှ 'တောတောင်မာယာနှင့် လျှို့ဝှက်ချက်များ' ဟု ခေါင်းစဉ်တပ်ပြီး တောအကြောင်း၊ တောင်အကြောင်း၊ ပင်လယ်သမုဒ္ဒရာတွေအကြောင်း၊ ကုန်းသတ္တဝါ ရေသတ္တဝါအကြောင်းများကို လက်လှမ်းမှီသမျှ လေ့လာဆည်းပူးပြီး ရေးသားတင်ပြရာ၌ ကျွန်တော့်အနေနဲ့ ပင်လယ်စုန်းနဲ့ပတ်သက်ပြီး လျှို့ဝှက်ချက်အချို့ကို ဆက်လက်ရေးသားလိုပါတယ်။

ပင်လယ်ပြင်မှာ ညဘက်တွေမှာ မီးလုံးကြီးတွေ တက်





လာပြီး တစ်နေရာကတစ်နေရာ ရွှေ့လျားနေတာကို ပင်လယ်ပြင်ရောက်ဖူးသူတိုင်း တွေ့နိုင်ပါတယ်။

အဲဒါကို 'ပင်လယ်စုန်း' တွေလို့ ထင်ကြပါတယ်။ အရင်တုန်းက ပင်လယ်ပြင်မှာ ငါးဖမ်းထွက်တဲ့ လှေတွေက ရေလုပ်သားတွေဆိုရင် အဲဒီလို မီးလုံးကြီးတွေ မြင်ရင် နိမိတ်မကောင်းဘူးလို့ ထင်ကြတယ်။ ရွှေ့လျားလာတဲ့ ပင်လယ်စုန်းတွေက သူတို့ရဲ့လှေပေါ် ရောက်လာပြီဆိုရင် တစ်ယောက်ယောက်ကို စုန်းဝင်ကပ်ပြီလို့ ယူဆကြတယ်။ ကိုယ်ကလဲ သူ့ကို စုန်းကပ်တယ်ထင်၊ သူကလဲ ကိုယ့်ကို စုန်းကပ်တယ်ထင်နဲ့ တစ်ယောက်နဲ့တစ်ယောက် အထင်အမြင်တွေလွဲပြီး ထိုးကြ ခုတ်ကြနဲ့ လှေပေါ်ပါတဲ့လူအားလုံး သေကြတာတွေ အများကြီး ရှိတယ်။

သူတို့တစ်တွေရဲ့ ရင်ထဲမှာကိုက ပင်လယ်စုန်းကပ်လာရင် သူ့ကို ကိုယ်က အရင်မခုတ်ရင် သူက ကိုယ့်ကို ဒုက္ခပေးတော့မယ်ဆိုတဲ့ ဥပါဒါန်အစွဲက ရှိနေကြတယ်။

'စုန်း' ဆိုတဲ့ ဝေါဟာရက 'ပြုစားနိုင်ခြင်း' နဲ့ 'လှည့်စားတတ်ခြင်း' လို့ အဓိပ္ပါယ်ရှိပါတယ်။

မရှိကို အရှိ အရှိကို မရှိလုပ်တတ်တဲ့ သဘောရှိပါတယ်၊ မြန်မာနယ်ပယ်မှာ ကဝေ၊ မှော်၊ ဂန္ဓာရီ၊ ဝိဇ္ဇာမိုရ်ပညာတွေ ထွန်းကားခဲ့လေတော့ စုန်းဆိုတာ ကဝေပညာထက် နိမ့်တဲ့

အဆွယ်အပွား အောက်လမ်းပညာရပ်ဖြစ်ပါတယ်။ တကယ်တော့ စုန်းပညာထက်ပိုပြီး ကြောက်စရာကောင်းတာ အစွဲအလန်းဥပါဒါန် ဖြစ်ပါတယ်။

လူကော်တော်များများမှာ အစွဲအလန်း ဥပါဒါန်နဲ့ အယူသည်းမှုတွေ ရှိကြတယ်။ ငယ်ငယ်ကတည်းက ကြားဖူးထားခဲ့တဲ့ သရဲ တစ္ဆေအကြောင်းက အသက်အရွယ်ကြီးလာတဲ့အထိ မမေ့တတ်ကြဘူး။

အကြောင်းတိုက်ဆိုင်လာရင် သတိရပြီး ကြောက်လန့်နေဆဲပင်၊ ဒီနေရာမှာ သရဲခြောက်တယ်လို့ တခြား တစ်ယောက်က ပြောထားရင် ဟုတ်သော်ရှိ မဟုတ်သော်ရှိ အဲဒီနေရာမျိုးကို အလိုလိုရှောင်တတ်ပြီး အဲဒီနေရာမျိုးရောက်ရင် မကြောက်ဘူး ဆိုရင်တောင် သတိနဲ့ပော့ ကြည့်တတ်ကြတယ်။

ဝိညာဉ်လောကဆိုတာ မရှိဘူးလို့ ငြင်းလို့မရပါဘူး၊ မြတ်စွာဘုရား ဟောကြားထားတဲ့ တရားတော်တွေထဲမှာ ဝိညာဉ်လောကနဲ့ သက်ဆိုင်တဲ့ တရားဒေသနာတော်တွေ များစွာ ရှိပါတယ်။

ရုပ်ဝါဒကို ဦးစားပေးတဲ့ အနောက်တိုင်းမှာတောင် နာမ်လောကနဲ့ ပတ်သက်လာရင် လက်ခံကြတယ်။ ဒါပေမယ့် ဝိညာဉ်လောက နာမ်လောကဆိုတာ တွေ့ဖို့မြင်ဖို့ အတော်





ခဲယဉ်းတဲ့ကိစ္စပါ။ တိုက်တိုက်ဆိုင်ဆိုင် မြင်ဖူးတွေ့ဖူးတဲ့ လူတွေလဲ ရှိပါတယ်။

မမြင်ဖူး မတွေ့ဖူးပေမယ့် အဲဒါကို လူတိုင်း မြင်ချင်တွေ့ချင်ကြတယ်။ အထူးသဖြင့် ရိုးသားတဲ့ တောသူတောင်သားတွေမှာ အစွဲအလန်းတစ်ခု စွဲထားမိရင် ဘယ်တော့မှ မမေ့တတ်ကြဘူး။

အရင်တုန်းကပင်လယ်ထွက်ကြတဲ့လူတွေဟာ ပင်လယ်စုန်းကို သိပ်ကြောက်ကြတယ်။ ကိုယ်စီးတဲ့လှေကို ပင်လယ်စုန်းဝင်ကပ်ပြီဟော့ဆိုရင် နီးရာဓါးဆွဲပြီး တွေ့သမျှ ခုတ်ပစ်ရမယ်လို့ကို စွဲနေတာ။

ကမ်းမမြင်လမ်းမမြင် ပင်လယ်ကြီးအတွင်းက ပြေးစရာမရှိတဲ့လှေပေါ်မှာ ဓါးတစ်ယောက်တစ်လက်ကိုင်ပြီး ဦးအောင်ခုတ်ရတဲ့အလုပ်ဟာ ဘယ်လောက်ကြောက်ဖို့ ကောင်းလိုက်မလဲဆိုတာ စဉ်းစားသာကြည့်ပေတော့။

ဝါရင့် ရေလုပ်သားဟောင်းကြီးတစ်ဦးရဲ့ ပြောပြတဲ့ ကိုယ်တွေ့အဖြစ်အပျက်ဆိုရင် ပင်လယ်စုန်းဆိုတာ မီးလုံးကြီးလို ဝဲလာတာ၊ လှေပေါ်က ရွက်တိုင်တွေ ဘာတွေကို လာပြေးကပ်တာတဲ့။ အဲဒီလို ပင်လယ်စုန်းဝင်ကပ်တာကို သိလိုက်လို့ရှိရင် လှေပေါ်မှာရှိတဲ့ လူတွေ တစ်ယောက်နဲ့တစ်ယောက် အသားချင်းထိထားလိုက်ရင် ပင်လယ်စုန်းက ဝင်ကပ်လို့မရ

ဘူး။ အမှတ်တမဲ့နေလိုက်လို့ တစ်ယောက်ယောက်ကို ဝင်ပူး လိုက်တာနဲ့ အဲဒီလူက လူစိတ်ပျောက်ပြီး တွေ့သမျှ လူကို ဓါးနဲ့ လိုက်ခုတ်သတ်တာတဲ့။ ကျန်တဲ့လူတွေက သတိရှိလို့ ပြန်ခုခံနိုင်ရင်တော့ သက်သာတယ်၊ မဟုတ်ရင်တော့ စက်လှေ တစ်စင်းလုံးရှိတဲ့လူတွေ သေကုန်ရောတဲ့။

ပင်လယ်စုန်းနဲ့ပတ်သက်ပြီး ကျွန်တော့်အယူအဆ တစ်ခုကို အကြိမ်ကြိမ် ရေးခဲ့ဖူးပါတယ်။

အရင်တုန်းက ပင်လယ်ပြင်ထွက်ကြသူတွေဟာ အခုလို ခေတ်မီ စက်လှေတွေနဲ့ မဟုတ်ဘဲ ရွက်တွေ တက်တွေကို အားကိုးပြီး သွားကြရတာ။ ဒါကြောင့် ရာသီဥတုအကြောင်း၊ ရေကြောင်း၊ လေဇောင်း အကြောင်းတွေသိတဲ့ လူတွေ စက်လှေဦးစီး ဖြစ်ကြတယ်။ ပင်လယ်ပြင်မှာ ရက်တရက် မုန်တိုင်း မိပြီဟေ့ဆိုရင် အခုလို စက်နဲ့ မောင်းပြေးလို့မရဘူး၊ ဒီအတိုင်း အလျှဉ်းသင့်သလို ကြည့်ခံကြရတယ်။ အရင်က လှိုင်းဒဏ် လေဒဏ် ကြံ့ကြံ့ခံနိုင်တဲ့သတ္တိရှိမှ ပင်လယ်ထွက်လို့ရတာ။

ဒီနေရာမှာ နွေအခါကျရင် ပင်လယ်ပြင်မှာ ရွေ့လျား သွားလာနေတဲ့ မီးစုန်းဓာတ်တွေအကြောင်း ပြောချင်ပါတယ်။ မူလကတည်းက ဆားရေလိုင်နေတဲ့ ပင်လယ်ရေဟာ နွေဘက်ရောက်လို့ မိုးရေခမ်းသွားရင် ငန်တဲ့အဆင့်က ကျော်ပြီး ခါးတဲ့အဆင့်ကို ရောက်သွားတယ်။ အဲဒီအချိန်မှာ ဆားချက်





ယူကြတာပါပဲ။

ရေ ဘယ်လောက်ငန်သလဲဆိုရင် ရေရဲ့အရောင်ဟာ ငှက်ခါးရောင်သန်းပြီး ကြည်လာတယ်။ ရေချိုးပြီး ပြန်တက်လာလို့ ရေခြောက်သွားရင် ကိုယ်ပေါ်မှာ ဆားပွင့်ကျန်ခဲ့တယ်။ ရေထဲကို ထမင်းခဲကျသွားရင် ပြန်ပေါ်တက်လာတယ်။ နေ့မှာ အပူရှိန်ကြောင့် ညဘက်တွေမှာ ရေပြင်တစ်လျှောက်လုံး ဘဝင်းဝင်းတလက်လက်နဲ့ ပိုးစုံးကြူးတွေ လက်သလို မီးစုန်း ဓာတ်တွေ တောက်နေတတ်တယ်။

ရေကို လှုပ်ခတ်လိုက်ရင် မှိုပွင့်ကြီးတွေလို အလုံးလိုက်ကြီးတွေလို ဖြစ်နေတာ၊ အဲဒီမီးစုန်းဓာတ်တွေဟာ တစ်ခါ တစ်ခါ အစိုင်အခဲအလုံးကြီးတွေ ဖြစ်ပြီး လေထဲမှာ လွင့်မျောပါလာတတ်တယ်။ ညဘက်တွေမှာ အဲဒီအလုံးကြီးတွေ ပျံတက်လာတာကိုမြင်ရင် ပင်လယ်စုန်းတွေ တက်လာတယ်လို့ ယူဆကြတယ်။

အမှန်တော့ အပူရှိန်နဲ့တွေ့တဲ့ ပင်လယ်ရေငန်ဟာ မီးစုန်းဓာတ်တွေဖြစ်ပြီး အခိုးအငွေ့အဖြစ်နဲ့ ပျံတက်လာခြင်း ဖြစ်ပါတယ်၊ ပင်လယ်မှာဖြစ်ပေါ်တဲ့ မီးစုန်းဓာတ်ကို 'ပင်လယ်စုန်း' လို့ အတိုကောက်ခေါ်ရာကနေ 'ပြူစားတတ်တဲ့ ပင်လယ်တွင်းက စုန်းသတ္တဝါ' လို့ အသွင်ပြောင်း စွဲမှတ်လိုက်ကြတာလဲ ဖြစ်နိုင်ပါတယ်။

ဘာပဲဖြစ်ဖြစ်ပေါ့၊ ရင်ထဲက မကောင်းတဲ့ အစွဲအလန်းတွေ ဥပါဒါန်တရားတွေကို ပယ်ဖျောက်နိုင်ရင် အကောင်းဆုံးပါ။ အလျဉ်းသင့်သလို ပြောရရင်တော့ မူးယစ်ဆေးရဲ့ မကောင်းတဲ့ဆိုးကျိုး ဂုဏ်သတ္တိတွေကိုလဲ ဆင်ခြင်နိုင်ပါတယ်။

ဒီနေရာမှာ လျှို့ဝှက်ချက်တစ်ခုက ဘာလဲဆိုတော့ ပင်လယ်စုန်းလာတဲ့အခါမှာ တစ်ယောက်နဲ့တစ်ယောက် အသားချင်းထိထားမယ်၊ လက်ချင်းဆက်ထားရင် ဝင်မကပ်နိုင်ဘူးလို့ ဆိုပါတယ်၊ ဒါကလဲ စည်းလုံးခြင်းရဲ့ အောင်မြင်မှုတစ်ခုလို့ ဆိုနိုင်ပါတယ်။

အပြင်က စုန်းထက် ရင်ထဲက ဥပါဒါန်စုန်းတွေကို ပယ်ဖျောက်နိုင်ကြပါစေ။

သူရွှေမဂ္ဂဇင်း
ဇွန်လ၊ ၂၀၀၁





# တောင်တန်းမာယာနဲ့ လျှို့ဝှက်ချက်များ

## အမှတ် ( ၅ )

## [ ၁ ]

ပေါလဲ တောအလျှောက်၊ ပင်လယ်လဲ ပင်လယ်အလျှောက်၊ တောင်ပေါ်မှာလဲ တောင်ပေါ်အလျှောက် သူ့နေရာနဲ့သူ လျှို့ဝှက်ချက်တွေ၊ အန္တရာယ်အမျိုးမျိုးတွေ ရှိပါတယ်၊ မြန်မာနိုင်ငံ နယ်နိမိတ်အတွင်းမှာ အမြင့်ဆုံး တောင်တန်းတောင်ထွတ်တွေ အများကြီးရှိပါတယ်။

စာရာမေရီ အီမောကွန်း၊ ပတ်ကွိုင်တောင်တန်း၊ ခါကာဘိုရာဇီ စတဲ့ တောင်တန်း တောင်ထွတ်ကြီးတွေဆိုရင် ပေသောင်းကျော်မြင့်ပြီး သယံဇာတပစ္စည်းတွေ များသလို အန္တရာယ်တွေလဲ အလွန်များပါတယ်။





တောင်တန်းတွေမှာ အဓိက အန္တရာယ်တွေကတော့ တောင်အမြင့်ရောက်လေ အောက်စီဂျင်ပြတ်တဲ့ အန္တရာယ် ရှိပါတယ်။ ဒါကြောင့်တောင်တက်တဲ့လူတွေဟာ အမြင့်ရောက် ခရီးကို တစ်ဆက်တည်းမသွား နားလိုက်၊ အသက်ဝအောင် ရှူလိုက်၊ ခရီးသွားလိုက် လုပ်သင့်ပါတယ်။ တောင်ပေါ်မှာ အောက်စီဂျင် ရနိုင် မရနိုင်ဆိုတာကို သစ်ပင်တွေကိုကြည့်ရင် သိနိုင်ပါတယ်။

အောက်စီဂျင် သိပ်မရနိုင်တဲ့ တောင်ထိပ်တွေမှာ စိမ်းစိမ်းစိုစို သစ်ပင်ကြီးငယ်တွေ မရှိဘဲ အရွက်ခြောက် အပင်ငယ် အပင်ပုတွေ၊ ဆူးပြွမ်းတဲ့ အပင်လေးတွေလောက်သာ ခြောက်ခြောက်သွေ့သွေ့ ရှိတတ်ပါတယ်။

အထူးသဖြင့် တောင်ဘယ်လောက်မြင့်မြင့် အောက်စီဂျင် အလုံအလောက်ရတဲ့နေရာတွေမှာ သစ်ပင်ကြီးငယ်တွေကို အုပ်အုပ်ဆိုင်းဆိုင်း မှိုင်းမှိုင်းညို့ညို့ တွေ့နိုင်ပါတယ်၊

တောင်မြင့်လေ ကြောက်စရာအကောင်းဆုံး အန္တရာယ်တွေထဲ တစ်ခုကတော့ နှင်းမုန်တိုင်းအန္တရာယ်ပါပဲ။ အေးလွန်းတဲ့ရာသီတွေမှာ နှင်းတွေဟာခဲပြီး ရေခဲအသွင်ဆောင်နေတတ်ဘယ်။ ကမ်းပါးစွန်းတွေ တောင်စွန်းတွေဟာ တကယ့် တောင်ထွတ် တောင်စောင်းလို ရှိနေတတ်တယ်။ မသိလို့ တက်နင်းမိရင် အန္တရာယ်အလွန်ကြီးပါတယ်။ အချို့လွင်ပြင်တွေမှာ နှင်း

တွေ ဝေ့ဆိုင်းနေတဲ့အခါ ချိုင့်ဝှမ်းတွေ၊ တောင်ကြားတွေ ပျောက်နေတတ်တယ်။ မြေပြင်မှတ်လို့ သွားမိရင် ချောက်ထဲ ကျတာတို့၊ ချိုင့်ထဲကျတာတို့ ဖြစ်နိုင်တယ်။

ပြောချင်တာက နှင်းပိတ်နေတဲ့အချိန်မျိုးတွေမှာ တောင်မြင့်တွေမှာ အရဲစွန့်ပြီး ခရီးမသွားသင့်ပါဘူး။ အကယ်၍ မလွဲသာလို့ တောင်ပေါ်ရောက်နေရင် တောင်စွန်းတွေ၊ ကမ္ဘားစွန်းတွေမှာ မြေပြင်လို့ထင်ရတဲ့ နေရာမျိုးတွေ၊ အက်ကွဲကြောင်းရှိတဲ့ နေရာမျိုး၊ အပေါ်ယံခဲပြီး အတွင်းမှာ အရည်ပျော်နေတဲ့ နှင်းပြင်နေရာတွေကို မဖြတ်သင့်ပါဘူး။

တကယ်လို့ မလွဲမရှောင်သာ ဖြတ်ရမယ်ဆိုရင် သေသေချာချာ စမ်းသပ်ကြည့်ပြီးမှ ဖြတ်သင့်ပါတယ်။ ဥပမာ ခဲနေတဲ့ နှင်းပြင်ပေါ်ကို ကျောက်ခဲကြီးကြီးတစ်လုံးနဲ့ ပစ်ချကြည့်လိုက်ရင် အကယ်၍ အတွင်းမှာ အရည်ပျော်နေရင် ကျွံဝင်သွားမှာပါပဲ။

တောင်ပေါ်ရောက်နေတဲ့ သူတွေဟာ နှင်းမုန်တိုင်းကျတော့မယ့် လက္ခဏာတွေကိုလဲ ကြိုတင်သိထားသင့်ပါတယ်။ နှင်းမုန်တိုင်းအကျများတဲ့ ရာသီတွေက ဆောင်းဦးပေါက်ရာသီနဲ့ ဆောင်းတွင်းရာသီတွေပါ။

နိုဝင်ဘာ၊ ဒီဇင်ဘာလတွေမှာ အဆိုးဆုံးဖြစ်ပါတယ်။ နှင်းမုန်တိုင်းကျတော့မယ်ဆိုရင် ပတ်ဝန်းကျင်တစ်ခုလုံး မှုန်မှုန်





မှိုင်းမှိုင်း ဖြစ်လာတယ်။ လေဟာ ဦးတည်ရာမဲ့ ဟိုကသည်က တိုက်ခတ်မယ်။ ဒါမှမဟုတ် လုံးဝမတိုက်ဘဲ ငြိမ်နေတတ်တယ်။

နှင်းမှုန်နှင်းဖွဲ့တွေက အခဲလိုက် အတုံးလိုက်တွေအဖြစ် ပြောင်းလဲကျဆင်းလာတယ်။

အမြင့်ပျံငှက်တွေ မြေနိမ့်ဆင်းလာကြတယ်။

မြေပြင်မှာကျက်စားကြတဲ့ တိရိစ္ဆာန်တွေက နီးစပ်ရာဂူတွေ ကျင်းတွေထဲ ဝင်ကြတယ်။ ဂူအောင်းသတ္တဝါတွေကျတော့ အပြင်ကို ထွက်လာကြတယ်။ အဲဒီအရိပ်လက္ခဏာတွေကြည့်ရင် မကြာခင် နှင်းမုန်တိုင်းကျတော့မယ်ဆိုတာကို သိနိုင်ပါတယ်။

တောင်ပေါ်မှာ နှင်းမုန်တိုင်းကျတော့မယ်ဆိုတာသိရင် အကောင်းဆုံးက လုံခြုံတဲ့နေရာတစ်ခုခု ဒါမှမဟုတ် ဂူတစ်ခုခုထဲကို ဝင်နေနိုင်ရင် အကောင်းဆုံးပါ။ ဒါမှမဟုတ်ရင် လွင်ပြင်မှာ လုံးဝမနေသင့်ပါဘူး။ အကာအကွယ်ရှိတဲ့ နေရာတစ်ခုခုကို အမြန်ဆုံးရှာပြီး ခိုအောင်းနေသင့်ပါတယ်။

တောင်တန်းတွေပေါ်က နောက်ထပ် အန္တရာယ်တစ်မျိုးကတော့ ပဒူကျင်းရှိတဲ့ နေရာကို သိဖို့ပါပဲ။ ပဒူဆိုတာ မြေထဲမှာ ကျင်းဖွဲ့ပြီးနေတဲ့ ပျားလိုအကောင်မျိုးပါ။ အကောင်ရေက ထောင်နဲ့သောင်းနဲ့ ရှိတတ်တယ်။

ပဒူကျင်းထဲကို ကျွံကျသွားလို့ကတော့ တိရိစ္ဆာန်ပဲဖြစ်

ဖြစ်၊ လူပဲဖြစ်ဖြစ် မိနစ်ပိုင်းအတွင်း အရိုးစုဘဝ ရောက်သွားတတ်တယ်။ ခက်တာက ပဒ္ဒူကျင်းထဲ ကျွံကျသွားရင် ပြန်တက်လို့ ရုတ်တရက် မလွယ်တာကြောင့်လဲ အခုလို အစားခံလိုက်ရတာဖြစ်ပါတယ်။

ပဒ္ဒူကျင်းဟာ ကြောက်စရာကောင်းတာ မှန်ပေမယ့် အထဲမှာ ခြသံတို့၊ ကျောက်မျက်ရတနာ စတဲ့ အဖိုးတန်ပစ္စည်းတွေ ရနိုင်တယ်။

ပဒ္ဒူကျင်းရှိတဲ့နေရာဟာ သာမန်ကြည့်ရုံနဲ့ မသိနိုင်ပါဘူး။ ရိုးရိုးမြေပြင်လိုပဲ ထင်ရတယ်။ သစ်ရွက်ခြောက်တွေ ဘာတွေ ဖုံးနေရင် ပိုပြီး မသိသာဘူး။

ပဒ္ဒူကျင်းဟာ သာမန်မြေပြင်မှာဆိုပေမယ့် မြေမျက်နှာပြင် ခြောက်သွေ့နေတယ်၊ သစ်ပင် လုံးဝမပေါက်ဘူး၊ မြေမှုန်လေးတွေ ဖွာနေပြီး အချို့နေရာတွေမှာ တောင်ပို့သဏ္ဍာန်ရှိနေတတ်တယ်။

သစ်ရွက်ခြောက်တွေ၊ အမှိုက်တွေဖုံးနေလို့ ရုတ်တရက် မသိနိုင်ရင် အဲဒီမသင်္ကာတဲ့နေရာကို ခဲလုံးကြီးကြီးနဲ့ ပေါက်ကြည့်တာမျိုး၊ တုတ်ရှည်ရှည်နဲ့ ထိုးကြည့်တာမျိုးတွေနဲ့ စမ်းသပ်ကြည့်သင့်ပါတယ်။

မြေကြီးကို နားနဲ့ကပ်ထောင်ကြည့်ရင် တစီစီနဲ့ ပျားတွေ ပျံနေတဲ့ အသံမျိုးတွေ ကြားရတယ်။ မြေကြီးဟာ လိုဏ်သံ





ပေါက်နေရင် အဲဒီနေရာမျိုးကို ကွင်းရှောင်သွားသင့်ပါတယ်။ တောထဲမှာပဲဖြစ်ဖြစ်၊ တောင်ပေါ်မှာပဲဖြစ်ဖြစ် အဲဒီနေရာ သစ်ပင်မပေါက်ဘဲ ရှင်းနေရင် သတိထားသင့်တယ်။

အဲဒီတောင်ပေါ်မှာ ပဒ္ဒူကျင်းလို ကြောက်စရာ ကောင်းတဲ့ သတ္တဝါတွေကတော့ တောင်ပေါ်ချောင်းတွေမှာ အနေများတဲ့ 'ပေါ်ရိသာရ' လို့ခေါ်တဲ့ လူသားစားငါးတွေပါပဲ။ လူသားစား ငါးဆိုပေမယ့် အသားမှန်သမျှ အကုန်စားတာပါပဲ။ အကောင်ကတော့ သိပ်မကြီးဘူး။ လက်ဝါးလောက်ပဲ ကြီးတယ်။ ဒါပေမယ့် အကောင်နဲ့မလိုက်အောင် သွားတွေက အတော်ကြီးတယ်။ ဆောက်သွားတွေလို ကြီးပြီး ထက်တယ်။ ကိုက်ဖြတ်လိုက်ရင် အကွင်းလိုက် ပြတ်ပါသွားတာ။

ပေါ်ရိသာရ ငါးအုပ်ထဲရောက်သွားလို့ကတော့ မိနစ်ပိုင်းအတွင်း အရိုးကျသွားတာပါပဲ။

လူတွေမပြောနဲ့၊ တောထဲကဆင်တွေ ကျားတွေတောင် ပေါ်ရိသာရငါးတွေဆို သိပ်ကြောက်ကြတယ်။ ချောင်းထဲမှာ အဲဒီငါးတွေလာရင် အညှီနံ့ စူးစူးဝါးဝါး ရတယ်။ ရေပြင်ပေါ်မှာ ထမင်းအိုးပွက်သလို ရေပွက်ကလေးတွေ ထလာတာ ကြည့်ရင် ပေါ်ရိသာရငါးတွေ ရောက်လာတာကို ကြိုသိနိုင်ပါတယ်။

ပိုပြီးသေချာအောင် ကိုယ့်မှာပါလာတဲ့ အသားခြောက်

ဒါမှမဟုတ် စားစရာတစ်ခုခု ပစ်ချလိုက်ရင် 'ဝုန်း ဝုန်း' ဆိုပြီး ရေပြင်ပေါ်ကို အလုအယက် တက်စားတာကို တွေ့နိုင်ပါတယ်။ ဒါက တောင်တန်းများပေါ်က ကြောက်စရာအကောင်းဆုံး အန္တရာယ်တွေအကြောင်း အချို့တွေပါ။ ဆက်ပြီးတော့ တောင်တန်းများပေါ်က စိတ်ဝင်စားဖွယ်ရာ ကောင်းတဲ့ သတ္တဝါတစ်မျိုးဖြစ်တဲ့ 'ကတိုး' အကြောင်းကို ဆက်ပြောပါမယ်။

× × × × ×

[ ၂ ]

ကတိုးဆိုတာ ဒရယ်မျိုးနွယ်ဝင်ဖြစ်ပြီး ရေခဲတောင်များပေါ်တွင် ကျက်စားလေ့ရှိတဲ့ သတ္တဝါမျိုးဖြစ်တယ်။ အလျား ၃ ပေခန့်ရှိပြီး လက်မ ၂၀ ခန့် အမြင့်ရှိကြတယ်။ အရောင်ကတော့ ဝမ်းဗိုက်ပိုင်း အဖြူရောင်ရှိပြီး အပေါ်ပိုင်းကတော့ မီးခိုးရောင် ဒါမှမဟုတ် အညိုရောင် ရှိကြတယ်။

ကတိုးဆိုတဲ့ဝေါဟာရက ကတ္တူရိကာဟူတဲ့ ပါဠိဘာသာကို ကတိုးဆိုပြီး မြန်မာမှုပြု ခေါ်ကြတာဖြစ်တယ်။ မာဂဓ အဘိဓာန်ကျမ်းမှာတော့ ကတ္တူရိကာ, မိဂမဒေါဟု ဖော်ပြထားတယ်။





အဘိဓာန်ဋီကာ၌ 'ဒွယံ-မိဂနာဘိယံ' ဟူ၍ လည်းကောင်း၊ အမရကောသ၌ 'မိဂနာဘိ, မိဂမဒ, ကတ္တူရိကာ' ဟုခေါ်ပြီး အဓိပ္ပါယ်ကတော့ 'ချက်က မွှေးကြိုင်သော သားကောင်' ဟူ၍ ဖြစ်ပါတယ်။

ကတိုးသတ္တဝါမှာ အရောင်အဆင်းအားဖြင့် သုံးမျိုးခွဲပြထားတယ်။

၁။ ရွှေရောင်အဆင်းရှိသော ကတိုး

၂။ ကြောင်သောအဆင်းရှိသော ကတိုး

၃။ မည်းနက်သောအဆင်းရှိသော ကတိုး

၄င်းသုံးမျိုးအနက် နီပေါနိုင်ငံရှိ ကတိုးမှာ ရွှေရောင်အဆင်းရှိတယ်။ ကသ္မီရနိုင်ငံမှ ကတိုးကတော့ ကြောင်သောအဆင်းရှိပြီး အာသံနိုင်ငံဘက်က ကတိုးတွေကတော့ အမည်းရောင်အဆင်း ရှိကြတယ်။

၄င်းအထဲမှာ အာသံနိုင်ငံဘက်ကထွက်တဲ့ ကတိုးဖြစ်ပြီး နီပေါနိုင်ငံမှ ကတိုးကတော့ အလတ်စားဖြစ်တယ်။ အညံ့စားကတော့ ကသ္မီရနိုင်ငံမှဖြစ်တဲ့ ကတိုးလို့ သဘာဝကပ္ပ ဆေးကျမ်းတွေမှာ ဖော်ပြထားတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံမှရတဲ့ ကတိုးအမျိုးအစားတွေက အကောင်းစားတွေဖြစ်ကြပြီး ရှမ်းပြည်နယ် ခန္တီးနယ်၊ ဗန်းမော်အထက် တရုတ်နယ်ခြား၊ ကချင်ပြည်နယ်တွေဘက်က

ရတဲ့ ကတိုးတွေဟာ အကောင်းဆုံး ကတိုးတွေ ဖြစ်ကြတယ်။

မြန်မာဘာသာစကားနဲ့ ကတိုးလို့ခေါ်တဲ့ သတ္တဝါကို ရဝမ်တိုင်းရင်းသားဘာသာစကားနဲ့ ထလား (ခေလား) လို့ ခေါ်ပြီး ကတိုးဆီကိုတော့ 'ရာဠွန်း' လို့ ခေါ်ကြပါတယ်။

လီစူးစကားနဲ့ကျတော့ 'လား'၊ ကတိုးဆီကို 'လားဖူး'၊ ဂျိမ်းဖောတွေက 'ဟွမ်း'၊ လာချိတ်နဲ့ လော်ဝေါ်တွေက 'လရှမ်း' ဆိုပြီး ဒေသအလိုက် လူမျိုးအလိုက် အခေါ်အဝေါ် အသုံးထွက် မတူကြပါဘူး။

ကတိုးမွှေးရတာ ကတိုးအထီးကောင်ရဲ့ ချက်အိတ်ထဲက ရနိုင်တာပါ။

ကတိုးတွေဟာ လပြည့်၊ လကွယ်ရက်များတွင်သာ မိတ်လိုက်ကြပြီး တစ်နှစ်လျှင် နှစ်ကြိမ် သားပေါက်ပါတယ်။ တစ်ကြိမ်ပေါက်ရင် တစ်ကောင်ဖြစ်ပြီး နို့တိုက်သတ္တဝါအမျိုးအစား ဖြစ်ပါတယ်။

ဆေးဘက်ဝင်ဖြစ်သော ကတိုးဆီ၊ ကတိုးမှုန့်၊ ကတိုးနံ့သာသည် ကတိုးအထီးကောင်၏ ချက်အတွင်းမှသာ ရနိုင်သော အဖိုးတန်ပစ္စည်းဖြစ်တယ်။ တောဘုရင်ဖြစ်သော ကျားဟာ ကတိုးကို ဖမ်းမိတဲ့အခါ အသားကိုသာ စားသောက်ပြီး အနံ့ပြင်းလွန်းသော ကတိုး၏ချက်ပိုင်းကို ချန်ထားလေ့ရှိပါတယ်။ ဒါကြောင့် အချို့ဆိုရင် ပင်ပန်းကြီးစွာ မရှာရဘဲ မမျှော်





လင့်ဘဲ ကတိုးမွှေးအိတ်ကို ရတတ်ကြပါတယ်။

ငါးပိဿာလောက်ထွက်တဲ့ ကတိုးကောင်ဆိုရင် နံ့သာခဲ ငါးမူးသား၊ အချိန်တစ်ဆယ်လောက်ထွက်တဲ့ အကောင်ဆိုရင် နံ့သာခဲ တစ်ကျပ်သားလောက် ရနိုင်ပါတယ်။ ကတိုးမွှေးက ရွှေဈေးထက် ကောင်းပါတယ်။

ကတိုးဆီကိုတော့ ရဝမ်ဘာသာစကားနဲ့ 'မန်ညမ်း၊ လဆိုင်း၊ လခရောမ်' ဟု ခွဲခြားခေါ်ပြီး အကောင်းဆုံးကို 'လခရောမ်' လို့ ခေါ်ပါတယ်။

ကတိုးမွှေးနဲ့ပတ်သက်ပြီးတော့လဲ အမျိုးအစား ခွဲထားပါသေးတယ်။

အမှုန့်နဲ့တူသော 'ခါရိကာ' ကတိုး၊

နှမ်းစေ့ပမာဏအရွယ်အစားရှိသော 'တိလကာ' ကတိုး၊

ကုလားပဲစေ့လောက်အရွယ်ရှိသော 'ကုလိဋ္ဌာ' ကတိုး၊

ကုလားပဲစေ့ထက်ကြီးသော 'ပိဏ္ဍက' ကတိုး၊

ထို့ထက်ကြီး၍ နူးညံ့သော 'ဉာယိကာ' ကတိုး ဆိုပြီး ငါးမျိုးလောက်ရှိပါတယ်။

ကတိုးကောင်ကို ဆေးကျမ်းများမှာ ကတ္တူရိကာ၊ မိဂမဒ၊ ဒိဂနာဘိကာလို့ သုံးမျိုးခေါ်ထားတဲ့အနက် ကတ္တူရိကာကို ကတိုးလို့ ပြန်ဆိုခေါ်ဝေါ်ကြတာ ဖြစ်ပါတယ်။

မိဂမဒဆိုတာ သားကောင်ရဲ့ ကိလေသာ မာန်ယစ်ခြင်း

ဆိုတဲ့ အဓိပ္ပါယ်ရှိပါတယ်။

မိဂနာဘိကာဆိုတဲ့ အဓိပ္ပါယ်တစ်မျိုးလဲ ရှိသေးတယ်။ အဲဒါကတော့ သားကောင်ရဲ့ချက်မှ ရသည်ဟု အဓိပ္ပါယ်။

ကတိုးမွှေးရဲ့ရနံ့ဟာ ဆတ်သွားဖူးရနံ့ကဲ့သို့ သင်းပျံ့မွှေးကြိုင်လှတယ်။ အရောင်က ရွှေရောင်အဆင်းရှိပြီး အရသာက ခါးပါတယ်။ စပ်လဲ စပ်တယ်။ ကတိုးမွှေးကို လက်နဲ့နယ်ကြည့်ရင် အစေးထွက်တယ်၊ မီးရှို့ကြည့်ရင် မီးမပူပါဘူး။

ဒါဟာ ထူးခြားတဲ့အချက်ဖြစ်ပြီး ကတိုးမွှေးစစ်မစစ်ကို ဒီနည်းတွေနဲ့ စမ်းသပ်ကြည့်နိုင်ပါတယ်။ ဟိမဝန္တာဘက်မှာ တွေ့ရတတ်တဲ့ တုန်ကွမ်း(TON QUIN MUSK) ကတိုးမျိုးဟာ ဈေးအကောင်းဆုံး ဖြစ်တယ်။ ကတိုးကောင်ရဲ့ ခလေ့စရိုက်က ပေ ၈၀၀၀ ကျော် အမြင့်ရှိတဲ့ နှင်းဖုံးတဲ့ တောင်တန်းတွေ အပေါ်မှာ အနေများပြီး ကတိုးမွှေးရဲ့ ဂုဏ်သတ္တိမှာ အဖိုရှိရာသို့ အမ,လာစေသော အစွမ်းသတ္တိရှိပါတယ်။

ကတိုးတွေ မိတ်လိုက်ပုံက အဆန်းပါပဲ။ အမရှိရာကို အထီးကမသွားဘဲ အထီးရှိရာကို အမက လာပြီး အထီးရဲ့ချက်ကို ပါးစပ်နဲ့ လိုက်စုပ်ယူတာပါ။ ဒါဟာ ကတိုးမွှေးရဲ့ ဆွဲဆောင်အားကောင်းလှတဲ့အချက်ပါပဲ။

ကတိုးမွှေးရရန် ကတိုးကောင်များကို ထောင်ချောက်ဖြင့်သော်လည်းကောင်း၊ အမဲလိုက်၍သော်လည်းကောင်း ရရှိ





နိုင်ပါသည်။ ဖမ်းမိသောအခါ ကတိုးမွှေးပါသည့် ချက်အိတ်ကို ဖြတ်ယူကြသည်။

၎င်းချက်အိတ်၏ပုံသဏ္ဌာန်မှာ လုံး၍အပေါ်၌ အမွှေးငယ်များ ရှိသည်။ အမွှေးအရောင်မှာ ဖြူရော်ရော် အဆင်းရှိသည်။ ပုံသဏ္ဌာန်မှာ ဘောလုံးနှင့်တူ၏။ ၎င်းချက်ထိပ်ထဲမှာ မုံညင်းစေ့၊ နှမ်းစေ့၊ အချို့လည်း စားတော်ပဲလုံးလောက်အရွယ်ရှိ ကတိုးမွှေးများ ရကြသည်။

၎င်းကတိုးမွှေးသည် ကရဝေး၊ လေးညှင်း၊ ပန်းဥ၊ ပရုတ်၊ ကတိုး အစရှိသော နံ့သာကောင်းငါးမျိုးတွင် ပါဝင်၏။

ကတိုးအစစ်သည် ဒရယ်မျိုးနွယ်ဝင် တိရစ္ဆာန်တစ်မျိုးတည်းမှသာရနိုင်ပြီး ထိုကတိုးကောင်ကိုလည်း တရုတ်၊ အာသံ၊ ရုရှား၊ နီပေါ၊ ဒါဂျီလင်၊ မြန်မာနိုင်ငံနှင့် ဟိမဝန္တာတောင်တစ်ကျောရှိ အမြင့်ပေ ၈၀၀၀ အထက်မြင့်သော တောင်တန်းများပေါ်မှာ ကျက်စားလေ့ရှိသည်။

ကတိုးမွှေးသည် ၎င်းချက်အိတ်ထဲမှာ အမြဲတမ်း မရှိပေ။ အဖိုအမ မိတ်လိုက်ခါနီးနှင့် မိတ်လိုက်ချိန်အတွင်းမှာသာ ရနိုင်သည်။ အဘယ်ကြောင့်ဆိုသော် အဖို၌ရှိသော ထို ကတိုးမွှေးအစွမ်းကြောင့် အမက ရောက်လာရခြင်းဖြစ်၏။ အရွယ်မရောက်သေးသော ကတိုးများမှာ ကတိုးမွှေး မရနိုင်ပေ။

ကတိုးမွှေးအစစ်ကို ရပါက ပုလင်းထဲထည့်၍ လုံခြုံစွာ

ပိတ်ဆို့ထားသော်လည်း ရန့်တသင်းသင်းထွက်နေသည်ကို တွေ့ရပေမည်။

ကတိုးစစ်ကို လက်တစ်ဖက်ဖြင့် ဆုပ်ထားပါ။ ထိုလူ၏ လက်နှင့် နောက်တစ်ယောက်က ဆုပ်ကိုင်ထားလျှင် ဒုတိယ လူ၏ လက်မှာ ကတိုးနံ့ထွက်နေလိမ့်မည်။ ဤနည်းဖြင့် လူ ခုနှစ်ယောက်ပြည့်အောင် ဆက်ကိုင်ထားသော် နောက်ဆုံးလူ ၏ လက်ဖဝါးတွင် ကတိုးနံ့ထွက်နေသည်ကို တွေ့ရပေမည်။

ကတိုးမွှေးသည် ရောဂါရပ်ဆိုင်ရာဆေးများတွင် အမိက နေရာမှ ပါဝင်သော်လည်း ပဋိသန္ဓေနုနယ်သေးသော အမျိုး သမီးတစ်ယောက်က ကတိုးမွှေးကို ရှူမိပါက ပဋိသန္ဓေပျက် ကျနိုင်သဖြင့် သတိထားသင့်သော အချက်တစ်ခုလည်း ဖြစ် ပေသည်။

သုခုမမဂ္ဂဇင်း
ဇူလိုင်လ၊ ၂၀၀၁